www.burmeseclassic.com

ဝန်းမြိုင်လယ်စာပေ

လယ်တွင်းသား
# တော်ချစ်

# ဝန်းမြိုင်လယ်မှ ဥယျာဉ်မှူး

ဆဋ္ဌမအကြိမ်




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက် - ၅၀၀၀၂၅၀၁၀၇
အဖုံးခွင့်ပြုချက် - ၅၀၀၀၂၂၀၁၀၇
အဖုံးသရုပ်ဖော် - မမြူး
ထုတ်ဝေသူ - ဦးအောင်လှိုင် (မြဲ-၀၄၁၀၁)
ပန်းမြိုင်လယ်စာပေ
၅၇၊ ခရေပင်လမ်း
၂(ခ)ရပ်ကွက်၊ မင်္ဂလာဒုံ။
ပုံနှိပ်သူ - ဦးဝင်းလှိုင် (မြဲ- ၀၅၃၆၆)
ရွှေဟင်္သာပုံနှိပ်တိုက်
အမှတ်(၃၁)၊ ဦးရွှေဂွန်းလမ်း
၇-ရပ်ကွက်၊ ပုဇွန်တောင်။
ပုံနှိပ်ခြင်း - ဆဋ္ဌမအကြိမ်
ပုံနှိပ်ဖြန့်ချိသည့်လ - ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ လ။
စာအုပ်ချုပ် - စိန်ကြည်
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၁၅၀၀ ကျပ်
ဖြန့်ချိရေး - ပန်းမြိုင်လယ်စာပေ
၅၇(က)၊ ခရေပင်လမ်း
၂(ခ)ရပ်ကွက်၊ မင်္ဂလာဒုံ
☎ - ၆၃၅၂၆၂


## မာတိကာ


၁ အပျော်ဆုံးနေ့ ........ ၁
၂ မုန်တိုင်းထန်သော ခရီးကြမ်း ........ ၅
၃ အရုဏ်ဦး ........ ၂၂
၄ ကျောက်မီးရှာနှင့် ကျောက်မီးကျောင်း ........ ၂၇
၅ ဘဝနှင့် ဆန္ဒ ........ ၃၃
၆ အကောင်းနှင့်အဆိုး ........ ၃၉
၇ အဆိုးထဲမှ အကောင်း ........ ၄၄
၈ ထူးခြားသော ညသည် ........ ၅၈
၉ လစာဘယ်က ပေးပါ့မယ် ........ ၆၂
၁၀ ဝမ်းသာလွန်းလို့ မျက်ရည်လည် ........ ၇၆
၁၁ လုပ်အားအလှ ပေးလှူကြ ........ [illegible]
၁၂ ကျူရှင်ခ ........ [illegible]
၁၃ အသင်းလေးသင်း ........ [illegible]


www.burmeseclassic.com

www.burmeseclassic.com

၁၄ ချစ်ကြည်ရေး ........................ ၁၀၆
၁၅ ဘကြီးမှုံ ............................ ၁၀၈
၁၆ ရုပ်ရှင်ပြ၍ ရန်ပုံငွေရှာခြင်း ............... ၁၂၃
၁၇ မွန်မြတ်ချစ်ကြည် ကြက်ခြေနီ .............. ၁၂၇
၁၈ လူဆိုးကလေး မောင်ဆန်း ................. ၁၃၀
၁၉ ဈေးကောက်နှင့် စာကြည့်သင်း ............... ၁၄၁
၂၀ ရေတွင်းထဲမှ ကလေးငယ် .................. ၁၄၄
၂၁ လွှမ်းမောဖွယ် နွေဦး ..................... ၁၅၂
၂၂ မြန်မာ့ရိုးရာ ကျောင်းအပ်ခြင်း ............... ၁၅၇
၂၃ အိမ်တိုင်ရာရောက် ........................ ၁၆၆
၂၄ စံပြလင်မယား ........................... ၁၇၀
၂၅ နိုနန်းယဉ်သာသို့ ......................... ၁၇၄
၂၆ ကျေးရွာရှင် ကိုရင်ကြီး .................... ၁၈၁
၂၇ ဝါဆိုပန်းကပ်ပွဲ ........................ ၁၈၆
၂၈ ကျောင်းအုပ်ကြီး ........................ ၁၉၁
၂၉ ကျောင်းဖွင့်ပွဲနှင့် ဆုပေးပွဲ ................. ၁၉၅
၃၀ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည် .... ၂၀၀
၃၀ နှုတ်ဆက်ပွဲ ........................... ၂၀၃

BURMESE CLASSIC

၁၉၇၈ ခုနှစ် စာပေဗိမာန် ပထမဆု

နှင့်

၁၉၈၀ ပြည့်နှစ် အမျိုးသားစာပေဆုရစာအုပ်

# လယ်တွင်းသားစောချစ်

၏

# ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး

www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူ၏အမှာ

မန္တလေးတိုင်း ပညာဝန်ထံမှ အလယ်တန်းပြ ဆရာအဖြစ် ခန့်စာရ၍ ၁၉၇၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ကျွန်တော် ကျောက်မီးရွာသို့ ရောက်သွားသည်။

ကျောက်မီးရွာသည် ပုသိမ်ကြီးမြို့နယ်အတွင်းမှာ ရှိ၍ မန္တလေး၊ ပြင်ဦးလွင်ကားလမ်းဘေးမှာ တည်ရှိသည်။ မန္တလေးမှ ၉ မိုင် ခန့်သာ ကွာဝေးသည်။ မန္တလေးမှ ဘတ်စ်ကားစီးသွား၍ရသောကြောင့် သွားရေးလာရေး လွယ်ကူသည်။

မန္တလေးမှ ပြင်ဦးလွင်သွားတိုင်း ဤရွာကလေးကို ဖြတ်သွားရသည်။ ကားလမ်းဘေးတွင် သစ်ပင်ကြီးများနှင့်အုပ်ဖွဲ့၍ အရိပ်အာဝါသကောင်းသော ရွာကလေး ဖြစ်သည်။

ရွာထိပ်တွင် ဆည်ရေသောက် မြောင်းကြီးရှိသည်။ မြောင်းကြီးကို လွန်သည်နှင့် ငွေတောင်ရွာနှင့် ဆီးခြံ၊ ပန်းခြံ၊ သရက်ခြံကြီးများကို ကြည်နူးစရာ တွေ့မြင်ရသည်။

ရွာဘေးမှာ လယ်ကွင်းများ၊ ဝါခင်းများနှင့် စိမ်းလန်းသာယာသည်။



ကျောက်မီးကျောင်းမှာ ကျောက်မီးရွာ၏ မြောက်ဘက်တွင် ဆည်မြောင်းကြီး၏ အနောက်ဘက်မှာ တည်ရှိသည်။

မြောင်းဘောင်အတိုင်း လျှောက်လာလျှင် ရွာကိုလွန်သည်နှင့် ကျောင်းကလေးကို မြင်ရသည်။ ကျောင်းဝင်းက အကျယ်ကြီး၊ အဆောက်အဦက တစ်ခုသာရှိသည်။ ကျောင်းရှေ့မှာ ဘောလုံးကွင်းရှိသည်။ နောက်ထပ်အဆောက်အဦများ၊ ကစားကွင်းများ၊ စိုက်ခင်းများ စိတ်ကူးကောင်းသလို တိုးချဲ့နိုင်သေးသည်။

သို့သော် လက်ရှိအနေအထားက မူလတန်းကျောင်းသာ ဖြစ်သည်။ အလယ်တန်းကျောင်းအဆင့်ကို တိုးမြှင့်ခွင့်ပြုပြီးဖြစ်၍ မူလတန်းကျောင်းအုပ်မှာ ပြောင်းသွားရပြီ။ အလယ်တန်းကျောင်းအုပ်က မရောက်သေး။ အလယ်တန်းကျောင်းသားလည်း တစ်ယောက်မျှမရှိ။ အလယ်တန်းအဆင့်နှင့် လျော်ညီသော အဆောက်အဦပရိဘောဂ ဘာမျှမရှိ။

ကျွန်တော်ရောက်မှ အလယ်တန်းကျောင်း ဖြစ်မည်။ အလယ်တန်းကျောင်းတစ်ကျောင်းအဖြစ်သို့ ပီပြင်စွာရောက်ရှိလာအောင် ကျွန်တော်က ဆောင်ရွက်ပေးရမည်ဟု တိုင်းပညာဝန် ဦးတင်မောင်လွင်က မှာကြားလိုက်သည်။

ဤကျောင်းကလေးသို့ ကျွန်တော်ရောက်လာခြင်းသည် အလယ်တန်းကျောင်းအဂ်ါရပ်အဖြစ် အလယ်တန်းပြဆရာတစ်ဦး ရောက်ရှိခြင်းဟူသော အစပျိုးမှုလေးတစ်ခုသာဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတွင် လက်ရှိတာဝန်ယူ၍ သင်ကြားနေသော ဆရာ ဦးလှမင်း၊ ဆရာမ ဒေါ်ခင်ဖွေး၊ ဆရာမဒေါ်ခင်စန်းတို့သုံးယောက်မှာ လူငယ်များဖြစ်၍ သွက်လက်တက်ကြွသည်။ ဆရာ ဆရာမစိတ်ရှိသည်။ ရွာနှင့် ရင်းနှီးသည်။ တပည့်များ၏ ချစ်ခင်လေးစားမှုကို ရရှိထားသူများ ဖြစ်သည်။

သူတို့နှင့် ဆက်စပ်ပြီး ကျွန်တော်ပါ ရွာမှ ရွာမိရွာဖများ၊ ကျောင်းသားမိဘများနှင့် ရင်းနှီးခွင့်ရသည်။

ကျောင်းတွင်ရှိသော ဆရာ၊ ဆရာမများအား အားထားရသကဲ့သို့ ရွာသူရွာသားများက စိတ်အားထက်သန်စွာ အကူအညီပေးကြ၍ အလယ်တန်းကျောင်းဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်ရသည့်မှာ အားတက်စရာ ဖြစ်ရသည်။

သို့သော် မည်သည့်အလုပ်မှာမဆို အနည်းနှင့်အများ အခက်အခဲရှိတတ်သည်မှာ သဘာဝဖြစ်၏။

ကျောင်းတလေးတွင် အဆောက်အဦ မပြည့်စုံခြင်း၊ ပရိဘောဂ မပြည့်စုံခြင်း၊ ဆရာ ဆရာမ မပြည့်စုံခြင်း၊ အလယ်တန်းကျောင်း အဂါနှင့် မပြည့်စုံခြင်းစသော လိုအပ်ချက်များစွာ ရှိနေပါသည်။

ထိုလိုအပ်ချက်များကို ပြည့်စုံအောင် ဆောင်ရွက်ရာ၌ အားရစရာ၊ ကြည်နူးစရာများကို ကြုံရသကဲ့သို့ အခက်အခဲအချို့ကိုလည်း ရင်ဆိုင်ရပါသည်။



သို့သော် လက်ရှိဆရာ ဆရာမလေးများ၊ ကျောင်းသူကျောင်းသားများ၊ ကျောင်းသားမိဘများ၊ ရွာမိရွာဖများနှင့် ပညာရေးဌာနမှ တာဝန်ရှိသူများ၏ ပူးပေါင်းကူညီမှုကြောင့် အခက်အခဲများကို ဖြေရှင်းရသည်ကပင် စိတ်ဝင်စားစရာ ပျော်စရာများ ဖြစ်ရသည်။

ဒေါ်ခင်စန်းရီဆိုသော ဆရာမအသစ်ကလေးတစ်ယောက် ထပ်ရောက်လာသောအခါ ဆရာမပြည့်စုံခြင်း အခက်အခဲကို အတော်အသင့် ပြေလည်သွား၍ ဆရာ ဆရာမအားလုံး ဝမ်းသာအားတက် ဖြစ်ရသည်။

မန္တလေးမှ ကျွန်တော့်သူငယ်ချင်း ကိုလှအေး (ကိုတင်အေးမောင်) က ဘွဲ့ရဖြစ်၍ အခမဲ့လုပ်အားပေးလာသောအခါ ပို၍ပျော်စရာ အားတက်စရာ ဖြစ်ရသည်။

ကျောက်မီးရွာ၊ အုန်းချောရွာ၊ တံတိုင်းရှည်ရွာတို့မှ ဆယ်တန်းဖြေထားသော ကျောင်းသူကျောင်းသား ၄ ဦးကလည်း လုပ်အားပေး ဆရာအဖြစ် လာရောက်ကူညီကြသည်။ ကျောင်းမှာ ဆရာ ဆရာမများ စည်စည်ကားကားနှင့် အားရစရာ ဖြစ်လာသည်။

၇ လခန့်ကြာသောအခါ ကျောင်းအုပ်ဆရာကြီး ဦးအောင်ခင် ရောက်ရှိလာ၍ ကျောက်မီးကျောင်းမှာလည်း အလယ်တန်းကျောင်း အဖြစ် အရေးကြီးဆုံး အင်္ဂါရပ်တစ်ခု ပြည့်စုံသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပစ်ကြခတ်ကြပြန်ပြီ။ တိုက်ကြခိုက်ကြပြန်ပြီ။ ဘယ်သူ့ကို ဖမ်းသွားသည်။ ဘယ်သူ့ကို သတ်လိုက်သည်။ နေ့စဉ်နှင့်အမျှ ထိတ်လန့်တုန်လှုပ်နေရ၏။

စကားကိုပင် ကျယ်ကျယ်မပြောဝံ့။ မြို့ကိုလည်း သွားခွင့်မရှိ။ သွားလျှင် အစိုးရသတင်းပေးဟုစွပ်စွဲ၍ အဖမ်းခံရမည်။ အရိုက်ခံရမည်။ စိတ်မထင်လျှင် သတ်မည်။ အိမ်ကို မီးရှို့မည်။

ပြည်သူတို့မှာ ပြည်တွင်းစစ်ကြောင့် ‌တောင်လဲရာ မြက်ပြတ်ဖြစ်ရသည်။

ငြိမ်းချမ်း၏အဖေကြီးကို မြို့မှလခထုတ်ပြီး၍ ပြန်အလာတွင် သောင်းကျန်းသူများက ဖမ်းဆီးလိုက်ကြသည်။ အစိုးရသူလျှို၊ အစိုးရသတင်းပေး၊ ကွန်မြူနစ်ဆန့်ကျင်ရေးသမားဟု အမျိုးမျိုးစွပ်စွဲကြသည်။

လခငွေကိုယူရုံမက လူကိုပါ သတ်မည်ပြုကြသည်။ ရွာသူရွာသားတို့ ဝိုင်းဝန်းတောင်းပန်၍ အသက်ကိုလွှတ်လိုက်သော်လည်း စာသင်ကျောင်းကို မီးရှို့ဖျက်ဆီးလိုက်ကြသည်။

အစိုးရကျောင်းဆရာလုပ်လျှင် ကျင်းကိုကြည့်ထားဟု သတိပေးသွားကြသည်။ အဖေကြီးအလုပ်လက်မဲ့ ဖြစ်ရ၏။ ရွာမှ ကလေးငယ်တို့ ပညာသင်ခွင့် ဆုံးရှုံးကြရ၏။

အဖေကြီးမှာ လခမရတော့၍ ဆေးကလေးဝါးကလေးကုကာ ဝင်ငွေရှာရသည်။ အမေကြီးက အိုးရောင်းထွက်ရသည်။ အဖေကြီးနှင့် အတူနေ ဦးလေးက လယ်လုပ်ကျွေးရှာသည်။



ငြိမ်းချမ်းတို့ တူဝရီးမြေးဘွားတစ်စု ဆင်းဆင်းရဲရဲ နေရစားရ၏။ အဖေကြီးသည် ငယ်ရွယ်နုနယ်သော ငြိမ်းချမ်းကို စိတ်အားမငယ်စေချင်။ ထို့ကြောင့် အခွင့်သင့်တိုင်း အားပေးသည်။ ဆုံးမစကားဆိုသည်၊ တစ်နည်းအားဖြင့် ငြိမ်းချမ်းကိုအားပေးရင်း သူ့ကိုယ်သူလည်း အားပေးသည်။

“ငါ့မြေး ယောက်ျားကောင်းဆိုတာ လောကဓံကို မတုန်လှုပ်ရဘူး။ ဘဝဆိုတာ အခက်အခဲရှိသလို အောင်မြင်မှုလဲရှိတာပဲ၊ အခက်အခဲရှိတဲ့အခါ စိတ်ဓာတ်ကြံ့ခိုင်မှ လိုသလောက်အောင်မြင်တဲ့အခါမှာ ဘဝင်မမြင့်ဖို့လိုတယ်၊ ငါ့မြေး ပညာကို ထွန်းပေါက်အောင် သင်ရမယ်”

“အဖေကြီးတို့ တောသူတောင်သားထဲက ပညာတတ်တစ်ယောက် ထွန်းပေါက်ဖို့ မလွယ်ဘူး၊ သစ်ပင်တစ်ပင်ကောင်းရင် ငှက်တစ်သောင်းနားရတယ်၊ ငါ့မြေးက ဉာဏ်လည်းကောင်းတယ်၊ အစွမ်းကုန်ကြိုးစားဖို့ပဲ လိုတယ်”

“ဘယ်လို အနှောင့်အယှက်ပဲရှိရှိ စိတ်အားမလျှော့ရဘူး ‘ယောက်ျားတံခွန် လူရည်ချွန်က ကောင်းကင်တမွတ် ကြယ်ကိုတောင် ဆွတ်’နိုင်တယ်တဲ့”

“သံမဏိကောင်းဆိုတာ ထုလေမာလေ ငါ့မြေးရဲ့ ယောက်ျားကောင်းဆိုတာ အခက်အခဲရှိလေ လွတ်မြောက်အောင် ကြိုးစားပြီးကိုယ်အားဉာဏ်အား ကောင်းလေပဲ”

www.burmeseclassic.com

www.burmeseclassic.com



အဖေကြီး၏ဆုံးမစကားများသည် ငြိမ်းချမ်း၏အသည်းမှာ စွဲခဲ့သည်။ ကြိုးစားမည်ဟု ငြိမ်းချမ်း ဆုံးဖြတ်ချက်ချသည်။

အဖေကြီးသည် စာသင်ကျောင်းမဖွင့်၍ ကလေးများကို ပညာမသင်ရသော်လည်း ငြိမ်းချမ်းကိုကား အိမ်မှာသင်ပေးသည်။

တစ်နေ့တွင် အဖေကြီးက ငြိမ်းချမ်းကို စာအုပ်ကလေး တစ်အုပ်ပေးသည်။ အမေရိကန်သမ္မတကြီး အေဘရာဟင်လင်ကွန်းအကြောင်း ရေးထားသော စာအုပ်ဖြစ်၏။ ငြိမ်းချမ်းသည် ထိုစာအုပ်ကလေးကို မကြာခဏဖတ်သည်။

ဆင်းရဲသော လင်ကွန်းတစ်ယောက် ပညာတတ်ချင်လွန်း၍ မြေပြင်တွင် တုတ်ဖြင့်ရေးကာ စာသင်ရသည်။ မီးအိမ်မတတ်နိုင်၍ မီးဖိုကာ စာကြည့်ရသည်။ စာတစ်အုပ်ဖတ်ရန်အရေး မိုင်ပေါင်းများစွာ ဝေးသော ခရီးကိုသွား၍ ငှားရသည်။ လင်ကွန်းတစ်ယောက် ဆင်းရဲသားဘဝမှ သမ္မတဖြစ်ခဲ့၏။ သစ်လုံးအိမ်မှ အိမ်ဖြူတော်သို့ ရောက်ခဲ့၏။

ငြိမ်းချမ်း အားကျမိသည်။ သမ္မတ မဖြစ်ချင်နေပါစေ၊ ပညာများစွာတတ်လျှင် လူအများကို ပညာသင်ကြားပေးနိုင်သည်။ ငြိမ်းချမ်းသည် အဖေကြီးလိုပင် ကျောင်းဆရာဖြစ်ချင်သည်။

တစ်နေ့တွင် ငြိမ်းချမ်းတို့အိမ်သို့ အဖေကြီး၏ညီ ဘုန်းကြီးကြွလာသည်။ ဘုန်းကြီးက စစ်ကိုင်းတောင်မှာ သီတင်းသုံးသည်။ ဘုန်းကြီးရောက်ပြီး နောက်တစ်ရက်တွင် အဖေကြီးက ငြိမ်းချမ်းကိုခေါ်၍ ပြောသည်။



"ငါ့မြေး ဘုန်းဘုန်းပြန်ကြွရင် လိုက်သွားရမယ်၊ ဘုန်းဘုန်းက ငါ့မြေးကို မန္တလေးမှာ ကျောင်းထားပေးလိမ့်မယ်၊ ဒီရွာမှာနေရင် ငါ့မြေး ပညာကောင်းကောင်းသင်ရမှာ မဟုတ်ဘူး၊ ငါ့မြေး ပညာတတ်အောင် အစွမ်းကုန်ကြိုးစားပေတော့"ဟု ဆိုသည်။

ရုတ်တရက်တွင် ပညာသင်ရမည်ဖြစ်၍ ငြိမ်းချမ်းပျော်သည်။ မန္တလေးမြို့ကြီးမှာ နေရမည်ကိုလည်း ဝမ်းသာသည်။ နောက်မှ အဖေကြီး၊ အမေကြီး၊ ဦးလေးတို့နှင့် ခွဲရမည်ကို သတိရ၍ ငြိမ်းချမ်းဝမ်းနည်းမိ၏။

ကိုယ့်ရွာကိုယ့်ဒေသမှ ကိုယ့်သူငယ်ချင်းများနှင့် ဝေးရမည်ကိုလည်း ငြိမ်းချမ်း စိတ်မကောင်းဖြစ်မိ၏။

အမေကြီးက ငြိမ်းချမ်း၏ အဝတ်ကလေးများကို လျှော်ဖွပ်ပြီးလျှင် အိမ်မှာရှိသော ဖာငယ်လေးထဲ ထည့်ပေးသည်။ ငြိမ်းချမ်းတွင် အဝတ်အစား များများမရှိ။ သေးငယ်သော ဖာကလေးပင် မပြည့်။

ငြိမ်းချမ်း စားရန်အတွက် ထန်းလျက်အိုးလေးတစ်လုံးကိုလည်း အမေကြီးက အဝတ်နှင့် ပိတ်စည်းပေးလိုက်သည်။ ဆယ်နှစ်သားသာ ရှိသေးသော ငြိမ်းချမ်းကစားရန်အတွက် ဦးလေးက ရွှံ့လှည်းနှင့် ရွှံ့နွားကလေးလုပ်၍ အခြောက်လှန်းပေးလိုက်သည်။ ငြိမ်းချမ်းက ရွှံ့လှည်းနှင့် ရွှံ့နွားကလေးများကို ဖာကလေး၏ထောင့်တွင် တယုတယထည့်ထားသည်။

ဘုန်းဘုန်းနှင့်လိုက်သွားကာနီးတွင် ငြိမ်းချမ်းက အဖေကြီး၊ အမေကြီးနှင့် ဦးလေးတို့ကို ကန်တော့၏။ အမေကြီးက ပါရှုပ်ရှုပ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ငိုနေသည်။ ငြိမ်းချမ်းလည်း ငိုသည်။

ဦးလေးကား ခေါင်းငိုက်စိုက်ချ၍ မျက်ရည်ကျနေသည်။

အဖေကြီးက ငြိမ်းချမ်းကို ဆုတောင်းပေးနေ၏။ နောက်ဆုံးတွင် "ပညာကိုသာ အစွမ်းကုန်ကြိုးစားပါ လူလေးရယ်"ဟု ပြောရင်း အဖေကြီးအသံ တိမ်ဝင်သွားသည်။

ဘုန်းကြီးက ငြိမ်းချမ်း၏လက်ကို ကြင်နာစွာ ဆွဲယူလိုက်သည်။ ငြိမ်းချမ်းသည် ဖာကလေးကိုထမ်း၍ ဘုန်းကြီးနောက်မှ လိုက်ခဲ့၏။ ထန်းလျက်အိုးကလေးကိုလည်း ထန်းလျှော်ကြိုးနှင့်သိုင်း၍ ပုခုံးမှာ လွယ်ခဲ့သည်။

ဤနည်းအားဖြင့် ငြိမ်းချမ်း မန္တလေးမြို့အရှေ့ပြင်မှ ဗုဒ္ဓဘာသာ မိဘမဲ့ကလေးများကျောင်းသို့ ရောက်ခဲ့သည်။

ငြိမ်းချမ်းသည် အဖေကြီး အမေကြီးနှင့် ဦးလေးတို့ကို လွမ်းတိုင်းစာကို ဖိ၍ကြိုးစားသည်။

မိဘမဲ့ကျောင်းတွင် အနေမဆင်းရဲသော်လည်း အစားဆင်းရဲသည်။ မိဘမဲ့ကျောင်းသားများကို ဆရာတော် ဦးပဝရက အလှူခံ၍ ကျွေးရ၏။

စေတနာရှင်တို့ လှူသမျှ ပေးသမျှ ငြိမ်းချမ်းတို့ စားရသည်။ အများစာဖြစ်၍ ဆန်လောက်အောင်ရဖို့ကိုပင် ဆရာတော်မှာ မနည်းကြိုးစားရသည်။



ဟင်းလျာကား ငြိမ်းချမ်းတို့ မိဘမဲ့ကျောင်းသားများကိုယ်တိုင်တက်ရူးထားသော မန်ကျည်းရွက်စပ်ချင် ဖြစ်သည်။ အာလူးကို အရည်ကလေးစပ်စပ်နှင့် ချက်ထားသောဟင်းကိုစားရလျှင် ငြိမ်းချမ်းတို့ ဝမ်းသာ၍ မဆုံးတော့ပါ။

ထမင်းစားကာနီးတိုင်း ကျောင်းသားအားလုံး မတ်တတ်ရပ်ပြီးလျှင်

"ပညာသင်ရန် ထမင်းစားပါသည်၊ ပညာသင်ရန် ထမင်းစားပါသည်၊ ပညာသင်ရန် ထမင်းစားပါသည်"ဟု သုံးကာ သံပြိုင်ဆိုကြရသည်။

ပညာရေးကိုကား ဂရုစိုက်သည်။ ငြိမ်းချမ်းသည် သုံးတန်းမှာနေရ၏။ သုံးတန်းတွင် အင်္ဂလိပ်စာသင်ရသည်။ ငြိမ်းချမ်းအင်္ဂလိပ်စာကို နားမလည်။

ကျောင်းသားကြီးတစ်ယောက်ထံ ချဉ်းကပ်၍ အကူအညီတောင်းသည်။

"သန်းဘိုကြီးဆီ သွားပါကွာ"ဟု ဆိုသည်။ သန်းဘိုကြီးထံရောက်လျှင် "မြသန်း သွားအသင်ခိုင်းကွာ"ဟု ဆိုသည်။

မြသန်းထံရောက်ပြန်သော် "မောင်ညွန့်ကြီးဆီသွားကွာ" ဟုဆိုသည်။

မောင်ညွန့်ကြီးက "ဆရာကြီး ဦးစံလှိုင် သွားအသင်ခိုင်းကွာ"ဟု

www.burmeseclassic.com

www.burmeseclassic.com



ပြောပြန်သည်။

တစ်ယောက်ပြီး တစ်ယောက် လက်ဆင့်ကမ်း၍ လမ်းညွှန်နေကြ၏။ နောက်ဆုံးတွင် ဆရာကြီး ဦးစံလှိုင်ထံသို့ ရောက်သွားသည်။

ပညာလိုချင်သော ငြိမ်းချမ်းနှင့် ပညာပေးချင်သော ဆရာကြီးတို့ ရင်းနှီးခင်မင်သွားကြသည်။ ဆရာကြီး သင်ပေးသမျှ ငြိမ်းချမ်းက ရအောင် ကြိုးစားသည်။ ငြိမ်းချမ်းကြိုးစားသမျှ ဆရာကြီးက တစ်ဆင့်တက်၍ သင်ပေးသည်။

ဆရာကြီး ဦးစံလှိုင်၏မေတ္တာ၊ စေတနာနှင့် ကျောင်းဆရာစိတ်ထားကို ငြိမ်းချမ်း အားကျမိသည်။

"ငါကြီးရင် ဆရာကြီးလိုဖြစ်အောင် ကြိုးစားမယ်"

ငြိမ်းချမ်း ဆုံးဖြတ်ချက်တစ်ခု ချလိုက်မိပြန်၏။

ပညာကြိုးစားသော ငြိမ်းချမ်းသည် အတန်းတိုင်းတွင် ထူးချွန်စွာ အောင်ခဲ့သည်။

ငြိမ်းချမ်းတို့၏ရွာကလေးတွင် ရောင်စုံသူပုန်များ တဖြည်းဖြည်းကင်းရှင်းသွားပြီ။ အဖေကြီးလည်း ကျောင်းဆရာအလုပ်ကို ပြန်၍လုပ်ခွင့်ရပြီ။ ငြိမ်းချမ်းတို့ တူဝရီး၊ မြေးအဘွား၊ စီးပွားရေး အဆင်ပြေလာပြန်၏။ အဖေကြီးက ရည်ရွယ်ချက်ကို အဆင်မြှင့်လိုက်သည်။ ငြိမ်းချမ်း ဆယ်တန်းအောင်လျှင် တက္ကသိုလ်ဆက်တက်ရမည်ဟု ဆိုသည်။

ဆယ်တန်းတွင် ငြိမ်းချမ်းအစွမ်းကုန် ကြိုးစားသည်။ စာမေးပွဲ



ဖြေသောအခါ အကောင်းဆုံး ဖြေနိုင်သည်။ သို့ရာတွင် အောင်စာရင်းမထွက်မီ အဖေကြီး ကွယ်လွန်ခဲ့သည်။

ငြိမ်းချမ်းယူကျုံးမရ ဖြစ်ရ၏။ အဖေကြီးအား ကျေးဇူးဆပ်ခွင့်မရသည်ကို တွေးမိတိုင်း စိတ်မကောင်း ဖြစ်ရ၏။ စာမေးပွဲအောင်စာရင်းထွက်သောအခါ ငြိမ်းချမ်း အောင်မြင်သည်။ ဝမ်းသာသည့်ကြားမှပင် အဖေကြီးကို သတိရ၍ ဝမ်းနည်းမိပြန်၏။

ငြိမ်းချမ်း ကျောင်းထွက်၍ အလုပ်လုပ်ရန် ဆုံးဖြတ်လိုက်သည်။ အမေကြီးနှင့် ဦးလေးကို လုပ်ကျွေးတော့မည်။

ငြိမ်းချမ်း ကျောင်းထွက်၍ အလုပ်လုပ်ရန် ဆုံးဖြတ်လိုက်သည်။ အမေကြီးနှင့် ဦးလေးကို လုပ်ကျွေးတော့မည်။

သို့ရာတွင် ဦးလေးက လက်မခံ။ ပြင်းထန်စွာ ကန့်ကွက်သည်။ အမေကြီးက မြေးလိုရော သားလိုပါ ချစ်သလို ဦးလေးကလည်း တူလိုရော သားလိုပါ ချစ်သည်။

ဦးလေးသည် အဖေကြီး၏အစ်မကမွေးသော အဖေကြီး၏တူဖြစ်သည်။ ငယ်စဉ်ကတည်းက အဖေကြီးနှင့် အတူနေခဲ့သည်။ ဦးလေးတွင် အိမ်ထောင်မရှိ လူပျိုကြီးဖြစ်သည်။ သံယောဇဉ်ဟူသမျှ ငြိမ်းချမ်းအပေါ်မှာ စုပြုံထားသူဖြစ်၏။

"ငါ့တူ မင်းဟာ အဖေကြီး ရည်မှန်းခဲ့တဲ့အတိုင်း ဆက်ပြီးကြိုးစားရအုံးမယ်၊ တက္ကသိုလ် ဆက်တက်ပါ၊ ဒါမှ ငါတို့အဖေကြီးအားကို

www.burmeseclassic.com

www.burmeseclassic.com



လေးစားရာကျမယ်၊ ဦးလေးတို့မှာ ကြွားစရာလဲ မလိုဘူး၊ ဝါစရာလဲ မလိုဘူး၊ စားဖို့ရှိရင် လုံလောက်ပြီ၊ ငါ့တူအတွက် ကျောင်းစရိတ်ကို ဦးလေး တာဝန်ယူတယ်၊ ငါ့တူကတော့ ပညာကို ဆုံးခန်းတိုင်အောင် ကြိုးစားသင့်ဖို့ပဲ၊ ပညာတစ်ပိုင်းတစ်စနဲ့ အလုပ်ထွက်မှာကိုတော့ ဦးလေး လက်မခံနိုင်ဘူး''

ဦးလေးက ယတိပြတ်ပြောလာသည်။ ငြိမ်းချမ်းသိပါသည်၊ အဖေကြီးမရှိတော့လျှင် ငြိမ်းချမ်းတို့ မိသားစု စားဝတ်နေရေး ခက်ခဲမည်။ ကျောင်းစရိတ်ရအောင်ဆိုလျှင် ဦးလေး ပင်ပင်ပန်းပန်း အလုပ်လုပ်ရမည်။

ငြိမ်းချမ်း တစ်ကိုယ်ကောင်းမဆန်ချင်။ ဦးလေးကို အကြောင်းအမျိုးမျိုးပြ၍ အလုပ်လုပ်ခွင့်ရအောင် တောင်းပန်သည်။ မည်သည့်အကြောင်းကိုပြပြ ဦးလေးက ပယ်ချ၏။

ဦးလေး၏ဆန္ဒအရ အဖေကြီး၏ ရည်မှန်းချက်နှင့်အညီ ငြိမ်းချမ်း ကျောင်းဆက်တက်ရတော့မည်။

မန္တလေးတက္ကသိုလ်မှာ ငြိမ်းချမ်း ဆက်တက်ရသည်။ ငြိမ်းချမ်း ပညာသင်ထောက်ပံ့ကြေး လျှောက်သည်။ အရွေးချယ်ခံရ၏။

ပြည်သူတို့၏လုပ်အားဖြင့်ရသောငွေနှင့် ပညာသင်ခွင့်ရခဲ့သည်၊ တက္ကသိုလ်များ ကျောင်းများသည် ပြည်သူတို့၏ ချွေး၊ သွေး၊ လုပ်အားများဖြင့် တည်ဆောက်ထားရှိခြင်းဖြစ်၏။ ပြည်သူတို့၏ငွေနှင့် လည်ပတ်လုပ်ရှားနေကြရခြင်းဖြစ်၏။



ပညာသင် ထောက်ပံ့ကြေးမရသော တက္ကသိုလ်ကျောင်းသားများအဖို့ပင် ပြည်သူတို့၏ ကျေးဇူးကား ကြီးမားနေပေပြီ။ ပညာသင်ထောက်ပံ့ကြေးရသော ငြိမ်းချမ်းအတွက်ကား အဘယ်ဆိုဖွယ်ရှိတော့မည်နည်း။

ငြိမ်းချမ်းအပေါ်တွင် အဖေကြီး အမေကြီးနှင့် ဦးလေးတို့၏ ကျေးဇူးသာမက ပြည်သူတို့၏ကျေးဇူးများပါ ထပ်ဆင့်လာခဲ့သည်။

ငြိမ်းချမ်း ကျောင်းမှန်မှန်တက်သည်။ စာမှန်မှန်ကြည့်သည်။ ပညာကို အပတ်တကုတ် ကြိုးစားခဲ့သည်။

ကျောင်းပိတ်၍ ရွာကိုပြန်တိုင်း အလုပ်ပင်ပန်းသော ဦးလေးနှင့် တစ်နေ့တစ်ခြား အသက်အရွယ်ကြီးရင့်လာပြီဖြစ်သော အမေကြီးတို့ကို ကြည့်၍ ငြိမ်းချမ်း စိတ်မကောင်းဖြစ်မိသည်။

''အမေကြီးရယ် မသေပါနဲ့အုံးနော်၊ ကျွန်တော်အလုပ်ရရင် ကောင်းကောင်းမွန်မွန် လုပ်ကျွေးချင်လို့ပါ''

ငြိမ်းချမ်းက အမေကြီးကို တောင်းပန်ထားရသည်။

''စားထိုက်ရင် စားရမှာပေါ့ လူလေးရယ်၊ အမေကြီးတို့ကတော့ မမျှော်လင့်ပါဘူး။ ငါ့မြေး တင့်တင့်တယ်တယ်ဖြစ်ရင် ကျေနပ်တာပါပဲ''

ဟု အမေကြီးက ဆိုသည်။

အမေကြီးကို စားထိုက်စေချင်သည်။ ငြိမ်းချမ်း အလုပ်မြန်မြန်လုပ်ချင်ပြီ၊ ကျောင်းပိတ်ရက်တိုင်း ငြိမ်းချမ်း အလကားမနေ၊ ဦးလေး၏ လယ်အလုပ်၊ ယာအလုပ်ကို ကူညီလုပ်ကိုင်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com

၄

ကျောင်းဆရာအလုပ်နှင့် ပညာသင်ကြားရေးဘဝဆိုသည်မှာ ကောင်းမြတ်၍ အများအကျိုးပြုဖြစ်သောကြောင့် မွန်မြတ်သန့်စင်သော စေတနာနှင့်လုပ်လျှင် ကုသိုလ်ချင်သူတွေ အများကြီးဖြစ်၏။

ကျောင်းဆရာမှာ ငွေကြေးဥစ္စာ မချမ်းသာသော်လည်း စေတနာ၊ မေတ္တာ ချမ်းသာသည်။ မတစ်ထောင် သားသမီးများကို ကိုယ့်သားသမီး လို ချစ်ရသည်။

အာဏာမရှိသော်လည်း အနစ်နာခံနိုင်မှုရှိသည်။

အကောင်းအဆိုး အမျိုးမျိုးသော တပည့်တို့ကို သည်းခံစိတ်ရှည် ရသည်။

ဤမေတ္တာ၊ စေတနာ၊ အနစ်နာများသည်ပင် ကျောင်းဆရာ၏ အလွန်တင့်တယ်သော အလှအပများ ဖြစ်သည်။

နုနယ်ငယ် ချစ်စဖွယ်သော ကလေးများသည် ပန်းကလေး များနှင့် တူ၏။ ဆရာ ဆရာမများသည် ဥယျာဉ်မှူးနှင့် တူ၏။

ဥယျာဉ်မှူးသည် ပန်းကလေးများ လှပစွာ ပွင့်လန်းလာစေရန် ပြုစုပျိုးထောင်ပေးရ၏။ ပန်းကလေးများကို ထိခိုက်ပျက်စီးစေမည့် အန္တရာယ်အသွယ်သွယ်ကို ကာကွယ်ဟန့်တားရ၏။

ပန်းကလေးများ လှပစွာ ပွင့်လန်းလာလျှင် ဥယျာဉ်မှူး ဝမ်းသာ ဂုဏ်ယူရသည်။

၁

ကျောင်းဆရာသည် နိုင်ငံသားသမီး ငယ်ရွယ်နုနယ်သော ကလေး များကို အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံလာစေရန် ပြုစုပျိုးထောင် ရသည်။ ထိုကလေးများသည် အန္တရာယ်အသွယ်သွယ်ကို ကာကွယ် ဟန့်တားပေးရသည်။

ထို့ကြောင့် ကလေးတို့၏ အလယ်မှ ဆရာ ဆရာမများသည် ပန်းခြံလယ်မှ ဥယျာဉ်မှူးများ ဖြစ်ကြ၏။

ဤပန်းခြံလယ်မှ ဥယျာဉ်မှူးစာအုပ်ကို ၁၉၇၈ ခုနှစ်တွင် ရေး သား၍ စာပေဗိမာန် စာမူဆုပြိုင်ပွဲသို့ပေးပို့ရာ စာပဒေသာ ပထမဆုရရှိ ခဲ့သည်။

၁၉၈၀ ပြည့်နှစ်တွင် စာပေဗိမာန်မှ စာအုပ်အဖြစ် ထုတ်ဝေခဲ့ ရာတွင် ၁၉၈၀ ပြည့်နှစ်အတွက် အမျိုးသားစာပေဆုကို ထပ်မံရရှိသည်။

ဤစာအုပ်တွင်ပါရှိသော ဆရာ ဆရာမအမည်များ၊ ရွာမိရွာဖ အမည်များ၊ ကျောင်းသားမိဘအမည်များနှင့် သူတို့၏ကုသိုလ်ဆောင်ရွက် ခြင်းများသည် အမှန်အတိုင်းသာ ဖြစ်ပါသည်။

ဂုဏ်ပြုထိုက်သူများဖြစ်၍ ဂုဏ်ပြုပြီး ဖော်ပြခဲ့ခြင်းသာ ဖြစ်၏။

ယခုအခါတွင် ကျောက်မီးအလယ်တန်းကျောင်းပင် အထက်တန်း ကျောင်းဖြစ်နေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ပြန်ပါကွာ၊ နေပူလို့ အသားတွေ မည်းကုန်ပါဦးမယ်''ဟု ဦးလေးက ဆိုသည်။

"အသားမည်းတော့ ဘာဖြစ်လဲ ဦးလေးရ၊ အသားဖြူတော့ရော ဘာလုပ်ဖို့လဲ''ဟု ပြောလျက်၊ ငြိမ်းချမ်းက ဦးလေး၏တောအလုပ်များကို ကူညီလုပ်ပေးသည်။

၁၉၆၈ ခုနှစ်တွင် ငြိမ်းချမ်း မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရသည်။ ငြိမ်းချမ်းမပျော်နိုင်သေး။ အလုပ် မြန်မြန်ရချင်သည်။ အလုပ်ရမှ ပျော် နိုင်မည်။

သူတကာတွေက မြို့အုပ်လျှောက်ရန် မြို့နယ်တရားသူကြီးလျှောက်ရန် အကြံပေးကြသည်။ အရာရှိဖြစ်ရန် တိုက်တွန်းကြသည်။ ငြိမ်းချမ်းကား ကျောင်းဆရာအလုပ်ကိုသာ လျှောက်သည်။ ကျောင်းဆရာအလုပ်မှာ သူ့ဝါသနာအပါဆုံး၊ အဖြစ်ချင်ဆုံး ရည်မှန်းထားချက်ဖြစ်သည်။

ယခုခန့်စာရပြီ။ ငြိမ်းချမ်း အလွန်ဖြစ်ချင်သော ကျောင်းဆရာဖြစ်တော့မည်။ ပြည်သူ့ဝန်ထမ်းကောင်းတစ်ယောက် ကျောင်းဆရာကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစား၍ ပြည်သူတို့၏ ကျေးဇူးကို ဆပ်နိုင်တော့မည်။

နှစ်များစွာကြိုးစားခဲ့ရသော ရည်မှန်းချက်ပြည့်ဝပြီ။ အဖေကြီးဖြစ်စေချင်သည့်အတိုင်း ဖြစ်ခဲ့ပြီ။

မည်မျှပင် အခက်အခဲရှိရှိ ရည်မှန်းချက်ဆိုသည်မှာ မဖြစ်မနေ



ကြိုးစားလျှင် အောင်စမြဲ။ ဇွဲ လုံ့လ ဝီရိယနှင့် ကြံ့ခိုင်သော စိတ်ရှိရန်သာ လိုသည်။

အဖေကြီး၏ ဆုံးမစကားများ မှန်သည်။ ငြိမ်းချမ်းသည် အဖေကြီးကို ရည်စူး၍ ဦးသုံးကြိမ်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

# ၃

## အရုဏ်ဦး

မှန်တိုင်းတိုက်ပြီးလျှင် လေပြေလေညှင်း လာတတ်သည်။ အမှောင်ကုန် ဆုံးလျှင် အလင်းရောက်သည်။

ငြိမ်းချမ်းအိပ်ရာမှ နိုးချိန်တွင် အရုဏ်ကျင်း၍ အလင်းရောင်လာနေပြီ။ ဦးလေးပင်လျှင် ငြိမ်းချမ်းကို လှည်းဖြင့်လိုက်ပို့ရန်အတွက် နွားများ အစာကျွေးထားပြီ။ အမေကြီးကား ငြိမ်းချမ်းစားသွားရန်အတွက် ချက်ပြုတ်ပြင်ဆင်နေ၏။

ငြိမ်းချမ်းအိပ်ရာမှ ထပြီးနောက် အရုဏ်ဦး၏လေပြေညှင်းကို တဝကြီး ရှူသွင်းလိုက်သည်။ မနေ့က ပျော်သည့်အရှိန်မှာ ယနေ့အထိ မကျသေး။ ငြိမ်းချမ်း စိတ်ဓာတ်တက်ကြွနေသည်။ မျက်နှာသစ်ပြီးသော အခါ လူမှာ ပို၍လန်းဆန်းလာသည်။ အရှေ့ဘက်ကောင်းကင်မှ အရုဏ်ဦး၏လှပသော ပန်းချီကားကို ငြိမ်းချမ်းငေးကြည့်နေမိ၏။ သူ့ဘဝ၏ အရုဏ်ကျင်း၍ အလင်းရောက်သော အဖြစ်ကိုလည်း ငြိမ်းချမ်းတွေးတော နေမိသည်။



''လူလေးရေ.. ထမင်းပြင်ထားပြီ''

အမေကြီး လှမ်းခေါ်၍ ငြိမ်းချမ်းသည် အတွေးစကိုဖြတ်ကာ ထမင်းစားပွဲတွင် ဝင်ထိုင်သည်။ ဦးလေးနှင့်အတူ ထမင်းစားကြသည်။

ငြိမ်းချမ်း၏ အဝတ်အစားနှင့် လိုအပ်မည့်ပစ္စည်းများကို အမေကြီးက သေတ္တာတစ်လုံးတွင် ထည့်ထားပြီ။ အိပ်ရာလိပ်ကိုကား ထမင်းစားပြီးမှ ငြိမ်းချမ်းကိုယ်တိုင် လိပ်သည်။

အမေကြီးနှင့် ဦးလေးကို ငြိမ်းချမ်း ကန်တော့သည်။ အမေကြီးကို သတိရ၍ စိတ်မကောင်းဖြစ်မိသေးသည်။ အမေကြီးနှင့် ဦးလေးက ငြိမ်းချမ်းကို ဆုများပေးကြသည်။

''အမေကြီး၊ ကျွန်တော် ဟိုရောက်ရင် စာရေးလိုက်မယ်နော်၊ လခထုတ်ပြီးရင်လဲ ကျွန်တော် ပြန်လာခဲ့အုံးမယ်နော်''

အမေကြီးက ''အေး.. အေး''ဟု ဆိုသည်။

ဦးလေးနှင့် ငြိမ်းချမ်းတို့ လှည်းဖြင့် ထွက်ခဲ့ကြသည်။

ယခုတစ်ခေါက် ထွက်ရသည်မှာ ယခင်က ထွက်ရသည်နှင့် မတူ။ ယခင်က ထွက်ရသည်မှာ ပညာသင်ရန် ဖြစ်သည်။ ယခုတစ်ခေါက်ထွက်ရသည်မှာ ကိုယ်က ပညာသင်ပေးရန် ဖြစ်သည်။ ယခင်က ထွက်ခဲ့ရသည်မှာ ဝမ်းနည်းကြေကွဲစရာကောင်းသည်။ ယခုတစ်ခေါက် ထွက်ရသည်မှာ ဝမ်းသာကြည်နူးစရာ ကောင်းသည်။

ငြိမ်းချမ်း မန္တလေးသို့ရောက်သောအခါ တိုင်းပညာဝန်ရုံးသို့ သတင်းပို့ရန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုင်းပညာဝန်၏ရုံးခန်းဝတွင် စာတန်းတစ်ခုချိတ်ဆွဲထား၏။

"ကိုယ်ရေးကိုယ်တာ အခွင့်အရေးတောင်းခြင်း သည်းခံပါ။ လုပ်ငန်းအောင်မြင်မှုအတွက်၊ အများအကျိုးအကွက်ဆိုလျှင် အချိန်မရွေး ဝင်တွေ့နိုင်သည်။ လိုအပ်သော အကူအညီကို ပြောပါ"

စာတန်းကိုဖတ်ပြီး ငြိမ်းချမ်း သဘောကျ၍ ပြုံးမိသည်။

ငြိမ်းချမ်းရုံးခန်းအတွင်းသို့ ဝင်သွားသည်။ တိုင်းပညာဝန်က ရုံးအုပ်စာရေးကြီးကို လိုအပ်သည်များ ပြောဆိုညွှန်ကြားနေရာမှ–

"ထိုင်ပါ"

ဟု ငြိမ်းချမ်းကို ကုလားထိုင်တစ်လုံးမှာ အထိုင်ခိုင်းသည်။ ခဏအကြာတွင် ရုံးအုပ်စာရေးကြီး ထွက်သွားသည်။

"ဆိုပါ၊ ဘာကိစ္စရှိပါသလဲ၊ ကျွန်တော် ဘာအကူအညီ ပေးရမလဲ"

တိုင်းပညာဝန်က ရင်းနှီးဖော်ရွေစွာ မေးသည်။

ငြိမ်းချမ်းက သူ၏ခန့်စာကို ထုတ်ပေးလိုက်သည်။ တိုင်းပညာဝန်က ယူဖတ်ကြည့်သည်။

"ဟာ.. ဆရာ၊ ကျောင်းကို တိုက်ရိုက်မသွားဘဲ ကျွန်တော်တို့ဆီကို ဝင်လာတာ သိပ်ဟန်ကျတာပဲ၊ ကျွန်တော့်မှာ အဲဒီကျောင်းနဲ့ ပတ်သက်လို့ မှာစရာ ပြောစရာတွေ ရှိတယ်၊ ကျောက်မီးကျောင်း အလယ်တန်းကျောင်း ဖွင့်ခွင့်ကျထားပေမယ့် ခုအထိ မူလတန်းကျောင်း ပဲရှိသေးတယ်၊ ဆရာသွားမှ အလယ်တန်းကျောင်း ဖြစ်မှာ၊ ကျောင်းအုပ် လဲ မရှိသေးဘူး။ ဆရာကပဲ တာဝန်ခံကျောင်းအုပ်အဖြစ်နဲ့ ဆောင်ရွက်



ရမှာ၊ လိုအပ်တာတွေကတော့ အများကြီးပဲ၊ လုပ်စရာတွေလဲ အများကြီး ပဲ။ ကျွန်တော်တို့ စိတ်ကူးထားတာကတော့ ရှေ့နှစ်ကျောင်းဖွင့်ချိန်မှာ အလယ်တန်းကျောင်းအဖြစ်နဲ့ ပြည့်ပြည့်စုံစုံ အကောင်အထည်ဖော်ဖို့ ပဲ၊ အဲဒီအချိန်ကျရင်တော့ ကျောင်းအုပ်လဲ ရောက်လာပါ့မယ်၊ အခုတော့ ဆရာကပဲ အားလုံးတာဝန်ယူပြီး အလယ်တန်းကျောင်း တစ်ကျောင်း အဖြစ် အကောင်အထည်ပေါ်အောင် လုပ်ပေးရမှာ၊ နည်းနည်းတော့ တာဝန်ကြီးမယ်၊ ဒါပေမဲ့ ဆရာလုပ်နိုင်ပါလိမ့်မယ်"

"ဟုတ်ကဲ့.. ကျွန်တော် ကြိုးစားပါ့မယ်"

"ကျွန်တော်လဲ ကျောင်းကိုသွားကြည့်ပြီးပါပြီ၊ ရပ်ရွာလူကြီးတွေ နဲ့လဲ လိုအပ်တာတွေ ပြောပြီးပါပြီ၊ သူတို့နဲ့ ဆရာတွေ့ပါ၊ သူတို့ကလဲ ဆရာ့ကို ကူညီပါလိမ့်မယ်၊ ရုံးကိုလဲ မကြာမကြာလာပြီး လိုအပ်တာ ပြောပါ၊ ကျွန်တော်လဲ ဆရာ့ကိုကူညီပါ့မယ်"

တိုင်းပညာဝန်၏ စကားကြောင့် ငြိမ်းချမ်းအားတက်ရ၏။ ပညာဝန်၏ ကျောင်းတစ်ကျောင်းအပေါ်ထားသည့်စေတနာ၊ ဆရာတစ်ယောက်အပေါ်မှာထားသည့်မေတ္တာနှင့် အလုပ်အပေါ်မှာထားသည့် သဘောထားကို ငြိမ်းချမ်းလေးစားမိသည်။

တိုင်းပညာဝန်က သူ၏ စာရေးကြီးနှစ်ယောက်ကိုခေါ်ပြီးလျှင် ကျောက်မီးကျောင်းအတွက် လိုအပ်မည့် ပစ္စည်းများ၊ စာအုပ်ဘတ်မှတ်များ၊ ဗိုင်တွဲများ၊ ညွှန်ကြားချက်များ ထုတ်ပေးရန် ပြောဆိုသည်။

တစ်နေ့ခင်းလုံး ပစ္စည်းထုတ်ရ၊ လိုအပ်သည်များကို မေးမြန်းရ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ရန်နှင့်အချိန်ကုန်သွားသည်။ ငြိမ်းချမ်းမနက်စာထမင်းပင် မစားလိုက်ရ။ ဗိုက်ကလည်း ဟာ။ အလုပ်ရှုပ်နေချိန်တွင် အလိုက်သိသောဗိုက်ကိုပင် ကျေးဇူးတင်ရသေး၏။

ငြိမ်းချမ်းသည် တိုင်းပညာဝန်ရုံးတွင် ကိစ္စအားလုံးပြီးသောအခါ ကျောက်မီးရွာကို ခရီးဆက်ခဲ့သည်။

ငြိမ်းချမ်းအတွက် နေရာသစ်တွင် ဘဝသစ်၊ အတွေ့အကြုံသစ်များနှင့် ရင်ဆိုင်ရတော့မည်။

''ကျောင်းဆရာဆိုတာ ဝါသနာ၊ စေတနာ၊ အနစ်နာ ဆိုတဲ့ နာသုံးနာ ပြည့်စုံဖို့လိုတယ်''

ငြိမ်းချမ်းက ကျောင်းဆရာဖြစ်ချင်သည်ဆို၍ ဆရာကြီး ဦးစံလှိုင်က ပြောခဲ့ဖူးခြင်းဖြစ်သည်။

ဆရာကြီးစကားကို ငြိမ်းချမ်း ကြားယောင်နေမိ၏။

၄

## ကျောက်မီးရွာနှင့်ကျောက်မီးကျောင်း

ကျောက်မီးရွာသည် ပုသိမ်ကြီးမြို့နယ်အတွင်းမှာတည်ရှိ၍ မန္တလေးမှ ကိုးမိုင်ခန့်ကွာသည်။ မန္တလေး–ပြင်ဦးလွင်ကားလမ်းသည် ကျောက်မီးရွာ ဘေးမှဖြတ်သွား၏။ သစ်ကြီးဝါးကြီးများနှင့် အုံ့ဆိုင်းမှိုင်းညို့နေသော ရွာကြီးဖြစ်သည်။ ရွာပတ်ဝန်းကျင်တွင် စိုက်ခင်းပျိုးခင်းတို့ဖြင့် စိမ်းလန်းစိုပြေလှသည်။ ဆည်ရေသောက်ဒေသဖြစ်၍ သီးနှံဖြစ်ထွန်းသည်။ ဆန်စပါး၊ ဝါဂွမ်း အထွက်ကောင်းသောရွာဖြစ်၏။ တောရိပ်တောင်ရိပ်ကောင်း၍ ရေမိုးအဆင်ပြေသည်။ ဆီးခြံ၊ နှင်းဆီခြံ၊ သရက်ခြံ၊ သဘော်ခြံ၊ ငှက်ပျောခြံ၊ ... ဝွေးသီးခြံ၊ သံပရာခြံကြီးများရှိသည်။ မန္တလေးမှ လူချမ်းသာ လူရည်တက်များ အားလပ်ရက်တွင် ထိုခြံကြီးများသို့ လာရောက်အပန်းဖြေကြ၏။

ငြိမ်းချမ်းသည် ရွာ၏အနေအထားနှင့် သာယာသောရှုခင်းများကို သဘောကျမိ၏။ ရောက်သည့်နေ့မှာပင် ရွာကလေးကို ခင်မင်သွားသည်။

သူတို့ရွာ၊ သူတို့ကျောင်းသို့ ရောက်ရှိလာသော ကျောင်းဆရာသစ် အား ရွာသူရွာသားတို့က ဝမ်းပမ်းတသာကြိုဆိုကြသည်။ နှုတ်ဆက်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပစ္စည်းများကို ကူညီသယ်ပိုးပေးကြသည်။ ကျောင်းရှိရာသို့ လိုက်ပို့ကြသည်။

ကျောင်းကို ရောက်ရန် ရွာအရှေ့ဘက်မှ မြောင်းဘောင်အတိုင်း သွားရသည်။ မြောင်းမကြီးထဲတွင် ရေများစီးဆင်းနေသည်။ မြောင်းဘောင်တစ်လျှောက်တခါင် လက်ပံပင်၊ ကုက္ကိုပင်ကြီးများ စီတန်း၍ပေါက်နေ၏။ အရိပ်အာဝါသ ကောင်းလှသည်။ မြောင်း၏ တစ်ဘက်တွင် စိမ်းလန်းသောလယ်ကွင်းများနှင့် နှင်ဆီခြံ၊ ဆီးခြံ၊ သရက်ခြံများကို လှမ်းမြင်နေရသည်။

အရှေ့သို့မျှော်လျှင် ရှမ်းရိုးမတောင်ပြာတန်းကြီး၊ တောင်ဘက်ဆီသို့ကြည့်လျှင် အချွန်အတက်တို့ဖြင့် လှပသော မြလိပ်တောင်ကြီး၊ မြောက်ယွန်းယွန်းတွင်ကား မြင့်မားလှသော ဗျိုင်းရယ်တောင်ကြီး၊ အနောက်ဘက်မှာမူ အောင်ပင်လယ်ကန်နှင့် မြပင်လယ်ပြင် ဝပါးခင်းများ။

ငြိမ်းချမ်းအတွက် မြင်သမျှလှသမျှ ကြည်နူးစရာဖြစ်နေ၏။

"ဆရာ၊ ဟိုမှာ ကျောင်း"

လိုက်ပို့သော ရွာသားတစ်ယောက် ညွှန်ပြရာသို့ ငြိမ်းချမ်းကြည့်လိုက်သည်။ ရွာ၏မြောက်ဘက် မြောင်းကြီး၏ အနောက်တွင် ကျောင်းကို တွေ့ရသည်။

သပ်ရပ်လှပသော အုပ်ကာ ဝါးကပ်မိုး ကျောင်းကလေးကို တွေ့ရသည်။ ငြိမ်းချမ်းသဘောကျပြုံး၏။ ကျောင်းရှေ့မှာ ဘောလုံးကွင်း။ ကျောင်းနောက်မှာ စိုက်ပျိုးခင်း၊ ကျောင်းဝင်းက အကျယ်ကြီး၊ နောက်



ထပ်ကျောင်းဆောင်များ၊ အားကစားကွင်းများ၊ စိုက်ခင်းများ စိတ်ကူးရှိသမျှ တိုးချဲ့နိုင်သေးသည်။ ကျောင်းတက်ချိန်ဖြစ်၍ အပြင်ဘက်တွင် ကျောင်းသားများမရှိ။

ကျောင်းနားသို့ နီးလာပြီ။ ဆူညံနေသော ကျောင်းသားတို့၏ အသံ၊ အော်ဟစ် ပြောဆိုသင်ကြားနေသော ဆရာ၊ ဆရာမတို့၏ အသံများကို ကြားရသည်။

ငြိမ်းချမ်းတို့ ကျောင်းတွင်းသို့ဝင်လိုက်ကြသည်။ ကျောင်းသားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ စာသင်နေရာမှ လှည့်ကြည့်ကြသည်။ အတန်းများမှာ ခန်းဆီးနံရံများ ကာထားခြင်းမရှိ။ တစ်တန်းနှင့်တစ်တန်း တောက်လျှောက်မြင်နေရသည်။

ငြိမ်းချမ်းက ရုံးခန်းကိုရှာကြည့်သည်။ ဘယ်မှာမှ မတွေ့။ ကျောင်း၏ တောင်ဘက်နံရံတွင် ကပ်လျက် ဗီရိုသေးသေးတစ်လုံးသာရှိသည်။ ပစ္စည်းများတင်စရာ စားပွဲကိုကြည့်ပြန်သည်။ စားပွဲလည်းမရှိ။

အတန်းများကို လှမ်းကြည့်လိုက်သည်။ မည်သည့်အတန်းမှာမှ စားပွဲမတွေ့ရ။ ဆရာ၊ ဆရာမများ ထိုင်စရာ ကုလားထိုင်လည်းမမြင်။ ဤကျောင်းမှ ဆရာ၊ ဆရာမများ တစ်ချိန်လုံး မတ်တတ်ရပ်နေကြရောသလား။

ကျောင်းတွင်း အခင်းမှာ မြေကြီးဖြစ်သည်။ ကျောင်းသားများ စာရေးစရာ သင်သားခုံတန်း အနိမ့်ကလေးများ ရှိကြသည်။ ကျောင်းသားများထိုင်စရာကား ဘူမိကမွလာမြေမွေ့ရာသာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ဆ

အဆောက်အဦများ၊ ပရိဘောဂများ၊ ဆရာ ဆရာမများ ကျောင်းသူကျောင်းသားများနှင့် စည်ကားသိုက်မြိုက်စွာ ဂုဏ်တင့်နေပါစေ။

ပန်းမြိုင်လယ်မှ ဥယျာဉ်မှူးဖြစ်သော ဆရာ ဆရာမများသည် အငြိအငြင်ကင်းစွာ လက်ဆင့်ကမ်း၍ ပန်းမျိုးအသိန်းအသန်းကို ပွင့်လန်းဆောင် ပြုစုပျိုးထောင်နေကြပါသည်။

တပည့်တို့အလယ်မှာ မေတ္တာအလှ၊ စေတနာအလှတို့နှင့် အနစ်နာခံနိုင်စွမ်းရှိကြကုန်သော ဆရာ ဆရာမများအားလုံး ဂုဏ်တင့်ကြပါစေဟု ဆုတောင်းရင်း မြတ်နိုးလေးစား တန်ဖိုးထားလျက်။

**လယ်တွင်းသားစောချစ်**

၁

# အပျော်ဆုံးနေ့

လူအများက အပျော်ဆုံးနေ့ သုံးနေ့ သတ်မှတ်ထားကြသည်။ ရှင်လူထွက်သောနေ့၊ မင်္ဂလာဆောင်သောနေ့၊ ထောင်မှထွက်သောနေ့တို့ ဟူ၏။

လူတစ်ယောက်နှင့် တစ်ယောက် အခြေအနေချင်းမတူ၊ အဖြစ်အပျက်ချင်းမတူ၊ သူ့အကြောင်းနှင့်သူ၊ ကိုယ့်အကြောင်းနှင့် ကိုယ်ဖြစ်သည်။ တစ်ယောက်အတွက် အမှန်သည် အများအတွက် မှန်ချင်မှ မှန်မည်။

ရှင်လူထွက်ရ၍ ပျော်သူရှိသကဲ့သို့ ရှင်လူထွက်ရ၍ ဝမ်းနည်းသူလည်း ရှိမည်။

မင်္ဂလာဆောင်သောနေ့တွင် ပျော်ရွှင်သူရှိသကဲ့သို့ မင်္ဂလာဆောင်သောနေ့တွင် ဝမ်းနည်းကြေကွဲသူလည်း ရှိနိုင်သည်။

ထောင်မှထွက်သောနေ့ဆိုသည်မှာလည်း ထောင်မကျဖူးသူတို့ မသိနိုင်။ လူတိုင်း ထောင်ကျဖူးသည် မဟုတ်။ ထို့ကြောင့် လူတိုင်းနှင့်

www.burmeseclassic.com



ကျောင်းကလေးမှာ အပြင်လှသော်လည်း အတွင်းမှာ ချို့ငဲ့၏။

"ဘာကိစ္စများ ရှိပါသလဲ ခင်ဗျာ"

ဆရာဖြစ်ဟန်တူသော လူငယ်တစ်ယောက်က လာမေး၏။ ငြိမ်းချမ်းက ဆရာအသစ်ဖြစ်ကြောင်းနှင့် သူ၏အမည်ကိုပြောပြသည်။ ဆရာငယ်မှာ ဝမ်းသာအားရဖြစ်သွားသည်။

"ဟန်ကျတာပဲ ဆရာရယ်၊ ကျွန်တော့်နာမည် လှမင်းပါ၊ ပေး ဆရာ့ပစ္စည်းတွေ ကျွန်တော့်ပေး"

ဆရာဦးလှမင်းက ပြောလည်းပြော၊ ပစ္စည်းများကိုလည်းယူလျက် ဗီရိုကလေးပေါ် သွားတင်သည်။ ရွာသားနှစ်ယောက်ထံမှ ပစ္စည်းများကိုလည်း ဗီရိုလေးပေါ်မှာပင် ပွတ်သိပ်တင်လိုသည်။

ဦးလှမင်း အတန်းတစ်ခုထဲသို့ ဝင်သွားသည်။ ကျောင်းသားများရှေ့မှ စာရေးခုံလေးတစ်ခုကို မ ယူလာပြီးလျှင် ငြိမ်းချမ်း ရှေ့တွင် ချလိုက်သည်။

"ဒီမှာ ထိုင်ပါ။ ကျွန်တော် ဆရာမတွေခေါ်လိုက်အုံးမယ်။ ဆရာနဲ့ မိတ်ဆက်ပေးရအောင်"

လိုက်ပို့သောရွာသားများ ငြိမ်းချမ်းကို နှုတ်ဆက်ပြီးနောက် ပြန်သွားကြသည်။ ငြိမ်းချမ်းနှင့် ဆရာ၊ ဆရာမများ မိတ်ဆက်ကြသည်။ သူတို့အားလုံးမှာ ငြိမ်းချမ်းရောက်လာသည်ကို ဝမ်းသာနေကြ၏။

သူတို့တွင် ကျောင်းအုပ်ချုပ်မည့်သူလည်းမရှိ၊ မူလတန်းကျောင်းလည်းမဟုတ်၊ အလယ်တန်းကျောင်းလည်း မဖြစ်သေး။ ဆရာလည်း



မပြည့်စုံ။ ဘာမှလည်းမလုပ်တတ်။ အရှိန်မပျက်ရုံသာ ဆက်သင်နေကြရသည်။

ငြိမ်းချမ်းရောက်လာသည့်တွင် အားတက်လာကြ၏။ ငြိမ်းချမ်းကို တွေ့တွေ့ချင်း ခင်မင်ရင်းနှီးစွာ ပြောပြချင်ကြသည်။

သို့ရာတွင် စကားကောင်းကောင်းပြော၍မရ။ အတန်းထဲတွင် ဆရာ၊ ဆရာမများ မရှိ၍ ကျောင်းသားများ သောင်းကျန်းလာကြသည်။

အော်ကြ၊ ဟစ်ကြ၊ ဆော့ကြသည်။ သတ်ကြ၊ ပုတ်ကြ၊ ရန်ဖြစ်ကြသည်။

အော်ရယ်သူက ရယ်နေသည်။ အော်ငိုသူက ငိုနေသည်။

ကျောင်းသူတစ်ယောက် လာတိုင်သည်။

ဆရာတစ်ယောက် လိုက်သွားရသည်။

ကျောင်းသားတစ်ယောက်က စကားပြောနေသောဆရာဦးလှမင်း၏ မျက်နှာရှေ့မှာကပ်၍ လက်ညှိုးထောင်လိုက်သည် အပြင်ထွက်ခွင့်တောင်းခြင်းဖြစ်၏။

ဆရာဦးလှမင်းက မျက်လုံးကို မထိုးမိအောင် နောက်ဆုတ်ရှောင်ရင်း ခေါင်းညိတ်ပြလိုက်သည်။

ထိုကျောင်းသားအပြင်သို့ ပြေးထွက်သွား၏။

နောက်တစ်ယောက် ထောင်ပြန်ပြီ နောက်နှစ်ယောက် ထောင်ပြန်ပြီ။

တစ်ယောက်ပြီးနှစ်ယောက်၊ နှစ်ယောက်ပြီး လေးယောက် မြန်မာ့တန်ခိုးဖြင့် နှစ်ဆတိုးကာ လက်ညှိုးထောင် ကိုယ်ရှောင်လင်းနေ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ဦးလှမင်း စကားပြော၍မရတော့ပါ။

"ဟော့ကောင်တွေ ငါ့မျက်လုံး ထိုးမိလိမ့်မယ်ကွ၊ တော်ပြီ၊ ဘယ်သူမှ မထွက်ရတော့ဘူး"

ဦးလှမင်းက တုတ်ကိုဆွဲ၍ အော်လိုက်သည်။ နောက်ထပ်လက်ညှိုးထောင်ရန် စောင့်နေသော တစ်အုပ်ကြီး အတန်းထဲသို့ပြေးဝင်သွားကြသည်။ ဖုန်များထလာ၏။

မည်သူကန်လိုက်မှန်းမသိသော ဘောလုံးတစ်လုံးက ငြိမ်းချမ်းရှေ့မှဖြတ်၍ ကျောင်းနံရံကိုမှန်ပြီးနောက် ပြန်ထွက်လာသည်။ ဦးလှမင်းခေါင်းငုံ့ရှောင်လိုက်ရ၏။

"ဟော့ကောင်တွေ တယ်သောင်းကျန်းပါလားကွ"

ဦးလှမင်း တုတ်ကို ဆွဲ၍ ထအော်ရပြန်သည်။

ဆရာသစ်တစ်ယောက်၏ရှေ့တွင် ဖြစ်ချင်တိုင်းဖြစ်နေသော ကျောင်းသားများအတွက် ဆရာ၊ ဆရာမဟောင်းများ မျက်နှာပျက်နေကြ၏။

ခဏအတွင်းမှာပင် ကျောင်း၏ အခြေအနေကို ငြိမ်းချမ်း အတော်သိလိုက်ရပါပြီ။ အများကြီး ကြိုးစားရလိမ့်မည်။ လက်ရှိ ဆရာ၊ ဆရာမများ၏ အကူအညီနှင့် တက်ကြွစွာ ပူးပေါင်းပါဝင်ရဖို့လိုမည်။

လုပ်ဖော်ကိုင်ဖက်များ တက်ညီလက်ညီ ကြိုးစားလျှင် အခက်အခဲဟူသမျှ ကျော်လွှားနိုင်လိမ့်မည်။ ငြိမ်းချမ်းသည် လုပ်ရမည့် လုပ်ငန်းကို စိတ်မပျက်ရုံမက ပို၍ စိတ်ဝင်စားလာမိ၏။

၅

# ဘဝနှင့်ဆန္ဒ

အလုပ်တစ်ခုကိုလုပ်ရာတွင် မိမိဖြစ်ချင်သည်ကို မျှော်မှန်းထားရမည်မှာ မှန်သည်။ သို့ရာတွင် ကိုယ်ဖြစ်ချင်တိုင်း ဖြစ်နိုင်သည်ကား မဟုတ်။ ကိုယ်လုပ်ချင်တိုင်းလည်း လုပ်၍မရ။ ပကတိဘဝနှင့် ကင်းလျက် စဉ်းစားလျှင် မမှန်။ ဖြစ်ချင်သည်ထက် ဖြစ်နိုင်သည်ကစ၍ လုပ်ရသည်။ ဘဝနှင့်ဆန္ဒကို မှန်ကန်စွာ ညှိနိုင်းရန် လိုသည်။

ငြိမ်းချမ်းကြုံတွေ့နေရသည့် ကျောက်မီးရွာ အစိုးရအလယ်တန်းကျောင်း၏ ပကတိဘဝအခြေအနေမှာ မကောင်း၊ စနစ်ကျသော မူလတန်းကျောင်းကိုပင် မမီ။

အလယ်တန်းကျောင်း ဖွင့်ခွင့်ကျထား၍သာ အလယ်တန်းကျောင်းဟုဆိုရသည်။ လက်ရှိ အခြေအနေမှာ စတုတ္ထတန်းအထိသာ သင်ကြားနေ၏။ အလယ်တန်းပြဆရာ ငြိမ်းချမ်းရောက်လာခြင်းသာလျှင် တစ်ခုတည်းသော အလယ်တန်းကျောင်း၏အင်္ဂါရပ် ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအဆောက်အအုံမှာလည်း လက်ရှိကျောင်းသား နှစ်ရာခန့်နှင့်ပင် ပြည့်နေပြီ။ နောက်တိုးလာမည့် အတန်းများအတွက် နေရာမရှိ။ ပရိဘောဂမှာလည်း လက်ရှိ ကျောင်းသားများအတွက်ပင် မပြည့်စုံ။ ကျောင်းသားများ မြေကြီးပေါ်တွင် ထိုင်နေရသည်ကလည်း မသင့်တော်။ ဆရာများမှာလည်း ညောင်း၍ပင် ထိုင်စရာမရှိ။ မတတ်သာသည့်အဆုံးတွင် ကျောင်းသား၏ စာရေးခုံပေးမှာ တက်ထိုင်ရသည်။

"ဆရာသည် မည်သည့်အခါမှ ကျောင်းသား၏ စာရေးခုံပေါ်တွင် တက်ထိုင်ခြင်းမပြုရ" ဟူသောစည်းကမ်းချက်နှင့် ဆန့်ကျင်၍နေရသည်။

ငြိမ်းချမ်းက ကျောင်းတာဝန်ကို လွှဲပြောင်းယူရန်အတွက် လက်ရှိဆရာ ဆရာမများထံတွင် စာရင်းအင်းတောင်းသည်။ မည်သည့်စာရင်းမှမရှိ။ စာရွက်စာတမ်းများကို မေးပြန်သည် မရှိ။

"ဆရာမီဘ ရန်ပုံငွေ လက်ကျန်ရော"

"မရှိပါဘူး ဆရာ" ဦးလှမင်းက ဖြေသည်။

"ဆရာမိဘရန်ပုံငွေတော့ ကောက်သလား"

"မနှစ်က ကောက်ပါတယ်ဆရာ"

"ဘယ်လောက် ကောက်သလဲ"

"မသိပါဘူး ဆရာ"

"ဘယ်လိုသုံးလဲ"

"မသိပါဘူး ဆရာ"



ငြိမ်းချမ်း ခေါင်းကုတ်မိပြီ။

"ဘယ်သူ ကောက်တာလည်း ဆရာ"

"အရင်ကျောင်းအုပ်ကြီး ကောက်ပါတယ်"

"အဲဒီကျောင်းအုပ်ကြီးရော"

"အလယ်တန်းကျောင်း ဖွင့်ခွင့်ကျကတည်းက ပြောင်းသွားပါပြီ"

ဤကိစ္စ ဤတွင် နိဂုံးချုပ်သွားပြီ။

"ကျောင်းပိုင် စာအုပ်စာတမ်းတွင် ကြည့်ရအောင်ဗျာ"

ငြိမ်းချမ်းက ပြောပြောဆိုဆိုနှင့် ဗီရိုကလေးကို ဖွင့်လိုက်သည်။ ဗီရိုထဲတွင် ဘာစာအုပ်မှမရှိ။ စက္ကူမြေဖြူဖူး တစ်ခုသာ ရှိသည်။ မြေဖြူဖူးထဲတွင် မြေဖြူကလေး ဆယ်ခုခန့် ရှိသည်။ တကယ့် အိမ်မြှောင်ဥကလေးများ အရွယ်သာရှိသည်။

"စာအုပ်တွေရော"

"မရှိဘူး ဆရာ"

"ပညာရေးဌာနက ပေးပါတယ်"

"ဟုတ်ကဲ့"

"ဘယ်ရောက်ကုန်လဲ"

"မသိဘူးဆရာ"

ငြိမ်းချမ်းပြုံးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒီကျောင်းကိုရောက်ကာတည်းကတော့ ဒီအတိုင်းပဲ ဆရာ၊ ဆရာမကြီး ဒေါ်သိန်းရီကို မေးပါဆရာ၊ သူကတော့ ဒီကျောင်းမှာ ကြာပြီ"

ဦးလှမင်းက မရှိ၊ မသိဟူသော အဖြေများကို ပေးနေရ၍ ရှက်လာဟန်တူ၏။ ဆရာမ ဒေါ်သိန်းရီကို သွားခေါ်သည်။

"ဆရာမကြီး ကျောင်းသုံးစာအုပ်ရယ်လို့လည်း တစ်ခုမှ မတွေ့ရဘူး၊ ဘယ်ရောက်ကုန်လဲ၊ ဆရာမကြီးသိလား"

"မသိပါဘူးဆရာ၊ ကျွန်မရောက်မှပဲ ကျောင်းအုပ်တွေပြောင်းတာ သုံးခါရှိပြီ။ ကျွန်မလဲ ဘာစာအုပ်ရလို့ ဘယ်သူယူတယ်ဆိုတာ စိတ်မဝင်စားမိပါဘူး ဆရာ"

ဤကိစ္စလည်း ဤမှာပင် ပြတ်ပြန်ပြီ။

"ဆရာတို့ မြေဖြူ ဘာနဲ့ရေးလဲ"

"အဲဒါလေးတွေနဲ့ ရေးတာပဲဆရာ"

ဦးလှမင်းက မြေဖြူသေးသေးကလေးများကို လက်ညှိုးထိုးပြသည်။

ငြိမ်းချမ်း ပင့်သက်ရှူမိသည်။

"ဒတ်စတာ (အဖျက်)ရောရှိရဲ့လား"

ဒေါ်သိန်းရီနှင့် ဦးလှမင်းက ပြိုင်တူပင် ခေါင်းယမ်းပြကြသည်။ ပါးစပ်က ပြောချင်ကြတော့ဟန်မတူ။ ဤဆရာများကြုံတွေ့နေရသော အခက်အခဲကို ငြိမ်းချမ်း နားလည်ပါပြီ။ ကျောင်းတွင်းမှာရှိနေသော



ပရိဘောဂများကိုသာ စာရင်းအင်းပြုလုပ်ပြီးနောက် လက်ခံရရှိကြောင်း ငြိမ်းချမ်းက မှတ်တမ်းတင်လက်မှတ်ထိုးရသည်။ ဆရာ၊ ဆရာမများကိုလည်း အသိသက်သေအဖြစ် လက်မှတ်ထိုးစေသည်။

ငြိမ်းချမ်းတို့ သုညမှ စရမည်။

"စမယ့်စလဲ သုညက စရတာပဲ ကောင်းပါတယ်ဗျာ"

ငြိမ်းချမ်းက သူ့ကိုယ်သူရော၊ ဆရာ ဆရာမများကိုပါ အားပေးလိုက်သည်။ ဆရာ ဆရာမများ ပြုံးကြသည်။

ငြိမ်းချမ်း ဘာကစ၍ လုပ်ရမည်နည်း။ စာသင်ရန် လာသော ငြိမ်းချမ်းအတွက် စာသင်ရန် တပည့်မရှိသေး။ စာသင်နိုင်ဖို့ အခြေအနေကို ဦးစွာ ဖန်တီးရဦးမည်။ အလယ်တန်းကျောင်းတစ်ကျောင်း၏ အခြေခံများကို အစပျိုးရပေဦးမည်။

ညနေကျောင်းဆင်းချိန်တွင် ငြိမ်းချမ်းက ဆရာဆရာမအားလုံးနှင့် ခဏတွေ့သည်။ ကျောင်းသားများ ပြန်သွားကြပြီဖြစ်သဖြင့် အေးအေးဆေးဆေး ပြောခွင့်ရသည်။

"ကဲ ဆရာ ဆရာမတို့လည်း ကျောင်းဆင်းပြီဆိုတော့ ပြန်ချင်ကြမှာပဲ၊ ခဏလောက် သည်းခံပါ။ ကျွန်တော်တို့ကျောင်းရဲ့ အခြေအနေကတော့ အားလုံးသိတဲ့အတိုင်းပါပဲ။ ရှေ့နှစ်မှာ အလယ်တန်းကျောင်း အကောင်အထည်ပေါ်ဖို့ဆိုရင် ဒီနှစ်ကျွန်တော်တို့ အများကြီး ကြိုးစားရလိမ့်မယ်။ ဆရာ ဆရာမတို့ကို ကျွန်တော် မေတ္တာရပ်ခံချင်တာကတော့ ကျွန်တော်တို့ဟာ လုပ်ငန်းတစ်ခုကို စတင်အကောင်အထည် ဖော်ရတာ

www.burmeseclassic.com

www.burmeseclassic.com



မို့ ကိုယ်ပင်ပန်း၊ စိတ်ပင်ပန်းတော့ရှိပါမယ်။ ဒါပေမဲ့ ကျွန်တော်တို့ အချင်းချင်း ညီရင်းအစ်ကို၊ မောင်ရင်း နှမတွေလို စည်းလုံးညီညွတ်ရင် အောင်မြင်မှာပါပဲ။ ဆရာ ဆရာမတို့အနေနဲ့ ကျွန်တော့်ကို လူသစ်တစ်ယောက်လို သဘောမထားစေချင်ပါဘူး။ ကျွန်တော်တို့ ရင်းရင်းနှီးနှီးနဲ့ ဆိုးတိုင်ပင် ကောင်းတိုင်ပင် လုပ်သွားကြတာပေါ့။ ဆရာတို့ ဆရာမတို့ ကတော့ ရွာခံ ကျောင်းခံတွေ ဖြစ်နေတော့ ကျွန်တော့်ထက် ပိုသိပါတယ်၊ ကျောင်းအတွက် အကောင်းဆုံး ဖြစ်မယ့်အကြံဉာဏ်များရှိရင်လည်း ပြောပါ''

ငြိမ်းချမ်း၏စကားကြောင့် ဆရာ၊ ဆရာမများ ဝမ်းသာကြသည်။

သူတို့ အတွေ့အကြုံများ၊ အခက်အခဲများကို ပြောပြကြသည်။ ကောင်းနိုးရာရာ အကြံဉာဏ်များကိုလည်း ပေးကြသည်။

ဆရာမကြီး ဒေါ်သိန်းရီကား အသီးသီးပြောကြသမျှ မလွဲသာ၍ နားထောင်နေရသော်လည်း၊ အာရုံရောက်ဟန်မရှိ။ ခြင်းပြင်လိုက်၊ ထိုးပြင်လိုက်နှင့် ဖင်တကြွကြွ ဖြစ်နေသည်။ ပြန်ချင်လှဟန်တူသည်။

ငြိမ်းချမ်း အလိုက်သိစွာပင် ဆွေးနွေးခြင်းကို ရုပ်သိမ်းလိုက်ရသည်။

၄

# အကောင်းနှင့်အဆိုး

ငြိမ်းချမ်း ကျောက်မီးသို့ရောက်နေသည်မှာ တပတ်ကြာပြီ။ ဆရာ ဆရာမများနှင့်လည်း ရင်းနှီးနေပြီ။ ငြိမ်းချမ်း အားအထားရဆုံးမှာ ဆရာဦးလှမင်းဖြစ်သည်။ ဦးလှမင်းမှာ လူငယ်တစ်ယောက်ဖြစ်သည်။ မန္တလေးမှလာ၍ ကျောင်းတက်သည်။ ငြိမ်းချမ်းက ဦးလှမင်းကို ညီငယ်တစ်ယောက်လိုပင် ခင်မိသည်။ ဦးလှမင်းကလည်း ငြိမ်းချမ်းကို အစ်ကိုတစ်ယောက်လို ခင်မင်သည်။ ဦးလှမင်းသည် ကျောင်းဆရာ အလုပ်ကို စိတ်ဝင်စား၍ ကျောင်းသူကျောင်းသားများကို ချစ်တတ်သည်၊ ထို့ကြောင့် ကျောင်းသူကျောင်းသားများကလည်း ဦးလှမင်းကို ချစ်ကြသည်။ ဦးလှမင်းသည် နေ့တွင် ကျောင်းဆရာဖြစ်သော်လည်း ညတွင် ကျောင်းသားဖြစ်၏။ မန္တလေး တက္ကသိုလ်တွင် ညကျောင်းဆက်တက်သည်။

www.burmeseclassic.com

www.burmeseclassic.com



**သောက်ဆိုင်။**

ထိုသုံးနေ့တွင် မပါသော်လည်း ကိုယ့်တာ၀၊ ကိုယ့်အကြောင်းနှင့်ကိုယ် အပျော်ဆုံးနေ့များ ရှိကြသည်။

ငြိမ်းချမ်းငယ်စဉ်က ရှင်ပြုဖူး၍ ရှင်ဖြစ်ဖူးသည်။ သို့ရာတွင် ရှင်လူထွက်သောနေ့မှာ ထူး၍ပျော်ခဲ့ရသည်ဟု မမှတ်မိ။

ငြိမ်းချမ်းအခုထိ အိမ်ထောင်မကျသေး။ ထို့ကြောင့် မင်္ဂလာဆောင်သောနေ့အကြောင်း ငြိမ်းချမ်းမသိ။

ထောင်မှထွက်သော အပျော်ဆုံးနေ့ကိုကား ငြိမ်းချမ်းမသိချင်။ ထောင်လည်းမကျချင်။ ထိုအပျော်ဆုံးနေ့မျိုးကိုကား မရအောင် နေမည်၊ ဆင်ခြင်မည်ဟု ငြိမ်းချမ်းဆုံးဖြတ်ထားသည်။

ငြိမ်းချမ်း၏ အပျော်ဆုံးနေ့မှာ အလယ်တန်းပြဆရာ ခန့်စာရသောနေ့ဖြစ်သည်။

ဤစာကို မျှော်နေသည်မှာ ကြာပြီ။ လာမှ လာပါဦးမည်လားဟုပင် သံသယ၀င်မိ၏။

လာသောအခါ စာအိတ်ပေါ်မှ ရုံးတံဆိပ်ကိုမြင်ရုံနှင့် ငြိမ်းချမ်းရင်ခုန်ရသည်။ ငြိမ်းချမ်းလက်များတုန်ရသည်။ စာအိတ်ကို မဖောက်ရက်၊ တုန်သောလက်ဖြင့်ပင် ကပ်ထားသော ကော်ကို ခွာ၏။ အထဲမှ စာရွက်ကို တရိုတသေ ထုတ်ယူသည်။

"ခန့်စာဖြစ်ပါစေဗျား"

ရင်တထိတ်ထိတ်ဖြင့် တိတ်တိတ်ကလေး ဆုတောင်းမိသည်။



ဟုတ်ပါသည်။ ခန့်စာမှ ခန့်စာအစစ်။

မန္တလေးတိုင်းပုသိမ်ကြီးမြို့နယ်မှ ကျောက်မီးရွာ အလယ်တန်းကျောင်းသို့ သွားရမည်။

ငြိမ်းချမ်းပျော်လိုက်ရသည်ဖြစ်ခြင်း၊ ၀မ်းသာလိုက်ရသည် ဖြစ်ခြင်း၊ အနှစ်နှစ်အလလကြိုးစားခဲ့သမျှ ခုမှပြည့်၀တော့သည်။

"အမေကြီး၊ အမေကြီး၊ ဦးလေး၊ ဦးလေး၊ ဘယ်သွားကြတုန်း၊ လာကြပါဦး၊ ဒီမှာ ကျွန်တော် ခန့်စာရပြီ"

ငြိမ်းချမ်းအသံများ ဗလုံးဗထွေးဖြစ်နေ၏။ အမေကြီးက ထမင်းချက်ရာမှ ထွက်လာသည်။ ဦးလေးက နွားစာစင်းရာမှ ထလာ၏။ သူတို့လည်း ပျော်ကြသည်။

သို့ရာတွင် သူတို့ပျော်သည်မှာ ခန့်စာရ၍ထက် ငြိမ်းချမ်းပျော်သည်ကို မြင်ရသောကြောင့် ဖြစ်၏။

"အမေကြီး ကျွန်တော့်အ၀တ်အစားလေးတွေ ထည့်ပေးနော်၊ ဦးလေးကျွန်တော့်ကို မနက်ဖြန် စဥ့်ကိုင်ကို လှည်းနဲ့လိုက်ပို့နော်"

"အေး၊ အေး"

"အေးပါ"

"ကျွန်တော် ရွာထဲက သူငယ်ချင်းတွေ လိုက်နှုတ်ဆက်လိုက်အုံးမယ်"

ငြိမ်းချမ်း ပြောပြောဆိုဆို သွက်လက်ပေါ့ပါးစွာ အိမ်ထဲမှ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ဌွေးနှင့် ဒေါ်ခင်စန်း ဆရာမနှစ်ယောက်တို့မှာလည်း မန္တလေးမှလာ၍ ကျောင်းတက်သူများ ဖြစ်ကြသည်။ ဒေါ်ခင်ဌွေးက ဖြူဖြူသွယ်သွယ် မြင့်မြင့်၊ ဒေါ်ခင်စန်းက ညိုညိုတုတ်တုတ်ပုပု၊ ဒေါ်ခင်ဌွေးက သွက်သွက်လက်လက်၊ ဒေါ်ခင်စန်းက အေးအေးဆေးဆေး။ သူတို့နှစ်ယောက်မှာ တောင်နှင့်မြောက်လို ခြားနားသည်။ သို့ရာတွင် တစ်ယောက်နှင့်တစ်ယောက် အလွန်ချစ်၍ အလွန်တွဲကြသည်။ သူတို့နှစ်ယောက်တွင်တူသော အချက်မှာ နှစ်ယောက်စလုံး အပျိုများဖြစ်ကြ၏၊ ဆရာမကြ္ကြွေ၊ ဆရာမသိက္ခာနှင့် ဆရာမပီသသော ဆရာမလေးများဖြစ်ကြ၏။ ဒေါ်ခင်ဌွေးက လေးတန်းတွင် နှစ်နှစ်ဆက်တိုက် တန်းလုံးကျွတ်အောင် အောင် သင်ကြား၍ နာမည်ကောင်းရနေသူဖြစ်သည်။ ဒေါ်ခင်စန်းမှာ ကလေးများကို စိတ်ရှည်လက်ရှည် သင်တတ်သောကြောင့် နာမည်ကောင်းရသူ ဖြစ်သည်။

ဦးလှမင်း၊ ဒေါ်ခင်ဌွေး၊ ဒေါ်ခင်စန်း ဆရာ ဆရာမ သုံးယောက်မှာ ငြိမ်းချမ်းအားထားရမည့်သူများဖြစ်ကြ၏။ နောက် ဆရာမကြီးတစ်ယောက်မှာ ဒေါ်သိန်းရီ ဖြစ်သည်။ သူကား အားလုံးထဲမှာ တဘာသာခြား၍ တမူထူးသူဖြစ်၏။ လူငယ်လူရွယ် ဆရာ ဆရာမလေးများထဲတွင် အသက်အရွယ်ကြီးရင့်သော ဆရာမကြီးဖြစ်သည်။ ပင်စင်ယူရန်ပင် နှစ်နှစ်ခန့်သာ လိုတော့သည်။ လူပျို၊ အပျိုဆရာ ဆရာမများကြားမှ ကလေးငါးယောက်မိခင် ဆရာမကြီး ဖြစ်သည်။ တက်ကြွနေသော ဆရာ ဆရာမများ၏ကြားတွင် စိတ်ဓာတ်ကျနေသည့် ဆရာမကြီးဖြစ်သည်။



နေ့စဉ် ကျောင်းကို နောက်ကျမှလာ၍ အလျင်ဆုံးပြန်သည်။ လင်ကိစ္စ၊ သားကိစ္စ၊ အိမ်ထောင်မှုကိစ္စများနှင့် အမြဲတစေ ဗျာများနေသည်။ ကျောင်းသားများ၏ ပညာသင်ကြားမှုတွင် စိတ်ဝင်စားခြင်းမရှိ။ သူက ဒုတိယတန်းမှာ သင်သည်။ သူ ကြိုက်သည့်အတန်းကို သူ့ဘာသာ တောင်းယူထားခြင်းဖြစ်၏။ အငယ်တန်းကလေးများကို စိတ်မရှည်၍ မသင်ချင်။ တတိယတန်းနှင့် စတုတ္ထတန်းကိုလည်း တာဝန်ကြီး၍ မသင်ချင်။ ဒုတိယတန်းမှုကား ဖြစ်သလိုထား၍ရသည်။ သူ့အတန်းတွင် မည်သည့်အခါမှ လည်အမည်စာရင်းမခေါ်။ သူ့အတန်းမှ ကျောင်းသူကျောင်းသားများ၏ နာမည်ကိုပင် သူမသိ။ သိအောင်လုပ်ဖို့လည်း စိတ်မဝင်စား။ သူစိတ်ဝင်စားသည်မှာ နေ့လည်ကျောင်းဆင်းချိန်တွင် သူကိုယ်တိုင် အိမ်မှာလုပ်သည့် ကပ်စေးနှဲများကို ကျောင်းသားများအားရောင်းရန်ဖြစ်သည်။ သူ့ထံမှ ကပ်စေးနှဲ ဝယ်စားသူများကို သူ သဘောကျသည်။ မုန့်ဆိုင်များမှ ဝယ်စားသူများကို သူ သဘောမကျ။ ကျောင်းသားများကလည်း ဆရာမ၏ အလိုကို သိကြသည်။ ပါလာသည့်မုန့်ဖိုး၏တဝက်ကို သူ့ထံမှ ကပ်စေးနှဲ ဝယ်စားကြသည်။ ကျန်ငွေနှင့် အခြားမုန့်များ ဝယ်စားကြသည်။

ကျောင်းတက်ချိန်များတွင် ဒေါ်သိန်းရီသည် စာကို ဟုတ္တိပတ္တိ သင်သည်မရှိ။ ကျောင်းသားများကို စာအုပ်ဖွင့် အဖတ်ခိုင်းထားသည်။ သူကား ဆေးပေါ့လိပ်ကြီးကိုသာ ထိုင်သောက်နေတတ်သည်။ တခါတရံ အတန်းထဲတွင် ဆရာမကို မမြင်ရ။ သူက ကျောင်းသားများ၏ အငယ်

www.burmeseclassic.com



မှာ ရောက်နေ၏။ ကျောင်းသူအချို့က သူ့ခေါင်းကို ပိုင်း၍သန်းရှာပေးနေကြသည်။ ကျောင်းသားအချို့က သူ့ကို ဖက်ကြောနှိပ်ပေးနေကြရသည်။ အတန်းထဲတွင် ဝမ်းလျားမှောက်၍လည်း အနင်းခံသည်။

ငြိမ်းချမ်းရောက်၍ လေးရက်မြောက်သောနေ့တွင် ဒေါ်သိန်းရီသည် ငိုတော့မည့်မျက်နှာနှင့် ငြိမ်းချမ်းထံ ရောက်လာသည်။ သူ့လက်ထဲတွင်လည်း သွားကလေးများကို ကိုင်ထားသည်။

"ဆရာရယ် ကျွန်မတော့ ကိုယ်ကျိုးကြီးနည်းပါပြီ။ ကြည့်လုပ်ပါအုံး၊ ကျွန်မသွားတွေ ကုန်ပါပြီဆရာရယ်"

"ဘယ်လိုဖြစ်တာလဲ ဆရာမကြီး၊ သွားတွေက ဘယ်လိုဖြစ်ကုန်တာလဲ"

"ဘယ်လိုဖြစ်ရမလဲ ဆရာရယ်၊ အတန်းထဲက မှောက်သနင်းပေးမွေးတဲ့ ကလေးတွေပေါ့။ ကျွန်မ အနင်းခံနေတုန်း သွားတွေကို ခွေလိုက်ချွတ်ပြီး ခုံပေါ်တင်ထားတာ၊ တက်နင်းသွားကြတယ်လေ။ အားလုံးကျိုးကြေကုန်ပြီ၊ တစ်ခုမှ မကောင်းတော့ဘူး။ ဘယ်သူ့ကြောင့်ဆိုတာလည်း မေးလို့မရဘူး ကြည့်လုပ်ပေးပါအုံးဆရာရယ်။ ဒါ ရန်ကုန်သွားတုန်းက ကျွန်မအစ်ကိုစိုက်ပေးလိုက်တာပါ။ ကျွန်မလဲ ထပ်စိုက်ဖို့ မတတ်နိုင်ဘူးဆရာ"

ငြိမ်းချမ်းမှာ ဆရာမကြီးကို သနားသော်လည်း မရယ်မိအောင် စိတ်ကို မနည်းထိန်းထားရသည်။ ဆရာမကြီးက ကျောင်းသားများကို အနင်းခိုင်းသည်။ ကျောင်းသားများက လူကိုသာမက သွားများကိုပါ



အညောင်းပြေအောင် နင်းပေးလိုက်ကြသည်။ ဆရာမကြီး ကျေနပ်အောင် ငြိမ်းချမ်းက လိုက်မေးပါသည်။ သို့ရာတွင် တရားခံရှာမရ။ လက်သည်လည်းမပေါ် ခြေသည်လည်းမပေါ် ဖြစ်နေသည်။ ဆရာမ အလုပ်ကို ဒေါ်သိန်းရီ ပို၍ စိန်ကုန်သွားသည်။

ဤဆရာမကြီး ပင်စင်မယူမချင်း မည်သို့လက်တွဲ၍ ခေါ်ရပါမည်နည်း။

ငြိမ်းချမ်း သက်ပြင်းချမိသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၇

# အဆိုးထဲမှ အကောင်း

ကျောက်မီးရှာသူရှာသားများသည် သူတို့ရွာတွင် အလယ်တန်းကျောင်း ဖွင့်လာပြီဖြစ်၍ ဝမ်းသာဂုဏ်ယူနေကြသည်။ ငြိမ်းချမ်းကိုလည်း ရင်းရင်းနှီးနှီး တွေ့နိုင်သည်။ ရပ်ရွာလူကြီးများနှင့်လည်း ခင်မင်ရင်းနှီးနေကြပြီ။ ငြိမ်းချမ်းက ကျောက်မီးရွာမှာပင် နေသည်ဖြစ်၍လည်း ညနေခင်းနှင့် ညဥ့်ခင်းတွင် ရွာသူရွာသားများနှင့်အဖွဲ့လိုက်ရော တစ်ဦးချင်းပါ ငြိမ်းချမ်း တွေ့ဆုံပြီးပြီ။ ရွာလူကြီးများမှာ ရွာအတွက် ကျောင်းအတွက် အားတက်နေကြ၏။ ငြိမ်းချမ်းတင်ပြသည့် အခက်အခဲများကို ကူညီရန် ဝန်ခံကတိပြုကြ၏။ ထို့ကြောင့် ကျယ်ကျယ်ပြန့်ပြန့် တွေ့ဆုံ၍ ဆွေးနွေးတင်ပြနိုင်ရန် ငြိမ်းချမ်းက ရပ်ရွာလူကြီးများနှင့် ကျောင်းသားမိဘအားလုံးကို ကျောင်းသို့ဖိတ်ကြားလိုက်သည်။ မိဘများ အစည်းအဝေးကို မပျက်



မကွက် တက်လာကြအောင် ငြိမ်းချမ်းက ကျောင်းသူကျောင်းသားများကို အကူအညီတောင်းသည်။

"မင်းတို့အဖေ၊ မင်းတို့အမေကို ပြောပါ၊ အစည်းအဝေးကို တက်ဖြစ်အောင်တက်ဖို့ တိုက်တွန်းပေးပါ" ဟု မှာရသည်။

ကျောင်းသူကျောင်းသားများ တာဝန်ကျေကြသည်။ အစည်းအဝေးနေ့တွင် ရွာလူကြီးများရော၊ မိဘများပါ စုံညီစွာ တက်ရောက်လာကြ၏။ အနီးအနား ကျေးရွာများမှ လူကြီးများလည်း တက်ရောက်လာကြသည်။ ကျောက်မီးရွာ လူကြီးများက လိုက်ဖိတ်ထားသောကြောင့်ဖြစ်၏။ သူတို့လည်း ကျောက်မီးကျောင်းနှင့် သက်ဆိုင်သူများ ဖြစ်ကြသည်။

အစည်းအဝေးစသောအခါ ငြိမ်းချမ်းက "ဒီနေ့ အစည်းအဝေးမှာ ရပ်ရွာလူကြီးများရော၊ မိဘများပါ ကျွန်တော်တို့ မျှော်မှန်းထားတာထက် အများကြီး ပိုပြီးစိတ်ဝင်စားစွာ တက်ရောက်လာကြတဲ့အတွက် ကျွန်တော်တို့ ဆရာဆရာမအားလုံး ဝမ်းသာအားရဖြစ်ပါတယ်၊ အခုဆိုရင် ကျွန်တော်တို့ကျောင်းဟာ အလယ်တန်းကျောင်းတစ်ကျောင်း ဖြစ်သွားပါပြီ၊ ဒါပေမယ့် ခုမှစဖွင့်တာဆိုတော့ အလယ်တန်းကျောင်းတစ်ကျောင်းအဆင့်မီဖို့ဆိုရင် ကျွန်တော်တို့ အများကြီးကြိုးစားရပါအုံးမယ်"

"အမှန်အတိုင်း ဝန်ခံရရင်တော့ ကျွန်တော်တို့ ကျောင်းဟာ မူလတန်းကျောင်းတစ်ကျောင်းမှာ ရှိသင့်ရှိအပ်တဲ့ ပြည့်စုံမှုတောင် မရှိ

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ ကျွန်တော်စရောက်တဲ့နေ့ကဆိုရင် တော်တော်စိတ်မကောင်း ဖြစ်မိပါတယ်၊ ကျွန်တော်တို့ကျောင်းက အပြင်ပန်းလှပေမယ့် အတွင်းကတော့ မြေကြီးခင်းထားပါတယ်။ ထိုင်ခုံလဲမရှိတဲ့အတွက် ကလေးတွေဟာ မြေကြီးပေါ်မှာပဲ ထိုင်နေရပါတယ်၊ ပြေးလိုက် လွှားလိုက်ရင် ဖုန်တွေနဲ့ ပေနေတာပါပဲ၊ ပရိဘောဂဆိုလို့လဲ ဘာမှပြည့်စုံတာမရှိပါဘူး။ စာရေးပြစရာ မြေဖြူတောင် ဒါလေးတွေပဲ ရှိပါတယ်''

ငြိမ်းချမ်းက သူရောက်စနေ့က ရှိနေသော မြေဖြူကလေးများကို လက်ထဲတွင်ထည့်၍ ပြသည်။

နောက်ပိုင်းက မိဘများ ခေါင်းထောင်၍ ကြည့်ကြသည်။

''အဲဒါနဲ့ ဟောဒီမြေဖြူဗူးသစ်တစ်ဗူးကို အုန်းချောင်းရွာ မူလတန်းကျောင်းက သွားချေးထားရပါတယ်''

ငြိမ်းချမ်းက မြေဖြူဗူးသစ်တစ်ဗူးကို မြှောက်ပြသည်။

''ဘောဖျက်လိုတာကိုတော့ ကျွန်တော်ပုသိမ်ကြီး အထက်တန်းကျောင်းကို သွားပြောတဲ့အတွက် သုံးခုပေးလိုက်ပါတယ်၊ ကျွန်တော်တို့လဲ ကျွန်တော်တို့နည်း ကျွန်တော်တို့ဟန်နဲ့ တောင်းသင့်တာတောင်း၊ အလှူခံသင့်တာ အလှူခံ၊ ပညာရေးဌာနမှာ လျှောက်သင့်တာလျှောက်လုပ်နေပါတယ်၊ ကျောင်းသားတွေအတွက် လိုအပ်တဲ့ ခုံတွေရဖို့အတွက်တော့ ကျွန်တော်လျှောက်လွှာတင်ထားပြီးပါပြီ၊ တိုင်းပညာဝန်ကို လူကိုယ်တိုင်လဲ တင်ပြပြီးပါပြီ၊ ရမှာဖြစ်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ အစစအရာရာ ပညာရေးဌာနကိုချည်း အားကိုးလို့မရပါဘူး။ ပညာရေး



ဌာနအနေနဲ့ တစ်ပြည်လုံးမှာရှိတဲ့ ကျောင်းတွေကို ပြည့်စုံအောင် ဖြည့်ဆည်းပေးဖို့ဆိုတဲ့နေရာမှာ အခက်အခဲတွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့နဲ့စာရင် ပိုပြီးမဖွံ့ဖြိုးသေးတဲ့ဒေသတွေကို ဦးစားပေးနေရပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ဥစ္စာရင်လို ဥစ္စာရင်ခဲဆိုတာလို ကိုယ်ထူကိုယ်ထ ကြိုးစားရမှာတွေလဲ ရှိပါတယ်၊ ဒီလုပ်ငန်းတွေအားလုံးကို အောင်မြင်အောင်လုပ်ဖို့ဆိုရင် ကျွန်တော်တို့ ဆရာ၊ ဆရာမတွေချည်းမရပါဘူး၊ မိဘများလဲ ကူညီဖို့လိုပါတယ်။ ဆရာမိဘအသင်းကိုလဲ စနစ်တကျ ဖွဲ့စည်းရပါမယ်၊ ဒါကြောင့် ဒီအစည်းအဝေးကနေပြီး ဆရာမိဘအသင်းကို ဦးစွာဖွဲ့စည်းပေးဖို့ ဖြစ်ပါတယ်''

ငြိမ်းချမ်း၏ တင်ပြချက်များကို မိဘများ စိတ်ဝင်စားစွာ နားထောင်နေကြသည်။

ထို့နောက် ငြိမ်းချမ်းက.. ရာမိဘအသင်းဖွဲ့စည်းပုံကို ရှင်းပြသည်။ ပါဝင်လုပ်ဆောင်ရမည့် အမှုဆောင်များ၏ ရှိသင့်သော အရည်အချင်းများကိုရှင်းပြီးနောက် မိဘများကိုယ်တိုင် ရွေးချယ်တင်မြှောက်စေသည်။

မိဘများက ထိုက်သင့်သောနေရာအတွက် ထိုက်သင့်သူများကို ရွေးချယ်ပေးကြသည်။

မိဘဆရာအသင်းဖွဲ့ပြီးနောက် သင်းလုံးကျွတ် အစည်းအဝေးကြီးမှ ဆရာမိဘအသင်း ရံပုံငွေနှင့် ကျောင်း၏လိုအပ်သည့် အဆောက်အအုံကြေး ကောက်ခံရန် ညှိနှိုင်းသတ်မှတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမိဘအသင်းကြေး သတ်မှတ်ရာတွင် ပြဿနာမရှိသော်လည်း အဆောက်အအုံအတွက် မိဘတစ်ဦးလျှင် တစ်ဆယ်ကျပ် သတ်မှတ်သောအခါမှာ ပြဿနာပေါ်လာသည်။ ငွေတောင်ရွာမှ ဦးမိုးကြိုးက မတ်တပ်ရပ်လိုက်သည်။

"ကျုပ်ကတော့ သဘောမတူဘူးဗျ။ ကန့်ကွက်တယ်"

ဦးမိုးကြိုး၏ စကားက ပြတ်သားသည်။ မိဘများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။ မကျေမနပ်ပြောဆိုသံများ ထွက်ပေါ်လာကြသည်။ ဦးမိုးကြိုးကား မည်သူ့ကိုမျှ ဂရုမစိုက်၊ သူ့စကားကို ဆက်ပြောသည်။ သူ့လေသံမှာ ပိုကျယ်လာသည်။

"သတ်မှတ်တာက လွယ်တယ်ဗျ။ ပေးဖို့က ခက်တယ်၊ ကျုပ်တို့ မိဘတွေက သူဌေးတွေချည်းမဟုတ်ဘူး၊ လက်လုပ်လက်စား ဆင်းရဲသားတွေလဲ ပါတယ်။ ငွေတစ်ဆယ်ဆိုတာ နည်းတဲ့ငွေ မဟုတ်ဘူးဗျ"

ငြိမ်းချမ်းက မတ်တပ်ထလိုက်သည်။ မိဘများ၏ အခက်အခဲကို နားလည်ပါကြောင်း၊ ငါးကျပ်စီ နှစ်ရစ်ခွဲပေးလျှင် ရကြောင်း၊ ထိုသို့မှ မတတ်နိုင်လျှင် သုံးကြိမ်အထိ ခွဲပေးနိုင်ကြောင်း တင်ပြသည်။

"ပေါင်းပေးလဲ တစ်ဆယ်ပေးရမှာပဲ၊ ခွဲပေးလဲ တစ်ဆယ်ပေးရတာပဲ၊ ဘာမှမထူးဘူး၊ ကျုပ်က တစ်ပြားမှ မကောက်ဖို့ ပြောနေတာ"

ဦးမိုးကြိုးက ဆက်ပြောလိုက်ပြန်သည်။ သူ့အသံမှာ ဒေါသသံပါနေ၏။ မိဘများသည် ငြိမ်းချမ်းကို အားနာသွားကြသည်။ မကျေနပ်သံများလည်း ပို၍ ဆူညံစွာ ထွက်ပေါ်လာသည်။



"ဟော့ - ၊ မထည့်ချင်တဲ့လူ မထည့်နဲ့ကွာ၊ ကျုပ်တို့ကတော့ ထည့်ဖို့ သဘောတူတယ်"

မိဘတစ်ဦးက နောက်မှ ထ၍ အော်လိုက်သည်။

"တူတယ်၊ တူတယ်"

ထောက်ခံသံများ ဆူညံစွာ ထွက်ပေါ်လာကြသည်။

"ကျွန်တော်တို့ အားလုံးကို မေတ္တာရပ်ခံပါတယ် ခင်ဗျာ"

ငြိမ်းချမ်းက တောင်းပန်လိုက်ပြီးလျှင် ဆက်ပြောသည်။

"ကျွန်တော်တို့ အကျေအလည် ညှိနှိုင်းနေကြတာမို့ မိဘတစ်ဦးချင်းဆန္ဒအနေနဲ့ သဘောထားကို ပွင့်ပွင့်လင်းလင်းတင်ပြနိုင်ပါတယ်၊ ဦးမိုးကြိုးရဲ့ တင်ပြချက်ကို စိတ်မရှိကြစေချင်ပါဘူး၊ ဒါပေမယ့် ဦးမိုးကြိုးနဲ့တကွ မိဘများအားလုံး စဉ်းစားစေချင်ပါတယ်။ ကျွန်တော်တို့ကလဲ မိဘများကို ငဲ့ညှာပါတယ်၊ မိဘများရဲ့ အကူအညီကိုမရရင် မဖြစ်တဲ့ အခြေအနေမျိုးမို့သာ တင်ပြနေတာပါ"

မိဘများအားလုံး ငြိမ်ကျသွားကြသည်။

"ကျွန်တော်တို့ကျောင်းမှာ အဆောက်အအုံက လက်ရှိကျောင်းသား နှစ်ရာနဲ့တင် ပြည့်နေပါပြီ အလယ်တန်းဆိုတော့ အဆောက်အအုံက လိုလာပါတယ်၊ အခုကိုပဲ ၅ တန်း၊ ၆ တန်းနဲ့ ၇ တန်းကျောင်းသားတွေ လာအပ်နေကြပါပြီ။ အရေးကြီးတဲ့အတန်းတွေကို ကလေးတွေနဲ့ ပေါင်းသင်လို့ မရပါဘူး။ ကလေးတန်းဆိုတာ အော်ကြ၊ ဟစ်ကြ ကဗျာဆိုကြနဲ့ ဆူညံပါတယ်၊ ကျောင်းဆောင်တစ်ခု တိုးဖို့လိုပါတယ်။

www.burmeseclassic.com



လမ်းမှာတွေ့သမျှ လူတိုင်းကို ဝမ်းသာအားရပြောပြနေသည်။ ယနေ့သည် ငြိမ်းချမ်းအတွက် မြင့်မြင့်သမျှ အကုန်လှနေသည်။ လေတိုက်နေသည်ကလည်း ပျော်စရာ၊ သစ်ရွက်ကြွေသည်ကလည်း ကြည်နူးစရာ၊ တွေ့သမျှလူတိုင်းမှာလည်း ချစ်ခင်စရာ ဖြစ်နေသည်။

ငြိမ်းချမ်း၏ ကုန်လွန်ခဲ့သော တစ်သက်တာတွင် အထိုက်အလျောက် ပျော်ခဲ့ရသည်များ ရှိကြပါ၏။ သို့ရာတွင် ဤနေ့နှယ် ပျော်ရသည်ကို မကြုံဘူး။ ဤနေ့သည် ငြိမ်းချမ်းအတွက် အပျော်ဆုံးနေ့ဖြစ်၏။

ညဦးနက်မှ အိပ်ရာဝင်သော်လည်း ငြိမ်းချမ်းအိပ်၍မပျော်၊ ဤအခြေအနေရောက်အောင် လျှောက်လှမ်းခဲ့ရသော ဘဝခရီးကို ပြန်ပြောင်းအောက်မေ့နေမိ၏။

## ၂

## မုန်တိုင်းထန်သော ခရီးကြမ်း

လူတို့သည် ဘဝခရီးကိုလျှောက်ကြရာ၌ တစ်ယောက်နှင့်တစ်ယောက်မတူ၊ အချို့က ပန်းခင်းသောလမ်းကို လျှောက်ကြရသည်။ လေစုန်ရေစုန်တွင် ရွက်ကုန်ဖွင့်ခွင့်ကြုံကြရသည်။ အချို့က ခရောင်းတောလမ်းကို လျှောက်ကြရသည်။ လေဆန်ရေဆန် လှော်ကြရသည်။

အရာရာတွင် နတ်တို့ဖန် ရေကံန်အသင့် ကြာအသင့်။ မရှိဆိုသည်ကိုပင် မသိ။ မတောင့်မတ၊ မကြောင့်ကျ နေရလေသူများအတွက် အလုပ်ခန့်စာလေးတစ်စောင်သည် မိုးမမြင်၊ လေမမြင် ပျော်စရာဖြစ်မည်မထင်။

ငြိမ်းချမ်းအတွက်ကား ပျော်သည်။ မမြင်ဘူး၍ မူးကိုမြစ်ထင်သည်ဟု ဆိုချင်ဆို။ ငြိမ်းချမ်းကား မြစ်ထင်ရုံမက ပင်လယ်တမျှပင် သဘောထားနေမိသည်။

ငြိမ်းချမ်းလျှောက်ခဲ့ရသည်ကား ခရောင်းလမ်း၊ မုန်တိုင်းထန်သော ခရီးကြမ်း၊ အကွေ့အကောက်၊ အနှောင့်အယှက် အခက်အခဲတို့

www.burmeseclassic.com



အစိုးရဆီက ထိုင်ခုံမရခင်မှာ ကျွန်တော်တို့ လိုအပ်တဲ့ ခုံတွေရဖို့ လိုပါတယ်၊ ကျွန်တော်လဲ လက်သမားဆရာကြီး ဦးကံထူးနဲ့ တိုင်ပင်ပြီး အနည်းဆုံးဖြစ်မယ့် ကုန်ကျစရိတ်ကိုသာ တွက်ထားတာ ဖြစ်ပါတယ်။ နောက်ပြီး လိုအပ်ချက်ဆိုရာမှာ ကလေးတွေအတွက် လိုအပ်ချက်ကိုသာ ကျွန်တော်တို့ စဉ်းစားပါတယ်။ ဆရာတွေအတွက် ကုလားထိုင်တစ်လုံးမှ မရှိတာကို ကျွန်တော်တို့ မဝယ်သေးဘူးလို့ ဆုံးဖြတ်ထားပါတယ်"

"အခုဆိုရင် ဆရာမဒေါ်ခင်ဌေးက မန္တလေးမှာရှိတဲ့ သူ့အစ်မဆီကတဆင့် ကျောင်းအတွက် အလှူခံတာ နှစ်ရာ့ငါးဆယ်ရပါပြီ။ ကျွန်တော်နဲ့ ဦးလှမင်း စဥ့်ကိုင်ကိုသွားပြီ လခထုတ်တဲ့နေ့မှာ ဘဝတူဆရာ၊ ဆရာမတွေဆီက အလှူခံတာ တစ်ရာရပါတယ်။ ပုသိမ်မြို့နယ်အတွင်းက ဆရာ၊ ဆရာမတွေ လခထုတ်တဲ့နေ့မှာ သွားအလှူခံတာ တစ်ရာ့ငါးဆယ်ရပါတယ်၊ တချို့ဆိုရင် တစ်ယောက်တည်းက တစ်ဆယ်အထိ ထည့်သူရှိပါတယ်၊ အဲဒီဆရာတွေဟာ မချမ်းသာကြပါဘူး။ တစ်လတစ်လ အလျဉ်မီအောင် မနည်းကြိုးစားနေကြရတာပါ။ ဒီကျောင်းမှာ သူတို့သားသမီးလဲ တစ်ယောက်မှ မရှိပါဘူး။ ဒါပေမယ့် အလယ်တန်းကျောင်းသစ်တစ်ခု အကောင်အထည်ဖော်ဖို့အတွက် စေတနာနဲ့ ထည့်ဝင်လှူဒါန်းကြတာပါ"

"ကျွန်တော်တို့အနေနဲ့ ကိုယ့်ရွာ၊ ကိုယ့်ကျောင်း အကောင်းဆုံးဖြစ်အောင် ကလေးတွေ ပညာသင်ကြားမှု ထိရောက်အောင်ဆိုပြီး လုပ်နေတာ ဖြစ်ပါတယ်။ ဦးမိုးကြိုးနှင့်တကွ အားလုံးစဉ်းစားစေချင်ပါတယ်"



ငြိမ်းချမ်းက ထိုင်လိုက်သည်။ မိဘများအားလုံး ငြိမ်နေကြသည်။ ဦးမိုးကြိုး မထတော့ပါ။

ဦးသေးတာက ထလိုက်သည်။ မျက်စိအားလုံးမှာ ဦးသေးတာထံသို့ ရောက်သွားကြသည်။

"ဒီကျောင်းထဲမှာ အုတ်ခင်းဖို့ရယ်၊ ကျောင်းဆောင်သစ် တစ်ခုရယ်၊ အားလုံးအတွက် ဘယ်လောက်ကုန်ကျမယ်လို့ ဆရာမှန်းထားပါသလဲခင်ဗျား"

"အနည်းဆုံး ခုနစ်ထောင်လိုမယ်လို့ ကျွန်တော်တို့ တွက်ထားပါတယ်၊ မိဘတစ်ဦးကို တစ်ဆယ်ကောက်ရင်တောင်မှ အများကြီးလိုပါအုံးမယ်၊ ကျန်တဲ့ငွေကို ကျောက်မီးအလယ်တန်းကျောင်းမှာ လာရောက်ပညာသင်ကြားမယ့်ရွာတွေကို အလှူခံဖို့ စဉ်းစားထားပါတယ်"

ငြိမ်းချမ်းရှင်းပြပြီးနောက် ဦးသေးတာက မတ်တတ်ထလိုက်ပြန်သည်။

"ကျွန်တော် ပြောပါရစေဆရာ၊ ဆရာတို့မှာ ကလေးတွေကို သင်ရတာကတဘက်၊ အလှူခံရတာက တဘက်နဲ့ မျက်နှာငယ်လှပါတယ်၊ ဆရာ ခုနပြောတာဆိုရင် ကျွန်တော့်စိတ်ထဲမှာ အများကြီးထိခိုက်ပါတယ်၊ မထည့်ချင်တဲ့လူတွေကို ငွေတစ်ပြားမှ မကောက်ပါနဲ့ဆရာ၊ ကျွန်တော်တစ်ယောက်တည်းက ငွေငါးထောင် လှူပါမယ်"

လူအားလုံးသည် ဦးသေးတာထံမှ ကြားရှိသည့်စကားအတွက် အံ့အားသင့်သွားကြသည်၊ နောက်မှ ဘယ်သူက ထလိုက်သည်မသိ

www.burmeseclassic.com



လက်ခုပ်သံတွေ ဆူညံစွာ ထွက်ပေါ်လာသည်။ ဦးသေးတာက မတ်တတ်ရပ်နေဆဲပင် ရှိသေးသည်။

လက်ခုပ်သံများအားလုံး ငြိမ်သွားသောအခါ ဦးသေးတာက ပရိသတ်ထဲမှ လူတစ်ယောက်ထံသို့ လက်ညှိုးထိုးလျက် ပြောလိုက်သည်။

“မဟာသဘော ခင်ဗျား ဘယ်လောက်လှူမလဲ။ ကျုပ်မှာ လိုင်းကားနှစ်စီးရှိတယ်၊ ခင်ဗျားမှာ နို့ဆီစက်ရုံရှိတယ်၊ ခင်ဗျားက ကျုပ်ထက် ပိုချမ်းသာလာမည်”

ဦးသေးတာ ထိုင်သွားသည်။ လူများက နို့ဆီစက်ရုံပိုင်ရှင် ကုလားအဘိုးကြီး မဟာသဘောကိုကြည့်ပြီး ရယ်ကြသည်။ လက်ခုပ်တီးကြသည်။

မဟာသဘောက မတ်တတ်ရပ်လိုက်သည်။

“ဟော့ သေးတာ၊ မင်းလှူချင်ရင် မင်းစေတနာရှိသလောက် မင်းလှူပါလား၊ သူများကို ဘာမှ တိုက်တွန်းစရာမလိုဘူး၊ မင်းနိုင်းတိုင်း ငါက လှူရမှာလား၊ ငါ့ဘာသာ ငါချမ်းသာတာ မင်းနဲ့ ဘာဆိုင်လဲ”

မဟာသဘောက ကုလားသံနှင့် ရန်တွေ့နေ၍ ပရိသတ်များ ရယ်ကြသည်။ မဟာသဘောက ဆက်ပြောသည်။

“သေးတာ၊ မင်းက ထတာ ဦးသွားတယ်၊ ငါကလဲ အစကတည်းက ငွေငါးထောင်လှူဖို့ ဆုံးဖြတ်ထားတယ်”

လူများက လက်ခုပ်တီးကြသည်။ မဟာသဘောက လက်ခုပ်တီးနေကြသူများကို အတင်းလက်ကာပြသည်။



“နေကြအုံး၊ လက်ခုပ်မတီးကြပါနဲ့အုံး၊ အခု ကျုပ်က ဒီကောင် ငါးထောင်လှူတဲ့အတွက် ငါးထောင် မလှူတော့ဘူး။ ဒီမှာ ကျောင်းဆရာ။ စာရင်းရေးလိုက်စမ်းပါ၊ ကျုပ်က ဒီကောင့်ထက် တစ်ဆပိုအောင် တစ်သောင်းလှူမယ်”

လက်ခုပ်သံတွေ ဆူညံစွာ ထွက်ပေါ်လာကြသည်။ ဦးသေးတာမှာ မတ်တတ်ရပ်၍ လက်ခုပ်တီးရင်း ဝမ်းသာလွန်း၍ မျက်ရည်များပင် ဝဲညီနေသည်။ ပရိသတ်များ ငြိမ်သွားသောအခါ ဦးသေးတာက မဟာသဘောဘက်သို့လှည့်၍

“အဘိုးကြီး၊ ခင်ဗျားစေတနာကို ချီးကျူးပါတယ်ဗျာ၊ ကျွန်တော်လဲ ခင်ဗျားကို ပြိုင်ချင်ပါတယ်၊ ဒါပေမယ့် မပြိုင်နိုင်ပါဘူး။ ခင်ဗျား အနိုင်ယူလိုက်ပါ။ ကျွန်တော် အဘိုးကြီးကိုအားကျလို့ နောက်တစ်ခု တော့ ထပ်တိုးလိုက်ပါအုံးမယ်၊ အဲဒါကတော့ မနက်ဖြန်ကာ ကျွန်တော် မန္တလေးသွားပြီး ဆရာ ဆရာမတွေအတွက် ကုလားထိုင် ငါးလုံးနဲ့ မြေဖြူသေတ္တာရယ်၊ ဘောဖျက်တွေရယ် ဝယ်လှူပါမယ်။ နောက်ဖြန် နေ့လယ် အရောက်ပို့ပေးပါမယ်”ဟု ပြောလိုက်သည်။

လက်ခုပ်သံများ ထွက်ပေါ်လာကြပြန်သည်။

ထို့နောက် တစ်ယောက်ပြီးတစ်ယောက် မတ်တပ်ရပ်လာကြသည်။ ငွေကြေးချောင်လည်သူများ ဖြစ်ကြ၏။ ဗီရိုတစ်လုံး အာမခံသူ၊ ဗီရိုနှစ်လုံး အာမခံသူ၊ စားပွဲ အာမခံသူ၊ အုတ်ရေအိုးစင် အာမခံသူ၊ ငွေတစ်ရာလှူသူ၊ ငွေနှစ်ရာလှူသူ၊ ငွေငါးရာလှူသူများ ပေါ်ထွက်လာကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ လက်ခုပ်သံများမှာ မစဲနိုင်အောင် ဖြစ်နေ၏။

ဦးမိုးကြိုး ဆန့်ကွက်လိုက်သော အဆိုကြောင့် အကောင်းဖြစ်လာသည်။ နောက်ဆုံးတွင် မိတ်များက တစ်ဆယ်စိထည့်ဝင်ရန် ဆုံးဖြတ်ချက်မှာလည်း အတည်ဖြစ်သွားသည်။ မတတ်နိုင်သူများ နှစ်ရစ်ခွဲပေးရန်၊ ထို့ထက်ပို၍ မတတ်နိုင်သူများ သုံးရစ်ခွဲပေးရန် လုံးဝမတတ်နိုင်သူများ လုံးဝ မထည့်ဘဲနေရန် သဘောတူကြသည်။

ကျေးရွာလူကြီးတစ်ဦးဖြစ်သော ဦးညိုတုတ်က မတ်တတ်ရပ်လိုက်သည်။ မျက်လုံးများအားလုံး ဦးညိုတုတ်ထံသို့ ရောက်သွားကြပြန်၏။ ဦးညိုတုတ်လက်ထဲမှာ စာရွက်များကို ကိုင်ထားသည်။

"ကျွန်တော်ကတော့ ဒီလက်ထဲကစာရွက်တွေကို လှူရမှာ ဖြစ်ပါတယ်"

ဦးညိုတုတ်၏စကားကြောင့် ပရိသတ်များ ရယ်ကြသည်။

"ဒီစာရွက်တွေဟာ ထုံးဘို၊ ရွှေစာရံ၊ အုန်းချော၊ ကျောက်ချော၊ ငွေတောင်၊ ကျောက်မီး၊ မြို့တော၊ သုံးအိမ်၊ လက်ကောင်း၊ ရွာရှည်၊ သန့်စင်ကုန်း၊ ဗိုလ်တက်ကုန်း၊ ဘန့်ကွဲ၊ တံတိုင်းရှည်စတဲ့ ဒီအနီးအနားရွာတွေအားလုံးက လယ်သမားကောင်စီများက လယ်သမားများရဲ့ ကိုယ်စား သက်မှတ်ထိုးပြီး၊ ကျောင်းကို စပါးခွံဖွဲကြမ်းများလှူတဲ့ စာရွက်တွေ ဖြစ်ပါတယ်"

ပရိသတ်များ နားရှုပ်သွား၍ တီးတိုးအသံများ ထွက်ပေါ်လာကြသည်။



"ဘယ်က ဖွဲကြမ်းလဲ ဆရာ၊ ဘာလုပ်ဖို့လဲ"

ဆရာဦးလှမင်းက ငြိမ်းချမ်းကို တိုးတိုး မေးလိုက်သည်။ ငြိမ်းချမ်း က ဦးညိုတုတ်ထံသို့ မေးငေါ့ပြလိုက်သည်။ ဦးညိုတုတ်က ဆက်ပြော နေသည်။

"ကျွန်တော် ရှင်းပြပါအုံးမယ်၊ ကျွန်တော်တို့ ကျောက်မီးမှာ ဆန်စက်တစ်စက်ရှိပါတယ်၊ စက်ပိုင်က မန္တလေးကပါ၊ ကျွန်တော်တို့နဲ့လဲ ခင်မင်ရင်းနှီးပါတယ်၊ ဒီအနီးအပါး ရွာအားလုံးက ဒီစက်မှာလာပြီး စပါးကြိတ်ခွဲကြရပါတယ်၊ တောင်သူလယ်သမား အခွင့်အရေးနဲ့ ပတ်သက်လို့ အတိအလင်းဖော်ပြထားတဲ့ အချက်တစ်ခုရှိပါတယ်။ အဲဒါကတော့ လယ်သမားဟာ စက်မှာ စပါးကြိတ်ခွဲရင် ဆန်နဲ့ ဆန်ထွက်ပစ္စည်းအားလုံးကို လယ်သမားသာ ပိုင်ဆိုင်ခွင့်ရှိရမယ်၊ စက်ပိုင်က ကြိတ်ခွဲခကိုသာ ရယူရမယ်လို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ လယ်သမားတွေဟာ ဆန်နဲ့ ဆန်ထွက်ပစ္စည်းဆိုရာမှာ ဆန်ကွဲ၊ ဖွဲနုနဲ့ ချဖွဲကိုသာ ယူကြပါတယ်၊ ဖွဲကြမ်းဖြစ်တဲ့ စပါးခွံတွေကိုတော့ ဘယ်သူမှ ပြန်မယူကြပါဘူး။ ဒါကြောင့် ဖွဲကြမ်းများကို စက်ပိုင်ကသာ ရပါတယ်၊ အမှန်ကတော့ အဲဒီဖွဲကြမ်းများဟာလဲ ကြိတ်ခွဲသူ လယ်သမားများသာ ပိုင်ပါတယ်။ အခုတော့ ဟောဒီလက်မှတ်ထိုးထားတဲ့ စာရွက်များအရ ဒီဖွဲကြမ်းများဟာ ကျောင်းကိုလှူတဲ့အတွက် ကျောင်းက ပိုင်ပါတယ်။ ကျွန်တော်တို့ ဒါကို စက်ပိုင်နဲ့လဲ ညှိနှိုင်းပြီးပါပြီ၊ စက်ပိုင်ကလဲ သဘောတူပြီးပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်အများစုမှာ ခုချိန်ထိ သဘောမပေါက်ကြသေး။ ဖွဲကြမ်းကို ဘာလုပ်ရမှာလဲဟု တွေးနေကြသည်။ ဦးညိုတုတ်ကို စူးစမ်းသောမျက်လုံးများဖြင့် ကြည့်နေဆဲ ဖြစ်သည်။

"ကျွန်တော်တို့ရွာမှာ နို့ဆီချက်ရုံ ငါးရုံရှိပါတယ်၊ အဲဒီ နို့ဆီချက်ရုံတွေက ဆန်စက်ပိုင်ဆီမှာ ဖွဲကြမ်းများကိုဝယ်ပြီး နို့ဆီချက်ရာမှာ မီးထည့်ဖို့ အသုံးပြုရပါတယ်၊ နှစ်စဉ် ဖွဲကြမ်းခဖိုး ငါးရာလောက်ကျပါတယ်။ အခုဒီစာရွက်များအရ နို့ဆီရုံပိုင်ရှင်များက ဖွဲကြမ်းခကို စက်ပိုင်ပေးဖို့ မလိုတော့ဘူး၊ ကျောင်းကို ကြိုတင်ငွေ ငါးရာစီပေးဖို့ ဖြစ်ပါတယ်၊ စာချုပ်တဲ့နေ့ကစပြီး တစ်နှစ်လုံး ဖွဲကြမ်းလိုသမျှကို နို့ဆီရုံပိုင်ရှင်များက စက်မှာသွားယူပြီး သုံးဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျေးရွာလူကြီးများက နို့ဆီရုံပိုင်ရှင်များနဲ့လဲ ဆွေးနွေးလို့ သဘောတူပြီးပါပြီ။ ဒါကြောင့် ဒီစာရွက်များဟာ ကျောင်းအတွက် အလှူငွေ နှစ်ထောင့်ငါးရာကျပ်နဲ့ ညီမျှပါတယ်၊ ကျွန်တော်တို့ကျောင်းဟာ နှစ်စဉ် ဖွဲကြမ်းဖိုးဝင်ငွေ နှစ်ထောင့်ငါးရာကို မှန်မှန်ရမှာ ဖြစ်ပါတယ်"

လက်ခုပ်သံရော၊ ရယ်သံများပါ ထွက်လာကြသည်။

"ပိုင်တယ်ကွာ၊ ပိုင်တယ်"ဟူသော အသံများကိုလည်း ကြားရသည်။

အစည်းအဝေးပြီးဆုံးသောအခါ လူအားလုံးမှာ မြူးတူးပျော်ရွှင်စွာ ပြောဆိုရယ်မောရင်း ပြန်ကြသည်။



"ဒီအစည်းအဝေးမျိုးကတော့ ပျင်းစရာမကောင်းဘူးဟေ့၊ သိပ်ပျော်ဖို့ကောင်းတယ်"

ကျောင်းသားမိဘတစ်ဦးက ကျောင်းထဲမှအထွက်တွင် အသံကျယ်ကျယ်ဖြင့် ပြောသွား၍ ငြိမ်းချမ်းပြုံးမိသည်။ မိဘများ အစည်းအဝေးပြီး၍ ပြန်သွားကြချိန်တွင် ဆရာမိဘအသင်း အမှုဆောင်များနှင့် ရွာလူကြီးများ ဆက်၍ ဆွေးနွေးတိုင်ပင်ကြ၏။

ကျောင်းအတွက် ရံပုံငွေမှာ လိုအပ်သည်ထက်ပင် ပိုနေသည်။ သို့ရာတွင် ပိုလာသည်နှင့်အမျှ ပို၍အကောင်းဆုံးနှင့် အပြည့်စုံဆုံးဖြစ်အောင် စဉ်းစားတိုင်ပင်ကြသည်။ လုပ်ငန်းစီမံချက်များ ရေးဆွဲကြသည်။

ထိုနေ့က ဆရာဦးလှမင်း မန္တလေးသို့ မပြန်တော့ပါ။ အစည်းအဝေးပြီးသောအခါ ငြိမ်းချမ်းနှင့်အတူ ဆရာမများကို ကားဆိပ်သို့ လိုက်ပို့သည်။ ညဥ့်တွင် ဦးလှမင်းနှင့် ငြိမ်းချမ်းတို့ ရွာထဲသို့ လျှောက်လည်ကြသည်။ ဟိုအိမ်ကခေါ် သည်အိမ်က ခေါ်ကျွေးကြ၊ မွေးကြသည်။ တားရင်းသောက်ရင်း နေ့ခင်းက အစည်းအဝေးအကြောင်း ပြန်ပြောကြသည်။ ကြည်နူးမှု အရသာကို တစိမ့်စိမ့်ခံစား၍ တသိမ့်သိမ့်ပီတိဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

## ၈

# ထူးခြားသော ညှော်သည်

ကျောက်မီးကျောင်းနှင့် ကျောက်မီးရွာတို့မှ ခွဲခြား၍ မရအောင် တစ်သားတည်း ဖြစ်နေသည်။ ဆရာနှင့်မိဘ ချစ်ကြည်စွာ ပူးပေါင်းမိကြပြီ။ တက်ညီလက်ညီ တာဝန်ကိုယ်စီခွဲ၍ ယူကြသည်။ ကျောင်းဝင်းအတွင်း၌ နွေချင်းညချင်း ကျောင်းဆောင်အသစ်တစ်ခု ပေါ်ပေါက်လာ၏။ ကျောင်းအတွင်းမှာလည်း အုတ်ခင်း၍ ပြီးသွားပြီ။ ပရိဘောဂများလည်း တစ်ခုချင်းတိုးပွားနေ၏။ ကျောင်းသားတို့အတွက် ထိုင်ခုံစာရေးခုံများကို လက်သမားဆရာကြီး ဦးကံထူးက တနေ့တစ်ခုံ မှန်မှန်ပြီးအောင် လုပ်နေသည်။ ပြီးသမျှ ကျောင်းသားများက သွားသယ်ကြသည်။

ဆရာများနှင့် မိဘများက ကိုယ့်ကျောင်းကို အမြတ်တနိုး ပြုစု ပျိုးထောင်နေကြ၍ ကျောင်းသားများမှာလည်း ကိုယ့်ကျောင်းကိုယ် ပိုင်ခင် လာကြသည်။ ကျောင်းတက်ရ စာသင်ရသည်ကိုပင် ပျော်ရွှင်လာကြသည်။ တဖြည်းဖြည်း တစတစ စည်းကမ်းကျနလာသည်။



ငြိမ်းချမ်း မရောက်မီကဆိုလျှင် ကျောင်းမှာ စည်းပျက်ကမ်းပျက် ဖြစ်နေသည်။ ကျောင်းတက်ချိန်၊ ကျောင်းဆင်းချိန်ပင် တိတိကျကျ သတ်မှတ်ထားခြင်းမရှိ။ ဆရာ ဆရာမများ ရောက်သည့်အချိန်သည် ကျောင်းတက်ချိန်ဖြစ်သည်။ ကျောင်းဆင်းချိန်ဆိုသည်မှာလည်း ပုံမှန်မရှိ။ ကျောင်းသားများမှာလည်း ကျောင်းသို့ လာချင်သည့်ရက်လာသည်။ မလာချင်သည့်ရက်နေသည်။ စောလာသူရှိသလို နောက်ကျလာသူလည်း ရှိသည်။ ကျောင်းတက်ချိန်မှာပင် မန္တလေးကို ရုပ်ရှင်သွားကြည့်ရန် ခွင့်လာတောင်းသူများ ရှိကြသည်။ မန္တလေးသွား၍ ရုပ်ရှင်ကြည့်ခြင်းသည် ခွင့်ပေးရန်အတွက် တရားဝင်သော အကြောင်းပြချက်တစ်ခုပင် ဖြစ်နေ၏။

ယခုဆိုလျှင် ကျောင်းတက်ချိန် ကျောင်းဆင်းချိန်တို့ကို ပညာရေးဌာနက သတ်မှတ်ထားရှိသည့်အတိုင်း တိတိကျကျ ခေါင်းလောင်းထိုးသည်။ အစတွင် မန္တလေးမှ ဆရာ ဆရာမများရော ကျောင်းသူကျောင်းသားများပါ အချိန်မီရောက်ရန် အခက်အခဲ ရှိနေကြသည်။ နောက်မှ တဖြည်းဖြည်းနှင့် စည်းကမ်းတကျ ဖြစ်လာ၏။ ကျောင်းသားများ ကျောင်းမှန်လာကြသည်။ ပညာသင်ကြားမှု ပို၍ထိရောက်လာသည်။ ကျောင်းသူကျောင်းသားများ၏ ဝတ်ပုံဆင်ပုံ နေပုံထိုင်ပုံ ပြောပုံဆိုပုံမှစ၍ ကျောင်းသားနှင့်တူလာပြီ။ ဆရာနှင့်မိဘ ရင်းနှီးခင်မင်စွာ တွေ့ဆုံနေ၍ ကျောင်းသားများကို ပြုပြင်ရန် လွယ်ကူလာသည်။ မိဘများက သူတို့သားသမီးအတွက် ဆရာများကို အထောက်အကူ ပြုလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



များလှ၏။ ငြိမ်းချမ်း၏အကြောင်းပြောလျှင် အဖေကြီးများအကြောင်းပါ ပြောရမည်။ ငြိမ်းချမ်း၏ဘဝမှာ မစခင်ကပင် အဆင်မပြေ။

ဝန်းသိုရွာကလေးတွင် သူကြီးနှင့်ကျောင်းဆရာတို့ မတည့်ကြ။ ရွာသူရွာသားများသည် လေးရွာအုပ်၊ ငွေစားလွယ်ရ သူကြီးမင်းကို ဖိမ့်ဖိမ့်တုန်အောင် ကြောက်ကြရသည်။ နှစ်လုံးပြူးသေနတ်ကိုကိုင်၍ သူကြီးမင်းရွာထဲတွင် လမ်းလျှောက်လျှင် ခွေးပင်မဟောင်ဝံ့။

ရွာသူရွာသားတို့မှာ ပညာသင်ခွင့်မရ၍ စာမတတ်ကြ၊ ကိုယ့်အလုပ်ကိုယ်ကြိုးစား၍ ရိုးရိုးအအနေကြသည်။ ငွေရှင် ကြေးရှင် မြေပိုင်ရှင်တို့က ရိုးအသောဆင်းရဲသားတို့၏ လယ်ယာများကို စာချုပ်အမျိုးမျိုးဖြင့် အပိုင်ရအောင် ယူကြသည်။

ဆင်းရဲသားတို့မှာ စာချုပ်တွင် ဘာတွေရေး၍ ဘာတွေပါသည် မသိကြ။ လက်ဗွေအမှတ်နှင့် ကြက်ခြေခတ်ကြသည်။

အမှုဖြစ်လာလျှင် သူကြီးက မြေပိုင်ရှင်တို့ဘက်မှ ရပ်တည်သည်။ သူကိုယ်တိုင်ကလည်း မြေပိုင်ရှင်ဖြစ်၍ အချင်းချင်းသာ ရိုင်းပင်းသည်။ သူကြီး၏ အုပ်ချုပ်မှုအာဏာသည် ဆင်းရဲသားတို့အတွက်မဟုတ်။ ငွေရှင်ကြေးရှင် မြေပိုင်ရှင်တို့အတွက် ဖြစ်သည်။

ဝန်းသိုရွာတွင် အစိုးရက စာသင်ကျောင်းဖွင့်သောအခါ ကျောင်းဆရာရောက်လာသည်။ ကျောင်းဆရာက ရွာမှကလေးတို့ကို ပညာသင်ပေးသည်။

ရွာသူရွာသားများကိုလည်း မသိသည်ကို သိအောင် နားမလည်



သည်ကို နားလည်အောင် ရှင်းပြသည်။ မတရားစာချုပ်များ မချုပ်မိစေရန် ဆင်းရဲသားတို့ကို ကူညီသည်။ မြေပိုင်ရှင်တို့က မတရားလုပ်လျှင် ဆင်းရဲသားတို့ဘက်မှ ရပ်တည်သည်။ သူကြီးဆိုး၏ ဖိနှိပ်မှုကိုလည်း အကာအကွယ်ပေးသည်။

ကြာသောအခါ သူကြီးနှင့် ကျောင်းဆရာတို့ ရန်သူဖြစ်လာကြသည်။ သူကြီးက ကျောင်းဆရာကို အမျိုးမျိုးခြိမ်းခြောက်၍ အမျိုးမျိုးရန်ရှာသည်။ ကျောင်းဆရာက မကြောက်၊ မမှန်ရာကို မြင်ပါလျက်နှင့် ကြည့်မနေချင်။ မှန်ရာလုပ်၍ သေရလျှင် ဆယ်ခါပင် သေပါစေဟု ဆို၏။

ရွာသူရွာသားတို့သည် သူကြီးကိုကြောက်ကြသည်။ ကျောင်းဆရာကို ကြည်ညိုကြသည်။ သူကြီးကို မုန်းကြသည်။ ကျောင်းဆရာကို ချစ်ကြသည်။

သို့ရာတွင် ခေတ်က သူကြီးခေတ်၊ နယ်ချဲ့အစိုးရ၏ အလိုကို လိုက်၍ အကြိုက်ဆောင်နိုင်သောသူကြီးတို့ ဩဇာထက်နေကြသည်။

ကျောင်းဆရာကား နယ်ချဲ့စနစ်ကိုလည်း မကြိုက်၊ နယ်ချဲ့အစိုးရကိုလည်း မကြိုက်၊ သူကြီးဆိုးကိုလည်း မကြိုက်၊ မတရားမှုဟူသမျှအားလုံးကို မကြိုက်။ မမှန်ဟူသည်သမျှ တိုက်ချင်သည်။

သူကြီးက ဆင်းရဲသားတို့ကို ကြောက်နေစေချင်သည်။ ကျောင်းဆရာက ဆင်းရဲသားတို့ကို မှန်ကန်သော သတ္တိရှိစေချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိဘဆရာမှုပေါင်း၍ ကျောင်းသားပညာ ကောင်းလာကြ၏။

သို့ရာတွင် ပြောင်းသလောက်ပြောင်း၍ ကောင်းသလောက် ကောင်းလာသော်လည်း ကျန်သလောက် ကျန်သေးသည်။ နေ့ချင်း ညချင်း အားလုံးပြောင်းသွားအောင် လုပ်၍ မရသေး။

တစ်နေ့တွင် ဒေါ်ခင်ဌေးနှင့် ဒေါ်ခင်စန်းတို့က သူတို့ သူငယ်ချင်း တစ်ယောက် မင်္ဂလာဆောင်ရှိ၍ နောက်နေ့မှာ နှစ်ယောက်လုံး ကျောင်း လာမည်မဟုတ်ကြောင်း ငြိမ်းချမ်းကို ပြောကြသည်။ ပြောပုံပြောနည်း ကလည်း ခပ်လွယ်လွယ်ဖြစ်သည်။

ကျောင်းသားနှင့်ဆရာမှာ အနိုင်နိုင်သင်နေရခြင်း ဖြစ်၏။ ငြိမ်းချမ်းဆိုလျှင် ၅ တန်း၊ ၆ တန်းနှင့် ၇ တန်း တို့ကို တစ်ယောက် တည်းနှင့် ဘာသာစုံ ခုနစ်ထွေ ကနေရသည်။ ကဘက်ကလည်း ကျောင်း အတွက် အခြားလိုအပ်သောလုပ်ငန်းများကို လုပ်ရသေးသည်။ မူလတန်း လေးယောက်မှာ သူ့အတန်းနှင့်သူ ကိုယ်စီကိုယ်င ဖြစ်သည်။ ဆရာ ဦးလှမင်းက အလယ်တန်းတွင် ငြိမ်းချမ်းကိုကူ၍ သချာင်္ယူရသေးသည်။ ဆရာမဒေါ်သိန်းရီကလည်း အားကိုးရသည်မဟုတ်။ သူ့အတန်းနှင့် သူ ပင်မနိုင်။ ဆရာမနှစ်ယောက် ကျောင်းပျက်လျှင် ကသီလင်တဖြစ် တော့မည်။

"မသွားရင် မဖြစ်ဘူးလား ဆရာမတို့ရယ်"

ငြိမ်းချမ်းက တောင်းပန်သော လေသံဖြင့် မေးသည်။



"ဘယ်ဖြစ်ပါ့မလဲဆရာ၊ ကျွန်မတို့နဲ့ သိပ်ရင်းနှီးတဲ့ သူငယ်ချင်း ဆိုတော့ ကျွန်မတို့ပဲ ကူညီလုပ်ပေးရမှာ"

ဒေါ်ခင်ဌေးလေသံက ပြတ်သားသည်။ အနိုင်အမာ ဆုံးဖြတ် ထားပြီးဖြစ်ကြောင်း ပေါ်လွင်စေသည်။

အခြေအနေမှာ ငြိမ်းချမ်း၊ တားရှုရတော့မည့်ပုံမဟုတ်။

"ဒီလိုဆိုရင်လဲ ခွင့်စာလေးတွေတော့ ရေးတင်ခဲ့ပါဗျာ"

"ဟာ ဆရာကလဲ၊ အချင်းချင်းတွေပဲ ခွင့်တင်နေရအုံးမှာလား။ နားလည်မှုပေါ့"

ဒေါ်ခင်ဌေးက ခပ်ပေါ့ပေါ့ပြန်ပြောလိုက်သည်။

"တာဝန်ခံကျောင်းအုပ်ပဲ သိပ်လုပ်မနေစမ်းပါနဲ့"ဟူသော သဘောမျိုး သက်ရောက်နေသည်။ ငြိမ်းချမ်း စိတ်မကောင်း ဖြစ်မိ၏။

"အချင်းချင်း နားလည်မှုကတော့ ဟုတ်ပါတယ်ဆရာမရယ်၊ ဒါပေမယ့် လူကြီးတွေ ဘာတွေများ ရုတ်တရက်ရောက်လာရင် ခွင့်တင် ထားတော့ ကောင်းတာပေါ့"

ငြိမ်းချမ်းမှာ စည်းကမ်းကို အပြတ်ကိုင်၍ မသင့်သေးသော ကြောင့် စည်းရုံးရေးသဘောနှင့် ပြောနေရသည်။

"စိတ်ချပါ ဆရာရဲ့၊ ဘယ်လူကြီးမှ မလာပါဘူး"

"လိုလိုမယ်မယ်ပေါ့ ဆရာမတို့ရယ်၊ ကျောင်းဆင်းရင် ခွင့်စာ တော့ ရေးတင်သွားကြပါ"

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းက ညွှန်ကြားသည့်သဘောမျိုးဖြင့် ပြောပြီးနောက် သူ့ အတန်းရှိရာသို့ သွားသည်။

သို့ရာတွင် ညနေကျောင်းဆင်းသောအခါ ဆရာမနှစ်ယောက် ပြန်သွားကြသည်။ ငြိမ်းချမ်းကိုပင် နှုတ်မဆက်။ ခွင့်စာလည်း မတင်ခဲ့ကြ။

နောက်တစ်နေ့တွင် ဆရာမနှစ်ယောက်လုံး ကျောင်းမလာကြပါ။ ဒေါ်သိန်းရီကလည်း ထုံးစံအတိုင်း သူ့အတန်းနှင့်သူ လုံးချာလိုက်နေ၏။ ငြိမ်းချမ်းသည် ဆရာဦးလှမင်းကို ၄ တန်းမှာ အဝင်ခိုင်းရသည်။ သူကား အလယ်တန်းကို လေ့ကျင့်ခန်းပေးလိုက်၊ ကလေးတန်းများကို ပြေးလျက် ပုံပြောပြလိုက်၊ ကဗျာအဆိုခိုင်းလိုက် လုပ်နေရသည်။

လူပင်ပန်းသည်မှာ အကြောင်းမဟုတ်။ ကျောင်းသားများကို အုပ်ချုပ်ကွပ်ကဲရာ၌ မနိုင်မနင်းဖြစ်သည်က စိတ်မောစရာ ကောင်းလှသည်။ ငြိမ်းချမ်းအလယ်တန်းများ၌ သွားပြနေချိန်တွင် ကလေးတန်းများက ဆူကြ၊ ဆော့ကြ၊ ရန်ဖြစ်ကြသည်။ ငိုသူက ငို၍ လာတိုင်သူက တိုင်သည်။ ကလေးတန်းများ ပြေးရပြန်သည်။ အလယ်တန်းများက ဆော့ကြ၊ ကစားကြ၊ နောက်ကြ၊ ပြောင်ကြ၊ ပြဿနာဖြစ်ကြပြန်ပြီ။ ဦးလှမင်းက ၄ တန်းကိုထားခဲ့၍ အလယ်တန်းများကို ပြေးရပြန်၏။

"ဆရာကြီး ဆရာကြီး၊ ဟိုမှာ ဧည့်သည်တစ်ယောက်က ဆရာကြီးကို တွေ့ချင်လို့တဲ့"



ကလေးတန်းတွင် ဝင်ထိန်းနေသော ငြိမ်းချမ်းကို ကျောင်းသားလေးတစ်ယောက်က လာပြောသည်။

ကလေးပြောပြရာသို့ ငြိမ်းချမ်း ကြည့်လိုက်သည်။ လွယ်အိတ်တစ်လုံးကိုကိုင်၍ ရပ်နေသော လူကြီးတစ်ယောက်ကို ကျောင်းရှေ့တွင် တွေ့ရ၏။

"ဩော် ဒုက္ခပါပဲ၊ အရေးထဲမှ ကျောင်းအစ်မယ့်လူက လာနေပြန်ပြီ"ဟု အောက်မေ့၍ ငြိမ်းချမ်းကလေးများကို ငြိမ်ငြိမ်နေရန် ပြောပြီး လျှင် ဧည့်သည်ထံသို့ သွားသည်။

"ဆရာက ဒီကျောင်းက ကျောင်းအုပ်ဆရာကြီးလား"

"ဟုတ်ကဲ့"

ဧည့်သည်၏အမေးကို ငြိမ်းချမ်းက လွယ်လွယ်ပင် ဖြေလိုက်သည်။

"ကျွန်တော် ဆရာကြီးနဲ့ ဆွေးနွေးချင်လို့ပါ"

"ဟုတ်ကဲ့ လာပါ"

ငြိမ်းချမ်းက ဧည့်သည်ကို ရုံးခန်းထဲသို့ ခေါ်ခဲ့သည်။ သူက ဆရာကြီး၏စားပွဲတွင် ဝင်ထိုင်လိုက်သည်။ ဧည့်သည့်ကိုလည်း ကုလားထိုင်တစ်လုံး ညွှန်ပြ၍

"ထိုင်ပါ"ဟု ပြောလိုက်သည်။

ဧည့်သည့်က ထိုင်သည်။

"ဘာကိစ္စရှိသလဲ၊ ပြောပါခင်ဗျာ"

ငြိမ်းချမ်းက ဆရာကြီးဟန်ဖြင့် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညွှန့်သည်က စာသင်ခန်းဆီသို့ မျက်လုံးဝင့်၍ ကြည့်လိုက်သည်။

"ဒီကျောင်းမှာ ဆရာအားလုံး ဘယ်လောက်ရှိသလဲ ဆရာ"

ပြောစရာရှိသည်ကို မြန်မြန်ပြောပြီး၍ မြန်မြန် ပြန်စေချင်ကာမှ ညွှန့်သည်က စပ်စုနေပြန်၏။ ငြိမ်းချမ်း စိတ်မရှည်ချင် ဖြစ်မိသည်။

"အားလုံး ငါးယောက်ရှိပါတယ်"

"ဒီကျောင်းက အလယ်တန်းကျောင်းမို့လား ဆရာ"

"ဟုတ်ပါတယ်"

"ဆရာက ငါးယောက်တည်းဆိုတော့ နည်းလှချေလား"

ငြိမ်းချမ်း ပို၍စိတ်မရှည်အောင် ဖြစ်လာမိ၏။ 'အရေးထဲမှ မီးကျောင်းမင်းနှင့် တွေ့နေရသည်' ဟု အောက်မေ့လိုက်မိသည်။

"ဟုတ်ပါတယ်၊ နည်းပါတယ်'

ငြိမ်းချမ်း၏ လေသံက တိုတောင်းသည်။ အလယ်တန်းကျောင်း ဖွင့်စဖြစ်၍ ဆရာမပြည့်စုံသေးကြောင်းကို ရှင်းမပြချင်တော့ပေ။

"ဆရာတွေ အားလုံးရှိလား"

ညွှန့်သည်က ဆက်နေပြန်သည်။

"ရှိပါတယ်"

"အခု ကျွန်တော်တွေ့ရတာတော့ သုံးယောက်တည်း ရှိပါလား"

"ဒါကတော့ ဆရာမနှစ်ယောက် မလာလို့ပါ"

"ဘာလို့ မလာတာလဲဆရာ"

"ခွင့်တိုင်ထားပါတယ်"



"ဒါဖြင့် သူတို့ခွင့်စာလေးတွေ ကြည့်ရအောင်"

"ဗျာ"

ငြိမ်းချမ်းသဘောပေါက်မိသည်နှင့်အတူ ထိတ်လန့်သွားသည်။ 'ညွှန့်သည်ဟာ ကျောင်းစစ်ဖို့လာတဲ့ လူကြီးတစ်ယောက်ပါလား' ငြိမ်းချမ်း သိလိုက်ပါပြီ။

"ခွင့်စာ မရှိပါဘူးဗျာ၊ မနေ့က ပါးစပ်နဲ့ ပြောသွားတာပါ"

"ကျွန်တော်က မန္တလေးတိုင်းကို ခုမှ ပြောင်းလာတဲ့ခရိုင်ပညာဝန်အသစ်ပါ"

"ခင်ဗျာ"

ငြိမ်းချမ်း မဝံ့မရဲနှင့် ပြန်ထိုင်ရသည်။

"ဒီနေ့ ကျွန်တော်တို့ ကျောင်းတွေဟာ ဖြစ်ချင်တိုင်းဖြစ်၊ စည်းကမ်းပျက်ချင်တိုင်း ပျက်နေကြပါတယ်၊ ဆရာ ဆရာမတွေကလဲ ကျောင်းကိုလာချင်မှ လာ၊ မလာချင်နေ လုပ်နေကြတယ်၊ ကျောင်းအုပ်တွေကလဲ ဘာမှ တိတိကျကျ မရှိဘူး။ ခပ်ပေါ့ပေါ့ လုပ်နေကြတယ်၊ ဒါကြောင့် အခြေအနေမှန်ကိုသိရအောင် ကျွန်တော် ဘယ်သူ့မှ အသိမပေးဘဲ လာစစ်တာပဲ။ အခု ဒီမှာ တွေ့နေရပြီ၊ ခွင့်စာမတင်ဘဲ ကျောင်းပျက်တဲ့ ဆရာမနှစ်ယောက်မှာ အပြစ်ရှိသလို ဒါကိုခွင့်ပြုတဲ့ ကျောင်းအုပ်မှာလဲ အပြစ်ရှိတာပဲ"

ခရိုင်ပညာဝန် ပြောနေစဉ်မှာပင် ၅ တန်း အခန်းဆီမှ ဒုန်းဒိုင်းနှင့် လဲကျသံများကို ကြားရသည်။ ကျောင်းသားများ၏ရယ်သံများ

www.burmeseclassic.com

www.burmeseclassic.com



**ထွက်ပေါ်လာကြသည်။** တဆက်တည်းပင် ဂ တန်းဆီမှ ဦးလှမင်းအော်သံ ထွက်လာပြန်သည်။

"ဟေ့၊ ငါးတန်းက ကောင်တွေ ဘာလို့ ဆော့နေတာလဲကွ၊ ခုံ ကို ဘယ်သူ တွန်းလှဲတာလဲကွ"

"မောင်ဝင်းဆရာ မောင်ဝင်း။ ညွန့်ရွှေကို တွန်းလိုက်လို့ ခုံလဲသွားတာ"

ကျောင်းသားတစ်ယောက်က အော်ပြောသည်။

"ဘာလို့ ဒီလောက်ဆော့ရတာလဲကွ၊ ငါပေးထားတဲ့ ဂဏာန်းတွေ တွက်ပြီးပြီလား"

"မပြီးသေးဘူး ဆရာ၊ နံပါတ်နှစ်က တွက်လို့မရဘူး"

"မရတဲ့အပုဒ် ချန်ထားခဲ့။ ရှေ့ဆက်တွက်၊ ပြီးတော့မှ ငါလာတွက်ပြမယ်"

ဦးလှမင်းက ခရိုင်ပညာဝန် ရောက်နေသည်ကို မသိ၊ တခန်းကျော်ကို လှမ်း၍ အော်ပြောနေသည်။

"ကဲ– ၊ လက်ရှိအခြေအနေက ဘယ်လောက်ဆိုးလဲ ဆရာ"

ခရိုင်ပညာဝန်မှာ တော်တော်မကျေမနပ် ဖြစ်နေ၏။

"ဆရာမနှစ်ယောက် မလာဘူးဆိုရင်ပဲ အတန်းတွေ မနိုင်မနင်း ဖြစ်ကုန်ပြီ"

"ဆရာကြီး၊ ဆရာကြီးရှင့်၊ ကျွန်မတို့ အတန်းထဲ ကောင်လေးတွေ ဘောလုံးကန်နေကြတယ်ရှင့်"



ကျောင်းသူလေးတစ်ယောက်က ရုံးခန်းပြတင်းပေါက်မှ လာအော် ပြော၍ ခရိုင်ပညာဝန် စကားရပ်သွားရသည်။

"အေး၊ အေး၊ ဆရာလာခဲ့မယ်၊ မဆော့ကြနဲ့ ပြောလိုက်"

ငြိမ်းချမ်းက အမြန်ပြန်ပြောလိုက်ရသည်။ သို့ရာတွင် မိန်းကလေး က မပြန်သေး၊ ငြိမ်းချမ်းကို ပြုံးပြပြီးလျှင်

"ဆရာကြီး ပုံပြောပြရမယ်နော်"ဟု တောင်းဆိုနေပြန်သည်။

"အေးပါ၊ အေးပါ၊ ဆရာဒီမှာ အလုပ်ရှိနေတယ်၊ ငြိမ်ငြိမ်နေကြလို့ ပြောလိုက်စမ်း"

"ဟုတ်ကဲ့ရှင့်"ဟု ပြောရင်း ကျောင်းသူလေးက ပြေးထွက်သွားသည်။

"ဆရာကြီးက ပုံပြောမယ်တဲ့ဟေ့"ဟု အတန်းဆီသို့ လှမ်းအော်လိုက်သေးသည်။

ငြိမ်းချမ်း ဆုံးဖြတ်လိုက်ပါသည်။ ဤခရိုင်ပညာဝန်မှာ အသစ်ဖြစ်သည်။ ဤကျောင်း၏ အခြေအနေနှင့် သူလုပ်ကိုင်ဆောင်ရွက်နေရသော အနေအထားများကို အမှန်အတိုင်း ပြောပြမှ ဖြစ်မည်။

ငြိမ်းချမ်းက ခရိုင်ပညာဝန်အား ဤကျောင်းသို့ သူရောက်ရှိလာရသော အခြေအနေနှင့် ရောက်စအနေအထားများကို ရှင်းပြသည်။ တဖြည်းဖြည်း တစတစ စည်းရုံးပြုပြင်ပြောင်းလဲနေရသည်ကိုလည်း တင်ပြသည်။ သူသည် တကယ့်ကျောင်းအုပ်မဟုတ်၊ အလယ်တန်းကျောင်းတစ်ကျောင်း အကောင်အထည်ပေါ်အောင် ဆောင်ရွက်နေရသော

www.burmeseclassic.com

www.burmeseclassic.com



**တာဝန်ခံကျောင်းအုပ်တစ်ယောက်သာဖြစ်ကြောင်း၊** ရုတ်တရက်ပြုပြင်ပြောင်းလဲရာတွင် အခက်အခဲများစွာရှိကြောင်းတို့ကို အပြည့်အစုံရှင်းလင်း ပြောပြသည်။

ခရိုင်ပညာဝန်က ငြိမ်းချမ်းရှင်းပြသည်ကို တော်တော်နှင့်ကျေလည်ခြင်းမရှိပါ။ နောက်ပိုင်းကျမှ တဖြည်းဖြည်းသဘောပေါက်၍ တင်းမာနေသော မျက်နှာထားလျော့သွားသည်။

"ကျွန်တော်ရောက်စတုန်းက မေးတော့ ဆရာ ဘာလို့ ဒီလို ပြည့်ပြည့်စုံစုံ ပြောမပြလဲ"

ခရိုင်ပညာဝန်၏ မေးခွန်းသည် လုံးဝကျေနပ်သွားခြင်း မရှိသေးသည်ကို ဖော်ပြနေ၏။ သို့ရာတွင် လေသံမှာ စောစောကလောက် တင်းမာခြင်းမရှိတော့ပါ။

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်ကလဲ ဆရာ့ကို ကျောင်းသားလာအပ်မယ့် မိဘတစ်ယောက်မှတ်လို့ မြန်မြန်ပြောပြီး မြန်မြန်အတန်းထဲ ပြန်ဝင်ချင်လို့ပါ။ ကျွန်တော့်ကိုယ် ကျွန်တော် ကျောင်းအုပ်ပါလို့ပြောတာကလဲ ကြွားဝါချင်လို့ မဟုတ်ပါဘူး။ တချို့မိဘတွေက တာဝန်ခံကျောင်းအုပ်ပါလို့ပြောရင် တကယ့်ကျောင်းအုပ်မရှိသေးဘူးဆိုပြီး ကျောင်းအပေါ်မှာ စိတ်အားပျက်သွားတတ်လို့ပါ၊ ဆရာ့ကို မလေးမစားပြောမိသလို ဖြစ်တာကိုတော့ ကျွန်တော် တောင်းပန်ပါတယ်"

ခရိုင်ပညာဝန်က ငြိမ်းချမ်းကို ပြုံးကြည့်လိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ၊ ကျွန်တော် နားလည်သွားပါပြီ။ ကျွန်တော်ကလဲ ရောက်စဆိုတော့ ဒီကျောင်းရဲ့ အခြေအနေကို ဘာမှမသိရသေးဘူး။ အလယ်တန်းကျောင်းဆိုပြီး ဆရာကလဲ သိပ်နည်းနေတာရယ်၊ ပုံပျက်ပန်းပျက်- နိုင်လွန်းတာတွေရယ်ကြည့်ပြီး ကျွန်တော်က တော်တော့်ကို စိတ်ဆိုးနေတာ၊ ဆရာ့ကိုလဲ အရေးယူမယ်လို့တောင် အောက်မေ့ထားတာ၊ အခုအတိုင်းဆိုရင်တော့ ဆရာ့အခက်အခဲတွေကို ကျွန်တော် သိပါပြီ။ ကျွန်တော် ကိုယ်ချင်းစာပါတယ်၊ ဆရာလုပ်ရမှာက သိပ်တော့ မလွယ်ဘူး"

"တိုင်းပညာဝန်ကလဲ ကျွန်တော့်ကို ဒီကျောင်းနဲ့ပတ်သက်လို့ ဘာမှ မပြောသေးပါဘူး၊ ဒီနေ့ ကျွန်တော် ဒီဘက်ထွက်လာတော့လဲ တိုင်းပညာဝန် မရှိလို့ မပြောခဲ့ရဘူး၊ ဆရာတို့ လိုတဲ့အကူအညီရှိရင် ကျွန်တော့်ကို ပြောပါ၊ ကျွန်တော်လဲ ကူညီပါ့မယ်၊ ရုံးရောက်ရင်လဲ ကျွန်တော့်ဆီဝင်ပါ"

ငြိမ်းချမ်းက ခရိုင်ပညာဝန်၏ စာနာတတ်သော စိတ်ထားနှင့် အားပေးသော စကားအတွက် များစွာကျေးဇူးတင်သွားမိသည်။

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော် အများကြီး ကျေးဇူးတင်ပါတယ်၊ ကျွန်တော် အကောင်းဆုံးဖြစ်အောင်တော့ ကြိုးစားပါမယ်"

"နေအုံးဗျ၊ ကျွန်တော် အခု ခင်ဗျားကို အကူအညီတစ်ခု ပေးခဲ့ ရအုံးမယ်"

ခရိုင်ပညာဝန်က ပြုံး၍ ပြောလိုက်သည်။

"နောက်ကို ဆရာမတွေ ကျောင်းမပျက်ရအောင်၊ ဆရာလဲ



www.burmeseclassic.com

www.burmeseclassic.com



စည်းကမ်းကိုင်လို့ကောင်းအောင် ကျွန်တော် လုပ်ပေးခဲ့မယ်၊ ဆရာမနှစ်ယောက်ကို ခွင့်မဲ့ပျက်ကွက်တာ ပြေလည်အောင် မဖြေရှင်းနိုင်ရင် အရေးယူမယ့်အကြောင်း ကျွန်တော်စာရေးပေးခဲ့မယ်၊ အဲဒီစာ သူတို့ကို ပေးလိုက်''

ခရိုင်ပညာဝန်က စာရွက်တစ်ရွက်ကိုယူ၍ စာတစ်စောင်ရေးပြီးနောက် လက်မှတ်ထိုးပေးလိုက်သည်။

ငြိမ်းချမ်းက စာကိုဖတ်ကြည့်ပြီးနောက် ခရိုင်ပညာဝန်ကို တောင်း ပန်လိုက်သည်။

''ဆရာတကယ်တော့ အရေးမယူပါနဲ့ဆရာ၊ သူတို့လဲ အရင်ရက်တွေက တစ်ခါမှ မပျက်ကြပါဘူး၊ တက်တက်ကြွကြွလုပ်နေကြတာပါ။ ဒီနေ့မှ တစ်ခါနိုး တစ်ခါမိ ဖြစ်သွားတာပါ''

''ဟား၊ ဟား၊ ဟား ဒီလို ဘယ်ရမလဲ၊ နောက်တစ်ခါဆိုရင် ဆရာ့ကိုပါ အရေးယူမယ်၊ ကဲ၊ ကျွန်တော်သွားမယ်၊ ဆရာလဲ ပုံသွားပြောလိုက်အုံး၊ ဟိုမှာ ဆော့နေကြတယ်၊ ကြာရင်ရန်ဖြစ်ကုန်လိမ့်မယ်''

ခရိုင်ပညာဝန်က ပြတင်းပေါက်မှ မြင်ရသော ကလေးတန်းကို ပြရင်း ထိုင်ရာမှ ထလိုက်သည်။

ငြိမ်းချမ်းက ခရိုင်ပညာဝန်ကို ကျောင်းပေါက်အထိ လိုက်ပို့ပြီးမှ ကလေးတန်းများဆီသို့ ထွက်ခဲ့သည်။

မနောက်တစ်နေ့တွင် ဆရာမနှစ်ယောက် ခရိုင်ပညာဝန်၏စာကို ဖတ်ပြီးနောက် ငိုကြသည်။



သူတို့ ကြိုးစားလုပ်ကိုင်နေကြစဉ်က မည်သူမျှမမြင်၊ တစ်ရက်ပျက်မိမှ အရေးယူခံရသည်ဟူ၍တွေးလျက် ဝမ်းနည်းကြသောကြောင့် ဖြစ်သည်။

ငြိမ်းချမ်းက ခွင့်တင်ခဲ့ရန်ပြောသည်ကို မလေးမစားလုပ်သွားမိသည့်အတွက် နောင်တရနေကြသည်။ ငြိမ်းချမ်းကိုလည်း တောင်းပန်ကြသည်။

ဖြေရှင်းချက်ကောင်းကောင်း ရေးလိုက်လျှင် ပြီးသွားမည့်အကြောင်း ငြိမ်းချမ်းက အားပေးရသည်။ မှန်ပါသည်။ ဖြေရှင်းချက်ရေးရုံနှင့် ပြီးသွားသည်။

သို့ရာတွင် ထိုဖြစ်ရပ်၏နောက်တွင် ဆရာဆရာမများ စည်းကမ်းကောင်းသွားကြသည်။ မည်သူမျှ ခွင့်မဲ့ပျက်ကွက်ခြင်း၊ ကျောင်းနောက်ကျခြင်း မရှိကြတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၄

## လစာဘယ်က ပေးပါ့မည်

နေ့လယ်ကျောင်းဆင်းချိန်ဖြစ်သည်။ ဆရာဆရာမများ ထမင်းစားပြီး၍ ရုံးခန်းအတွင်း၌ နားနေကြ၏။ ကျောင်းအနီးရှိ နို့ဆီရုံက နို့ပျစ်ပျစ်နှင့် လက်ဖက်ရည် တကရား လာပို့သည်။ ဆရာ ဆရာမများအတွက် နေ့စဉ်ပို့နေကျ ဖြစ်၏။

ထိုအချိန်ကလေးကို ငြိမ်းချမ်းသဘောကျသည်။ တနံနက်လုံး သင်ရ ကြားရ မောခဲ့သမျှ အပန်းဖြေရသည်။ လက်ဖက်ရည်သောက်ရသည့်မှာလည်း အရသာရှိသည်။ ဆရာဆရာမအချင်းချင်း ရင်းနှီးခင်မင်စွာ ပြောဆိုတိုင်ပင်ရသည့်မှာလည်း ပျော်စရာကောင်းသည်။

"ဆရာ၊ မနက်ဖြန်ကာ ကျောင်းပိတ်မှာလား"

ဦးလှမင်းက လက်ဖက်ရည်သောက်နေသော ငြိမ်းချမ်းအား မေး လိုက်သည်။

"ဗျာ၊ ဘာလို့ပိတ်ရမှာလဲ၊ မနက်ဖြန်ကာ သောကြာနေ့ပဲ"



ငြိမ်းချမ်းက သောက်လက်စ လက်ဖက်ရည်ပန်းကန်ကို စားပွဲပေါ်သို့ ချရင်း ပြောလိုက်သည်။

"မနက်ဖြန်ကာ ကျွန်တော်တို့ လေးယောက်စလုံး ကျောင်းမလာဘူးဆရာ"

"ဗျာ၊ လုပ်ကြပြန်ပြီ၊ ဘာဖြစ်လို့လဲဗျာ"

ငြိမ်းချမ်းက အထိတ်တလန့်ဖြစ်နေသော မျက်နှာကိုကြည့်၍ ဦးလှမင်းနှင့် ဆရာမများက ရယ်ကြသည်။

"ဆရာကလဲ လခထုတ်ဖို့တောင် မေ့နေပြီးလား။ မနက်ဖြန်ကာ ကျွန်မတို့လေးယောက် လခထုတ်ဖို့ ပုသိမ်ကြီးကို သွားကြရမယ်၊ အရင်ကတော့ လခထုတ်တဲ့နေ့ဆိုရင် ကျောင်းပိတ်တာပဲ၊ ဆရာရော ဘယ်သွားထုတ်ရမှာလဲ"

ဆရာမကြီး ဒေါ်သိန်းရီက မေးလိုက်သည်။

"ဗျာ"

ငြိမ်းချမ်း ဘာပြောရမှန်း မသိပါ။ ဟုတ်ပါသည်။ လခထုတ်ဖို့ကိစ္စကို ငြိမ်းချမ်း ယခုမှ စဉ်းစားမိသည်။ သူ့လစာငွေ ဘယ်မှာထုတ်ရမည်နည်း။ ဤကျောင်းတွင် ကျောင်းအုပ်ဆရာကြီးမရှိ။ သူဘာသာစီစဉ်ဆောင်ရွက်ရမည်။ ယခုအချိန်အထိ ဘာမှ မစီစဉ်ရသေး။ မည်သို့ထုတ်ရမည်ပင် မသိသေး။

"ဆရာ ဘယ်လိုဖြစ်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဦးလှမင်းက ငြိမ်းချမ်း၏ ပုခုံးကိုပုတ်လျက် မေးလိုက်၍ ဆရာမများက ရယ်ကြသည်။

"ဪ ဟုတ်တယ်ဗျ။ ကျွန်တော် လစာထုတ်ဖို့နဲ့ ပတ်သက်လို့ ဘာမှ မသိသေးဘူး။ ဘာမှလဲ မလုပ်ရသေးဘူး။ ခင်ဗျားတို့က ကျွန်တော်နဲ့အတူတူ မဟုတ်ဘူးလား"

"ငြိမ်းချမ်း၏အမေးကြောင့် ဦးလှမင်းနှင့် ဆရာမများ ရယ်ကြပြန်သည်။

"မတူဘူး ဆရာ၊ ကျွန်မတစ်နေ့ကပဲ ပညာအုပ် ဦးရွှေနဲ့တွေ့ လို့ မေးကြည့်တယ်။ ကျွန်မတို့က ဘယ်မှာ လစာထုတ်ရမှာလဲဆိုတော့ သူ့ဆီမှာပဲ ထုတ်ရမယ်တဲ့။ ကျွန်မတို့ လစာကို မူလတန်းငွေစာရင်းထဲမှာ ထည့်တင်ထားလို့တဲ့၊ ရှေ့နှစ် ငွေစာရင်းအသစ်ကျမှ ကျွန်မတို့ကို လွှဲပြောင်းပေးလိုက်မှာတဲ့ ဆရာ့အတွက်ကတော့ ကျွန်မတို့လဲ မသိဘူး၊ ဆရာ့ဘာသာ စီစဉ်ပြီးသား မှတ်နေတာ"

ဆရာမ ဒေါ်ခင်ဌေးရှင်းပြမှ ငြိမ်းချမ်း စိတ်ရှုပ်ရသည်။ အလယ်တန်းကျောင်းအတွက် ငွေစာရင်းကို သူဘာယ်လိုလုပ်ရမည်နည်း။

'ဪ ဘာလိုလိုနဲ့ ကျောက်မီးရောက်တာ တလပြည့်တော့မှာပါလား။ လစာထုတ်ပြီးရင် ဦးလေးနဲ့ အမေကြီးကို ပြန်ကန်တော့ရအုံးမှာပါလား။ လစာက ဘယ်မှာ ထုတ်ရမလဲ။ ဒီလမှ ရပါ့မလား' ငြိမ်းချမ်း တွေးတောရင်း ငေးမောနေမိသည်။ နောက်မှ သတိရ၍ ဆရာ၊ ဆရာမများဘက်သို့ ဣန္ဒြေမပျက် လှည့်လိုက်သည်။



"ဟုတ်တယ်ဗျာ၊ ကျွန်တော်လဲ အဲဒါကို မေ့နေတယ်။ ကျွန်တော့် မှာ ပိုက်ဆံပေါလို့ မေ့နေတာ မဟုတ်ပါဘူး။ အချိန်တန်ရင် သူ့ဘာသာ ရလိမ့်မယ်မှတ်လို့ လုပ်ဖို့ကိုင်ဖို့ မေ့နေတာပါ။ ကျွန်တော် ဘာမှလဲ မသိဘူး။ ဘာမှလဲ မစုံစမ်းရသေးဘူး။ မနက်ဖြန်ကျမှ တိုင်းပညာဝန်ရုံးကို သွားမေးရမှာပဲ။ အဲဒီတော့ ဒီလိုလုပ်မယ်ဗျာ၊ မနက်ဖြန်ကာတော့ ကျောင်းပိတ်ရမှာပဲ၊ ဆရာတို့ ဆရာမတို့ သွားကြပေါ့။ ကျောင်းသားတွေကိုတော့ စနေ၊ တနင်္ဂနွေနဲ့ဆက်ပြီး သုံးရက်ပိတ်ကြောင်း ပြောလိုက်ပေါ့"

ငြိမ်းချမ်းက လက်ဖက်ရည်သောက်ရင်း ပြတင်းပေါက်မှ မြင်ရသော အဝေးဆီသို့ ငေးကြည့်နေမိသည်။ အမေကြီးနှင့် ဦးလေးတို့၏ မျက်နှာများကို မြင်ယောင်လာမိသည်။ ကျောက်မီးရောက်စက စာတစ်စောင်သာ ရေးရသေးသည်။ မနက်ဖြန် လစာရလျှင် အမေကြီးနှင့် ဦးလေးကို သွားကန်တော့ဦးမည်။

www.burmeseclassic.com

၁၀

# ဝမ်းသာလွန်း၍ မျက်ရည်လည်

နောက်တစ်နေ့တွင် ငြိမ်းချမ်းတိုင်းပညာဝန်ရုံးသို့ သွားသည်။ လစာထုတ်သည့်နေ့ဖြစ်၍ အလုပ်ရှုပ်နေကြသည်။ ငြိမ်းချမ်း ရုံးအုပ်စာရေးကြီးကို လိုက်ရှာသည်။ တွေ့ပါပြီ၊ ရုံးအုပ်ကြီးကို ကျောင်းအုပ်ကြီးများက ဝန်းရံထား၏။ ငြိမ်းချမ်းက သူ့အတွက် လစာကို မည်သို့ထုတ်ရမည်ကို မေးကြည့်သည်။ ရုံးအုပ်ကြီး ခဏငိုင်သွားသည်။ နောက်မှ ခရိုင်ပညာဝန်ရုံး စာရေးကြီးထံ လမ်းညွှန်လိုက်သည်။

၁ ငြိမ်းချမ်း ခရိုင်ပညာဝန်ရုံးစာရေးကြီးထံ သွား၏။ ခရိုင်ပညာဝန်ရုံးစာရေးကြီးက သူလည်း မသိဟု ဆို၏။ တိုင်းပညာဝန်ရုံးကို ပြန်သွားသည်။ ခရိုင်ပညာဝန်ရုံးနှင့် တိုင်းပညာဝန်ရုံးအကြား ငြိမ်းချမ်း အပြန်အလှန် သွားနေရသည်။ ရုံးနှစ်ရုံးမှာ ဝင်းတဝင်းတည်းဖြစ်သဖြင့် တော်သေးသည်။ နောက်ဆုံးတွင်မှ ငြိမ်းချမ်းအတွက် သဲကွဲသော အဖြေ ထွက်လာ၏။



ကျောက်မီးကျောင်းအတွက် ငွေစာရင်းခွင့်ပြုချက် မတင်ရသေး၊ ဤလတွင် ငြိမ်းချမ်း လခရမည်မဟုတ်သေးဟူ၍ ဖြစ်သည်။ ငွေစာရင်းခွင့်ပြုချက်ရဖို့ မည်မျှကြာမည်နည်း။ သုံးလေးလကြာမည်ဟု ပြောသည်။ သုံးလေးလ ငြိမ်းချမ်းလခ ရမည်မဟုတ်။ ရလျှင်ကား အားလုံးပေါင်း၍ ထုတ်ရမည်ဟု ဆိုသည်။

ငြိမ်းချမ်းရင်မောသွားမိသည်။ သုံးလေးလအတွင်း ငြိမ်းချမ်း မည်သို့ လုပ်ရမည်နည်း။ လခထုတ်ပြီးလျှင် အမေကြီးနှင့် ဦးလေးကို သွားကန်တော့မည်ဟု စိတ်ကူးထားသည်။ သုံးလေးလကြာမှ ကန်တော့ရတော့မည်။ ယနေ့ ငွေရလျှင် သိပ်ကောင်းမည်။ ကျောင်းနှစ်ရက် ပိတ်သည်မို့ အမေကြီးတို့ထံ ပြန်ဖို့ အဆင်ပြေသည်။

တစ်လပြည့်လျှင် ပြန်ခဲ့မည်ဟု ပြောခဲ့သည်။ ယနေ့ပြန်တော့ ပြန်ရမည်။ အမေကြီးနှင့် ဦးလေးပေးလိုက်သော ငွေကလေးမှာ ကုန်တော့မည်။ ကျောက်မီးတွင် ထမင်းလခပေးစရာလည်း ရှိနေသည်။ သုံးလေးလစာအတွက် အမေကြီးနှင့် ဦးလေးကို မည်သို့တောင်းရမည်နည်း။ သူတို့ ပေးနိုင်ပါမည်လား။ ကိုယ်ကပေးမည်ပြောခဲ့ပြီးမှ ကိုယ်ကတောင်းရဦးမည်။ ငြိမ်းချမ်း စိတ်ပျက်နေမိသည်။

"ဩော်.. ကျောက်မီးကျောင်းဆရာ ဦးငြိမ်းချမ်းကိုး"

ငြိမ်းချမ်း မော်ကြည့်လိုက်ရာ တိုင်းပညာဝန်ဖြစ်နေ၍ ထိုင်ရာမှ ထရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလာသလဲ၊ လစာရော ထုတ်ပြီးပြီလား"

တိုင်းပညာဝန်က ခင်မင်ရင်းနှီးစွာ မေးလိုက်သည်။

"မထုတ်ရသေးပါဘူး ဆရာ၊ ကျွန်တော်တို့ကျောင်းက ငွေစာရင်း ခွင့်ပြုချက်မရှိသေးလို့ သုံးလေးလတော့ စောင့်ရအုံးမယ် ပြောပါတယ်"

ငြိမ်းချမ်းက အဖြစ်မှန်ကို ရိုးရိုးသားသားပင် ပြန်ပြောလိုက်၏။

"ဟာ၊ ဒီလိုဆိုရင် ဒီလ ဆရာ လခမရဘူးပေါ့"

"ဟုတ်ပါတယ် ခင်ဗျ"

"နောက်ထပ်လဲ သုံးလေးလလောက် စောင့်နေရအုံးမယ်လား"

"ဟုတ်ပါတယ် ခင်ဗျ"

"ဟ၊ စာရေးကြီး ကိုကံ၊ လုပ်ပါအုံး။ ဒီဆရာက သုံးလေးလ လောက် လခမရဘဲ ဒီအတိုင်းပဲ လုပ်နေရမှာလား"

"ကျွန်တော်တို့ ငွေစာရင်းကို အမြန်ဆုံးတင်ပြီး ကျတာနဲ့ ထုတ် ပေးပါ့မယ် ဝန်မင်း"

"ဟုတ်ပြီလေ၊ တင်တာတော့ အမြန်ဆုံးတင်ပေါ့၊ ဒါပေမယ့် မကျလာခင် ဒီအတိုင်း လုပ်နေရမယ်ဆိုတော့ သူ့အတွက် ခက်မှာပေါ့၊ လခစားဆိုတာ လခလေးရမှ ပေးစရာရှိတာ ပေးရ၊ ကမ်းရ၊ စားရ သုံးရမှာပေါ့၊ သုံးလေးလဆိုတော့ဗျာ တရပ်တကျေး သွားအလုပ်လုပ်



ရတာ။ ထမင်းလခ ဘာနဲ့ပေးမလဲ၊ ဒုက္ခရောက်မှာပေါ့၊ ကြည့်လုပ်ကြပါ အုံး"

"ဟုတ်ကဲ့ ဝန်မင်း၊ ကျောင်းသစ်ဆိုတော့ ကျွန်တော်တို့လဲ ငွေ စာရင်းမရှိသေးတဲ့အတွက် အခက်အခဲ ဖြစ်နေပါတယ်"

တိုင်းပညာဝန်က ခဏ စဉ်းစားနေသည်။

"ကဲ၊ ခင်ဗျားတို့ ငွေစာရင်းကို အမြန်တင်ပြီး အမြန်ကျအောင် လုပ်ကြ၊ လာ ဆရာ ကျွန်တော်နဲ့လိုက်ခဲ့၊ ကျွန်တော့်ငွေထဲက စိုက်ပေး လိုက်မယ်"

တိုင်းပညာဝန်၏စကားကြောင့် ငြိမ်းချမ်း ဝမ်းသာအားရ ဖြစ်မိ သည်။ အလုပ်သမားတစ်ယောက်၏ ဘဝကို ကိုယ်ချင်းစာ၍ ကြင်နာ တတ်သော တိုင်းပညာဝန်ကိုလည်း လေးစား၍မဆုံးအောင် ဖြစ်မိသည်။

ငြိမ်းချမ်း တိုင်းပညာဝန်၏နောက်မှ လိုက်သွားရသည်။ တိုင်း ပညာဝန်၏ ရုံးခန်းတွင် ထိုင်၍စောင့်နေရသည်။ တိုင်းပညာဝန်က ရုံးအုပ် စာရေးကြီးကိုခေါ်၍ သူ၏ ငွေစာရင်းမှ ချေးငွေစိုက်ထုတ်ပေးရန် ပြောလိုက် သည်။ မကြာမီမှာပင် လစာငွေ ၁၈၅ ကျပ်ကို ငြိမ်းချမ်းရရှိသည်။

ကိုယ့်လုပ်အားမှ ပထမဆုံးရရှိသည့် ငွေများကိုကြည့်ကာ ငြိမ်းချမ်း ပီတိဖြစ်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ အဆင်မပြေသည့်ကြားမှ သူကြီးသားနှင့် ကျောင်းဆရာ သမီးတို့ မေတ္တာမျှကြသည်။ မိဘနှစ်ဖက်လုံးက သဘောမတူ၊ လူငယ်နှစ်ဦး ထွက်ပြေးကြ၏။

တစ်ဦးတည်းသောသားကို မခွဲနိုင်၍ သူကြီးက ပြန်ခေါ်သည်။ သူကြီးနှင့် ကျောင်းဆရာမှာ မသင့်မြတ်သော်လည်း သားသမီးနှင့်စပ်၍ ဆွေမျိုးဖြစ်လာကြသည်။ သားလေးမွေးဖွားလာသောအခါ အဖေနှင့် အမေက အားလုံးငြိမ်းချမ်းစေချင်သည့်သဘောဖြင့် "ငြိမ်းချမ်း"ဟု အမည်ပေးကြသည်။

သို့ရာတွင် ငြိမ်းချမ်းကလေး မငြိမ်းချမ်းနိုင်ခဲ့ပါ။ အရင်းရှင်တို့၏ နယ်ချဲ့လောဘဇောကို အတောမသတ်နိုင်သောကြောင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်သည်။

တစ်ကမ္ဘာလုံး မီးဟုန်ဟုန်းတောက်၏။ မြန်မာနိုင်ငံတွင်းသို့ ဖက်ဆစ်ဂျပန်တို့ ဝင်ခဲ့ကြသည်။ မြို့ရွာအုပ်ချုပ်ရေး ပျက်ခဲ့ပြီ။ တောမီးလောင်လျှင် ဖောကြောင်တို့ လက်ခမောင်းခတ်ကြ၏။ ဗရုတ်ဗရက်ခေတ်ပျက်ကာလတွင် သူကြီးအိမ်ကို ဓားပြတို့ဝင်၍ ဒမြတိုက်ကြ၏။

သူကြီးအပေါ်တွင် ယခင်က ရန်ငြိုးရှိသူများပါလာ၍ ပစ္စည်းကို ယူယုံတင်မက တစ်အိမ်လုံးရှိသမျှ လူများကို သတ်ခဲ့ကြသည်။ အိပ်ရာထဲတွင် အဝတ်များနှင့် လုံးထွေး၍အိပ်ပျော်နေသော ငြိမ်းချမ်းကလေးတစ်ယောက်သာ ကျန်ရစ်ခဲ့၏။



အဖေကြီးဖြစ်သော ကျောင်းဆရာက ငြိမ်းချမ်းကလေးကို ယူ၍ မွေးခဲ့သည်။

ငြိမ်းချမ်းလေးမှာ မြေးပင်ဖြစ်သော်လည်း အဖေကြီးနှင့် အမေကြီးက သားလိုချစ်ကြသည်။

အဖေကြီးက ငြိမ်းချမ်းကလေးကို တစ်ဘက်မျိုးရိုးမှ သူကြီး၏ စိတ်ဓာတ်မျိုးမရှိစေချင်။ စိတ်ကောင်း စေတနာကောင်း ရှိစေချင်သည်။ သူတစ်ပါးအား ထောက်ထားညှာတာ၍ ကူညီတတ်စေချင်သည်။

မတရားမလုပ် မဟုတ်မခံဟူသော စိတ်ဓာတ်မျိုးရှိစေချင်သည်။ ထို့ကြောင့် ငြိမ်းချမ်းလေးငယ်စဉ်ကတည်းကပင် အဖေကြီးက သူ့စိတ်ဓာတ်များကို သွတ်သွင်းပေးခဲ့၏။

မြန်မာပြည်လွတ်လပ်ရေးရသောအခါ ငြိမ်းချမ်းကျောင်းနေသည့်အရွယ် ရောက်လာသည်။ အဖေကြီးက ငြိမ်းချမ်းကို ပညာကောင်းကောင်းတတ်စေချင်၏။

သို့ရာတွင် ငြိမ်းချမ်းတို့ စာသင်ကျောင်းလေးမှာ ငြိမ်းချမ်းစွာ ပညာသင်ကြားခွင့်မရပါ။ ငြိမ်းချမ်းတို့ရွာသို့ ရောင်စုံသူပုန်အမျိုးမျိုး ဝင်ရောက်လာကြသည်။

ရဲဘော်ဖြူ၊ ရဲဘော်ဝါ၊ အလံနီ၊ အလံဖြူ၊ ကွန်မြူနစ်တိ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်လာကြ၏။ အမည်သာ ကွာခြားသော်လည်း ဆက်ကြေးပေးရသည်မှာ တူသည်။ ထမင်းထုပ်ပေးရသည်မှာ တူသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တိုင်းပညာဝန်အား ကျေးဇူးတင်စကားပြောပြီးနောက် ရှိသေလေးစားစွာနှုတ်ဆက်၍ ငြိမ်းချမ်းထွက်လာခဲ့သည်။

တိုင်းပညာဝန်ရုံးပေါ်မှ ဆင်းလာသော ငြိမ်းချမ်း၏ ခြေလှမ်းများမှာ သွက်လက်ပေါ့ပါးနေသည်။

ငြိမ်းချမ်း မန္တလေးဈေးချိုသို့ သွားသည်။ အမေကြီးကြိုက်တတ်သော ဖရုံယိုနှင့်နာနတ်ယို တဝိသာစီဝယ်လိုက်သည်။ တဘက်တစ်ထည်ကိုလည်း ဝယ်သည်။ ဦးလေးအတွက် ဆေးတံကောင်းကောင်းတစ်ချောင်းနှင့် ဆေးမှုန့်ထုပ် သုံးထုပ်၊ ပုဆိုးတစ်ထည် ဝယ်သည်။ ငွေ ၁၃၀ ကျပ် ကျန်သေးသည်။ ငြိမ်းချမ်းစဥ့်ကိုင်ကားကိုစီးလျက် ပြန်ခဲ့၏။ စဥ့်ကိုင်ရောက်သောအခါ မြင်းလှည်းတစ်တန်၊ ခြေလျင်တစ်တန်ဖြင့် ခရီးဆက်ရ၏။ အမေကြီးနှင့် ဦးလေးတို့ နေထိုင်ရာ ဝန်းသိုရွာကလေးသို့ နေဝင်၍ မိုးချုပ်မှ ရောက်သွားသည်။

ဦးလေးနှင့် အမေကြီးမှာ ဝမ်းသာအားရ ဖြစ်နေကြသည်။

ဝယ်လာသည်များကို အမေကြီးနှင့် ဦးလေးရှေ့မှာ ချလိုက်၏။ အမေကြီးနှင့် ဦးလေးက ငြိမ်းချမ်း လုပ်သမျှကို ကြည့်နေကြသည်။ ငြိမ်းချမ်းက မြေကြီးမှာ ဆောင့်ကြောင့် ထိုင်၍ အမေကြီးနှင့် ဦးလေးကို ရိုသေစွာ ကန်တော့၏။ အမေကြီးနှင့် ဦးလေးက ဆုများ ပေးကြသည်။ ငြိမ်းချမ်းကျေးဇူးရှင်များကို ကျေးဇူး ဆပ်နိုင်ပြီ။ ငြိမ်းချမ်း၏ရင်ထဲတွင် ဝမ်းသာရလွန်း၏။ ကြည်နူးရလွန်း၏။ ငြိမ်းချမ်း၏ မျက်လုံးများတွင် မျက်ရည်များ လည်နေ၏။



ငြိမ်းချမ်းက သူ့အိတ်ထဲတွင် ကျန်နေသေးသည့်ငွေအားလုံးကို ထုတ်ယူပြီးနောက် အမေကြီးလက်သို့ ပေးလိုက်သည်။ ငြိမ်းချမ်း၏လက်မှား တုန်နေသလို အမေကြီး၏လက်များ တုန်နေကြ၏။

"ငါ့တူအတွက်လဲ ချန်ထားအုံးလေ၊ ဦးလေးတို့မှာ ဘာမှ သုံးစရာ မရှိပါဘူး"

ဦးလေးက သူ့အတွက် ဆေးတံကို တယုတယကိုင်ကြည့်နေရင်းမှ ပြောလိုက်သည်။

"ရော့၊ ရော့၊ လူလေး တစ်ရာပြန်ယူသွား။ အမေကြီးတို့ သုံးဆယ် ဆို တော်ပါပြီ"

"ကျွန်တော့်ကို ခြောက်ဆယ်ပဲ ပြန်ပေးပါ၊ ထမင်းလခက လေးဆယ် ပေးရမယ်၊ မုန့်ဖိုး နှစ်ဆယ်ဆို တော်ပါပြီ"

ငြိမ်းချမ်းက ငွေခြောက်ဆယ်ယူလျက် ကျန်ငွေကို အမေကြီးလက်သို့ ပြန်ပေးလိုက်သည်။

ဦးလေးကား ဆေးမှုန့်ထုပ်တစ်ထုပ်ကိုဖောက်၍ ဆေးတံအသစ်ထဲသို့ ထည့်ပြီးနောက် မီးညှိသောက်နေသည်။

ထိုနေ့ညဥ့်က တုဝရီး၊ မြေးအဘွား သုံးယောက်စကားလက်ဆုံပြော၍မကုန် ဖြစ်ကြသည်။ ငြိမ်းချမ်းက သူ၏အလုပ်မှ အတွေ့အကြုံများကို ပြန်ပြောပြ၏။ ငြိမ်းချမ်း ပြောသမျှကို အမေကြီးနှင့် ဦးလေးနားထောင်၍ မဝ ဖြစ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ညဉ့်နက်မှပင် ငြိမ်းချမ်းတို့ အိပ်ရာဝင်ကြသည်။ ငြိမ်းချမ်းသနေ့ အဖေကြီးကို သိပ်သတိရသည်။ ထိုနည်းတူပင် အမေကြီးနှင့် ဦးလေးတို့သည်လည်း သတိရကြလိမ့်မည်။ သို့ရာတွင် တစ်ယောက်ယောက်က စပြောလိုက်လျှင် စိတ်မကောင်းစရာဖြစ်မည်စိုး၍ မည်သူကမျှ မပြောဘဲနေကြခြင်း ဖြစ်သည်။

အိမ်ခေါင်းရင်းတွင်ရှိသည့် အဖေကြီး၏ဓာတ်ပုံကို ငြိမ်းချမ်းမှိုင်သေ စွာ ကန်တော့လိုက်သည်။

၁၁

# လုပ်အားအလှ ပေးလှူကြ

ကျောက်မီးအလယ်တန်းကျောင်းတွင် ကျောင်းသားနှင့်စာသော် ဆရာကနည်းနေသည်။ အလယ်တန်းကျောင်းသားများတစ်ယောက်ပြီး တစ်ယောက် တိုးလာနေသည်။

ငြိမ်းချမ်းက တစ်ယောက်တည်း၊ အလယ်တန်းက ၃ တန်းအတန်းစုံ၊ ဘာသာစုံကိုင်ရသောအခါ မနိုင်မနင်း ဖြစ်လာ၏။ ကျောင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ လစ်ဟင်းလာသည်။ တိုင်းပညာဝန်ထံ ဆရာတိုးပေးရန် ပြောသေးသည်။ တိုင်းပညာဝန်လည်း မတတ်နိုင်။ ရှေ့နှစ်ကျောင်းဖွင့်အမီတော့ ပို့ပေးပါမည်ဟူသော စကားဖြင့်သာ ဖြေသိမ့်လိုက်၏။

ထိုအချိန်တွင် ကျောက်မီးရွာသို့ ကိုလူအေးရောက်လာသည်။ ကိုလူအေးဆိုသည်မှာ ငြိမ်းချမ်း၏တက္ကသိုလ်ကျောင်းနေဘက် သူငယ်ချင်းဖြစ်သည်။ သူ့အမည်ရင်းမှာ တင်အေးမောင် ဖြစ်၏။ စာရေးဆရာ သိပ္ပံမောင်ဝ၏ဓာတ်လိုက် ကိုလူအေးကို သဘောကျ၍ သူ့ကိုယ်သူ ကိုလူအေးဟု အမည်ခံယူထားသည်။ ကျောင်းမှာ သူ့ကို သူငယ်ချင်းအားလုံးက ကိုလူအေးဟုသာ ခေါ်ကြသည်။ နာမည်ရင်းကိုပင် မေ့သလောက် ရှိနေပါး၏။ ကိုလူအေးသည် အမည်နှင့်လိုက်အောင် အေးသူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရင်းသဘောထားကောင်းသည်။ သူတဘက်သားကို အားနာတတ်သည်။ သူက ကူညီရမည်ဆိုလျှင်ကား စေတနာရက်ရော၍ ဖောဖောသီသီရှိ၏။ အကူအညီခံရသူများက ကျေးဇူးတင်စရာဟု အထင်မခံရအောင်ပင် ဖြစ်တတ်၏။ ကိုလူအေးကလည်း ကျေးဇူးတင်ခံချင်သူ မဟုတ်ပါ။

ကိုလူအေး ကျောက်မီးသွေးသို့ လာသည်မှာ ကျောင်းဆရာ လုပ်နေသော ငြိမ်းချမ်းကို ကြည့်ချင်၍ ဖြစ်သည်။ သူရောက်လာသည့် အချိန်ကလည်း နေ့လယ်ကျောင်းဆင်းကာနီးပြီ၊ သူငယ်ချင်းနှစ်ယောက် တွေ့ကြသောအခါ ဝမ်းသာအားရ ဖြစ်ကြ၏။ ငြိမ်းချမ်းက ကိုလူအေးကို ရုံးခန်းအတွင်းသို့ ခေါ်ခဲ့သည်။ အေးအေးဆေးဆေး သူ့အကြောင်း၊ ကိုယ့်အကြောင်း မေးကြ ပြောကြသည်။ ကိုလူအေးမှာ မိဘချမ်းသာ၍ ကျောင်းမှဘွဲ့ရပြီးသည့်တိုင်အောင် အစိုးရလခစား မလုပ်ခဲ့ပေ။ မိဘနှင့်အတူ မန္တလေးမြို့ပေါ်မှနေ၍ ပွဲရုံလုပ်ငန်းကို ကူညီလုပ်ကိုင်နေသည်။ သို့ရာတွင် သူ၏အကူအညီသည် သူ့မိဘအတွက် ထိရောက်လှသည်ကား မဟုတ်၊ မကူညီဘဲနေ၍လည်း ဘာမှ ပြဿနာမရှိပါ။

ထို့ကြောင့် ငြိမ်းချမ်း၏ကျောင်းမှာ ဆရာအခက်အခဲရှိသည်ကို သိရသောအခါ ကိုလူအေးက ဝမ်းသာအားရနှင့် သူ ကူညီမည့်အကြောင်း ပြောပြသည်။

ငြိမ်းချမ်းမှာ ချစ်သောသူငယ်ချင်းနှင့်အတူ နေရမည်ဖြစ်ရုံသာမက လုပ်အားပေး ဆရာကောင်းတစ်ယောက်ရ၍လည်း ဝမ်းသာ



အားရ ဖြစ်မိသည်။ ကိုလူအေးကိုလည်း ကျေးဇူးတင်ကြောင်း ဝမ်းသာကြောင်း အထပ်ထပ်အခါခါ ပြောမိသည်။

"ဟ–နေပါအုံးကွ၊ ပိုဝမ်းသာရမှာက ငါဟ၊ တကယ်တန်း ကျေးဇူးတင်ရမှာက ငါကွ၊ ဘာလို့တုန်းဆိုတော့ ငါက ဆရာအလုပ်ကို သိပ်ဝါသနာပါတာ၊ အိမ်နားက ကလေးတွေကို အလကားသင်ပေးပါမယ်လို့ခေါ်တာတောင် ဘယ်ကောင်မှ မလာကြဘူး၊ ဒီလို စာသင်ခန်းနဲ့ ဘာနဲ့သင်ရမယ်ဆိုတော့ သိပ်စတိုင်ကျတာပေါ့မောင်ရ၊ မနက်ဖြန့်ကာကစပြီး ငါလာမယ်၊ ဘယ်အတန်းမှာ ဘာသင်ရမယ်ဆိုတာသာ ပြောလိုက်၊ ညဥ့်ကတည်းက ပြင်ထားရမယ်၊ ဒီနေ့လဲ ငါ့ကိုကျောင်းသားတွေ နဲ့ မိတ်ဆက်ပေးလိုက်ပါအုံး၊ သိပ်ဟန်ကျတာပဲကွာ၊ ငါ မင်းဆီလာမိတာ တကယ်မှန်သွားတယ်"

ကိုလူအေးမှာ သူ့ထုံးစံအတိုင်းပင် သူကူညီရမည်ကို ဖောဖောသီသီ လုပ်ပစ်နေ၏။

"နေအုံး သူငယ်ချင်း၊ လုပ်အားပေးဆိုပြီး မင်း ပေါ့ပေါ့လုပ်လို့တော့ မရဘူးနော်၊ လာချင်လာ၊ မလာချင်နေ မရဘူး။ ငါက မင်းလုပ်အားပေးမယ့်အကြောင်း တိုင်းပညာဝန်ဆီ လျှောက်လွှာတင်ရမှာ၊ မင်းက ငါတို့ ဆရာ၊ ဆရာမတွေလိုပဲ နေ့စဉ် ကျောင်းတက်၊ ကျောင်းဆင်း လက်မှတ်ထိုးရမှာ"

"အောင်မယ်လေးကွာ၊ ငြိမ်းချမ်းရာ၊ ငါ သိပါတယ်ကွ၊ ဒီမယ် ငါ တရက်ပျက်ရင် မင်းကျောင်းက ထုတ်ပစ်လိုက်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ဟ-ကောင်ကြီးရ၊ ငါက ထုတ်ပစ်တော့ မင်းက လစာနဲ့ ခန့်တာမှ မဟုတ်တာ၊ ဘာနစ်နာမှာလဲကွ"

ငြိမ်းချမ်းက ပြောကာ ရယ်သည်။

"ဟေ့ကောင် ငြိမ်းချမ်း၊ မင်းကလဲကွာ ငါ့အကြောင်း မသိတာကျနေတာပဲ၊ မင်းက ကျောင်းထုတ်ပစ်ရင် ငါနစ်နာတာပေါ့ဟ၊ ငါက သိပ်ကို စာသင်ချင်နေတာကွ"

သူငယ်ချင်းနှစ်ယောက် ရယ်ကြသည်။ ငြိမ်းချမ်းက လက်မှနာရီကိုကြည့်လိုက်ရာ နေ့လည်ကျောင်းဆင်းချိန်ရောက်နေ၍ ခေါင်းလောင်းကိုဆွဲယူပြီးနောက် တီးလိုက်သည်။

ကိုလှူအေးသည် ခေါင်းလောင်းတီးနေသော ငြိမ်းချမ်းကိုကြည့်၍ တပြုံးပြုံးနှင့် သဘောကျနေသည်။

"ဟေ့ကောင်ကြီး ဘာပြုံးနေတာလဲကွ"

ငြိမ်းချမ်း မလုံမလဲ မေးမိသည်။

"မင်းခေါင်းလောင်း တီးနေတာကိုကြည့်ရတာ ငါ သိပ်သဘောကျတာပဲကွ၊ မင်းက တကယ်အစစ်တီးနေတာကွ"

"ဟ-၊ ဟေ့ကောင်၊ မင်းပြောလိုက်မှဖြင့် အဆန်းချည်းပဲ။ ဘယ်ကောင်က အတုတီးလို့လဲကွ"

"အိုကွာ၊ ရုပ်ပုံထဲမှာ ကျောင်းဆရာ ခေါင်းလောင်းတီးတာက တကယ်အစစ်မဟုတ်ဘူးကွ၊ မင်းခေါင်းလောင်း တီးတာကိုကြည့်ရတာမှ အစစ်တီးနေတာကို မြင်ရတာကွ"



ကိုလှူအေးနှင့်တွေ့မှ ငြိမ်းချမ်းရယ်၍ချည်း နေရသည်။ ကိုလှူအေးကရယ်နေသော ငြိမ်းချမ်းကိုကြည့်ရင်း ဆက်ပြောနေပြန်သည်။

"အဟုတ်ပါ သူငယ်ချင်းရာ၊ ငါမင်းကို သိပ်အားကျတာပဲ၊ မင်းက မင်းတတ်တဲ့ပညာနဲ့ တိုင်းပြည်တာဝန်ကို တကယ်ထမ်းနေပြီကွ၊ ငါ့ကို တိုင်းပြည်က သင်ပေးထားတဲ့ ပညာတွေကတော့ အလကားပဲ၊ ငါ့မိဘကကွာ ငါ့ကို အဝေးခွဲသွားရမှာစိုးလို့တဲ့ ဘာအလုပ်မှ မလျှောက်ရဘူး။

"ဟာကောင်ရ၊ မင်းလဲအခု မင်းပညာနဲ့ တိုင်းပြည်ကို အလုပ်အကျွေးပြုတော့မှာပါကွ၊ လုပ်အားပေး စေတနာဆရာဆိုတော့ ပိုတောင်မွန်မြတ်သေးတယ်"

"အေး အေး ဟုတ်တယ်၊ ငါကြိုးစားမယ်ကွာ၊ ငါ သိပ်ဝမ်းသာပဲ"

"ဟေ့ ကိုလှူအေး နေအုံးကွ၊ ဟိုမှာဆရာ ဆရာမတွေ လာကြပြီ၊ တို့နှစ်ယောက်က ဒီလိုပဲ မင်းနဲ့ငါနဲ့ ပြောကြမှာလား၊ တော်ကြာကျောင်းသားတွေရှေ့မှာ တို့နှစ်ယောက် ရယ်စရာဖြစ်နေလိမ့်မယ်"

"အေး ဟုတ်တယ်ကွ၊ ဆရာဖြစ်တော့ ဆရာလိုပေါ့၊ ကိုးဘုတ်ရှိသေ၊ ဘုတ်ကျိုးရှိသေတဲ့၊ ခင်ဗျားနဲ့ ကျွန်တော်နဲ့ ပြောရအောင်ကွာ ဟုတ်လား၊ ဟား ဟား ဟား ပျော်စရာကြီး"

ထိုအချိန်မှာပင် ဆရာ ဆရာမများ ရောက်လာကြသည်။ ငြိမ်းချမ်း က ကိုလှူအေးကို ဆရာ ဆရာမများနှင့် မိတ်ဆက်ပေးသည်။ လုပ်အား ပေးမည့် ဆရာဆို၍ အားလုံးဝမ်းသာအားရ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုံးခန်းထဲမှာပင် ထမင်းချိုင့်များကို စုပေါင်း၍ စားကြသောအခါ ကိုလူအေးကိုလည်း ချိုင့်တစ်ခုဖြင့် ခွဲပေးကြသည်။

ကိုလူအေးမှာ ချက်ချင်းပင် ဆရာတစ်ယောက်အဖြစ်နှင့် ပူးပေါင်း ပါဝင်ခွင့်ရ၍ ဝမ်းသာကုန်ဟ်ယူနေ၏။ ထမင်းကိုလည်း အားရပါးရ စားနေသည်။ ငြိမ်းချမ်းက ကိုလူအေး၏ချိုင့်တွင် ထမင်းထပ်ဖြည့် ပေးလိုက်သည်။

"စားရတာ ပျော်စရာကောင်းလိုက်တာ သိပ်မြိန်တာပဲ၊ မနက်ဖြန် ကျရင် ငါလဲ အေးလေ ကျွန်ုပ်ပေါ်လဲ ထမင်းထုပ်ခဲ့အုံးမယ်"

"ကိုလူအေး၏စကားကြောင့် ဦးလှမင်းနှင့် ဆရာမများက ပြုံး ကြသည်။ ငြိမ်းချမ်းမှာ ရယ်ချင်စိတ်ကို မနည်းချုပ်ထိန်းထားရသည်။

"ကိုလူအေး ထမင်းထုပ်ခဲ့ဖို့ မလိုပါဘူး။ ကျွန်တော် ဒီနေ့ည ရွာလူကြီးတွေနဲ့ ပြောပါ့မယ်။ ကျွန်တော် အခုထမင်းလခပေးစားတဲ့ အိမ်ကပဲ မနက်စာကို နှစ်ယောက်အတွက် ထည့်ပေးပါဆိုရင် တစ်လမှ နှစ်ဆယ်ပဲ ကျပါ့မယ်။ ရွာလူကြီးတွေက မပေးနိုင်ရင်လဲ ကျွန်တော်တို့ မိဘဆရာအသင်းရံပုံငွေထဲကပေးရင် ရပါတယ်၊ ဒါဟာ လုပ်အားပေးတဲ့ ဆရာအတွက် ပေးတာပဲ"

"ဟာ၊ မလုပ်ပါနဲ့ သူငယ်ချင်းရာ၊ ငါ့ဟာငါ၊ အေးလေ ကျွန်တော့် ဟာ ကျွန်တော်၊ ဟာကွာ ငြိမ်းချမ်း ငါမပြောတတ်ဘူး၊ အရင်ကလိုပဲ ပြောတော့မယ်"

ကိုလူအေးစကားကြောင့် ကိုလှမင်းနှင့် ဆရာမများ မချုပ်ထိန်း



နိုင်ဘဲ တအားရယ်ကြသည်။ ငြိမ်းချမ်းလည်း ရယ်မိသည်။

"မင်းပြောချင်သလို ပြောကွာ"

"အေးပါကွာ အဲဒီလို လုပ်စမ်းပါ၊ ကျောင်းသားတွေရှေ့ကျရင် တော့ ငါသတိထားပါ့မယ်၊ နေအုံးကွာ ခုနစကားဆက်အုံးမယ်၊ ငါ့ဘာသာ ငါ ထမင်းထုပ်ခဲ့မယ်ကွာ"

ရွာကို ဒုက္ခပေးတာ မဟုတ်ပါဘူးကွာ၊ တို့ရွာ တို့ကျောင်းမှာ ကူညီတဲ့ဆရာကို တို့ကလဲ သိတတ်ရမှာပေါ့ကွ၊ နောက် ပြီး မင်းအနေနဲ့ ထမင်းထုပ်လာနိုင်တာကိုချည်း မတွက်နဲ့၊ နောက် လုပ်အားပေးမယ့် ဆရာတွေအတွက်ပါ စဉ်းစားရမယ်၊ ဆံထုံးထုံးရ၊ ဆီစိုက်ရဆိုရင် ဘယ်ကောင်းပါ့မလဲကွ"

"အေးပါကွာ၊ အေးပါ၊ ဟုတ်ပါပြီ"

ကိုလူအေးက သဘောတူလိုက်သည်။

"နောက်တစ်ခုကတော့ မင်းကျောင်းသွား ကျောင်းပြန် အမှတ် ဆယ့်တစ်လိုင်းကားစီးတဲ့အခါ ကားခပေးစရာမလိုဘူး"

"ဟ သူတို့ကတောင်းရင် ငါက မပေးလို့ ဖြစ်မလားကွ"

ဆရာမများ ရယ်ကြပြန်သည်။

"သူတို့က ဒီကျောင်းက ဆရာဆိုရင် ဘယ်သူ့မှ ကားခမယူဘူး မင်းကိုလဲ လုပ်အားပေးဆရာဖြစ်ကြောင်း လိုင်းဥက္ကဋ္ဌကို ငါပြောထား မယ်။ လိုင်းဥက္ကဋ္ဌက မင်းအတွက် စီးခွင့်လက်မှတ်လုပ်ပေးလိမ့်မယ်"

"ဟ တယ်နိုပ်ပါလားကွ"

www.burmeseclassic.com

www.burmeseclassic.com



ဦးလှမင်းနှင့် ဆရာများမှာ ကိုလှအေး စကားပြောလိုက်တိုင်း ရယ်၍ချည်း နေကြရသည်။ ကိုလှအေး၏ ပြောဟန်နှင့် လေသံကိုကပင် ရယ်စရာကောင်းနေသည်။

"ဒီထက်နိပ်တာ ရှိသေးတယ်"

"ဘာလဲကွ"

"ကျောက်မီးရွာမှာရှိတဲ့ လက်ဖက်ရည်ဆိုင်၊ မုန့်တီဆိုင်၊ ဘယ်ဆိုင် ဝင်စားစား ဒီကျောင်းက ဆရာဆိုရင် ပိုက်ဆံမယူဘူး"

"ဟာ တယ်ဟုတ်ပါလားကွာ၊ ငါဒီကျောင်းမှာ မင်းက ထုတ်မပစ်မချင်း လုပ်အားပေးတော့မယ်"

ငြိမ်းချမ်းတို့ ရယ်ကြပြန်သည်။ ထမင်းတဝိုင်းအတူစားရုံနှင့်ပင် ရင်းသားသော ကိုလှအေးအား ဆရာဆရာမများက ခင်မင်ရင်းနှီးသွားကြသည်။ ထမင်းစားပြီး၍ ခဏအကြာတွင် နို့ဆီရုံမှ လက်ဖက်ရည် တအိုးလာပို့သည်။

"ဟေ့မြင့်အောင်ရေ၊ ဟောဒီမှာ ဆရာသစ်ရောက်နေလို့ကွာ၊ နို့ဆီတပန်းကန်လောက် ယူခဲ့ပါအုံး"

ငြိမ်းချမ်းက လက်ဖက်ရည်လာပို့သော ကျောင်းသားကလေးကို ပြောလိုက်သည်။

"တယ်ပိုင်ပါလား သူငယ်ချင်းရာ"

ကိုလှအေး အံ့ဩစရာတွေချည်း ဖြစ်နေသည်။

"ကဲ ရော့သူငယ်ချင်းသောက်၊ ပြီးမှ နို့ဆီစား၊ ဒီမှာကတော့



ဆရာဆိုတာကို သိပ်လေးစားကြတယ်၊ ခြံထွက် သီးနှံတွေဆိုတာ ဆီးသီး၊ သံပရာသီး၊ ရှောက်သီး၊ ငွေးသီး၊ သခွါးသီး ယူယူလာကြလွန်းလို့ ဘယ်သူ့မှ ယူမလာကြနဲ့၊ ဆရာတွေက လိုချင်လို့တောင်းမှ ယူခဲ့လို့ အမိန့်ထုတ်ထားရတယ်"

"အေးကွာ၊ ဒါကြောင့်မို့ ကျောင်းဆရာအလုပ်ဟာ တကယ် ကြည်နူးစရာကောင်းတယ်လို့ ပြောကြတာ"

"အေး ဒါပေမယ့် တစ်ခုတော့ရှိတယ် သူငယ်ချင်း၊ အဲဒီလို သူတို့ ကြည်ညိုလေးစားကြတာနဲ့ ထိုက်တန်အောင် ငါတို့က ဆရာ့သိက္ခာ နဲ့ညီဖို့၊ စေတနာအပြည့်ရှိဖို့ လိုတယ်"

ငြိမ်းချမ်းက ကိုလှအေးနှင့်တကွ မိမိအပါအဝင် အားလုံးအတွက် သတိပေးလိုက်သည်။

ကိုလှအေးက ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံနေ၏။ ထိုအချိန်တွင် မြင့်အောင်က ပန်းကန်နှစ်လုံးကို စားပွဲပေါ်သို့ လာတင်သည်။

"ဒါကနို့ဆီ၊ ဒါက နို့ဆီချိုး ဆရာကြီး"

"အေးအေး ကျေးဇူးတင်ပါတယ်ကွာ"

"ကဲ ကြိုက်တာစား သူငယ်ချင်း၊ ချိုးကတော့ ပိုကောင်းတယ်"

ကိုလှအေးက နို့ဆီပန်းကန်နှစ်ခုကို လှမ်းယူပြီးလျှင် ပန်းကန် တစ်ခုကို ဆရာမများရှေ့သို့ တိုးပေးလိုက်သည်။

"ဆရာမတို့ စားကြပါ၊ ဆရာဦးလှမင်းစားပါ"

"တော်ပြီဆရာ၊ ဆရာပဲစား၊ ကျွန်တော်တို့က စားရလွန်းလို့

www.burmeseclassic.com

www.burmeseclassic.com



အိပ်နေပြီ၊ နို့ဆီရုံတွေက ခဏခဏပို့လို့ နောက်ကို စားချင်မှ တောင်းပါ့မယ်၊ လာမပို့ကြပါနဲ့လို့ ဆရာဦးငြိမ်းချမ်းက ပြောထားရတယ်"

ကိုလူအေးက ငြိမ်းချမ်းကို လှမ်းကြည့်သည်။ သူ့ပါးစပ်က ဘာမှမပြောသော်လည်း သူ့မျက်နှာ၊ သူ့မျက်လုံးများက 'တယ်ပိုင်တဲ့ ကောင်ပဲ'ဟု ပြောနေသည်။

ကျောင်းပြန်တက်သောအခါမှာ ငြိမ်းချမ်းက ကိုလူအေးကို ၅ တန်း၊ ၆ တန်း၊ ၇ တန်းများသို့ခေါ်သွား၍ လုပ်အားပေးမည့် ဆရာအသစ်ဖြစ်ကြောင်း၊ ကျောင်းသားများနှင့် မိတ်ဆက်ပေးသည်။ နောက်တစ်နေ့မှစ၍ ကိုလူအေးသည် ၅ တန်း၊ ၆ တန်း၊ ၇ တန်း တို့တွင် မြန်မာစာနှင့် သမိုင်းကို သင်ကြားပို့ချသည်။ ကိုလူအေးအချိန်တွင် ကျောင်းသားများ တဝါးဝါးနှင့် ပွဲကျနေတတ်သည်။ အသင်အပြကောင်း၍လည်း ကျောင်းသားများ သဘောကျ၏။ ရက်အနည်းငယ်အတွင်းမှာပင် ကိုလူအေးကို ကျောင်းသူကျောင်းသားများက ချစ်ခင်သွားကြသည်။

ကိုလူအေး၏ လုပ်အားပေးအောင်မြင်မှုကို အားကျ၍ နောက်ထပ်လုပ်အားပေး ဆရာ ဆရာမ သုံးယောက်တိုးလာသည်။ နှစ်ယောက်မှာ ကျောက်မီးရွာထဲမှ ဆယ်တန်းကျထားသူများနှင့် တံတိုင်းရှည်ရွာမှ ၁၀ တန်း (ခ)ဖြင့် အောင်ထားသော လူငယ်တစ်ယောက်ဖြစ်သည်။

လုပ်အားပေး ဆရာ ဆရာမများ၏ အကူအညီကြောင့် ကျောက်မီးကျောင်း၏ ပညာသင်ကြားမှုမှာ ပိုမိုအောင်မြင်လာ၏။

မိန်းကလေးဆရာမနှစ်ယောက်က မူလတန်းကျောင်းများတွင်



သင်ကြသည်။ ကလေးများနှင့်အတူ ကစားခြင်း ကဗျာသင်ပေးခြင်းကြောင့် ကလေးများ ပိုပျော်ကြသည်။ ဆရာမကြီး ဒေါ်သိန်းရီပင်လျှင် လုပ်အားပေး ဆရာမကလေးများ၏ တက်ကြွမှုကိုကြည့်၍ ရက်လာဟန်တူသည်။ ယခင်ကကဲ့သို့ အိပ်ခြင်း အနင်းအနှိပ်ခံခြင်း မပြုဖြစ်တော့ပေ။ သူ့တာဝန်နှင့်သူ ကျေပွန်အောင် ကြိုးစားလာသည်။

လုပ်အားပေး ဆရာများ၏ အကူအညီကြောင့် ငြိမ်းချမ်းမှာ ကျောင်း၏ စီမံခန့်ခွဲမှုကိစ္စများကို ပိုမိုလုပ်ဆောင်လာနိုင်သည်။ ကျောင်းသားနှင့်ဆရာ နိုင်နိုင်နင်းနင်းရှိသောကြောင့် ကျောင်းသားများ စည်းကမ်းကောင်းလာကြသည်။

ငြိမ်းချမ်းသည် ကိုလူအေးနှင့်တကွ လုပ်အားပေးဆရာ ဆရာမလေးများကို ကျေးဇူးတင်၍မဆုံး ဖြစ်မိ၏။ ၁၀ တန်း ဆက်ဖြေမည့် လုပ်အားပေး ဆရာ ဆရာမလေးများကို ငြိမ်းချမ်းက ကျောင်းပိတ်ရက်များနှင့် အားလပ်ချိန်များတွင် အင်္ဂလိပ်စာနှင့် လိုအပ်သော ဘာသာများကို သင်ကြားပေးသည်။ ထို့ကြောင့် ဆရာ ဆရာမလေးများမှာလည်း ဝမ်းသာနေကြသည်။ ကိုလူအေးကား နံနက်စာ ထမင်းစားရသည်နှင့် မော်တော်ကား၊ အလကားစီးရသည်ကိုပင် ဂုဏ်ယူမဆုံး ဖြစ်နေ၏။ ကျောင်းသားများက သူ့ကို ချစ်ခင်ကြသည့်အတွက်လည်း ပျော်ရွှင်မဆုံးဖြစ်နေ၏။ သူတတ်ထားသည့် ပညာများမှာ အလကားမဖြစ်။ အများအကျိုးဖြစ်၍လည်း ဝမ်းသာမဆုံးဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

# ၁၂

## ကျူရှင်ခ

တညနေတွင် ငြိမ်းချမ်းထံသို့ ကျောင်းသားမိဘသုံးဦးရောက်လာကြသည်။ နှစ်ယောက်မှာ လိုင်းကားပိုင်ရှင်များ ဖြစ်ကြ၍ တစ်ယောက်မှာ နို့ဆီရုံပိုင်ရှင်ဖြစ်သည်။

သူတို့ကလေးများ အင်္ဂလိပ်စာညံ့၍ ညနေပိုင်းတွင် အင်္ဂလိပ်စာ ကျူရှင်ပေးပါရန် အကူအညီတောင်းကြခြင်း ဖြစ်သည်။ ကလေးတစ်ယောက်အတွက် ငါးကျပ်ပေးမည်။ ကလေးဆယ်ယောက်ရှိမည်ဟု ပြောကြသည်။ ငြိမ်းချမ်းအတွက် တလငါးဆယ် အပိုရမည်။ အနည်းဆုံးထမင်းလခ ကျေမည်။ ကျောင်းသား ပိုများလာလျှင် တစ်လ တစ်ရာကျော်၊ နှစ်ရာပင် ရနိုင်သည်။ သို့ရာတွင် ကျောင်းဆရာတစ်ယောက်မှာ ကျူရှင်ပြခွင့်မရှိ။ ဤစည်းကမ်းကို မိဘများက မသိ။ ငြိမ်းချမ်းက ပြောပြလျှင်လည်း မသင်ချင်ဟု ထင်ဦးမည်။



"တောရွာပဲ ဆရာရယ်၊ ဘယ်သူမှ လာမစစ်ပါဘူး"ဟု အကြောင်းပြ၍ အတင်းတိုက်တွန်းကြဦးမည်။ အမှန်ပင် ကလေးများ အင်္ဂလိပ်စာညံ့သည်ကို ငြိမ်းချမ်းသိသည်။ အပိုသင်ပေးလျှင် ကလေးများ တော်လာကြမည်။ အခြေခံမှစ၍ စနစ်တကျ သင်ပေးရန်လိုသည်။

ငြိမ်းချမ်းက နောက်နေ့မှစ၍ သင်ပေးမည်ဖြစ်ကြောင်းကတိပြုလိုက်သည်။ မိဘများ ဝမ်းသားအားရဖြင့် ပြန်သွားကြသည်။

နောက်တစ်နေ့တွင် ငြိမ်းချမ်းက ၇ တန်း ကျောင်းသားများအား အင်္ဂလိပ်စာ အပိုသင်လိုသူ လက်ညှိုးထောင်ရန် ပြောလိုက်သည်။ ကျောင်းသား ခြောက်ယောက်ရှိသည့်အနက် ခြောက်ယောက်လုံးပင် လက်ညှိုးထောင်ကြသည်။ ချမ်းသာသူရော၊ ဆင်းရဲသူပါ သင်ချင်ရှာကြသည်။

ခြောက်တန်းကျောင်းသားများကို အင်္ဂလိပ်စာ အပိုသင်လိုသူ လက်ညှိုးထောင်ရန် ငြိမ်းချမ်းက ပြောပြန်သည်။ ကျောင်းသားခုနစ်ယောက်လုံးပင် လက်ညှိုးထောင်ကြသည်။ မသင်ချင်သူ၊ မတက်ချင်သူ တစ်ယောက်မှ မရှိ။ ငြိမ်းချမ်း ဝမ်းသာမိ၏။

ညနေကျောင်းဆင်းချိန်တွင် အင်္ဂလိပ်စာအပိုသင်လိုသူများ အားလုံးကို ငြိမ်းချမ်းက အတန်းတစ်ခုထဲမှာ စုပေါင်းလိုက်သည်။ အားလုံး ၂၅ ယောက် ရှိကြသည်။ အလယ်တန်းကျောင်းသားအရေအတွက် ရှိသမျှအားလုံးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ မင်းတို့အားလုံး အင်္ဂလိပ်စာ အပိုသင်ချင်ရင် ညနေကျောင်းဆင်းတိုင်း သုံးနာရီက လေးနာရီအထိ ဆရာနေ့တိုင်း သင်ပေးမယ်။ အခြေခံကစပြီး စနစ်တကျ သင်ပေးမယ်။ အင်္ဂလိပ်စာ ကျူရှင်ပေါ့ကွာ။ မင်းတို့က ဆရာ့ကို ကျူရှင်ခတော့ ပေးရမယ်"

ငြိမ်းချမ်းက ကျောင်းသားများကို အကဲခတ်လိုက်သည်။ ငွေကြေး ချောင်လည်သော ကလေးများက မည်သို့မှမဖြစ်ကြသော်လည်း ဆင်းရဲ သောကလေးများ မျက်နှာပျက်သွားကြသည်။ ငြိမ်းချမ်းက ဆက်ပြော သည်။

"ဒါပေမယ့် ကျူရှင်ခက ပိုက်ဆံတော့ မဟုတ်ဘူး၊ ဆရာပေးတဲ့လေ့ကျင့်ခန်းတွေကို အကောင်းဆုံးဖြစ်အောင် ကျက်ပါ့မယ်၊ ဆရာကျက်ခိုင်းတဲ့ စာတွေကို နေ့စဉ်ရအောင် ကျက်ပါ့မယ်၊ အစွမ်းကုန်ကြိုးစားပါ့မယ်ဆိုတဲ့ ကတိပဲ။ အဲဒီကျူရှင်ခကို မင်းတို့နေ့စဉ် မှန်မှန်ပေးနိုင်ပါ့မလား"

"ပေးနိုင်ပါတယ် ဆရာ"

ကျောင်းသားအားလုံးက ဝမ်းသာအားရ ဖြေကြသည်။

"အေး ပေးနိုင်ရင် သင်ပေးမယ်၊ ကျူရှင်ခ မှန်မှန်မပေးနိုင်တဲ့လူ ဆက်မတက်ရဘူး၊ မင်းတို့ ကျေနပ်ရဲ့လား"

"ကျေနပ်ပါတယ် ဆရာ"

ထိုနေ့မှစ၍ ငြိမ်းချမ်းသည် ညနေတိုင်း ကျောင်းဆင်းချိန်တွင် အင်္ဂလိပ်စာကို အချိန်ပိုသင်ပေးသည်။ ကျောင်းသားများမှာ ဆရာ့



စေတနာကိုနားလည်၍ အစွမ်းကုန်ကြိုးစားကြသည်။ အားလုံးအင်္ဂလိပ်စာ တော်လာကြသည်။ ငြိမ်းချမ်း ဝမ်းသာကြည်နူးရသည်။ ဤသည်ပင်လျှင် သူ့အတွက် အကောင်းဆုံးကျူရှင်ခ ရခြင်းပင် ဖြစ်၏။

အကယ်၍ ငွေဖြင့် ကြေးဖြင့်ဆိုလျှင် ချမ်းသာသော ကလေးများသာ သင်နိုင်ကြမည်။ ဆင်းရဲသော ကလေးများ မျက်နှာငယ်ကြမည်။ စိတ်အားငယ်သွားကြမည်။ ဉာဏ်ကောင်းပါလျက်၊ ကြိုးစားချင်ပါလျက် အခွင့်မသာ ဖြစ်ကြမည်။ ချမ်းသာသော ကလေးများသာ စာပိုတော်ခွင့်ရရှိကြမည်။ "စေတနာကွက်ကျား၍ ဆင်းရဲသားကလေးတွေ နင်တို့သာကျပေတော့"ဟု ငြိမ်းချမ်းမလုပ်ရက်၊ ငြိမ်းချမ်း အသပြာဆရာမဖြစ်ချင်၊ စေတနာဆရာသာ ဖြစ်ချင်သည်။ တပည့်များအားလုံးကို တူညီစွာ စေတနာထား၍ တပည့်အားလုံး၏ ချစ်ခင်လေးစားမှုကို ရချင်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၃

# အသင်းလေးသင်း

ကျောက်မီးရှာအလယ်တန်းကျောင်း၏ ရှေ့မျက်နှာစာ နံရံပေါ်တွင်–

''အမျိုးသားစည်းကမ်းအစ၊ စာသင်ကျောင်းက''

''ရိုးရိုးနှင့်ယဉ်ယဉ်၊ တို့ဝတ်စားဆင်ယင်''

''ကျောင်းမှန်မှန်တက်၊ စာမခက်''

ဟူသော ဆောင်ပုဒ်များကို စာလုံးကြီးများဖြင့် ထင်ရှားစွာ ရေးထားသည်။

ကျောင်းရှေ့တွင် အလံတိုင်ရှိသည်။ အလံတိုင်ထိပ်တွင် ပြည်ထောင်စုအလံမှာ တလွင့်လွင့်ဝင့်ကြွားနေ၏။ ပြည်ထောင်စုအလံ၏အောက်က အနည်းငယ်နိမ့်လျက် ဘေးတဘက်တချက်တွင် ရောင်စုံအလံလေးများ ရှိသည်။ ကျောင်းမှာ ဖွဲ့စည်းထားသည့် အသင်းလေးသင်းကို ကိုယ်စားပြုထားသော အလံလေးများ ဖြစ်ကြသည်။ အဝါ-



ရောင်အလံမှာ ကျွန်စစ်သားအသင်း၊ အစိမ်းရောင်အလံမှာ ဘုရင့်နောင်အသင်း၊ အနီရောင်အလံမှာ အလောင်းဘုရားအသင်း၊ အပြာရောင်အလံမှာ ဗန္ဓုလအသင်း အသီးသီး ကိုယ်စားပြု၏။ ထိုအလံလေးခု၏ တဘက်တွင် တခုတည်း လေမှာလွင့်နေသော အလံလေးသည် တနေ့တာအတွက် တာဝန်ကျအသင်း၏ အလံဖြစ်သည်။

ကျောက်မီးကျောင်းတွင် ရေလောင်း၊ အမှိုက်လှည်းစသော အလုပ်သမားများ မရှိကြပါ။ တာဝန်ကျအသင်းမှ ကျောင်းသူကျောင်းသားများသည် နံနက်စောစော ကျောင်းလာ၍ သောက်ရေခပ်ကြသည်။ ကျောင်းဝင်းအတွင်း၊ ကျောင်းအတွင်း သန့်ရှင်းရေး လုပ်ကြသည်။ ကျောင်းတံခါးပေါက်များ ဖွင့်ကြသည်။ တနေ့တာအတွင်း ကျောင်း၏လုပ်စရာ လိုအပ်သည်များကို တာဝန်ယူဆောင်ရွက်ကြရသည်။ ညနေကျောင်းဆင်းပြီး၍ ကျောင်းတံခါးများပိတ်၊ အလံချပြီးမှ တနေ့တာ တာဝန်ကုန်ဆုံး၏။

ကျောင်းသားတိုင်းသည် အသင်းတစ်ခုခုမှာ ပါဝင်နေသည်။

ကျောင်းသားတိုင်း ကိုယ့်အသင်းအလံ အောက်မကျရေး ထိပ်ဆုံးမှာ ရောက်နေရေးအတွက် ကြိုးစားကြရသည်။ တာဝန်ကျေသော ကျောင်းသားအတွက် အမှတ်ရသလို တာဝန်မကျေသော ကျောင်းသားအတွက် အမှတ်လျှော့ခံရသည်။

ဆရာ ဆရာမများတွင် မှတ်တမ်းစာအုပ် ကိုယ်စီရှိသည်။ နေ့စဉ် အမှတ်ပေးနေကြ၏။ အတန်းတိုင်းတွင် နေ့စဉ်သင်ကြားရသော

www.burmeseclassic.com

www.burmeseclassic.com



ဘာသာရပ်များအတွက် အိမ်စာရှိသည်။ နောက်တနေ့တွင် သင်ခန်းစာအသစ် မစမီ ထိုအိမ်စာများကို စစ်ဆေးသည်။ အသင်းလေးသင်း အပြိုင်ဖြေကြရသည်။ ရမှတ်များကို ဆရာဆရာမတို့က မှတ်တမ်းစာအုပ်တွင် ရေးသွင်းကြသည်။ ပြီးမှ သင်ခန်းစာအသစ် သင်သည်။ အတန်းတိုင်းမှ ဘာသာရပ်တိုင်းတွင်ရသော အသင်းလိုက်အမှတ်များကို ဆရာ ဆရာမများက စုရုံးပေါင်းကြသည်။ အားကစားအတွက် ရမှတ်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းမှ ရမှတ်များ၊ ကောင်းသော စံနမူနာပြုဖြစ်သည့် ကျောင်းသူ၊ ကျောင်းသား များအတွက် ရမှတ်များကို ထပ်၍ပေါင်းသည်။ အပြစ်ကျူးလွန်သော ကျောင်းသူကျောင်းသားများအတွက် လျော့မှတ်များကို နုတ်သည်။

နောက်တနေ့တွင် အမှတ်အနည်းအများအလိုက် အသင်း၏အလံများကို လွှင့်ထူသည်။ အမှတ်အများဆုံးရသော အသင်း၏အလံမှာ ထိပ်ဆုံးတွင် ရောက်နေလျက်၊ အမှတ်အနည်းဆုံးဖြစ်သော အသင်း၏အလံမှာ အောက်ဆုံးတွင် နေရသည်။

ကျောင်းသားများမှာ တသင်းနှင့်တသင်း သူ့ထက်ငါ နိုင်အောင် ပြိုင်ကြသည်။ ကိုယ့်အတွက်သာမက ကိုယ့်အသင်းအတွက်ပါ စာကျက်ရသည်။ လေ့ကျင့်ခန်းမှန်အောင် လုပ်ရသည်။ အားကစားထူးချွန်အောင် ကြိုးစားရသည်။ ဖွံ့ဖြိုးရေးအချိန်တွင် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ရသည်။ ပစ္စည်းကောက်ရလျှင် ဆရာဆရာမများထံ သွားအပ်ကြသည်။ ကျောင်းအချိန်မီအောင် လာကြသည်။ ကျောင်းပျက်ရက်



မရှိအောင် ကြိုးစားကြသည်။ ကျောင်းမှ သတ်မှတ်ထားသော စည်းကမ်းများကိုလိုက်နာကြသည်။ ကိုယ့်နေရာ ကိုယ့်အခန်း သန့်ရှင်းနေအောင် လှည်းကျင်းထားကြသည်။

ကျောင်းတွင်း၊ ကျောင်းပြင်ကြည့်လိုက်လျှင် သန့်ရှင်းနေ၏။ အစတွင် အမှိုက်တစ်ပင် စက္ကူတစ်စတွေ့ရတိုင်း ဆရာ ဆရာမများက နမူနာပြုဖြစ်အောင် ကောက်သွားကြသည်။ နောက်တွင် ဆရာ ဆရာမများ ကောက်စရာ အမှိုက်တစ်မျှင်မှ မရှိ။ ကျောင်းသားများက သူ့ထက်ငါ ဦးအောင်ကောက်၍ ကျောင်းထောင့်များတွင်ရှိသော အမှိုက်ပုံးများမှာ ထည့်ကြ၏။ အမှိုက်ကောက်သော ကျောင်းသားအတွက် အမှတ်ရသည်။ အမှိုက်ချသော ကျောင်းသားအတွက် အမှတ်လျော့သည်။ တစ်ဦးချင်း အသန့်ရှင်းပြိုင်သလို အတန်းချင်းလည်း အသန့်ရှင်းပြိုင်ကြသည်။ အသင်းချင်းလည်း အသန့်ရှင်း ပြိုင်ကြသည်။

အသင်းလေးသင်း၏ စိုက်ခင်းလေးခုကလည်း ကျောင်းရှေ့တွင် အညွန့်ချင်း၊ အပွင့်ချင်း၊ အသီးချင်းပြိုင်နေကြသည်။

ကျောင်းသူကျောင်းသားများမှာ ကိုယ့်ကျောင်း ကိုယ်ဂုဏ်ယူနေကြသည်။ ကျောင်းတက်ရသည်ကိုပင် ပျော်ရွှင်နေကြသည်၊ ဆရာ ဆရာမများကလည်း စည်းကမ်းရှိသော လိမ္မာယဉ်ကျေးသော၊ ပညာကြိုးစားသော ကျောင်းသူကျောင်းသားများကို ချစ်ခင်လာကြသည်။ စေတနာအပြည့်အဝထား၍ သင်ကြားပေးကြသည်။ စိတ်ကပါ၍ ပင်ပန်းသည်မထင်။ လုပ်ရသမျှ ပျော်ရွှင်နေသည်။ ဆရာမကြီး ဒေါ်သိန်းရီကပင်

www.burmeseclassic.com



ယခင်နှစ်နှင့်မတူ တက်တက်ကြွကြွ ဖြစ်နေ၏။ အားကျမခံစိတ်ဖြင့် သူ့အတန်းကို ကြိုးစား၍ သင်နေ၏။

အသင်းလေးသင်းတွင် ခေါင်းဆောင်များမှာ ကျောင်းသူကျောင်းသားများဖြစ်ကြသော်လည်း ဆရာ ဆရာမများက တစ်သင်းမှာ နှစ်ယောက်စီခွဲ၍ အကြံပေးတာဝန်ယူကြသည်။ ငြိမ်းချမ်းမှအပ ဆရာဆရာမများအားလုံး တစ်သင်းစီမှာ အကြံပေးများဖြစ်ကြသည်။

ဒေါ်သိန်းရီမှာ ကျောင်းသားများကို ကျောင်းနောက်မကျအောင် နှိုးဆော်ရင်း သူကိုယ်တိုင်လည်း ကျောင်းချိန်မှန်နေသည်။ လူ့အသင်းအလံ ထိပ်ဆုံးရောက်သည့်နေ့ကဆိုလျှင် ဒေါ်သိန်းရီတစ်ယောက် တပြုံးပြုံးနှင့် ဂုဏ်ယူမဆုံး ဖြစ်နေသည်။ ကျောင်းသားများ အလံတော်အလေးပြုရန် ကျောင်းရှေ့မှာ တန်းစီနေချိန်တွင် ဒေါ်သိန်းရီက ကိုလူအေးရှေ့သွားလျက် လက်မထောင်၍ လမ်းလျှောက်ပြသောကြောင့် ကျောင်းသားများ တဝါးဝါးဖြစ်ကြရသည်။ ကိုလူအေးက သူ့မျက်လုံးများကို လက်နှစ်ဘက်ဖြင့် အုပ်လိုက်သောအခါ ကျောင်းသားများ ပို၍ရယ်ကြပြန်သည်။

''ဆရာမကြီး အစကသာ ဒီလိုကြိုးစားရင် သွားတွေ တက်အနင်းခံရမှာ မဟုတ်ဘူးနော်''ဟု ငြိမ်းချမ်းက ပြောသောအခါ ဒေါ်သိန်းရီမှာ သွားမရှိသော ပါးစပ်ကိုဖြဲ၍ တဟားဟားနှင့်ရယ်သည်။

''ဟုတ်တယ် ဆရာရယ်နော်''ဟုလည်း ပြောလိုက်သည်။

ငြိမ်းချမ်းက ပျော်ရွှင်တက်ကြွသော ဆရာမကြီးကို ကြည့်ရင်း ဝမ်းသာကြည်နူးမိ၏။



''ဆရာမကြီး၊ ဒီအတိုင်းသာ ဆက်ကြိုးစားပါ၊ မကြာခင် သွားတွေ ပြန်ပေါက်လာပါလိမ့်မယ်''ဟု ငြိမ်းချမ်းက ပြောသဖြင့် ဒေါ်သိန်းရီသည် တဟားဟားနှင့်ရယ်ရင်း

''မပေါက်ချင်လဲ နေပါစေဆရာ၊ ကျွန်မတော့ ကြိုးစားမှာပဲ''ဟု ပြောလိုက်သည်။

ထိုနေ့က နေ့လယ်ထမင်းစားကြသောအခါ ငြိမ်းချမ်းက ဆရာမကြီး ဒေါ်သိန်းရီပြောင်းလဲလာပုံကို ပြောပြသည်။ ဆရာ ဆရာမများကလည်း ထောက်ခံရုံသာမက အားတက်သရော ချီးမွမ်းပြောဆိုကြသည်။ ယခင်က နေပုံထိုင်ပုံနှင့် ဖြုတ်ထားသောသွားခွေကို ကျောင်းသားများ နင်းမိ၍ ကျိုးသွားပုံကို ငြိမ်းချမ်းက ပြောပြသောအခါ ကိုလူအေးမှာ မျက်ရည်ထွက်အောင် ရယ်တော့သည်။

ငြိမ်းချမ်းက ပြောင်းလဲလာသော ဆရာမကြီးကို ဂုဏ်ပြုလိုကြောင်း၊ သွားစိုက်ရန်အတွက် သူက ငွေသုံးဆယ်ထည့်ဝင်မည်ဖြစ်ကြောင်း၊ ကျန်သည့်ဆရာ ဆရာမများကလည်း တတ်အားသ၍ ပါဝင်နိုင်ကြောင်း ပြောပြသည်။ ချက်ချင်းပင် ဦးလှမင်းက လခထုတ်လျှင် သူတစ်ဆယ်ထည့်ဝင်မည်ဟု ပြောသည်။ ဒေါ်ခင်ဌေးနှင့် ဒေါ်ခင်စန်းကလည်း တစ်ဆယ်စီ ထည့်မည်ဟု ပြောကြ၏။ ကိုလူအေးက လိုသမျှငွေကို သူ့အိမ်က ကာသိုလ်ပါဝင်မည်ဟု ပြောသောအခါ အားလုံးလက်ခုပ်တီးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆိုင်သည်ဟု ဆိုရမည်။ ဒေါ်သိန်းရီ သွားစိုက်ပြီး နောက်တစ်နေ့တွင် ဒေါ်သိန်းရီအကြံပေးရသော ကျွန်စစ်သား အသင်းပထမရသည်။ အလဲတော် အလေးပြုရန် တန်းစီကြသောအခါ ဆရာ ဆရာမများအားလုံးက ဒေါ်သိန်းရီကို ကျောင်းသားများအား ဆုံးမစကားပြောရန် တိုက်တွန်းကြသည်။ ကိုလှအေးက ကုလားထိုင်တစ်လုံးကိုယူ၍ တန်းစီနေသော ကျောင်းသားများရှေ့မှာ ချလိုက်သည်။ ငြိမ်းချမ်းက ဒေါ်သိန်းရီကိုလာခေါ်ပြီးလျှင် ကုလားထိုင်ပေါ် တင်ပေးလိုက်သည်။

ဒေါ်သိန်းရီက ဘာမှမပြောသေးဘဲ ထိပ်ဆုံးတွင်ရောက်နေသည့် သူ့အသင်းအလံကို လက်ညှိုးထိုးပြလိုက်ရာ ကျောင်းသားများ ရယ်ကာ လက်ခုပ်တီးကြသည်။ ဒေါ်သိန်းရီ ပြုံးလိုက်ပြန်ရာ ဖြူဖွေးနေသော သွားများပေါ်လာကြ၍ ကျောင်းသားများ ဝါးကနဲရယ်ပြီး လက်ခုပ်တီးကြပြန်သည်။

အားလုံးငြိမ်အောင်စောင့်ပြီးမှ ဒေါ်သိန်းရီက ကျောင်း၏ တိုးတက်ပြောင်းလဲလာပုံကို ပြောပြကာ ယခင်အခြေအနေနှင့် လက်ရှိအခြေအနေကို ယှဉ်ပြသည်။ သူကိုယ်တိုင် ယခင်က မည်သို့ နေထိုင်ခဲ့ပုံကိုပြောသောအခါ ကျောင်းသားများ တဝါးဝါး ပွဲကျနေကြသည်။ သူ၏သွားခွေကို ကျောင်းသားများ နင်းချေခံရပုံကို ပြောသောအခါ ကျောင်းသူကျောင်းသားများရော၊ ဆရာ ဆရာမများပါ တော်တော်နှင့် အတောမသတ်နိုင်အောင် ရယ်ကြရသည်။ ထို့နောက် ဒေါ်သိန်းရီက ပျင်းရိခြင်း၊ စိတ်ဓာတ်ကျခြင်း၊ အသက်သာခိုခြင်းမှာ မကောင်းကြောင်း၊



...ကြောင့် သူ့သွားများ ကျိုးခဲ့ရကြောင်း၊ ယခု တက်ကြွပျော်ရွှင်စွာ ...ဆောင်မှုကြောင့် လုပ်ဖော်ကိုင်ဘက်များက ဆုပေး၍ သူ့သွားများ ...ပေါက်လာရကြောင်း ပြောသောအခါ ကျောင်းသူကျောင်းသားအားလုံး ...သာအားရ လက်ခုပ်တီးကြသည်။

နိဂုံးချုပ်တွင် ဆရာမကြီး ဒေါ်သိန်းရီက ကျောင်းသူ ကျောင်း ...များကို ချီးကျူးသည်။ ဆက်လက်ကြိုးစားကြရန် တိုက်တွန်းသည်။ ...ရာ ဆရာမအားလုံးကို ချီးကျူးသည်။ စေတနာရှင် လုပ်အားပေး ...ရာ ဆရာမများကို ကျေးဇူးတင်ကြောင်း ပြောသည်။ ကျောင်းအတွက် ...ဆက်ဘက်က ကူညီကြသော မိဘများကိုလည်း ချီးမွမ်းသည်။

"ကျောင်းကို ဒီလိုပြောင်းလဲလာအောင် အပင်ပန်းခံပြီး ...ခေါင်းဆောင်သူကတော့ တပည့်တို့အားလုံး ချစ်ခင်လေးစားကြတဲ့ ...ဆရာကြီးဦးငြိမ်းချမ်း ဖြစ်ပါတယ်၊ ဆရာကြီးကို ချီးကျူးဂုဏ်ပြုရင်းနဲ့ ...ချုပ်ပါတယ်"ဟု ပြော၍ ဒေါ်သိန်းရီ ခုံပေါ်မှ ဆင်းလိုက်သည်။

ကျောင်းသူကျောင်းသားများ၏ လက်ခုပ်သံမှာ ပတ်ဝန်းကျင် ...တစ်ခုလုံးကို လွှမ်းဖုံးသွား၏။

www.burmeseclassic.com

www.burmeseclassic.com

## ၁၄

## ချစ်ကြည်ရေး

''ဆရာ၊ ဒီနေ့တော့ ကျွန်မအတန်းက ပြဿနာတစ်ခုကို တင်ပြရအုံးမယ်''

နေ့လယ် လက်ဖက်ရည်သောက်ချိန်တွင် ဒေါ်ခင်ဖွေးက ငြိမ်းချမ်း အား ပြောလိုက်သည်။

''ဘာပြဿနာလဲ ဆရာမ၊ ပြောပါ''

''ကျွန်မ လေးတန်းမှာ ကျောင်းသူဆိုလို့ လေးယောက်ပဲ ရှိတယ်။ အဲဒီလေးယောက်စလုံး တစ်ယောက်နဲ့တစ်ယောက် လုံးဝမခေါ်ကြဘူး ဆရာ၊ ကျွန်မအတန်းကို ရောက်မလာခင် သုံးတန်းကတည်းက မခေါ်ခဲ့ကြတာ၊ ကျွန်မလဲ နည်းအမျိုးမျိုးနဲ့ ကြိုးစားကြည့်ပြီးပြီ မရဘူး၊ ချော့လဲ အခေါ်ခိုင်းတယ်၊ ရိုက်ပြီးတော့လဲ အခေါ်ခိုင်းတယ်၊ သူ့တို့ကြည့် ရတာ သိပ်ပျင်းစရာကောင်းတာပဲ ဆရာ၊ ကျွန်မ သူတို့သဘောပေါက် အောင် အမျိုးမျိုးကြိုးစားပြီးလဲ ပြောတယ်၊ မရဘူး''

''ဟုတ်တယ် ဆရာ၊ သူတို့ သုံးတန်းတုန်းက ကျွန်တော်သင်



တာ အဲဒီကတည်းက မခေါ်ကြဘူး။ ကျွန်တော်က အတင်းခေါ်ခိုင်းတယ်။ မရဘူး။ ဒါနဲ့ နင်တို့ လက်ချင်းချိတ်ပြီး နှုတ်ဆက်ကြ၊ မလုပ်ရင် ရိုက်မယ်ဆို ပြီး အတင်းခိုင်းတယ်၊ ရိုက်မှာကြောက်လို့ နှုတ်ဆက်ကြတယ်၊ ဒါပေမယ့် နောက်နေ့ကျတော့ မခေါ်ဘူးဆရာ၊ ကျွန်တော်လဲ စိတ်ပေါက်တာနဲ့ နှစ်ချက်စီ ရိုက်ပစ်လိုက်တယ်၊ ခေါ်တော့ မခေါ်ဘူး သေအောင် ရိုက်ရင်လဲ သေရုံပဲ။ ဒါနဲ့ ကျွန်တော်လဲ လက်လျှော့လိုက်ရတယ်။ ဘယ်တုန်းက စပြီး မခေါ်တာမှန်းကို မသိဘူးဆရာ။ ဘာကြောင့်မှန်းလဲ မသိဘူး''

ဦးလှမင်းက ဒေါ်ခင်ဖွေးကိုထောက်ခံရင်း ထပ်ဆင့်တင်ပြသည်။

''ကျွန်မကိုင်တဲ့နှစ်တန်းကတည်းက စ.မခေါ်ကြတာဆရာ''

ဒေါ်သိန်းရီက သူ့လက်မှဆေးပေါ့လိပ်ကြီးကိုချ၍ ဆက်ပြော သည်။

''နှစ်တန်းရောက်စတုန်းကတော့ သူတို့လေးယောက် သိပ်ခင် ကြတာပဲ ဆရာ၊ တတွဲတွဲနဲ့ သွားလဲအတူ စားလဲအတူပဲ၊ နှစ်ဝက်လောက် ထိ ဒီအတိုင်းပဲ၊ နှစ်ကုန်ကာနီးကျတော့ မကြီးနဲ့ သန်းနွဲ့ ရန်ဖြစ်ကြတယ် ဆရာ၊ အဲဒီနောက် သူတို့နှစ်ယောက် မခေါ်ကြဘူး။ နောက်တစ်ခါ ညွန့်ညွန့်ရယ်၊ မကြီးရယ်၊ သန်းနွဲ့ရယ် သုံးယောက် ရန်ဖြစ်ကြပြန်တယ်၊ ညွန့်ညွန့်က ကြားကနေပြီး ဟိုဘက်ကပြောတာ ဒီဘက်ပြောလိုက်၊ ဒီဘက် ကပြောတာ ဟိုဘက်ပြန်ပြောလိုက် လုပ်တာနဲ့ သုံးယောက်လုံး ရန်ဖြစ် ကြတယ်။ အဲဒါပြီးတော့ သူတို့သုံးယောက် မခေါ်ကြတော့ဘူး။ မြင့်မြင့် ဖွေးကတော့ ဘယ်သူနဲ့မှ ရန်မဖြစ်ဘူး။ ဒါပေမယ့် နောက်ကျတော့

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲမသိဘူး။ လေးယောက်လုံး တစ်ယောက်ကိုတစ်ယောက် မခေါ်ကြတော့ဘူး''

ကိုလူအေးက ရယ်၍

''ဆရာမကြီးက အခေါ်မခိုင်းဘူးလား''ဟု မေးလိုက်သည်။

''ခိုင်းတာပေါ့ဆရာ၊ ဘယ်လိုမှ မရတာနဲ့ မခေါ်ချင်လဲ နေကြ ပါယ်....၊ ဆိုပြီး ပစ်ထားလိုက်တယ်''

ဒေါ်သိန်းရီက ဆေးပေါ့လိပ်ကို ပြန်ဖွာနေသည်။

''ကဲ–၊ သူငယ်ချင်း၊ မင်းရအောင် အခေါ်ခိုင်းနိုင်ပါ့မလား။ ဆရာသုံးယောက်တော့ လက်လျှော့ထားရပြီ'' ကိုလူအေးက ငြိမ်းချမ်း ကို လှည့်မေးလိုက်သည်။

''သူတို့ မိဘချင်းကရော ဘယ်လိုရှိလဲ၊ ဆရာမတို့ သိလား''

ငြိမ်းချမ်းက မေးလိုက်သည်။

''သိပါတယ် ဆရာ၊ သူတို့ မိဘတွေကလဲ ခေါ်စေချင်ပါတယ်''

ဒေါ်ခင်ဌွေးက ဖြေသည်။

''ဟုတ်တယ် ဆရာ၊ ကျွန်တော့်ကိုလဲ၊ မကြီး အဖေကရော သန်းခွဲ့အဖေကရော တိုင်ဖူးတယ်။ မခေါ်ရင် ရိုက်ပါ ဆရာလို့လဲ ပြောတယ်''

ဦးလှမင်းက ဖြည့်စွက်လိုက်ပြန်သည်။

''အဲဒါ ဆရာရယ်၊ ပြောနိုင်ရင် ပြောပေးပါအုံး၊ သူတို့လေး ယောက်က ရှေ့ဆုံးကနေပြီး တစ်ယောက်နဲ့တစ်ယောက် မခေါ်တော့



စာသင်ရတာ သိပ်ခက်တယ်။ တစ်ယောက်ယောက်ကို ချီးမွမ်းချင်ရင် သတိထားရတယ်၊ အပြစ်တင်ချင်လဲ သတိထားရတယ်။ စာရေးခုံကိုလဲ ဆရာလာကြည့်စေချင်တယ်၊ ခဲတံနဲ့မျဉ်းတားပြီး အညီအမျှ လေးပိုင်းပိုင်း ထားကြတယ်။ ထိုင်ခုံလဲ အတူတူပဲ၊ လေးပိုင်း တားထားတာပဲ။ သူ့ဘက် ကိုယ့်ဘက် ပစ္စည်းတောင် မကျူးကျော်ရဘူး''

''ဟား၊ ဟား၊ ဟား ရွှေမန်းတင်မောင်ဇာတ်ထဲမှာ ဒေဝဒဟ ပြည်နဲ့ ကပိလဝတ်ပြည်ကတော့ လူကျူး လူသတ်၊ ခွေးကျူး ခွေးသတ်တဲ့ ဒီမှာတော့ ခဲတံကျူး ခဲတံသတ်၊ ခဲဖျက်ကျူး ခဲဖျက်သတ်ပေါ့''

ကိုလူအေးက ရယ်ရင်း ပြောလိုက်သည်။ ငြိမ်းချမ်းကား ပြုံး၍ နားထောင်ရင်း စဉ်းစားနေသည်။

''ကျွန်မတို့တော့ ပြောလို့မရဘူးဆရာ၊ ဆရာပြောလို့ရရင်တော့ အံ့ဩစရာပဲ၊ ပြောပေးပါအုံးဆရာ''

ကိုလူအေးက ဆရာမဒေါ်ခင်ဌွေးကိုကြည့်ပြုံးရင်း ငြိမ်းချမ်း ဘက် သို့ လက်ကာပြလိုက်သည်။

''ခဏနေအုံး သူငယ်ချင်း၊ ဒီကိစ္စဟာ တော်တော် ခက်မို့ ရှိတယ်၊ ဆရာသုံးယောက်တောင် ပြောလို့မရဘူးဆိုတော့ မင်းလဲ သိပ် လွယ်မှာ မဟုတ်ဘူး။ အဲဒီတော့ဗျာ၊ တကယ်လို့ သူပြောတာနဲ့ ခေါ်သွား တယ်ဆိုရင် ဆရာမက ကျွန်တော်တို့အဖွဲ့ကို ဘာကျွေးမလဲ၊ ဆရာ ဦးလှမင်းကရော ဘာကျွေးမလဲ''

ငြိမ်းချမ်းက ကိုလူအေး၏ ဟန်ပန်လေသံကို သဘောကျ၍

www.burmeseclassic.com

www.burmeseclassic.com



ရယ်နေမိသည်။

''ကျွန်တော်နဲ့ ဒေါ်ခင်ဌေးက မပုဆိုင်က လက်ဖက်သုပ်နှစ်ကျပ် ဖိုး ဝယ်ကျွေးမယ်ဗျာ''

''ကျွေးမယ်ဆရာ''

ဦးလှမင်းနှင့် ဒေါ်ခင်ဌေးက သဘောတူ ကတိပြုကြသည်။

''ကဲ–သူငယ်ချင်း ကြိုးစားပေတော့''

ကိုလှအေးက ငြိမ်းချမ်းဘက်သို့ လက်ပြ၍ ပြောလိုက်သည်။

''ဟား၊ ဟား၊ ဟား ဟောကောင် မင်းကတော့ ပွဲစားကြီးသားပီသပါတယ်။ ပွဲတိုက်တာကတော့ တော်တော်ကောင်းတယ်၊ ငါပြောလို့မရရင် မင်းကျွေးမလား''

ငြိမ်းချမ်းက ပွဲစားအား အရင်းထည့်နိုင်းလိုက်သည်။

''ကျွေးမယ်ကွာ၊ ငါ မင်းကို ယုံတယ်၊ မင်းကလဲ ရအောင်တော့ပြောပေါ့ကွာ''

ကိုလှအေး၏ နောက်ဆုံးလေသံမှာ ပျော့သွား၍ တောင်းပန်သံပါနေသဖြင့် ဆရာများ ရယ်ကြသည်။

ကျောင်းပြန်တက်သောအခါ ငြိမ်းချမ်းအားလပ်သောအချိန်ဖြစ်၍ ဆရာမဒေါ်ခင်ဌေးအား မိန်းကလေးများကို ရုံးခန်းသို့လွှတ်ပေးရန် ပြောလိုက်သည်။

မိန်းကလေး လေးယောက် ရောက်လာကြသောအခါ ငြိမ်းချမ်းက ခုံတန်းရှည်တစ်ခုတွင် အထိုင်ခိုင်းလိုက်သည်။



''ကဲ–မင်းတို့ကို ဆရာ ဘာလို့ခေါ်သလဲ သိလား''

ငြိမ်းချမ်းက အေးအေးဆေးဆေး မေးသော်လည်း မိန်းကလေးများ ကြောက်နေကြသည်။

''အေး–မင်းတို့ သိမှာမဟုတ်ဘူး။ ဆရာပြောပြမယ်။ မင်းတို့လေးယောက်ဟာ နှစ်တန်းကတည်းကစပြီး မခေါ်ကြဘူး။ သုံးတန်းမှာလဲ တစ်နှစ်လုံး မခေါ်ကြဘူး၊ အခုလေးတန်းရောက်တော့လဲ မခေါ်ဘူး၊ ဆရာမကြီး ဒေါ်သိန်းရီကလဲ သူ့အခေါ်ခိုင်းတာ မရဘူးလို့ ပြောတယ်။ ဦးလှမင်းကလဲ ရိုက်ပြီးတော့အခေါ်ခိုင်းတာတောင် မရဘူးလို့ ပြောတယ်၊ ဒေါ်ခင်ဌေးကလဲ သူ့အမျိုးမျိုးကြိုးစားပြီးပြီ မရဘူးလို့ ပြောတယ်၊ ဒေါ်ခင်ဌေးကလဲ သူ့အမျိုးမျိုးကြိုးစားပြီးပြီ မရဘူးလို့ ပြောတယ်၊ အခုဆရာ့ကိုပြောပေးဖို့ အကူအညီတောင်းတယ်၊ ဆရာကတော့ အခေါ်ခိုင်းလို့ရမယ်ဆိုပြီး ယုံကြည်ထားတယ်''

မိန်းကလေးများကြောက်၍ ခေါင်းငုံ့ပြီး ငြိမ်နေကြသည်။

''မင်းတို့ မိဘတွေကလဲ မင်းတို့အချင်းချင်း၊ ခင်ခင်မင်မင်ခေါ်ခေါ် ပြောပြော ဖြစ်စေချင်ကြတယ်။ မင်းတို့ဆရာမဆိုရင် မင်းတို့အချင်းချင်း မခေါ်လို့ သိပ်ကို စိတ်ညစ်နေတယ်။ ဆရာ သိပါတယ်၊ မင်းတို့အားလုံးဟာ မင်းတို့ဆရာမကို သိပ်ချစ်ကြပါတယ်။ နေ့တိုင်းဆရာမဖို့ စားစရာတွေယူလာ၊ ပန်းတွေယူလာနဲ့ ပေးကြတာကို ဆရာတွေ့ပါတယ်၊ မင်းတို့အတွက်နဲ့ မင်းတို့ဆရာမကို စိတ်ညစ်အောင်မလုပ်သင့်ဘူး''

www.burmeseclassic.com

www.burmeseclassic.com



မကြီးနှင့် သန်းနွဲ့က ခေါင်းငုံ့နေကြသည်။ မြင့်မြင့်ဖွေးနှင့် ညွန့်ညွန့် က ငြိမ်းချမ်းကို မဝံ့မရဲ လှမ်းကြည့်လိုက်ကြသည်။

"မင်းတို့ လေးယောက်သာ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်ဆိုရင် မင်းတို့ဆရာမလဲပျော်မယ်၊ မင်းတို့လဲ သိပ်ပျော်မယ်၊ ဆရာတို့အားလုံးလဲ ဝမ်းသာကြမှာပဲ၊ တစ်ယောက်နဲ့ တစ်ယောက် မခေါ်တော့ မင်းတို့အတွက်လဲ သိပ်ပျင်းစရာကောင်းမှာပဲ၊ တခြားအတန်းတွေက မိန်းကလေးတွေကြည့်စမ်း၊ ဘယ်လောက် ပျော်စရာကောင်းလဲ၊ မင်းတို့လဲ နှစ်တန်းမှာ အစတုန်းက အဲဒီလိုပဲ ပျော်ခဲ့ကြတယ်မို့လား၊ အတူသွားကြ၊ အတူကစားကြ၊ အတူစားကြနဲ့"

မကြီးက ခေါင်းငုံ့နေရာမှ မျက်လုံးကိုလှန်၍ ငြိမ်းချမ်းအား မဝံ့မရဲ ကြည့်လိုက်သည်။

"သူငယ်ချင်းဆိုတာ ဒီလိုပေါ့ကွာ၊ စိတ်အခန့်မသင့်တုန်းက ရန်ဖြစ်ချင် ဖြစ်မှာပေါ့၊ နောက်တော့ စိတ်ပြေရင် ပြန်ခေါ်ရမှာပေါ့။ ကျောင်းနေဘက်သူငယ်ချင်းဆိုတာ ကြီးအထိ တစ်ယောက်နဲ့တစ်ယောက် အားကိုးရတယ်၊ အခု ဆရာတို့ကိုကြည့်စမ်း၊ ဒီမှာ ဆရာမပြည့်စုံလို့ အခက်အခဲရှိနေတယ်၊ ဆရာ့သူငယ်ချင်း ဦးလူအေးက လာကူတယ်၊ ဘယ်လောက်ပျော်စရာကောင်းလဲ၊ မင်းတို့လဲ ကြီးအထိ ဒီလိုဖြစ်ရမှာပေါ့"

"မင်းတို့လို့ပဲ ဆရာလဲ ကျောင်းသားတုန်းက ဖြစ်ဖူးပါတယ်၊ ဆရာနဲ့အလွန်ခင်တဲ့ သူငယ်ချင်းတစ်ယောက်ရှိတယ်။ တစ်ခါတော့ သူနဲ့



ဆရာနဲ့ စကားများပြီး ရန်ဖြစ်ကြတယ်"

မိန်းကလေးများက ငြိမ်းချမ်းကို လှမ်းကြည့်ကြသည်။ ရှေ့ဆက်မည့်စကားကိုသည်း စိတ်ဝင်စားနေကြသည်။

"ရန်ဖြစ်ပြီးတော့ ဆရာတို့နှစ်ယောက် မခေါ်ကြဘူး။ ဘယ်လောက်ကြာလဲဆိုရင် ခြောက်လလောက်အထိ ကြာတယ်။ သိပ်ပျင်းစရာကောင်းတာပဲ၊ ဆရာ သူ့ကို သိပ်ပြီးပြန်ခေါ်ချင်တာပဲ၊ သူလဲ ဆရာ့လိုပဲ။ ဒါပေမယ့် ပြန်ခေါ်ရမှာ ရှက်နေတယ်။ ကိုယ်ကစခေါ်ရင် ကိုယ်က အရှုံးပေးသလို ဖြစ်မှာလဲ စိုးနေတယ်"

မိန်းကလေးများ ပြုံးကြသည်။

"နောက်တော့ ဆရာကပဲ မနေနိုင်တာနဲ့ စခေါ်လိုက်တယ်။ သူကလဲ သိပ်ကိုခေါ်ချင်နေကြောင်း ပြောပြတယ်၊ ဆရာတို့နှစ်ယောက် ပျော်လိုက်ကြတာ၊ မခေါ်တုန်းကအကြောင်းတွေ ပြန်ပြောပြ၊ အတူမုန့်ဝယ်စားကြ၊ အတူလျှောက်လည်ကြနဲ့ သိပ်ပျော်စရာကောင်းတာပဲ၊ အရင်ကထက်တောင် ပိုချစ်သွားသေးတယ်"

မိန်းကလေးများ ပြုံးကြပြန်သည်။

"မင်းတို့ ဆရာမကို မင်းတို့ ချစ်ကြတယ် မဟုတ်လား"

"ချစ်ပါတယ် ဆရာ"

မိန်းကလေး လေးယောက်လုံး ပြိုင်တူဖြေကြသည်။

"မင်းတို့ဆရာမကို မင်းတို့အတွက်ကြောင့် စိတ်ညစ်နေကြသလား"

"စိတ်မညစ်စေချင်ပါဘူးဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့ကိုရော မင်းတို့ လေးစားကြလား"

"လေးစားပါတယ် ဆရာ"

"ဆရာတို့ ဆရာမတို့ ဝမ်းသာရတယ်ဆိုရင် မင်းတို့သဘော မကျဘူးလား"

"ကျပါတယ်ဆရာ"

"အေး အဲဒီလိုပဲ၊ ဆရာတို့ ဆရာမတို့ကလဲ မင်းတို့ ဝမ်းသာပျော်ရွှင်နေတာကိုပဲ မြင်ချင်တယ်။ ဆရာပြောပြမယ်။ မင်းတို့ ပြိုင်ကြတာ မှားနေတယ်၊ မင်းတို့က မာနအကြီး ပြိုင်နေကြတယ်၊ မာနကြီးတယ်ဆိုတာက ညံ့တဲ့ဖျင်းတဲ့ လူတွေရဲ့အလုပ်၊ စိတ်သဘောထား သေးတဲ့ လူတွေရဲ့အလုပ် ဖြစ်တယ်။ တကယ်ပြိုင်ရမှာက သဘောထား အကြီး ပြိုင်ရမှာ။ သဘောထားကြီးတယ်ဆိုတာက မြင့်မြတ်တဲ့ လူရဲ့အလုပ်၊ သဘောထားကြီးတာနဲ့ မာနကြီးတာဟာ ဘယ်ဟာက ကောင်းလဲ"

"သဘောထားကြီးတာက ကောင်းပါတယ်ဆရာ"

လေးယောက်လုံး ဖြေကြသည်။

"အေးဟုတ်တယ်၊ စခေါ်တဲ့လူက ရှုံးတဲ့လူ မဟုတ်ဘူး၊ နိုင်တဲ့ လူဖြစ်တယ်။ ဘာလို့လဲဆိုတော့ သူက သဘောထား ပိုကြီးလို့ပေါ့။ အဲဒီလူမျိုးကိုမှ ဆရာတို့က အထင်ကြီးတာ၊ ဆရာသာ မင်းတို့နေရာမှာ ဆိုရင် ဆရာကပဲ အရင်ဦးအောင် စခေါ်မယ်။ အဲဒီလူဟာ ကိုယ့်ဆရာ ဆရာမတွေကို တကယ်ချစ်တဲ့လူ၊ တကယ်လေးစားတဲ့လူ ဖြစ်တယ်။



ကဲ မင်းတို့လေးယောက်မှာ ဘယ်သူက စခေါ်မလဲ"

"ကျွန်မ စခေါ်မယ်"

လေးယောက်လုံး၏အသံမှာ တပြိုင်တည်း ထွက်ပေါ်လာသည်။ ငြိမ်းချမ်းမှာ ဝမ်းသာကြည်နူးမဆုံးအောင် ဖြစ်ရ၏။ ရိုးသားဖြူစင်သည့် နုနယ်ငယ်ရွယ်သော ကလေးတို့၏သဘာဝကိုလည်း ချစ်မြတ်နိုးမိသည်။

"အေးကွာ၊ ဆရာ သိပ်ဝမ်းသာတာပဲ၊ မင်းတို့လေးယောက်လုံး ကို ဆရာ အထင်ကြီးပါတယ်။ မင်းတို့ လေးယောက်လုံး သဘောထား ကြီးတဲ့ လူချည်းပဲ၊ မင်းတို့ ဆရာမသိရင် သိပ်ဝမ်းသာမှာပဲ။ ဒါပေမယ့် ဆရာရှေ့မှာတင် ကတိပေးတာကို မလိုချင်ဘူးနော်၊ မင်းတို့တကယ်ခေါ် ရမှာ"

"ဟုတ်ကဲ့ပါဆရာ"

"တကယ်ခေါ်မှာပါဆရ ာ"

"အေး မင်းတို့ ဒီက ပြန်သွားရင် ခုံပေါ်မှာတားထားတဲ့စည်း တွေကိုလည်း ဖျက်ပစ်လိုက်၊ ကြားလား"

"'ဟုတ်ကဲ့"

"တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင် ခေါ်ကြ။ ချစ်ကြည် ရေးအထိမ်းအမှတ်နဲ့ မုန့်ကို စုဝယ်ပြီး အတူတူစားကြ၊ တပည့်တို့ ပြန်ခေါ်ပြီးရင် သိပ်ကို ပျော်စရာကောင်းလိမ့်မယ်၊ ကဲ မကြီး၊ သင်္ဘောနွဲ့ ကို ခေါ်မလား"

"ခေါ်မယ်ဆရာ"

www.burmeseclassic.com



"သန်းနွဲ့ရော"

"ခေါ်မယ်ဆရာ"

"အေး ဟုတ်ပြီ၊ မြင့်မြင့်ဌေးနဲ့ ညွန့်ညွန့်ရော"

"ခေါ်မယ်ဆရာ"

"အေး ဆရာ သိပ်ဝမ်းသာတယ်။ ဒီလောက် လွယ်လွယ်နဲ့ ပြောလို့ရမယ်တောင် ဆရာမထင်ဘူး။ မင်းတို့ သိပ်လိမ္မာတာပဲ၊ ကဲ၊ ဆရာတို့ကို စိတ်ချမ်းသာအောင် လုပ်တဲ့အတွက် ငါ့တပည့်တွေ စာမေးပွဲကို ထူးချွန်စွာအောင်မြင်ကြပါစေ၊ ကျန်းမာ ချမ်းသာကြပါစေ။ သွားကြတော့"

မိန်းကလေး လေးယောက်မှာ ဝမ်းသားအားရဖြင့် သူတို့အတန်းသို့ ပြန်သွားကြသည်။

နောက်တနေ့ နေ့လယ် လက်ဖက်ရည် သောက်ချိန်တွင် ဆရာမများ၏စားပွဲပေါ်သို့ မုခဆိုင်မှ လက်ဖက်သုပ်နှစ်ကျပ်ဖိုးရောက်လာသည်။ သို့ရာတွင် ဦးလှမင်းနှင့် ဒေါ်ခင်ဌေးက ဝယ်ကျွေးရခြင်းမဟုတ်ပါ။ လေးတန်းကျောင်းသူလေး လေးယောက်ကဝယ်၍ အတူတကွ လာပို့ကြခြင်းဖြစ်သည်။ သူတို့လေးယောက်တွင် အသွက်ဆုံးဖြစ်သော သန်းနွဲ့က–

"ကျွန်မတို့ကို ဆရာမနဲ့ ဆရာဦးလှမင်းက သူကိုရှုံးသွားလို့ လက်ဖက်သုပ်နှစ်ကျပ်ဖိုး ဝယ်ကျွေးရမယ့်အကြောင်း ပြောပါတယ် ဆရာကြီး။ ဒါပေမယ့် ဆရာနဲ့ ဆရာမက ကျွန်မတို့ခေါ်တာကို သိပ်ဝမ်းသာ



လို့တဲ့၊ ဝယ်ကျွေးရမှာကို မနေမြောဘူးလို့ ပြောတယ်။ ဒါနဲ့ ကျွန်မတို့ လေးယောက်က ဆရာနဲ့ဆရာမအစား ကျွေးမယ်ဆိုပြီး ဝယ်လာတာပါ ဆရာကြီး"ဟု ပြောသည်။

ကိုလှအေးက မိန်းကလေး လေးယောက်ကို ကြည့်၍ကြည်နူးစွာ ပြုံးနေသည်။

ငြိမ်းချမ်းက တစ်ကျပ်ဖိုးကို မိန်းကလေးများအား ပြန်ခွဲပေးသည်။ သို့ရာတွင် မိန်းကလေးများက မယူကြ။

"ကျွန်မတို့ကို ဆရာဦးလှမင်းနဲ့ ဆရာမ ဒေါ်ခင်ဌေးက လက်ဖက် သုပ် တစ်ကျပ်ဖိုးနဲ့ အကြော်လေးခု ဝယ်ပေးထားပါတယ်ရှင့်"ဟု ပြောပြီးနောက် လေးယောက်သား လက်ချင်းတွဲ၍ ထွက်သွားကြသည်၊

ဆရာ ဆရာမများ တစ်ယောက်ကို တစ်ယောက်ကြည့်၍ ပီတိဖြစ်နေကြ၏။

'ကျောင်းဆရာလုပ်ရတာ သိပ်ကိုကြည်နူးစရာကောင်းတာပဲကွာ၊ ဒီအရသာမျိုးတွေကို ပိုက်ဆံ ဘယ်လောက်ပေးဝယ်ဝယ် မရနိုင်ဘူးကွ"

ကိုလှအေးက ဝမ်းသာလှိုက်လှဲစွာ မှတ်ချက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၅

## ဘကြီးမှုံ့

ငြိမ်းချမ်း ကျောက်မီးရွာကိုရောက်စက ဦးစံလှိုင်၊ ဒေါ်မြမေတို့အိမ်မှာ နေသည်။ အလျင်က သိဖူး၍မဟုတ်။ စရောက်သည့်နေ့က ကားပေါ်မှ ဆင်းဆင်းချင်း ပထမဦးစွာဝင်သော လက်ဖက်ရည်ဆိုင်သည် ဦးစံလှိုင်၏အိမ် ဖြစ်နေသည်။ သူတို့ရွာမှ ဆရာဆို၍ ဝမ်းသာအားရပင် သူတို့အိမ်မှာ နေခွင့်ပြုကြခြင်း ဖြစ်သည်။ အိမ်အပေါ်ထပ်တွင် အကောင်းဆုံး နေရာမှာ အိပ်စေသည်။ ထမင်းကိုလည်း သူတို့ကပင် ကျွေးသည်။ အစစအရာရာ လိုလေးသေးမရှိ ဂရုစိုက်သည်။ လက်ဖက်ရည်ဆိုင် ဖြစ်သည့်အလျောက် လက်ဖက်ရည်ကို လိုသလောက် သောက်နိုင်သည်။ သို့ရာတွင် ကြာလျှင် ငြိမ်းချမ်းအားနာသည်။ ငြိမ်းချမ်းအတွက်သာ မက ငြိမ်းချမ်းထံ လာသမျှ ဧည့်သည်ကိုပါ တိုက်နေရသည်။ မန္တလေးတွင် ကျောင်းနေကြသော ဦးစံလှိုင်၏သမီးများ ကျောင်းပိတ်ရက်တွင် ပြန်လာကြသည်။ ငြိမ်းချမ်းကို ခင်မင်ကြပါ၏။ သို့ရာတွင် တစိမ်း



ယောက်ျားတစ်ယောက်ရှိ၍ ကိုယ့်အိမ်ပင်ဖြစ်သော်လည်း အနေအထိုင် ဆင်ခြင်နေကြရရှာသည်။ ငြိမ်းချမ်းသည် သူ့အတွက် မိန်းကလေးများ အနေမခက်စေချင်။ ထို့ကြောင့် လင်ကိုယ်မယားသာရှိသော ဘကြီးမှုံ့၊ ဒေါ်မြိုင်တို့အိမ်သို့ ငြိမ်းချမ်းပြောင်းခဲ့သည်။ ဦးစံလှိုင်နှင့် ဒေါ်မြမေက စိတ်မကောင်း။ ငြိမ်းချမ်းက ကျေနပ်အောင် တောင်းပန်သည်။

ဘကြီးမှုံ့ဆိုသည်က ကျောက်မီးရွာ၏ အချစ်တော်၊ ပျော်ပျော် နေ သေခဲဆိုသော အဘိုးကြီးဖြစ်၏။ တွေ့သမျှလူတိုင်းကို နောက်လိုက် ပြောင်လိုက် စလိုက်မည်။ တဟားဟားနှင့် အားပါးတရ ရယ်မည်။ လူကြီးများနှင့် တွဲ၍ရသလို၊ လူလတ်များနှင့် တွဲ၍ရသည်။ လူငယ်များ နှင့် ပို၍ပင်ရင်းနှီးသည်။ သူ့အိမ်မှာ ဖယ်တောက်ခုံရှိသည်။ ကာလသား များ လာ၍တောက်ကြသည်။ သို့ရာတွင် ဘကြီးမှုံ့ကို မည်သူမှမနိုင်။ ကျားထိုးပြိုင်လျှင်လည်း ဘကြီးမှုံ့သာ ဗိုလ်စွဲ၏။

ကာလသားများက တံတွေးသိန်းတန်၏ ခေတ်ပြားထဲကလို "ဘကြီးမှုံ့၊ ဘကြီးမှုံ့"ဟု လမ်းပေါ်မှ အော်သွားတတ်ကြ၏။ 'အေး၊ ငါ့အိမ်မှာ ထွေးညို့တော့မရှိဘူး၊ ခွေးညိုမတစ်ကောင်ရှိတယ်ဟေ့'ဟု ဘကြီးမှုံ့က အားကျမခံ ပြန်အော်တတ်သည်။ ကျောက်မီးတစ်ရွာလုံးတွင် ငယ်သူရော ကြီးသူပါ ဘကြီးမှုံ့ကို ဘကြီးမှုံ့ဟုပင် ခေါ်ကြသည်။ သူ့နာမည် ရင်းမှာ ကိုမှုံ့ကြီးဖြစ်သော်လည်း မည်သူမှ ကိုမှုံ့ကြီးဟု ခေါ်သူမရှိ။

ဘကြီးမှုံ့တို့ လင်မယားတွင် ကလေးမြေးငယ်မရှိ လွတ်လပ် သည်။ စီးပွားရေးကလည်း အဆင်ပြေ၏။ လင်ရောမယားပါ ဝင်ငွေ

www.burmeseclassic.com

www.burmeseclassic.com



ရှိကြသည်။ ဝါးကပ်ရောင်းသည်။ အိမ်သာကျင်းအတွက် ဝါးခွေများရက်၍ရောင်းသည်။ ဘကြီးမှုံတွင် အလုပ်သမားလေးယောက်ရှိသည်။

ဒေါ်မြိုင်က အိမ်ဆိုင်ကလေး ဖွင့်ထား၏။ သူ့ဆိုင်တွင် ကလေးသွားရေစာမှအစ ဟင်းချက်စရာ အစုံရှိသည်။ လယ်ယာသုံးပစ္စည်းအကုန်ရမည်။ ဆေးလိပ်၊ စီးကရက်နှင့် ကာလသား၊ ကာလသမီးများအတွက် အလှကုန်ပစ္စည်းများလည်း ရှိသည်။ မြန်မာ့ဆေးများကိုလည်းရောင်းသည်။ ကျောက်မီးရွာ၏ ကုန်မျိုးစုံဆိုင်ကလေးဖြစ်သည်။ သို့ရာတွင် လင်မယားနှစ်ယောက်လုံး လောဘမကြီးကြ။ လူချမ်းသာ သူဌေးကြီးများဖြစ်ရန် မမျှော်မှန်းကြ။ ရသမျှ စားမည်။ လှူမည်၊ ပေးမည်။

ကျောက်မီးကျောင်းတွင် သူတို့သားသမီးတစ်ယောက်မှမရှိ သို့ရာတွင် ကျောင်းအတွက်ဆိုလျှင် အဘက်ဘက်က ကူညီသည်။ ငွေအားလူအား စိုက်ထုတ်သည်။ အကြံကောင်း ဉာဏ်ကောင်း ပေးတတ်သည်။ ဆရာ, ဆရာမများအတွက် ဘကြီးမှုံ၏အိမ်သည် စားအိမ်သောက်အိမ်စတည်းချအိမ်ဖြစ်သည်။ ငြိမ်းချမ်း ဘကြီးမှုံအိမ်ရောက်လာသောအခါ ပို၍ပင် အဝင်အထွက် များလာကြသည်။ ဆေးလိပ်၊ စီးကရက် အားနာစရာမရှိ၊ ဆိုင်ပေါ်မှပင် ယူသောက်ကြသည်။ ညဥ့်အိပ်ညဥ့်နေ အားနာစရာမရှိ၊ ဘကြီးမှုံ၏အိမ်တွင် ကြိုက်သည့်နေရာ အိပ်နိုင်သည်။ ငွေကုန်သွားလျှင် ကိစ္စမရှိ၊ ဘကြီးမှုံက ချေးငှားမည်။ ချွင်းချက်တစ်ခုသာ ရှိသည်။ ဒေါ်မြိုင်မအားလျှင် ဈေးကူရောင်းရမည်။ ဒေါ်မြိုင်ချက်ပြုတ်ပြီးလျှင် ကူညီခူးခပ်စားရမည်။ ညှော်သည်ကြီးလိုနေလျှင် ဘကြီးမှုံမကြိုက်၊ ဝိုင်းလုပ်ဝိုင်းစား အိမ်သားလိုနေမှ ကြိုက်သည်။

ဘကြီးမှုံတို့အိမ်သို့ ငြိမ်းချမ်းရောက်လာသည်မှာ ငြိမ်းချမ်းအတွက် ကောင်းသလို ဘကြီးမှုံတို့အတွက်လည်း ကောင်းသည်။ ငြိမ်းချမ်းမရောက်ခင်ကဆိုလျှင် ဘကြီးမှုံတို့လင်မယား မကြာခဏ စိတ်ကောက်ကြသည်။ တစ်ခါကောက်လျှင် အနည်းဆုံး တစ်လလောက်ကြာသည်။ အများဆုံး သုံးလလောက်အထိ ကောက်ဖူးသည်။ တစ်ယောက်နှင့်တစ်ယောက် မခေါ်။ ကိုယ့်အလုပ်ကိုယ်လုပ်၍ သူ့အလုပ်သူလုပ်သည်။ ဒေါ်မြိုင်က နှစ်ယောက်စာ ထမင်းချက်သည်။ လက်ဆုံအတူ မစား။ ကိုယ့်ဘာသာ ခူးခပ်စားကြသည်။ ဒေါ်မြိုင်က စကောက်သည်ရှိသလို ဘကြီးမှုံက စကောက်သည်လည်း ရှိသည်။ တအိမ်တည်းမှာ လူနှစ်ယောက်သာရှိ၍ တစ်ယောက်နှင့်တစ်ယောက်မခေါ်သောအခါ ပျင်းစရာကောင်းလှသည်။ ခေါ်လျှင်ကား တစ်ယောက်နှင့်တစ်ယောက် မျက်စိအောက်က အပျောက်မခံအောင် ချစ်ကြသည်။

ငြိမ်းချမ်းရောက်လာပြီးနောက် ဘကြီးမှုံတို့ လင်မယား စိတ်မကောက်ကြတော့ပါ။ ငြိမ်းချမ်းအနေခက်မှာကို အားနာကြသည်။ ငြိမ်းချမ်းကလည်း အဘိုးကြီးနှင့် အဘွားကြီးကို မိဘသဖွယ် သဘောထားသည်။ ငယ်စဉ်က မိဘကံမကောင်းခဲ့သော ငြိမ်းချမ်းအတွက် ဘကြီးမှုံတို့လင်မယားမှာ မိဘအစားဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးမှုံနှင့် ဒေါ်မြိုင်ကလည်း ငြိမ်းချမ်းကို ဆရာလိုလေးစား၍ သားလိုခင်မင်ကြသည်။

ငြိမ်းချမ်းသည် သူ၏ကျေးဇူးရှင်များ စာရင်းတွင် ဘကြီးမှုံတို့ လင်မယားကို သွင်းထားလိုက်၏။

၁၆

## ရုပ်ရှင်ပြ၍ ရန်ပုံငွေရှာခြင်း

"ဆရာ ကျောင်းရန်ပုံငွေရအောင် ရုပ်ရှင်ပြပါလားဗျ"

ဘကြီးမှုံ၏ အဆက်အစပ်မရှိသော စကားကြောင့် ငြိမ်းချမ်း အံ့အားသင့်သွားသည်။

"ရုပ်ရှင်ကံထရိုက်လုပ်ငန်းကို ကျွန်တော်မှ နားမလည်ဘဲနဲ့ ဘကြီး မှုံကလဲ"

"ကျုပ်နားလည်ပါတယ်ဗျ၊ ကျောင်းအတွက် နောက်ထပ် ရန်ပုံငွေရအောင် စဉ်းစားရင်း ကျုပ်အကြံရလာလို့ပါ"

ငြိမ်းချမ်းက ဘာမှမပြော ဘကြီးမှုံကို ငေးကြည့်ရင်း ရှေ့ဆက်ပြောမည့်စကားကို နားထောင်နေသည်။

"ကျုပ်မှာ ထရံတွေရှိတယ်ဗျ၊ လှည့်ပတ်ကာလိုက်ရင် ရုပ်ရှင်ရုံဖြစ်တာပဲ၊ ရွာကလူတွေလဲ ကြည့်မယ်၊ အနီးအနားရွာတွေကလဲ လာကြည့်မယ်၊ လူတွေလဲ ပျော်တယ်၊ ဆရာတို့လဲ ကျောင်းအတွက် ရန်ပုံငွေရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘကြီးမှုံက ငြိမ်းချမ်း၏အကဲခတ်နေသည်။ ငြိမ်းချမ်းက စဉ်းစား ဆဲ၊ ဘကြီးမှုံ အားမလို အားမရ ဖြစ်လာသည်။

''ဘာတွေများ စဉ်းစားနေတာလဲ ဆရာရဲ့''

''ကျွန်တော်တို့ အရင်းအနှီး စိုက်ထုတ်ဖို့ဆိုရင် ဒါမျိုးအတွက် ဆရာမိဘ ရန်ပုံငွေက ထုတ်ယူခွင့်မရှိဘူး ဘကြီးမှုံရ''

''သြော် တော်တော်ခက်တဲ့ဆရာပဲ၊ ဘယ်ကအရင်းအနှီးမှ မလို ပါဘူးဗျ။ ရုံက ကျုပ်ရုံဗျာ အလကားရမယ်။ ကားထုပ်တို့၊ ပြစက်တို့ ငှားဖို့ကတော့ ကျုပ်လူတွေရှိတယ်။ ကျုပ်အလျှင်က လုပ်ဖူးတယ်ဗျ၊ ကားထုပ်နဲ့ ပြစက်ကလဲ အကြွေးရပါတယ်၊ ပြပြီးလို့ ငွေရမှ ရှင်းပေးရုံပဲ''

''တကယ်လို့ ကျွန်တော်တို့က အရင်းမရဘဲ ရှုံးနေရင် ဘယ်လို လုပ်မလဲဗျာ''

''ကဲ . . ရှုံးရင် ကျုပ်ကစိုက်ပေးမယ်ဗျာ''

''အဲဒီလိုကျတော့လဲ ကျွန်တော်တို့က ဘယ်တရားပါ့မလဲ''

''သဘောကို ပြောတာပါဗျ၊ ကျုပ်လဲ တကယ်စိုက်ရမှာ မဟုတ် ပါဘူး။ ရှုံးမှ မရှုံးနိုင်ပဲနဲ့''

ဘကြီးမှုံအဆွယ်ကောင်း၍ ငြိမ်းချမ်း စိတ်ဝင်စားမိသည်။ စမ်း ကြည့်ချင်သည်။ ဆရာမိဘအသင်း အမှုဆောင်များနှင့် တိုင်ပင်သည်။ ဘကြီးမှုံလုပ်ပေးလျှင် မရှုံးနိုင်ကြောင်း ကျောက်မီးရွာသား မိဘများက ပြောကြသည်။ ရုပ်ရှင်ပြရန် အားလုံးသဘောတူကြ၏။

ဘကြီးမှုံက ရုံစိုက်သည်။ ကားထုပ်ကိုယ်စားလှယ်နှင့် ပြစက်



သမားများကို ထမင်းကျွေးသည်။ သူတွင် ယခင်က ရှိနေသော လက်မှတ် အသစ်များကို အလကားထုတ်ပေးသည်။ ငြိမ်းချမ်းတို့က လုပ်အား စိုက်ကြရသည်။ နောက်တစ်နေ့တွင် ပေးစရာရှိသည်များကိုရှင်းပြီးသော အခါ အမြတ်ငွေ ၁၅၀ ကျပ် ကျန်သည်။ စနေနေ့တိုင်း တပတ်တပွဲ ပြသည်။ များသောအားဖြင့် မြတ်သည်။ မီးစက်ပျက်သည့်နေ့တွင်သာ လက်မှတ်ဖိုးများ ပြန်အမ်းရ၍ ရှုံးသည်။ မိုးဖြိုင်ဖြိုင် ကျတော့မည်။ ငြိမ်းချမ်းရုပ်ရှင်ပြီး ကျောင်းဆရာများ စီးပွားရေး လုပ်နေသည်ဟု ရွာသား တို့ မမြင်စေချင်။ ဘကြီးမှုံကိုပြောပြရာ ဘကြီးမှုံ သဘောပေါက်သည်။ သို့ရာတွင် နောက်ဆုံးတချီ မိမိရရ တပွဲပြရန် အကြံပေးသည်။ ကားကောင်းကောင်းငှား၍ ဆရာဆရာမများ လက်မှတ်လိုက်ရောင်းကြ သည်။ အနီးအနားရွာများ ဖြစ်ကြသော ငွေတောင်၊ တုံးဘို၊ တံတိုင်း ရှည်၊ လက်ကောင်း၊ သုံးအိမ်၊ ရွာရှည်၊ သဖင်ကုန်း၊ ထွန်တုံး၊ အောင် ပင်လယ်၊ ဘန့်ကွဲစသည် ရွာများကို ရောက်ကြသည်။ ကောင်းကျိုး တစ်ခုရှိသည်။ ငြိမ်းချမ်းတို့ ဆရာ ဆရာများကို အနီးအနားရွာများက သိရှိခင်မင်သွားကြသည်။ ကျောင်းသား တော်တော်များများ၏အိမ်သို့ ရောက်သွားကြသည်။ ကျောင်းသားမိဘများနှင့် တွေ့ဆုံရင်းနှီးကြသည်။ ကျောင်းသားများ၏ ပညာရေးတိုးတက်မှုအတွက် ဆွေးနွေးတိုင်ပင်ကြ ရသည်။ မိဘများက သူတို့သားသမီးအကြောင်း တိုင်စရာရှိသည်များ ကို တိုင်ကြသည်။ ယုံကြည်စိတ်ချစွာ အပ်နှံကြသည်။ ငြိမ်းချမ်းတို့ ဆရာဆရာမများကလည်း မိဘများကို အကြံဉာဏ်ပေးသည်သည်များ

www.burmeseclassic.com



ပေးကြသည်။ မိဘများ၏ဘ၀၊ မိဘများ၏အခြေအနေနှင့် ဆက်စပ်နေသော ကလေးတို့၏ ဘ၀၊ ကလေးတို့၏အခြေအနေကိုလည်း ပြည့်စုံစွာ သိရှိကြရသည်။ ရုပ်ရှင်မှရမည့်အမြတ်ထက် ပို၍ကြီးမားသော အမြတ်ကို ငြိမ်းချမ်းတို့ ရခဲ့ကြသည်။ နောင်တွင် အခွင့်သင့်တိုင်း ကျောင်းသူ ကျောင်းသားများ၏အိမ်သို့ ရောက်အောင်သွား၍ မိဘများနှင့် တွေ့ဆုံရန် ငြိမ်းချမ်းတို့ ဆုံးဖြတ်ကြသည်။

ရုပ်ရှင်ပြသောညတွင် ကြိုတင်လက်မှတ် ရောင်းထား၍ လူစည် လှသည်။ ကားကလည်း ကားကောင်းဖြစ်၍ ကြည့်သူများသည်။ အမြတ် ငွေ ငါးရာခန့်ရသည်။

ပွဲအားလုံးကို စာရင်းချုပ်၍ပေါင်းသောအခါ ကျောင်းရန်ပုံငွေ တစ်ထောင်ခန့်ရ၏။ ထိုငွေဖြင့် ကျောင်းအတွက် ကြက်ခြေနီသေတ္တာ များ ဝယ်သည်။ အားကစားပစ္စည်းများ ဝယ်သည်။ ကလေးတန်းများ အတွက် စီးလျှောနှင့် စီးဆော့ လုပ်ပေးသည်။ ကလေးတို့ ပျော်ကြသည်။ ဆရာ ဆရာမများ ပျော်ကြသည်။

ဘကြီးမှူလည်း ပျော်နေသည်။

# ၁၇

# မွန်မြတ်ချစ်ကြည် ကြက်ခြေနီ

ကျောက်မီးရွာတွင် ဆေးရုံမရှိ။ ကျန်းမာရေး ဆေးပေးခန်းရှိသည်။ ဆေးမှူး တစ်ယောက်ရှိသည်။ သူ့လက်အောက်တွင် သားဖွားဆရာမများ ရှိကြ သည်။ ဆေးမှူးဦးမြမှာ အသက်အရွယ်ကြီး၍ အတွေ့အကြုံများသည်။ စကားပြောလည်း ကောင်းသည်။ ငွေဖြင့် ကြေးဖြင့်ဆေးမကု၊ လိုအပ် လျှင် ဆေးရုံသို့ သူကိုယ်တိုင် လိုက်ပို့သည်။

“ဖက်ကြောတက်နေလို့ ဆေးထိုးပေးပါ” “အညောင်းပြေချင် လို့ ဆေးထိုးပေးပါ”ဆိုသူများကို ဆေးမှူးက အလိုမလိုက်။ ထို့ကြောင့် ငွေပေါ်တိုင်း ဆေးမထိုးရသူများက မကြိုက်။ ထိုလူများ၏ သဘောထား ကိုလည်း ဆေးမှူးက မကြိုက်။ သို့ရာတွင် မသိနားမလည်မှုကို သနား ၍ စိတ်ရှည်လက်ရှည် ပညာပေးသည်။ အခွင့်သင့်တိုင်းပင် မမောနိုင် မပန်းနိုင်ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းက ဖိတ်ခေါ်၍ ကျောင်းကျန်းမာရေးအတွက် ကလေးများကို နှစ်ကြိမ်ဟောပြီးပြီ။ အပြောအဟောကောင်း၍ ကျောင်းသားများ စိတ်ဝင်စားကြသည်။ တဝါးဝါး ရယ်နေ၍လည်း ကျောင်းသားများ ပျော်နေကြသည်။ ကိုယ်ရေပြား ရောဂါကုသောဆရာကိုခေါ်လာ၍ ကျောင်းသူကျောင်းသားများကို စစ်ဆေးပေးသည်။ တကိုယ်ရေ သန့်ရှင်းရေး လုပ်မလုပ် တစ်ကြိမ်လာရောက်စစ်ဆေးသည်။ ကလေးတစ်ယောက်ချင်းကို စိတ်ရှည်လက်ရှည် ရှင်းလင်းပညာပေးသည်။ လေးကြိမ်ခန့်တွေ့ရသောအခါ ဆေးမှူးနှင့်ကလေးများ ခင်မင်ရင်းနှီးသွားကြသည်။ ကျောင်းချိန်အတွင်း ကျောင်းသားများ ဆေးခန်းလိုက်လျှင် စာသင်ချိန်မထိခိုက်အောင် ဦးစားပေး၍ လုပ်ပေးသည်။

ကြက်ခြေနီဆေးသေတ္တာများဝယ်ပြီးသောအခါ ငြိမ်းချမ်းက ဆေးမှူးနှင့် သွားတွေ့သည်။ အလယ်တန်းကျောင်းသူ ကျောင်းသားများကို ကြက်ခြေနီ ရှေးဦးသူနာပြုစုနည်း သင်ပေးပါရန် အကူအညီတောင်းသည်။ ဆေးမှူးက သဘောတူသည်။ သို့ရာတွင် ရွာထဲမှ လူငယ်များပါ တက်ခွင့်ရအောင် ပို၍ကျယ်ကျယ်ပြန့်ပြန့် လုပ်ချင်ကြောင်း ပြောသည်။ ဆေးမှူးနှင့် ငြိမ်းချမ်းပေါင်း၍ ရွာလူကြီးများကို သင်ပြသည်။ ရွာလူကြီးများက သဘောကျသည်။ ဆေးမှူးနှင့် ငြိမ်းချမ်းတို့ သင်တန်းသားစည်းရုံးကြသည်။ လုပ်ရင်းနှင့် ပိုမိုကျယ်ပြန့်လာသည်။ အနီးအနားရွာများကပါ တက်ချင်သည်ဟု ပြောကြသည်။ သင်တန်းသား ၈၁ ခန့်ဖြစ်လာ၏။ ဆေးမှူးက မြို့နယ်ဆရာဝန်ကြီး၏ ခွင့်ပြုချက်တောင်းခံပြီးလျှင်



ကြက်ခြေနီအဖွဲ့အစည်းနှင့် ဆက်သွယ်၍ သူကိုယ်တိုင်ကြီးကြပ်လျက် သင်တန်းပေးသည်။ ငြိမ်းချမ်းက သင်တန်းကာလတွင် သင်တန်းအုပ်ချုပ်ရေးကိုတာဝန်ယူရ၏။ ကျောင်းအတွက်လုပ်ရာမှ ရွာအတွက် အများအတွက် ဖြစ်လာသည်။

ပထမအကြိမ် သင်တန်းအောင်မြင်စွာ ပြီးဆုံးသွားသည်။ လက်တွေ့အကျိုးရှိသည်ကို သိမြင်လာသောအခါ နောက်ထပ်တက်လိုသူများက စာရင်းပေးကြပြန်သည်။ ဒုတိယအကြိမ် သင်တန်းဖွင့်ပေးရပြန်၏။ ပင်ပန်းသော်လည်း အကျိုးရှိသောလုပ်ငန်းဖြစ်၍ ပျော်သည်။ တာဝန်ကြီးသော်လည်း မွန်မြတ်သောလုပ်ငန်းဖြစ်၍ ဂုဏ်ယူသည်။

ဒုတိယအကြိမ် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲတွင် ကျောက် မီးကျောင်းမှ ဆရာမများနှင့် ကျန်းမာရေး ဆေးပေးခန်းမှ ဆရာမများ ကျန်းမာရေး ပညာပေး စကားရည်လုပွဲလုပ်ကြသည်။

"ရွာသူရွာသားများသည် မြို့သူ မြို့သားများထက် ပို၍ ကျန်းမာရေးကောင်းသည်"ဟူသော အဆိုဖြစ်သည်။ ရွာသူရွာသားများ လာရောက်နားထောင်ကြသည်။ စိတ်ဝင်စားစရာလည်း ကောင်းသည်။ ရယ်လည်းရယ်ရသည်။ ပညာဗဟုသုတလည်း ရသည်။

ကျောက်မီးရွာတွင် အလယ်တန်း ကျောင်းသူကျောင်းသားအားလုံး ရှေးဦးသူနာပြုစုနည်း တတ်မြောက်ထားကြသည်။ ကြက်ခြေနီအဖွဲ့တစ်ခုကိုပင် ဖွဲ့စည်းထားကြသည်။ ကျောင်းသားများ ပွန်းပဲ့ရှနာ ထိခိုက်

www.burmeseclassic.com



ဒဏ်ရာရလျှင် ကျောင်းမှာပင် ပြုစုပေးကြ၏။ ကူးစက်တတ်သော ရောဂါများကိုလည်း ကြိုတင်ကာကွယ်ရန် နားလည်လာကြ၏။ ကျောင်းသားများသည် မှန်မြတ်သောလုပ်ငန်းများကိုလုပ်ရင်း စိတ်ဓာတ်လည်း မြင့်မြတ်လာကြသည်။ အများအတွက် အနစ်နာခံတတ်လာကြ၏။ ဒုက္ခရောက်သူများကို ကူညီတတ်လာကြ၏။ လူနှင့် လူချင်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံတတ်လာကြ၏။ "ခုတ်မယ်၊ ထစ်မယ်၊ ပါးပါးလှီးမယ်"၊ တုံးမယ်၊ တစ်မယ်၊ နုတ်နုတ်စင်းမယ်"ဟူသော အယူအဆများအစား "တွဲမယ်၊ ထူမယ်၊ ကူညီမယ်"ဟူသော အယူအဆများ ပွားများလာကြ၏။

# ၁၈

## လူဆိုးကလေး မောင်ဆန်း

ညနေထမင်းစားပြီးသောအခါ ငြိမ်းချမ်းလမ်းလျှောက်ထွက်လာခဲ့သည်။ ရွာဦးမှ ဘုန်းကြီးကျောင်းဝိုင်းထဲတွင် ကိုနက်စိန်တို့အဖွဲ့ ခြင်းခတ်နေသည်ကို သွားကြည့်ရန် စိတ်ကူးထားသည်။ "ကိုတင်အောင်ရေ၊ ဟိုမှာဟော့ ဆရာဦးငြိမ်းချမ်း၊ လှမ်းခေါ်လိုက်ပါအုံး"

"ဆရာ၊ အိမ် ခဏကြွပါအုံး"

ဦးတင်အောင်က သူ့ဇနီးဒေါ်သန်းရီကိုပြော၍ လှမ်းခေါ်လိုက်သည်။ သူတို့လင်မယားမှာ ငြိမ်းချမ်းနှင့် အတော်ပင်ရင်းနှီးနေသူများဖြစ်နေကြသည်။ ငြိမ်းချမ်း၏ လမ်းကြောင်းပြောင်းသွားရပြီ။

"ထိုင်ပါအုံးဆရာ၊ မောင်ညွှန့်ရေ၊ ဆရာဖို့ လက်ဖက်ရည်ဝယ်ချေကွာ"

ဦးတင်အောင်က ကုလားထိုင်တစ်ခုပေါ်မှ အဝတ်များကိုဖယ်ပစ်ရင်း ငြိမ်းချမ်းကို အထိုင်ခိုင်းသည်။ သူ့သားမောင်ညွှန့်ကိုလည်း လက်ဖက်ရည် အဝယ်ခိုင်းလိုက်သည်။

"ဘာမှ မလုပ်ပါနဲ့ဗျာ၊ ကျွန်တော် အခုပဲ ထမင်းအိုးဗိုက် ပြည့်နေလို့ လမ်းလျှောက်လာတာ"

www.burmeseclassic.com



"ဆရာ၊ အိမ်ကကောင်တွေတော့ ဆရာ့ကို အပ်ထားတယ်နော်၊ ကျိုးကျိုးကန်းကန်း ရိုက်သာရိုက် မညှာနဲ့၊ ရိုက်လို့ ကျိုးလဲ စိတ်မဆိုးဘူး ဆေးရုံတင်ကုမယ်"

ဦးတင်အောင်၏ဇနီး ဒေါ်သန်းရီက သူ့ထုံးစံအတိုင်းပင် ကလေး များကို အတင်းရိုက်ခိုင်းနေသည်။

"မလုပ်ပါနဲ့ဗျာ၊ ခင်ဗျားပြောတာကိုပဲ ကြောက်စရာကောင်းလှပြီ၊ တော်ကြာ ကလေးတွေက ဆရာ့ကို လန့်နေပါအုံးမယ်"

"လန့်ပစေ ဆရာ၊ လန့်မှ ဖြစ်မှာ၊ အဖေ အမေလောက် ကြောက်ရုံနဲ့တော့ စာမတတ်ဘူး"

ဒေါ်သန်းရီက ထပ်ဆက်နေ၍ ငြိမ်းချမ်းပြုံးမိသည်။

"မဟုတ်ပါဘူးဗျာ၊ ရိုက်မှ ကြောက်မယ်၊ ကြောက်မှ စာတတ်မယ်ဆိုတာ မမှန်ပါဘူး"

"ဟင်၊ ကျွန်မတော့ ကြောက်မှစာတတ်မယ်လို့ မှတ်ထားတာပဲ"

ဒေါ်သန်းရီက သူ၏အယူအဆကို မလျှော့ချင်သေး။ ကလေးများကား သူတို့အမေ၏ အယူအဆကို သဘောမကျဟန်ဖြင့် ကြည့်နေကြသည်။

"ကဲ၊ ဒေါ်သန်းရီ၊ ခင်ဗျားကို ကျွန်တော် ရှင်းပြမှ ဖြစ်မယ်၊ ခင်ဗျားက ကျွန်တော့်ကိုတွေ့တိုင်း ကလေးတွေကို အရိုက်ချည့် ခိုင်းနေတာပဲ၊ ကျွန်တော့်ကိုယ်တွေ့ပြောရရင် ဆရာကို သိပ်ကြောက်လွန်းတဲ့ အခါမှာ ကလေးဟာ ရပြီးသားစာတောင် ပျောက်သွားတယ်၊ တတ်ပြီးသား ဂဏန်းတောင် မတွက်တတ်တော့ဘူး၊ ဉာဏ်တွေလဲ ထိုင်းကုန်တယ်၊ အဲဒီအခါမျိုးမှာ ကလေးဟာ သိပ်သနားစရာ ကောင်းတာပဲ"



ဒေါ်သန်းရီက ငြိမ်းချမ်းပြောသည်ကို စောဒကမတက်ဘဲ နားထောင်နေသည်။ ငြိမ်းချမ်းက ဆက်ပြောသည်။

"ခင်ဗျား စဉ်းစားကြည့်ပါ၊ ဆရာကို ကြောက်လွန်းလို့ ရပြီးသားစာတွေတောင် ပျောက်ကုန်ပြီ၊ ဒူးတွေ လက်တွေလဲ တုန်နေပြီ၊ အဲဒါကို ဆရာက ကဲကွာ၊ ကဲကွာ၊ ဒါလေးတောင် မသိဘူးလား၊ ဒါလေးတောင် နားမလည်ဘူးလားဆိုပြီး ဆက်ကာ ဆက်ကာ၊ ရိုက်မယ်ဆိုပါစို့၊ အဲဒီကလေးရဲ့အဖြစ်ကို စဉ်းစားကြည့်ပါ ဘယ်လောက်သနားစရာ ကောင်းမလဲ၊ အဲဒီလို ဆရာမျိုးကို ကလေးက ကြောက်လဲ ကြောက်မယ်၊ မုန်းလဲမုန်းမယ်၊ ကျောင်းလဲ နေချင်မှာ မဟုတ်ဘူး၊ စာလဲ သင်ချင်မှာ မဟုတ်တော့ဘူး"

"ဟုတ်တယ်ဆရာ၊ ဟုတ်တယ်။ ကျွန်တော်တို့ ငယ်ငယ်က ဆိုရင် အဲဒီလိုပဲ ခံရတယ်"

ဦးတင်အောင်က ထောက်ခံလိုက်သည်။

"အဲဒါတော့၊ ကျွန်မလဲ မသိဘူးဆရာ၊ ဆရာ့တပည့်တွေကို စာတတ်အောင်၊ လိမ္မာအောင်သာ လုပ်ပေးပါ"

ဒေါ်သန်းရီက လေပျော့သွားသည်။

"တစ်ခုတော့ ရှိတာပေါ့ဗျာ၊ ဆရာဖြစ်ဖြစ်၊ မိဘဖြစ်ဖြစ်၊ ကလေး ရဲ့ချစ်ခင်မှု ရှိသေလေးစားမှုတော့ ရဖို့လိုတာပေါ့၊ မုန်းကြောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိသေးဖြစ်ရင် ကောင်းတာပေါ့၊ ဒါမှလဲ သူတို့ကို ပညာသင်လို့ ဆုံးမ မြှုပြင်လို့ ရတာပေါ့''

''ခင်ဗျားသားသမီးတွေ လိမ္မာပါတယ်ဗျာ၊ မောင်ညွန့်ရော၊ မောင်ဌေးရော၊ မဲတူရော၊ ဘယ်သူဆိုးလဲ၊ ကျောင်းမှာ စာလဲတော် ကြတာပဲ''

''ဆရာ အငယ်ကောင်ရော သိလား''

ဦးတင်အောင် မေးလိုက်ခြင်း ဖြစ်သည်။

''ဘယ်သူလဲ''

''မောင်ဆန်းလေ၊ ဆရာ''

ဒေါ်သန်းရီက ဖြေသည်။

''ဩော်. . . ကျွန်တော် ဦးစံလှိုင်အိမ်နေတုန်းက ညညမှာ ပုံပြော တာကို လာနားထောင်တဲ့အဖွဲ့ထဲက မောင်ဆန်းလား၊ သူက ငယ်ပါသေး တယ်၊ ကလေးပဲ''

''ဟား ဟား၊ အဲဒီကောင် သိပ်ဆိုးတယ်ဆရာ''

ဦးတင်အောင်က ရယ်ရင်း ပြောလိုက်သည်။

''မောင်ဆန်းဆိုးပုံတော့ လွန်တယ်ဆရာ သူက အငယ်တန်း လေးဆိုတော့ ဆရာသိမှ မဟုတ်ဘူး၊ ဒါကြောင့်မို့ ဆရာ့ကိုခေါ်ပြီး ပြောရတာ''

ဒေါ်သန်းရီက သူယောကျ်ား၏စကားကို ထောက်ခံပြောလိုက် သည်။



မောင်ဆန်းအိပ်ရာထလျှင် ငိုပြီးထကြောင်း၊ မျက်နှာသစ်နိုင်း လျှင် ငိုကြောင်း၊ နံနက်လင်းလျှင် ဘာကျွေးကျွေးချေးများကြောင်း မုန့်ဖိုးပေးလျှင်လည်း နည်းသည်ဆို၍ ငိုကြောင်း။ အစ်ကို၊ အစ်မ၊ အဖေ၊ အမေအားလုံးကို ဆဲကြောင်း။ နံနက်ဆိုလျှင် မောင်ဆန်း၏ ငိုသံ၊ အော်သံ၊ ဆဲသံနှင့် တအိမ်လုံး ပွက်ပွက်ညံနေကြောင်း။ မောင်ဆန်း နံနက်တိုင်း အရိုက်ခံရကြောင်း လင်မယားနှစ်ယောက်လုံး အတိုင် အဖောက်ညီညီနှင့် မောင်ဆန်းဆိုးပုံကို တိုင်နေကြသည်။ မောင်ဆန်း ကို လိမ္မာအောင် ဆုံးမပေးဖို့လည်း ပြောကြသည်။

''ဟောဟိုမှာ ဆရာ၊ ပြောရင်းဆိုရင်းနဲ့ မောင်ဆန်းလာနေပြီ''

ဒေါ်သန်းရီက အိမ်ဝင်းထဲသို့ ဝင်လာသော မောင်ဆန်းမကြား အောင် ခပ်တိုးတိုး ပြောလိုက်သည်။

''ကဲ၊ အဲဒီလိုဆိုရင် တော်ကြတော့၊ သူ့ရှေ့မှာ ကျွန်တော့ကို သူ့အကြောင်း မကောင်းမပြောပါနဲ့၊ ကျွန်တော် သူ့အတန်းပိုင်ဆရာမနဲ့ တိုင်ပင်ပြီး ပြောကြည့်ပါအုံးမယ်''

မောင်ဆန်းအိမ်ထဲ ဝင်လာသည်။

''မောင်ဆန်း၊ ဆရာ့ဆီလာအုံးကွ''

မောင်ဆန်းက ငြိမ်းချမ်းအနီးသို့သွားရောက်၍ လက်ပိုက်ရပ်နေ သည်။

ဦးတင်အောင်က သူ့သားကိုကြည့်၍ ပြုံးနေသည်။ ဒေါ်သန်းရီ မျက်နှာမှာ လက်ပိုက်နေသော သူ့သားကိုကြည့်၍ သနားသလို ပြုံးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



“မောင်ဆန်း၊ ဆရာပုံပြောတုန်းက လာနားထောင်တယ်မို့လား”

“ဟုတ်ကဲ့”

“မင်း သိပ်လိမ္မာတဲ့ကလေးပဲ၊ ဆရာမင်းကို သိတယ်ကွ၊ ပုံနားထောင်ဖို့လာတိုင်း မင်းငြိမ်ငြိမ်ကလေးပဲ နေတယ်မို့လား”

“ဟုတ်ကဲ့”

ဒေါ်သန်းရီမှာ ဆရာရှေ့တွင် ကျိုးနွံလှသော သူ့သားကိုကြည့်၍ အံ့သြနေသည်။

“ဦးတင်အောင် တွေ့တယ်မို့လား၊ မောင်ဆန်းဘယ်လောက်လိမ္မာလဲ၊ ပုံနားထောင်ဖို့ လာတုန်းကလဲ သူအအေးဆုံး၊ အလိမ္မာဆုံးပဲ”

ငြိမ်းချမ်းက ဦးတင်အောင်ဘက် လှည့်ပြောရင်း မောင်ဆန်း၏ ပုခုံးကို ဖက်လိုက်သည်။

ငြိမ်းချမ်းက အားလုံးကိုနှုတ်ဆက်ပြီးနောက် ပြန်ခဲ့သည်။

နောက်တနေ့တွင် နေ့လယ် လဖက်ရည်သောက်ချိန်တွင် ဆရာဆရာမများ ဆုံမိကြသောအခါ ငြိမ်းချမ်းက မောင်ဆန်းအကြောင်းကို အတန်းပိုင်ဆရာမ ဒေါ်ခင်စန်းအား မေးကြည့်၏။ ဒေါ်ခင်စန်းက မောင်ဆန်းအေးကြောင်း၊ လိမ္မာကြောင်း၊ စာကြိုးစားကြောင်း ပြောသည်။

ငြိမ်းချမ်းက သူ့မိဘများ တိုင်လိုက်ကြသည့် မောင်ဆန်း၏ အဆိုး ဗီကာကို ဖွင့်ပြသည်။ ဒေါ်ခင်စန်း အံ့သြနေသည်။ ကျောင်းတက်လျှင် လာ၍ အကဲခတ်ကြည့်ပါရန် ငြိမ်းချမ်းကို ဖိတ်ခေါ်သည်။



မောင်ဆန်းဆိုးသည် မဟုတ်ပါ။ မိဘများက ဆိုးအောင် လုပ်ထားခြင်းသာ ဖြစ်သည်။ ထိုသဘောကို ဒေါ်သန်းရီနားလည်အောင် ငြိမ်းချမ်းက ရှင်းပြသည်။

ဒေါ်သန်းရီက ငြိမ်းချမ်းပြောသမျှကို ခေါင်းတညိတ်ညိတ် နားထောင်နေ၏။

“တစ်ခုတော့ ရှိတယ်၊ ခင်ဗျားတို့က သနားတာတွေ၊ ချစ်တာတွေနဲ့ တအားအလိုလိုက်ရင် ပြန်ပြီး ပျက်သွားလိမ့်မယ်။ ချစ်တာတော့ ချစ်ပေါ့၊ ဖျက်တော့ မဖျက်ကြနဲ့၊ သူကောင်းတာလေးတွေ တွေ့တိုင်း ချီးမွမ်းပေးပေါ့။ ဒါပေမယ့် မြှောက်လွန်းတာမျိုး မလုပ်နဲ့၊ ငေါက်တာ၊ ရိုက်တာနဲ့စာရင် သဘောပေါက်အောင် ချော့ပြီး ပြောတာက လိမ္မာတယ်”

ဒေါ်သန်းရီက ဆရာ ဆရာမများကို ကျေးဇူးတင်ကြောင်း ပြော လျက် နှုတ်ဆက်၍ ပြန်သွားသည်။

ခြေထောက်ကသာ ရှေ့သို့ လှမ်းနေသည်။ ခေါင်းက သူ့သားရှိရာ အတန်းဆီသို့ စောင်းငဲ့စောင်းငဲ့ ဖြစ်နေ၏။

ညဦးတွင် ငြိမ်းချမ်း မောင်ဆန်းထံသို့သွား၍ အကောင်းဆုံးပုံပြင်တစ်ခု ပြောလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ဆန်းက ဘာမှမပြော။

"ဆရာ ဒီနေ့ညနေ မင်းတို့အိမ်ကို လာခဲ့မယ်၊ မောင်ဆန်း လိမ္မာသွားပြီလို့ မင်းတို့အဖေနဲ့အမေကို ပြောလိုက်ရမှာလား"

"ဟုတ်ကဲ့"

"မနက်ကို မငိုဘဲနဲ့ ထနော်"

"ဟုတ်ကဲ့"

"ဘာကျွေးကျွေး ချေးမများနဲ့နော်"

"ဟုတ်ကဲ့"

"မုန့်ဖိုး ပေးသလောက်ပဲ ယူနော်"

"ဟုတ်ကဲ့"

"ဘယ်သူ့မှ မဆဲနဲ့နော်"

"ဟုတ်ကဲ့"

"ကဲ-၊ မနက်ဖြန် ညနေကျတော့ ဆရာမင်းတို့အိမ်ကို တခေါက် လာမေးကြည့်မယ်။ မောင်ဆန်း အိမ်မှာလဲ လိမ္မာသွားပြီလို့ဆိုရင် ဆရာ သိပ်ဝမ်းသာမှာပဲ၊ မောင်ဆန်းကိုလဲ ဆရာဆုချမယ်၊ ဘာဆုလဲ သိလား။ အကောင်းဆုံး ပုံတပုံပြောပြမယ်"

မောင်ဆန်းက ငြိမ်းချမ်းကိုကြည့်လျက် "ဟုတ်ကဲ့"ဟု ပြောလိုက်သည်။

ညနေပိုင်းတွင် မောင်ဆန်းတို့အိမ်သို့ ငြိမ်းချမ်းသွားသည်။ မောင်ဆန်း၏ရှေ့မှာပင် မောင်ဆန်း လိမ္မာသွားပြီဖြစ်ကြောင်း သူ့မိဘများ



ကို ပြောခဲ့သည်။ သူ့မိဘများက သိပ်ယုံကြည်ကြဟန် မတူပါ။

နောက်တစ်နေ့ နေ့လည် ကျောင်းဆင်းချိန်တွင် ဒေါ်သန်းရီ ကျောင်းသို့ လိုက်လာသည်။

"ဆရာရယ် မနက်ကတော့ မောင်ဆန်း သိပ်သနားစရာ ကောင်းတာပဲ၊ မနက်စောစော သူ့ဘာသာ အိပ်ရာထတယ်၊ သူ့ဘာသာ မျက်နှာသစ်တယ်၊ ဒီနေ့မှ ပဲပြုတ်သည် မလာလို့ ထမင်းချည့်ဆီဆန်း ကျွေးရ တယ်၊ အဲဒါလဲ ဘာမှမပြောဘဲနဲ့စားပြီး ကျောင်းကို သွားတယ်။ မုန့်ဖိုးတောင် မတောင်းဘူး။ ဒါနဲ့ ပိုက်ဆံတမတ် လိုက်ပြီးပေးရတယ်၊ ဆရာတို့ ဘယ်လိုများ ပြောလိုက်လဲ မသိဘူး။ သိပ်လိမ္မာသွားတာမှ သနားစရာတောင် ကောင်းတယ်"

ဒေါ်သန်းရီ၏လေသံမှာ သူ့သားလိမ္မာသွားသည်ကို ဝမ်းသာသည်ထက် သနားသည်က ပိုများနေသည်။

အမှန်စင်စစ် ငြိမ်းချမ်းတို့ ဘာမှ ခက်ခက်ခဲခဲ ပြောရသည် မဟုတ်ပါ။ ကလေး၏သဘာဝမှာ အချစ်ခံချင်သည်၊ အချီးမွမ်းခံချင်သည်၊ အချော့ကြိုက်သည်။ မောင်ဆန်းမှာ ပင်ကိုယ်ကပင် အေးအေးနေတတ်သော ကလေးဖြစ်သည်။ ကျောင်းမှာ ဆရာမများ၏ ချစ်ခင်ခြင်း၊ ချီးမွမ်းခြင်းကို ခံနေရသည်။ အိမ်မှာကား အငယ်ဆုံးဖြစ်၍ အားလုံးက အလိုလိုက်ထားသောကြောင့် ဆိုးနေခြင်း ဖြစ်သည်။ သို့ရာတွင် ဆရာ ဆရာမများက သူ့ကို ဆိုးသည်ဟု မမြင်စေချင်။ အချစ် အခင်မလျော့စေချင်။ ငြိမ်းချမ်းတို့က ပို၍ ချစ်ချစ်ခင်ခင်နှင့် ချော့ပြောရန် လိုသည်။ အမှန်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်၍ ခဏကြာသောအခါ ငြိမ်းချမ်းမောင်ဆန်းတို့အတန်းသို့ သွားသည်။ ဒေါ်ခင်စန်းက ငြိမ်းချမ်းအား မောင်ဆန်းရှိရာသို့ ညွှန်ပြသည်။ ကြိုးစားပန်းစား စာရေးနေသော မောင်ဆန်းကို တွေ့ရသည်။

"ကျောင်းမှာတော့ အေးတာပဲ ဆရာမရဲ့၊ ဒါပေမယ့် တချို့ကလေးတွေက အိမ်မှာ ဆိုးဓာတ်တယ်။ ကျွန်တော်တို့ သူ့ကို ဆုံးမကြည့်ရအောင်"

ဒေါ်ခင်စန်းက မောင်ဆန်းကို သူ့စားပွဲအနီးသို့ ခေါ်လိုက်သည်။

မောင်ဆန်းက ဆရာနှင့် ဆရာမရှေ့တွင် လက်ပိုက်၍ ရပ်နေသည်၊

"မောင်ဆန်း မင့်ဆရာမက မင်းကိုချီးမွမ်းနေတယ်။ အေးလွန်းလို့၊ လိမ္မာလွန်းလို့၊ စာကြိုးစားလွန်းလို့တဲ့ ဟုတ်လား မောင်ဆန်း"

"ဟုတ်ကဲ့"

"အိမ်မှာတော့ သိပ်ဆိုးတာပဲလို့ မောင်ဆန်းအဖေနဲ့ အမေက ဆရာ့ကို ပြောတယ် ဟုတ်လား မောင်ဆန်း"

မောင်ဆန်းက ဘာမှမဖြေပါ။ ငြိမ်ငြိမ်ကလေး လက်ပိုက်နေသည်။

"ကျောင်းမှာ မောင်ဆန်း လိမ္မာလို့ ဆရာမတွေက ချစ်ကြတယ်၊ ဆရာလဲချစ်တယ်၊ အိမ်မှာလဲ မောင်ဆန်းလိမ္မာရင် မောင်ဆန်းအဖေနဲ့ အမေက သိပ်ချစ်ကြမှာပေါ့၊ အိမ်မှာလဲ ကျောင်းမှာလို အေးအေးလေး နေပါလား"

# ၁၉

# ဈေးကောက်နှင့် စာကြည့်သင်း

တစ်နေ့တွင် ကျောင်းမှာ အမြဲတန်းဈေးရောင်းကြသော ဈေးသည်များက ငြိမ်းချမ်းထံသို့ အဆိုပြုချက်တစ်ခုကို တင်ပြလာကြ၏။ သူတို့နေ့စဉ်ဈေးကောက်ပေးပါမည်။ ပျံကျဈေးသည်များကို မရောင်းပါစေနှင့်ဟူ၍ ဖြစ်သည်။ ဈေးကွက်ကို လက်ဝါးကြီးအုပ်လိုခြင်း ဖြစ်၏။ ငြိမ်းချမ်းထိုသို့ လုပ်မပေးနိုင်ပါ။ လုပ်လျှင်တရားမည်မဟုတ်ပါ။ မည်သူမဆိုဈေးကောက်ပေးလျှင် ပင်တိုင်ရော၊ ပျံကျပါ ရောင်းချခွင့်ရှိသည်ဟုငြိမ်းချမ်းက သတ်မှတ်ပေးလိုက်သည်။ သင့်တော်မည့် ဈေးကောက်ငွေကို ဈေးသည်များကိုယ်တိုင် ညှိနှိုင်းသတ်မှတ်ခွင့်ပေးလိုက်သည်။ တဆိုင်လျှင် ငါးဆယ်ပြားစီ သတ်မှတ်ကြသည်။ ပင်တိုင်ဈေးဆိုင်ခြောက်ဆိုင်ရှိ၍ နေ့စဉ်ဈေးကောက်ငွေ သုံးကျပ်ရသည်။ ပျံကျဈေးသည်များ ဝင်လာလျှင် လေးကျပ်ငါးကျပ်အထိရသည်။ ပျမ်းမျှအားဖြင့် တစ်နေ့လျှင်ငါးဆယ်ခန့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုငွေကို မည်သို့ သုံးကြမည်နည်း။ ငြိမ်းချမ်းတို့ ဆရာဆရာမများ စုဝေးတိုင်ပင်ကြသည်။ နောက်ဆုံးတွင် အများသဘောတူ ဆုံးဖြတ်ချက်တစ်ခုရသည်။ ကျောင်းတွင် စာကြည့်သင်းတစ်ခု ဖွင့်ကြမည်။ နေ့စဉ် သတင်းစာတစ်စောင် ယူမည်။ လစဉ်ထုတ် မဂ္ဂဇင်း သုံးအုပ်ဝယ်မည်။ ကျောင်းသားများအတွက် အပျင်းလည်းပြေ၊ ပညာလည်းရမည့် ရှေ့သို့စာစောင်၊ တို့ကျောင်းသားစာစောင်၊ တေဇစာစောင်နှင့် ရွှေသွေးစာစောင်များဝယ်မည်။ ငွေပိုလျှင် အခြားဗဟုသုတဖြစ်စေမည့် စာအုပ်များဝယ်မည်။ စာကြည့်သင်းက မဖြစ်သေး။ ဆွေးနွေးတိုင်ပင်ရသည်နှင့်ပင် ပျော်စရာကောင်းလှသည်။

နောက်တစ်နေ့တွင် စာကြည့်သင်းအတွက် အခန်းတစ်ခု စီစဉ်ကြသည်။ ကျောင်းသားများထိုင်၍ဖတ်ရန် ခုံတန်းများ ချပေးသည်။ စားပွဲတစ်ခုနှင့် ဗီရိုတစ်ခု ထားပေးသည်။ ဆရာဆရာမများက မဂ္ဂဇင်းအဟောင်းများကို အလှူခံ၍ ယူလာကြသည်။

စာကြည့်သင်းလေး အကောင်အထည် ပေါ်သွားသည်။ နောက်တစ်နေ့တွင် ကျောင်းသူကျောင်းသားများကလည်း သူတို့အိမ်မှာရှိသည့် စာအုပ်စာစောင်အဟောင်းများကို မိဘများသဘောတူညီချက်ဖြင့် ယူလာကာ လှူကြသည်။

မနက်ကျောင်းမတက်မီ အချိန်များနှင့် နေ့လယ်ကျောင်းဆင်းချိန်များတွင် စာဖတ်နိုင်သည်။ သောကြာနေ့ ညနေတွင် စာအုပ်များကို အိမ်သို့ ငှားသွားခွင့်ရှိသည်။ ကျောင်းပိတ်ရက်တွင်ဖတ်ပြီးနောက် ကျောင်း



ဖွင့်ရက်တွင် ပြန်လည်အပ်ရသည်။

ဆရာမများက ဈေးကောက်ငွေကို နေ့စဉ်ကောက်ယူ၍ စုဆောင်း ထားကြရသည်။ လဆန်းလျှင် လိုအပ်သော စာအုပ်များကို ဝယ်ကြရ သည်။ လုပ်အားပေးဆရာ ဦးထွန်းမင်းက စာအုပ်ငှားတာဝန် ယူသည်။ ကျောင်းသားများ စာကြည့်သင်းအသုံးပြုတတ်လာကြသည်။ စာဖတ်ဝါသနာ ပါလာကြသည်။ အပျင်းလည်းပြေ၊ ဗဟုသုတလည်း ရလာကြသည်။

ရွာထဲ ရပ်ထဲမှ စာကြည့်သင်းကလေးများမှာ တရှိန်ထိုး တိုးတက် သော်လည်း တဖြည်းဖြည်း တစစ ကျဆင်းလာတတ်ကြသည်။ စာအုပ်ပျောက်ခြင်း၊ ရန်ပုံငွေ မှန်မှန်မရခြင်းတို့ကြောင့် နောက်ဆုံးတွင် ရပ်သွားကြရတတ်သည်။

ဤကျောင်းစာကြည့်သင်းကလေးက ပျက်ပြားသွားရန် အကြောင်းမရှိ၊ ကျောင်းရှိနေသမျှ ဈေးသည်များ ရှိနေကြမည်၊ ဈေးသည်များ ရှိနေသမျှ ဈေးကောက်ရမည်၊ ဈေးကောက်ရနေသမျှ စာကြည့်သင်း ရှိနေမည်။ ဈေးကောက်ရနေသမျှ စာကြည့်သင်းရှိနေမည်။ ဤဈေးကောက်ငွေသည် ဤစာကြည့်သင်းအတွက်ဟု အစဉ်မပျက် ဆက်လက်ထိန်းသိမ်းကြရန်သာလိုတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## ၂၀

# ရေတွင်းထဲမှ ဂဏေးငယ်

အချိန်က နေဝင်ဖျိုးဖျ၊ မှောင်ရီသမ်းစဖြစ်သည်။ တောဓလေ့ တောသဘာဝအလိုက် ကလေးများစုဝေး၍ ကစားနေကြ၏။ အချို့က စိန်ပြေးတမ်း ကစားနေကြသည်။ အချို့က တူတူပုန်းတမ်း ကစားနေကြသည်။ လူကြီးများမှာ စားသောက်ပြီးကြ၍ အေးအေးဆေးဆေး အနားယူနေကြ၏။ ငြိမ်းချမ်းသည် ဘကြီးမှုံနှင့်အတူ အိမ်ရှေ့ခုံတန်းတွင် ထိုင်၍စကားပြောနေ၏။

ထိုအချိန်တွင် ရွာအဝင်ပေါက်နားရှိ ရေတွင်းမှ "ဝုန်း" ဟူသော အသံကိုကြားရသည်။ ဘကြီးမှုံ၏ အိမ်နှင့်သိပ်မဝေးသောကြောင့် ငြိမ်းချမ်း ကောင်ကောင်းကြားလိုက်ရ၏။ ရေပုံးကို တစ်ယောက်ယောက်က ဆောင့်ငင်နေသည်ထင်၍ အမှတ်တမဲ့သဘောထားလိုက်မိသည်။ သို့ရာတွင် ချက်ချင်းလိုပင် အော်သံတစ်ခု ထွက်လာ၍ ငြိမ်းချမ်းရော၊ ဘကြီးမှုံပါ အထိတ်တလန့်ဖြစ်သွားကြ၏။



"ကလေးတစ်ယောက် ရေတွင်းထဲကို လိမ့်ကျသွားတယ်ဗျို့၊ လုပ်ကြပါအုံးဗျို့"

ရေတွင်းအနီးမှ စက်ဘီးစီး၍ဖြတ်လာသော ကိုအောင်သန်းက အော်လိုက်သည်။ သို့ရာတွင် ကိုအောင်သန်းသည် ရေတွင်းဆီသို့မသွား စက်ဘီးကို သူ့အိမ်သို့တအားနင်းသွားသည်။

"ဟေ့ လှရင်၊ လှရင်၊ ကလေးတွေရှိရဲ့လား၊ ကြည့်စမ်း၊ ဟိုမှာ ကလေးတစ်ယောက် ရေတွင်းထဲကျသွားတယ်၊ ထွန်းထွန်းရော အောင်အောင်ရော"

ကိုအောင်သန်း၏အသံမှာ ထိတ်ထိတ်ပျာပျာဖြစ်နေသည်။ ခဏ အတွင်းမှာပင် ရွာတောင်ပိုင်းတခုလုံး ဆူဆူညံညံဖြစ်သွား၏။

"ကလေးတစ်ယောက် ရေတွင်းထဲကျလို့တဲ့ဟေ့၊ ဟဲ့ဖိုးကြီးတို့ ဖိုးငယ်တို့ရှိကြရဲ့လား။ ခင်လှရေ ဟဲ့ ခင်လှ၊ ကလေးတွေကြည့်စမ်း။ ခင်လှမြန်မြန်လုပ်စမ်းဟဲ့"

"အောင်မယ်လေး ကိုအုန်းမောင် လုပ်ပါအုံး၊ တော့်သားမရှိဘူး။ လုပ်ကြပါအုံးတော့၊ ရှာကြပါအုံး"

"အောင်ဝင်းရေ ပြုံးကြည်ရေ ဟဲ့ကလေးတွေရော"

ကိုယ့်ကလေး ကိုယ် အော်ကြ၊ ခေါ်ကြ၊ ရှာဖွေကြဖြင့် ပွက်ပွက် ညံသွား၏။

ငြိမ်းချမ်းနှင့်ဘကြီးမှုံတို့က ကိုအောင်သန်းအော်သံကြားကြားချင်း ရေတွင်းဆီသို့ပြေးကြသည်။ ငြိမ်းချမ်းရေတွင်းထဲငုံ့ကြည့်သည်။ ဘာမှ

www.burmeseclassic.com



မမြင်ရ၊ မှောင်မည်းနေသည့် တစ်ချက်တစ်ချက် ရေပွက်သံကြားရသည်။

"ကဲ ဘကြီးမှုံ၊ ကျွန်တော်ဆင်းမယ်"

ငြိမ်းချမ်းက အင်္ကျီကိုချွတ်ရင်း ပြောလိုက်သည်။

"ဖြစ်ပါ့မလားဆရာ၊ ရေတွင်းက ဆင်းဖို့မလွယ်ဘူး"

ငြိမ်းချမ်းက အင်္ကျီကိုဘကြီးမှုံအား လှမ်းပေးလိုက်သည်။ ပုဆိုးကို ခါးတောင်းကျိုက်ပြီးနောက် ရေတွင်းဘောင်ပေါ်သို့တက်လိုက်သည်။ ထို အချိန်တွင် ဆန်စက်မန်နေဂျာ ကိုထွန်းရောက်လာသည်။

ငြိမ်းချမ်းဆင်းကြည့်သည်။ ရေတွင်းမှာ ရေညှိများဖြင့်ချောနေ၏။ ခုန်ချရမည်ကလည်း တော်တော်နက်သည်။ ရေထဲသို့ လွတ်လွတ်ကင်း ကင်းကျလျှင် အကြောင်းမဟုတ်။ ကလေးပေါ်သို့တည့်တည့်ကျလျှင် ဒုက္ခ ဖြစ်မည်။

"နေအုံး ဆရာ ခဏနေအုံး၊ ကျွန်တော်ကြိုးသွားယူမယ်"

ကိုထွန်းသည် စက်ထဲသို့အမြန်ခုံးပြန်ပြေးကာ ကြိုးရှည်ရှည်တစ် ချောင်းယူလာ၏။ ကြိုးစတစ်ဘက်ကို ရေတွင်းအနီးမှတိုင်တွင်းချည်လိုက် သည်။ ထို့နောက် ကြိုးကိုရေတွင်းထဲသို့ ချပေးလိုက်၏။ ငြိမ်းချမ်းသည် ကြိုးကိုဆွဲ၍ ရေတွင်းထဲသို့ လျှောချလိုက်သည်။

ကလေးမှာ ရေထဲတွင်မြုပ်နေပြီ။ ငြိမ်းချမ်း ရေငုပ်၍ရှာရ၏။ ရေတွင်းဘေးတွင် ရွာသူရွာသားတွေအများကြီးရောက်နေကြပြီ။ ဆူညံစွာ အော်ဟစ်ပြောဆိုယင်း ရေတွင်းထဲငုံ့ကြည့်နေကြ၏။ အချို့က လက်နှိပ် ဓာတ်မီးဖြင့် ထိုးထားကြသည်။



"ဟ ဆရာ ကြာလှချည်လားကွ"

ဘကြီးမှုံက စိုးရိမ်စိတ်ဖြင့် အော်ပြောလိုက်သည်။

"ဟာ ဟိုမှာ ပေါ်လာပြီ၊ ပေါ်လာပြီ"

ငြိမ်းချမ်းသည် ရေပေါ်သို့ရောက်ရောက်ချင်း လက်တစ်ဘက် ဖြင့် ကြိုးကိုလှမ်းဆွဲလိုက်သည်။ ကလေးမှာ သူ၏လက်တစ်ဘက်တွင် ပိုက်လျက် ပါလာ၏။

"ကလေးပါတယ်ဟေ့၊ လုပ်ကြပါအုံး၊ တစ်ယောက်ဆင်းကြ ပါအုံး။ ဘယ်သူ့ကလေးလဲဟ"

တစ်ယောက်တစ်ခွန်း ပြောသံများဖြင့် ဆူနေသည်။ ခုချိန်ထိ သူ့ကလေး ကိုယ့်ကလေး မေးကြဆဲဖြစ်၏။ အချို့က လက်နှိပ်ဓာတ်မီး ဖြင့် ထိုးကြည့်ကြသည်။ သို့ရာတွင်ကလေးမှာ ငြိမ်းချမ်း၏လက်ထဲတွင် မှောက်ရက်ဖြစ်နေ၍ မျက်နှာကိုမမြင်ရ။ ငြိမ်းချမ်းသည် ရေတွင်းဘောင် ကို ခြေဖြင့်ကုပ်၍ရပ်ရန်ကြိုးစားသည်။ သို့ရာတွင် ရေတွင်းမှာ ကျယ် လည်းကျယ်၍ ချောလည်းချောနေသောကြောင့် ခြေကုပ်၍မရ။

ကိုထွန်းက ကြိုးတစ်ချောင်းဖြင့်ဆင်းကာ ငြိမ်းချမ်းကို ကူညီသည်။

ကိုထွန်း၏ အကူအညီဖြင့် ငြိမ်းချမ်းက ကလေးကို သူ့ပခုံးပေါ် ရောက်အောင်တင်ပြီးလျှင် ရေမြန်မြန်အန်အောင်လုပ်ရသည်။ ကလေး ပါးစပ်မှ ရေများအန်ထွက်လာသည်။ သို့ရာတွင် ကလေးမှာ ငြိမ်းချမ်း ပခုံးပေါ်တွင် ပျော့ခွေနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး အဲဒါ ကျုပ်သားလေးပါတော့၊ သားလေး သေပါပြီတော့၊ ညနေကမှ ဒီဘောင်းဘီနဲ့ အင်္ကျီကိုဝတ်သွားတာပါတော့ သန်းရွှေရေ အမေ ရင်ကျိုးပြီဟဲ့"

ဘကြီးမှုံ၏ ထရံအလုပ်သမား ဦးမောင်ကြီး၏ ဖနီးဒေါ်စိန်လှ ကအော်လိုက်သည်။ ဒေါ်စိန်လှကို ဆွဲသူကဆွဲ၊ အော်သူကအော်၊ ငေါက်သူကငေါက် လုပ်နေကြသည်။ သေပြီ မသေဘူး ငြင်းသူကငြင်း နေကြသည်။

"ဆရာရေ ကျွန်တော်ရှိတယ်ဗျို့၊ ကလေးကိုအပေါ်ရောက်အောင် သာလုပ်ပေး၊ အသက်ရှူအောင် ကျွန်တော်လုပ်မယ်"

ကျန်းမာရေးဆေးမှူးက ရေတွင်းပေါ်မှ အော်ပြောလိုက်သည်။ ငြိမ်းချမ်း ဝမ်းသာသွား၏။

"ဆရာမြလားဗျို့၊ ဟုတ်ပြီ ဟုတ်ပြီ၊ ဆရာရှိနေတာ ဟန်ကျတယ်၊ ကြိုးရှိယင် ချပေးကြအုံးဗျို့"

ငြိမ်းချမ်းက ရေတွင်းထဲမှ ပြန်အော်လိုက်သည်။ ရွာသားများက ကြိုးများကို ချပေးကြသည်။

"ဆရာရေ ကျွန်တော်တို့ကလေးကို ခါးမှာတစ်ချက် ရင်ဘတ်မှာတစ်ချက် ကြိုးနှစ်ချောင်းချည်လိုက်မယ်။ အပေါ်ကိုဆွဲတင်ယင် ရမလား"

ငြိမ်းချမ်းက အော်မေးလိုက်သည်။

"ရတယ်၊ ရတယ်။ မြန်မြန်လုပ်၊ မှောက်ရက် အနေအထား



အတိုင်းချည်၊ ကျွန်တော်တို့အပေါ်က ကြိုးနှစ်ချောင်းကိုထိန်းပြီးတင်မယ်"

ဆေးမှူးက ပြန်အော်ပြောသည်။

ငြိမ်းချမ်း ထမ်းထားသည့်အတိုင်း ကိုထွန်းက ကလေး၏ခါးကို ကြိုးတစ်ချောင်းဖြင့် မြဲအောင်ချည်လိုက်သည်၊ အပေါ်မှလူများက ကြိုးကို ဆွဲတင်သည်၊ နောက်ကြိုးတစ်ချောင်းဖြင့် ကလေး၏ ချိုင်းကြားမှ ရင်ဘတ်ကို ရစ်ပတ်၍ချည်လိုက်ပြန်သည်။

"ကဲ ကြိုးနှစ်ချောင်းညှိပြီး ဖြည်းဖြည်းချင်း ဆွဲတင်ကြ"

ကိုထွန်းက အပေါ်သို့ လှမ်းအော်ပြောလိုက်သည်။

အပေါ်မှလူများ ဖြည်းဖြည်းချင်း ဆွဲတင်ကြသည်။ လက်နှိပ်ဓာတ်မီးများကလည်း ဝိုင်း၍ထိုးထားကြ၏။

ကလေးအပေါ်သို့ရောက်သည်နှင့် ကြိုးများကို အမြန်ဖြေပြီးလျှင် ဆေးမှူးက ကလေးကိုပခုံးမှာထမ်း၍ ကျန်သည့်ရေများအန်အောင် လုပ်သည်၊ ရေကုန်သောအခါ ရှေးဦးသူနာပြုစုနည်းဖြင့် အသက်ရှူအောင် ပြုစုပေးသည်။ ခဏကြာသောအခါ ကလေးအသက်ရှူလာသည်။ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ လူများဝမ်းသာအားရအော်ဟစ်ကြသည်။ "ဟာ၊ ရေတွင်းထဲက ဆရာတို့ရော တက်နိုင်ရဲ့လား၊ ကြည့်ကြပါအုံးဟ"

လူကြီးတစ်ယောက်က အော်လိုက်မှ ကလေးကို ဝိုင်းကြည့်နေသူ အချို့ ရေတွင်းဆီသို့ လာကြည့်ကြသည်။ ရေတွင်းထဲတွင်ရောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ၊ လက်နှိပ်ဓာတ်မီး ထိုးကြည့်ပါအုံးဟာ"

တစ်ယောက်ကပြေးလာ၍ လက်နှိပ်ဓာတ်မီး ထိုးပြလိုက်သည်။ ကိုထွန်းက ချောနေသော ရေတွင်းနံရံကို ကြိုး၏အကူအညီဖြင့် ကုပ်ကပ်တက်နေ၏။ ငြိမ်းချမ်းမှာ ရေတွင်းထဲတွင်ရှိသေးသည်။

"ကျွန်တော်တို့က ကိစ္စမရှိပါဘူး။ ကလေးသာ ဂရုစိုက်ကြပါ"

ငြိမ်းချမ်းက အော်ပြောလိုက်သည်။ သို့ရာတွင် ဆောင်းတွင်းကာလလည်းဖြစ်၊ ရေထဲမှာလည်း ကြာသွားသောကြောင့် ငြိမ်းချမ်းမှာ ခိုက်ခိုက်တုန်အောင်ချမ်းနေပြီ။

ကိုထွန်းအပေါ်ရောက်သွားမှ ငြိမ်းချမ်းဆက်တက်ရသည်။

ငြိမ်းချမ်းအပေါ်ရောက်သောအခါ ကလေးမှာ မန္တလေးဆေးရုံပို့ရန်အတွက် ကားပေါ်သို့ပင် ရောက်နေပြီ။ ငြိမ်းချမ်းက ကားဆီသို့ပြေးသွားသည်။ ဆေးမှူးက ငြိမ်းချမ်းနှင့်ကိုထွန်းတို့အား နွေးနွေးထွေးထွေးဖြစ်အောင် နေကြဖို့ပြောသည်။ ကလေးအတွက် စိတ်ပူစရာမရှိကြောင်းပြော၍ သူကိုယ်တိုင်မန္တလေးဆေးရုံကြီးသို့ လိုက်ပို့သည်။

ကလေးမှာ ဆေးရုံတွင် နှစ်ရက်သာနေရသည်။ နေကောင်းသွားသောကြောင့် ပြန်ဆင်းလာရ၏။

ရွာထဲတွင်ကား အမြောက်တပ်မှ ရဲဘော်ဟောင်းကြီးဦးလှမောင် ပြောစကားကို လူတိုင်းကပြန်ပြောနေကြသည်။

"ကလေးတစ်ယောက် ရေတွင်းထဲကျတယ်ဆိုတော့ ကိုယ့်ကလေးကို လိုက်ရှာနေလိုက်ကြတာ ဘယ်သူမှ ရေတွင်းထဲမဆင်းကြဘူး။ ကျောင်းဆရာ ဦးငြိမ်းချမ်းက ဆင်းရတယ်။ ကျောင်းဆရာကတော့ မဆင်းလို့ ဘယ်ဖြစ်မလဲ တစ်ရွာလုံးမှာရှိတဲ့ ကလေးတွေအားလုံးဟာ သူ့ကလေးချည့်ကိုး"



www.burmeseclassic.com

www.burmeseclassic.com

# ၂၁

# လွမ်းဖွယ်နွေဦး

ဟောမန်ကို နွေလှန်တဲ့လေပြီ။ ပုပ္ပာန်ပြင်းစ၊ နှင်းစဲစ၊ ဟောမန် ယွင်းစ၊ နွေချဉ်းစ၊ နွေဦးကာလဖြစ်ပေ၏။ ပင်ပေါ်ထက်မှ မြအရွက်တို့ ရွှေအဆင်းသို့ ပြောင်းကြပြီ၊ နွေဦး၏ လေရူးက ရွှေရွက်တို့ကို ချွေနေ၏။ ရွက်ကြွေတို့ မြေခြေ၌ဧလေယူရာသို့လိုက်ပါနေကြ၏။ ကိုးခွင်တိုင်းတွင်ကား မြူမှုန်တို့ဖြင့် မှိုင်းနေသည်။ ရာသီ၏အလှမှာ လွမ်းမောစရာဖြစ်နေ၏။

ကျောက်မီးကျောင်း၏ ပတ်ဝန်းကျင်မှ လယ်ကွင်းများတွင် လယ်သမားတို့ စပါးရိတ်သိမ်းနေကြပြီ။ တစ်နှစ်တာ လုပ်အားစိုက် ထုတ်ထားသမျှ စပါးရွှေဝါတို့ ရကြတော့မည်။ ထိုနည်းတူစွာပင် ကျောက်မီးကျောင်းအတွင်းမှာလည်း ကျောင်းသားများသည် တစ်နှစ်တာ လေ့ကျင့်သင်ကြားထားသမျှ ကြိုးစား၍စာမေးပွဲ ဖြေဆိုနေကြ၏။ ကျောင်းပြန်ဖွင့်လျှင် အတန်းသစ်တက်ကြရတော့မည်။



ငြိမ်းချမ်းသည် ကျောင်းသားများကို စာမေးပွဲစောင့်ယင်း ကျောင်းပတ်ဝန်းကျင်မှ နွေ၏ရှုခင်းများကို ငေးကြည့်နေမိ၏။

ကျောင်း၏မြောက်ဘက်တွင် ရွှေဝါရောင်စပါးခင်းကြီးကို မျက်စိတဆုံးတွေ့နေရသည်။ ထိုကွင်းကြီးအလယ်၌ တစ်ပင်ထီးတည်းသော ပေါက်ပင်ကြီးမှာ ရဲရဲနီအောင်ပွင့်နေသည်။ သဘာဝပန်းချီဆရာ၏ အရောင်ဖက်စပ်ခြင်းနှင့် စုတ်ချက်မှုန်းထားခြင်းတို့မှာ ရဲတင်းလွန်းလှ၏။ အမြင်ဆန်းရုံသာမက လှသောပန်းချီကားတစ်ချပ်လည်းဖြစ်နေသည်။

ကျောင်း၏ ရှေ့ဆီသို့လှမ်းမျှော်ကြည့်လျှင် မြောင်းဘောင်တစ်လျှောက်တွင် အပွင့်တို့ဖြင့် နီရဲသော လက်ပံပင်ကြီးများကို တွေ့ရသည်။ လေပြေတစ်ချက် တိုက်လိုက်တိုင်း လက်ပံပွင့်တို့တဖြုတ်ဖြုတ်ကြွေကျနေကြ၏။ ဆက်ရက်တို့သည် လက်ပံပင်များပေါ်တွင် တစ်ပင်မှတစ်ပင်၊ တစ်ကိုင်းမှတစ်ကိုင်း ပျံကူး၍ မြူးတူးပျော်ပါးနေကြသည်။ လက်ပံပင်ကြီးများ၏အောက်တွင် လက်ပံပွင့်ကမ္မလာနီခင်းထား၏။ "လာဟေ့၊ သွားကောက်ကြည့်စို့၊ ပွင့်ခြောက်ကယ်အနားလန်၊ ဆက်ရက်ကယ်ညံ၊ ပင်လက်ပံ ကြွေချိန်ကျပြီမို့ မိဖလှ နင်လိုက်အုံးမလား" စာဆို ဦးဆောင်း၏ လက်ပံပွင့်ကောက် ကဗျာထဲမှ စာသားအချို့ကို ငြိမ်းချမ်း သတိရမိသည်။

ငယ်စဉ်က အဖေကြီး အမေကြီးတို့နှင့် လက်ပံပွင့်ကောက် သွားခဲ့ရသည်များကလည်း သတိရလာ၏။ ဦးလေးနှင့်အတူ ယာခင်းထဲ

www.burmeseclassic.com

www.burmeseclassic.com



မှ ပြောင်းဖူး လတ်လတ်ဆတ်ဆတ်များကိုချိုး၍ လက်ပံပင်အောက်၌ မီးဖုတ်စားခဲ့ရသည်များကိုလည်း သတိရလာသည်။

စာမေးပွဲပြီးလျှင် ကျောင်းသားတို့၏အဖြေလွှာများကို စစ်ရမည်။ အောင်စာရင်းများလုပ်ရမည်။ အားလုံးပြီးမှ ရွာသို့ပြန်ရမည်။ အမေကြီးနှင့်ဦးလေး၏ မေတ္တာရင်ခွင်တွင် ကလေးငယ်တစ်ယောက်လို ခိုဝင်ရဦးမည်။ ငြိမ်းချမ်းသည် အမေကြီးနှင့်ဦးလေးကို လွမ်းဆွတ်လာမိ၏။

ထို့ကြောင့် ငြိမ်းချမ်းသည် အာရုံကိုပြောင်း၍ အဝေးဆီသို့မျှော်မှန်းကြည့်လိုက်၏။ ရှမ်းရိုးမတောင်တန်းကြီးကို မှိုင်းမှိုင်းညို့ညို့တွေ့ရသည်။ ညဉ့်အခါတွင် ဤတောင်တန်းများပေါ်၌ မီးစောင်းတန်းကြီးများကိုတွေ့ရသည်။ တောင်တန်းပျော်ညီနောင်များတို့၏ မနှင်ထွန်တိုက်၊ ချွန်စူးငယ်စိုက်ရန်ဖို့ယာ မီးရှို့ကြခြင်းပင်ဖြစ်ပေသည်။ ငြိမ်းချမ်းသည် ညီအစ်ကိုနောင်ရင်း တိုင်းရင်းသားများနေထိုင်ရာ မြန်မာပြည်အနှံ့အပြားသို့ သွားရောက်လိုစိတ် ဖြစ်ပေါ်လာမိ၏။

ငြိမ်သက်နေသော စာမေးပွဲခန်းမှတစ်ဆင့် ငြိမ်းချမ်း၏စိတ်သည် နွေဦး၏လေရူးနှင့်အတူ လွင့်ပါးနေသည်။

ကျောင်းသားများသည် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ကိုယ့်အားကိုယ်ကိုး၍ ကြိုးစားဖြေဆိုနေကြ၏။

ငြိမ်းချမ်း ကျောင်းသားများထံသို့ အာရုံရောက်သွားမိပြန်သည်။ ဤကျောင်းသားများထဲမှ ရတန်း ကျောင်းသားများသည် ရှေ့နှစ်တွင်



# ၁၅၅

ကျောင်းပြောင်းကြတော့မည်။ အချို့က လုံးဝကျောင်းထွက်ကြတော့မည်။ အဟောင်းတို့ပြောင်းလျှင်အသစ်တို့ ဝင်လာကြတော့မည်။ အဟောင်း အသစ် ဖြစ်စဉ်တရားမှာ မရပ်မနားသွားနေလိမ့်မည်။

ယနေ့ လူငယ်များသည် နောင်တစ်နေ့တွင် လူကြီးများဖြစ်လာကြလိမ့်မည်၊ နိုင်ငံတာဝန်ကို ကျရာကဏ္ဍမှ ထမ်းဆောင်ကြလိမ့်မည်။ ယနေ့ကျောင်းသားများသည် အနာဂတ်နိုင်ငံ၏ အဖူးအပွင့်ကလေးများနှင့် တူကြသည်။ အဖူးအပွင့်ကလေးများကို အသီးများအဖြစ် ကြီးထွားအောင် ပြုစုပျိုးထောင်ပေးကြရမည်။ မ တစ်ထောင်သားများကို ကျောသားရင်သား မခွဲခြားပဲ စေတနာထားရန်လိုသည်။ "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့" ဟူသည့် ဆရာတို့၏ ကျင့်ဝတ်ငါးဖြာနှင့်ပြည့်စုံရန်လိုသည်။ ယနေ့ကာလတွင် ဆရာသည် ကလေးများအား ပညာသင်ပေးရုံသာမက တိုင်းပြည်နှင့် လူမျိုးအပေါ် ချစ်မြတ်နိုးသည့်စိတ်၊ နိုင်ငံအတွက် ကျရာတာဝန်ကို ကျရာနေရာမှ ကျေပွန်အောင်ထမ်းဆောင်လိုသည့်စိတ် စသည်တို့လည်း သွတ်သွင်းပေးရပေဦးမည်။

တစ်ဦးချင်းအရေးနှင့် တစ်မျိုးသားလုံးအရေးကို ခွဲတွေး၍မရနိုင်။ ရေမြင့်မှကြာတင့်မည်။ တစ်နိုင်ငံလုံး တိုးတက်မှ တစ်ဦးချင်း တိုးတက်မည်။ တစ်ဦးချင်း တာဝန်ကျေမှ တစ်နိုင်ငံလုံး သာယာမည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နိုင်ငံလုံးသာယာမှ တစ်ဦးချင်းအတွက် အာမခံချက်ရှိမည်။

နွေဦး၏ စိတ်ရှုကို ငြိမ်းချမ်း၊ တော်လှန်လိုက်သည်။ မွန်မြတ်သော မိမိလုပ်ငန်းမှတစ်ဆင့် နိုင်ငံအတွက် အားမာန်တက်လိုက်၏။

## ၂၂

## မြန်မာ့ရိုးရာ ကျောင်းအပ်ခြင်း

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ကူးခဲ့ပြီ။ ရွက်ဟောင်းတို့ ကြွေရာတွင် ညွန့်သစ်နုတို့ဖူးကြပြီ။ ကျောင်းပိတ်ရက်များလွန်မြောက်၍ ကျောင်းဖွင့်ရက်သို့ ရောက်လာ၏။ ကျောင်းသားဟောင်းတို့ ထွက်သွားရာတွင် ကျောင်းသားသစ်တို့ ဝင်လာကြသည်။

ကျောက်မီးကျောင်းဝင်းအတွင်း၌ ပြေးလွှားဆော့ကစားနေသော ကျောင်းသားငယ်တို့၏ အသံဖြင့် ဆူညံနေ၏။ ကလေးတို့မှာ မြူးကြွနေကြသည်။ ကလေးတို့၏မျက်နှာမှာ ရွက်သစ်နုကလေးများနှင့် အပြိုင် အဆိုင်လန်းဆန်းနေကြသည်။

ကျောင်းသားသစ်များမှာလည်း မိဘများနှင့်အတူ တဖွဲဖွဲလာရောက်နေကြသည်။ ကျောင်းမတက်သေးသော်လည်း ငြိမ်းချမ်းတို့ဆရာဆရာမများ မအားကြရ။ ကျောင်းသားသစ်များကို လက်ခံနေကြရသည်။ သူတို့၏ သားသမီးနှင့် ပတ်သက်၍ မိဘက အပ်နှံပြောဆိုနေသမျှ နားထောင်ကြရသည်။ စာရင်းများတွင် ထည့်သွင်းရေးမှတ်ကြရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျောင်းသားသစ်အား သက်ဆိုင်ရာအတန်းများသို့ လိုက်ပို့ကြရသည်။ အတန်းဖော်များနှင့် မိတ်ဆက်ပေးကြရသည်။ ကျောင်းသားသစ်များအတွက် အခက်အခဲမရှိအောင် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြရသည်။ ကျောင်းမဖွင့်မီကပင် အတန်းခန်းများ လိုအပ်သော ပရိဘောဂများကို ပြင်ဆင်ထားကြပြီးဖြစ်သည်။ ပညာရေးဌာနမှ ပေးထားသော ခုံများလည်းရနေပြီ။ အစိုးရမှပေးသော ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျောင်းဆောင်အသစ်တစ်ခုကိုလည်း ဆောက်နေပြီ။ မကြာမီပြီးတော့မည်။ ပြီးလျှင် စာသင်ခန်းများကို ပို၍ကျယ်ကျယ်ပြန့်ပြန့်ခွဲထားနိုင်မည်။ ကျောင်း၏အခြေအနေမှာ အာရစရာဖြစ်၏။

ရုံးခန်းအတွင်းရှိ ဆရာဆရာမများ ရှေ့မှစားပွဲပေါ်တွင် လက်ဖက် ရည်ပွဲများ၊ စားစရာများ၊ စီးကရက်ဗူးများဖြင့် ပြည့်နေသည်။ ကျောင်းသားသစ်များ လာအပ်ကြသော မိဘများကယူလာကြခြင်းဖြစ်၏။ ငြိမ်းချမ်းတို့က မယူခဲ့ကြပါနဲ့ဟု ပြောသော်လည်းမရ၊ မြန်မာ့ရိုးရာ အစဉ်အလာအရ ကျောင်းအပ်ခြင်းဖြစ်သည်ဟု ပြောကြသည်။

ဆင်းရဲသော အဘွားအိုတစ်ဦးသည် သူ့မြေးငယ်အားကျောင်းအပ်ပြီးလျှင် သူ့အတွင်းခံအင်္ကျီ အတွင်းအိတ်မှတွယ်ချိတ်ကိုဖြုတ်လိုက်သည်။ အိတ်ထဲမှ ဟောင်းနွမ်းနေသော ငွေကလေးနှစ်ကျပ်ကို ထုတ်ယူ၍ တုန်ရီသောလက်နှစ်ဘက်ဖြင့် ငြိမ်းချမ်းထံသို့ ပေးလိုက်သည်။

"ဆရာကြီးရယ်၊ အဘွားက ဆင်းရဲလို့ စားစရာများများ မဝယ်လာနိုင်တာကို စိတ်မကောင်းဘူး။ ဆရာကြီးတို့ နေ့လယ်မှာ မုန့်ဝယ်



စားကြဖို့ ဒီငွေကလေးနှစ်ကျပ်ကိုတော့ လက်ခံပါ" ဟုဆိုသည်။

အဘွားအိုကိုကြည့်၍ ဆရာဆရာမအားလုံး စိတ်မကောင်းဖြစ်ကြသည်။

ငြိမ်းချမ်းက အဘွားအို၏လက်ကို ကြင်နာယုယစွာ ဆုပ်ကိုင်၍ ငွေနှစ်ကျပ်ကို အိတ်ဆီသို့ပြန်ပို့လိုက်သည်။

"ကိစ္စမရှိပါဘူး အဘွားရယ်၊ အဘွားရဲ့စေတနာကို ကျွန်တော်တို့ လေးစားပါတယ်။ ဒီငွေနှစ်ကျပ်ကို အဘွားပြန်ယူသွားပါ။ အဘွားရဲ့ မြေးကို လိမ္မာအောင် ပညာတွေအများကြီးတတ်အောင် ကျွန်တော်တို့ ဆရာဆရာမတွေက အစွမ်းကုန်ကြိုးစားပြီး သင်ပေးပါ့မယ်" ဟု ပြောလိုက်သည်။

အဘွားအိုသည် ရီဝေသောမျက်လုံးများဖြင့် ဆရာဆရာမများကို ကြည့်ပြီးနောက် နှုတ်မှတတွတ်တွတ် ဆုတောင်းမေတ္တာပို့ယင်း ထွက်သွားရှာသည်။

ဆရာဆရာမများ စကားမပြောနိုင်၊ အားလုံးငြိမ်၍ ကျန်ရစ်ကြ၏။

ကိုလူအေးက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ငြိမ်းချမ်း၊ ငါလုပ်အားပေးဆရာ မလုပ်တော့ဘူး" ဟုလည်း ပြောလိုက်သည်။

"ဟ ...၊ ဘာဖြစ်လို့လဲ ကွ"

ငြိမ်းချမ်း အထိတ်တလန့်ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ် ငါ ဆုံးဖြတ်ချက်ချလိုက်ပြီ၊ လုပ်အားပေး ဆရာ မလုပ်တော့ဘူး။ တကယ့်ကျောင်းဆရာဖြစ်အောင် ငါ လျှောက်လွှာ တင်တော့မယ်။ ဘယ်ပို့ပို့သွားမယ်"

ကိုလူအေး၏ မျက်လုံးများမှာ အရောင်လက်နေကြသည်။

ငြိမ်းချမ်းက ဝမ်းသာအားရ ထိုင်နေရာမှထ၍ ကိုလူအေးထံသို့ လက်ကမ်းလိုက်သည်။ ကိုလူအေးက သူ့နေရာမှထ၍ ငြိမ်းချမ်း၏ ကမ်းသောလက်ကို လှမ်းဆုပ်လိုက်သည်။ သူငယ်ချင်းနှစ်ယောက်တို့၏ မျက်လုံးများမှ ဝမ်းသာကြည်နူးမှုဖြင့် တောက်ပနေကြ၏။

နောက်ထပ် ကျောင်းအပ်သူများ ရောက်လာကြ၍ အလုပ်ဆက် လုပ်ကြရပြန်သည်။ စားပွဲပေါ်တွင် မုန့်ပဲသွားရေစာတို့မှာ များသည်ထက် များလာကြသည်။ ငြိမ်းချမ်းတို့က အဖိုးတန်သောမုန့်များနှင့် ဒူးယား စီးကရက်ဗူးများကို ဘေးသို့ဖယ်ထားကြသည်။ လက်ဖက်ရည် ကော်ဖီ နှင့် အကြော်များ၊ ကောက်ညှင်းပေါင်းများမှာ ဆရာဆရာမများနှင့် ကျောင်းဆောက်နေကြသော လက်သမားများပါ ဝိုင်းစား၍ပင် မကုန် အောင်ဖြစ်နေ၏။

နေ့လယ် ကျောင်းဆင်းသောအခါ ငြိမ်းချမ်းနှင့်ဆရာမများက ကောင်းသောမုန့်များထဲမှ အကောင်းဆုံးမုန့်အချို့နှင့် စီးကရက်ဗူး ၁၀ဗူးကို ခြင်းတစ်ခုထဲသို့ ထည့်လိုက်ကြသည်။ ကျန်မုန့်များနှင့် စီးကရက်ဗူးများကို ဆရာဆရာမများအားခွဲဝေပေးလိုက်သည်။

"ကဲ၊ ဒါကိုတော့ ခင်ဗျားတို့လဲ ကုသိုလ်ရ၊ ကျောင်းသားတွေလဲ



ကုသိုလ်ရအောင် အိမ်ယူသွားပြီး မိဘတွေကျွေးလိုက်ကြပါ။ ကိုလူအေး အဘိုးကြီး အဘွားကြီးကို ကျွန်တော်တို့ကျောင်းသားတွေက ကန်တော့ တယ်လို့ပြောပါ။ ကျွန်တော်ကတော့ ဘကြီးမှူးနဲ့ဒေါ်ဒေါ်ကို ကန်တော့ရ မယ်။ ဆရာမကြီး ဒေါ်သိန်းရီကတော့ မိဘတွေ၊ ကလေးတွေ ငါးယောက် တောင်ရှိတဲ့အတွက် သူများထက်ပိုယူ။ ရော့၊ ဟောဒီသကြားလုံးထုပ် တွေပါယူသွား"

ငြိမ်းချမ်းက ခွဲတမ်းချ၍ ဆရာဆရာမများ ရယ်ကြသည်။

"ကျွန်မ အခွင့်ထူး မယူချင်ပါဘူး ဆရာရယ်၊ သူများလိုပဲပေးပါ"

ဟု ဒေါ်သိန်းရီက ငြင်းသောကြောင့် ဆရာဆရာမများက ဝိုင်းအော် ဟစ်၍ အတင်းထိုးပေးကြသည်။

ခြင်းထဲမှမုန့်များနှင့် စီးကရက်ဗူးများကိုကား ဆရာဆရာမများ အားလုံး အတူတကွ ကုဋ္ဌာသယအုတ်ကျောင်းဆရာတော်ထံသွား၍ လှူဒါန်းကြသည်။ ဆရာတော်မှာမွှေ့စရိယအောင်၍ ပရိယတ္တိစာပေများ ကို သင်ကြားပို့ချပေးနေသော ပုဂ္ဂိုလ်ဖြစ်၏။

ဆရာတော်က ငြိမ်းချမ်းတို့ ကန်တော့သော မုန့်များနှင့် စီးကရက် ဗူးများကိုကြည့်ကာ ပြုံးလိုက်သည်။

"တကာကြီးတို့ ဒီမုန့်တွေနဲ့ စီးကရက်ဗူးတွေက တကာကြီးတို့ ကို ကျောင်းအပ်တဲ့ကလေးတွေက ကန်တော့တာမို့လား"

"မှန်ပါတယ် ဘုရား"

ငြိမ်းချမ်းက ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



တကာကြီးတို့ ဆရာဆရာမတွေ မစားကြဘူးလား''

''တပည့်တော်တို့ စားပါတယ်ဘုရား။ အရှင်ဘုရားကို လှူဖို့တော့ အစကတည်းက ခွဲထားပါတယ်ဘုရား။ တပည့်တော်တို့လဲ ကုသိုလ်ရအောင် ကလေးတွေလဲ ကုသိုလ်ရအောင်လို့ပါ''

''တကာကြီးတို့ မိဘတွေ စားရအောင် ယူသွားကြပါ။ ဆရာတော် ပြန်ပေးလိုက်မယ် ကြားလား''

''တပည့်တော်တို့ မိဘတွေဖို့လဲ ခွဲယူပြီးပါပြီဘုရား။ ဒါကတော့ အစကတည်းက အရှင်ဘုရားဖို့ ရည်စူးထားတာပါ။ အရှင်ဘုရားကိုယ်တိုင်း ဘုန်းပေးမှ တပည့်တော်တို့ ဒါနမြောက်ပါမယ်။''

ဆရာတော်က ငြိမ်းချမ်းကို ကြည့်ကာ ပြုံးသည်။

''တကာကြီးတို့က ကျောင်းအပ်တဲ့အခါ ဘာမှယူမလာကြဖို့ ပြောတယ်ဆိုတာ ဟုတ်လား''

''ဟုတ်ပါတယ်ဘုရား၊ တပည့်တော်တို့က မိဘတွေ အကုန်အကျ များမှာစိုးလို့ပါ''

''အင်း၊ ဘုန်းကြီးက ဘုန်းကြီးကျောင်းမှာနေပေမယ့် အားလုံး ကြားနေရပါတယ်။ တကာကြီးတို့ စိတ်ရင်းစေတနာကို ဘုန်းကြီး နားလည်ပါတယ်။ ဒါပေမယ့် မြန်မာ့ရိုးရာ အစဉ်အလာအရ ကျောင်းအပ်ခြင်းကို မငြင်းကောင်းဘူး တကာကြီးရဲ့၊ ဒါတွေဟာ အလွန်ကောင်းမြတ်တဲ့ ဓလေ့ထုံးစံတွေဖြစ်တယ်။ အဲဒီလို ကန်တော့ခြင်းအားဖြင့် ကျောင်းသားက ဆရာကိုတွေ့တွေ့ခြင်း မာန်ချသွားတယ်။ လေးစားရိုသေထိုက်သူပါလို့ဆိုတဲ့ အသိလဲဝင်သွားတယ်။ မရိုမသေ မလေးမစား၊ ပမာမခန့်လုပ်ချင်တဲ့စိတ်မရှိတော့ဘူးပေါ့။ တခါ ဆရာ့ဘက်ကလဲ ကျောင်းသားရဲ့ကန်တော့ခြင်းကို ခံရတာနဲ့တပြိုင်နက် ကန်တော့ခံထိုက်တဲ့ သိက္ခာ၊ သမာဓိရှိဖို့၊ တပည့်ပေါ်မှာ စေတနာ၊ မေတ္တာ၊ ထားဖို့ဆိုတဲ့ တာဝန်တွေရှိသွားတယ်။ နှစ်ဦးနှစ်ဘက် ကောင်းကျိုးမင်္ဂလာဖြစ်တယ်။

''တစ်ခုတော့ရှိတာပေါ့လေ၊ မိဘများကလဲ ဆင်းရဲ ချမ်းသာ ကိုယ် တတ်အားတာနဲ့ပဲ လုပ်ဖို့လိုတာပေါ့၊ သူ့ထက်ငါဂုဏ်တုဂုဏ်ပြိုင် လုပ်ယင်တော့ မကောင်းဘူးပေါ့၊ ဆရာကလဲ ပိုပေးတဲ့ကလေးကို တော့တစ်မျိုး၊ လျော့ပေးတဲ့ကလေးကိုတော့တစ်မျိုးဆိုယင်တော့၊ ဆရာ့ ဂုဏ်သိက္ခာနဲ့ မညီဘူးပေါ့၊ ဆရာဆိုတာက စိတ်သဘောထား အင်မတန်ကြီးမြတ်ဖို့ လိုတယ်။ တပည့်အားလုံးကို တူညီမေတ္တာထားပြီး ဆုံးမသွန်သင်ပညာ ပေးဖို့လိုတယ်။ ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးနဲ့ တစ်ဂိုဏ်းတည်း မြင့်မိုရ်တောင်ဦး မကကျူးအောင် ကျေးဇူး ကြီးမားတဲ့ မိဘနဲ့တစ်ဂိုဏ်းတည်းထားတာပေါ့။

''ဆရာကလဲ ဆရာ့ဝတ္တရား ကျေပွန်ဖို့လိုတယ်။ တပည့်ကလဲ တပည့်ဝတ္တရားကျေပွန်ဖို့လိုတယ်။ ဆရာကို ရိုသေလေးစားဖို့လိုတယ်။ ကျောင်းအပ်တဲ့အခါမှာ တပည့်က ဆရာကိုကန်တော့တယ်ဆိုတာ ဒီရည် ရွယ်ချက်တွေပါတယ်။ ဒါကြောင့် ရှေးလူကြီးသူမများက ဒီရည်ရွယ်ချက် တွေပါတယ်။ ဒါကြောင့် ရှေးလူကြီးသူမများက မြန်မာ့ရိုးရာ ကျောင်းအပ်နည်းကို ချမှတ်ထားခဲ့တာပေါ့၊ ကောင်းမြတ်တဲ့အစဉ်



www.burmeseclassic.com

www.burmeseclassic.com



အလာတွေ မပျောက်ပျက်အောင် ထိန်းသိမ်းကြရမယ်။ ဂုဏ်တုဂုဏ်ပြိုင်လုပ်မလာအောင်လဲ တည့်မတ်ပေးကြပေါ့''

''တင်ပါ့ ဘုရား''

''အေး၊ အေး၊ တကာမကြီးတို့ တကာကြီးတို့ ဆရာဆရာမတွေရဲ့ ကောင်းသတင်းကတော့ ဘုန်းကြီးအမြဲတမ်းကြားနေရပါတယ်။ ကျောင်းမှာ ဥပုသ်သည်တွေက ချီးမွမ်းပြောဆိုနေကြတော့ ဘုန်းကြီးသိရတာပေါ့။ ဆရာဆရာမတွေက ကောင်းတော့ ကလေးတွေ စည်းကမ်းကောင်းတယ်၊ လိမ္မာတယ်၊ ပညာတော်တယ်ပေါ့။

တကာကြီးတို့ ဆရာဆရာမတွေ ဒီနေ့လာတာ အတော်ပဲ ဘုန်းကြီးက မနက်ဖြန် တကာချစ်ကိုတောင် လွှတ်မလို့၊ ဘုန်းကြီးဆီမှာကလေးနှစ်ဆယ်လောက်ရှိတယ်။ ရပ်ဝေးရော၊ ရပ်နီးရော အစုံပါတာပေါ့၊ သူတို့မိဘတွေက ကျောင်းအိပ်ကျောင်းစား အပ်ထားကြတယ်။ ဘုန်းကြီးက ပရိယတ္တိစာပေကိုပဲ သင်ပေးတတ်တယ်။ လောကဓာတ်တော့ မသင်တတ်ဘူး။ တကာကြီးတို့ကျောင်းကလဲ နာမည်ကောင်းနေတော့ ကလေးတွေကို သန်ဘက်ခါ ဥပုသ်နေ့ကစပြီး တကာတို့ကျောင်းမှာအပ်မလို့၊ သင့်ရာအပ်ဖို့ ဆရာတို့ ကျင့်ဖို့ ဝတ်ငါးဖြာဆိုတဲ့အတိုင်းပေါ့ အဲဒီတကာကြီးတို့ ဆရာဆရာမတွေက သူတို့ကိုစစ်မေးပြီး သူတို့နဲ့သင့်တော်မယ့် အတန်းထားပေးပေါ့၊ လိမ္မာအောင် စည်းကမ်းကောင်းအောင်၊ ပညာတတ်အောင် သွန်သွင်ဆုံးမပေးဖို့ ဘုန်းကြီးအပ်ပါတယ်။ စတုတ္ထတန်းအထိ အောင်ပြီးယင်တော့ လောကဓာတ်စာ



သင်ချင်တဲ့ လူလဲသင်ပေါ့။ ရှင်ဝတ်၊ ရဟန်းဝတ်ပြီး ပရိယတ္တိစာပေဆက်ပြီး အားထုတ်ချင်သူလဲ ထုတ်ပေါ့''

''တင်ပါ့ဘုရား''

''အဲဒီတော့ သန်ဘက်ခါ ဥပုသ်နေ့ကျယင် တကာကြီးတို့ဆရာဆရာမအားလုံး မနက်စာကို ဘုန်းကြီးကျောင်းမှာ ပြင်ဆင်ထားမယ်၊ ဒီကို ကျောင်းဆင်းတဲ့အချိန်မှာပဲ လာစားကြပေါ့''

''အရှင်ဘုရားတို့ ပရိယတ္တိစာပေ ထိန်းသိမ်းစောင့်ရှောက်ပြီး သင်ကြားပို့ချနေတဲ့ ဆရာတော်ကြီးတွေကို တပည့်တော်တို့ကသာ လျှုရမှာပါဘုရား၊ တပည့်တော်တို့အတွက် အပိုအလုပ်ရှုပ်နေမှာမို့ တောင်းပန်ပါတယ် ဘုရား''

တကာကြီးတို့ လှူတာလဲလှူပေါ့၊ ဘုန်းကြီးကလဲ မြန်မာ့ရိုးရာ ကျောင်းအပ်တဲ့ အစဉ်အလာကို ထိန်းသိမ်းရမှာပဲ''

ဆရာ ဆရာမများ တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ပြုံးမိကြ သည်။

''မှန်ပါ့ဘုရား တပည့်တော်တို့ကို ခွင့်ပြုပါအုံး''

ငြိမ်းချမ်းက လျှောက်ထား၍ ဆရာ ဆရာမများ ဘုန်းကြီးအား ကန်တော့ကြသည်။

ဘုန်းကြီးက သာဓု သုံးကြိမ်ခေါ်ပြီးလျှင် ဆုများပေးလိုက်၏

www.burmeseclassic.com

www.burmeseclassic.com

## ၂၃

# အိမ်တိုင်ရာရောက်

ကျောင်းသားဟောင်းများ၏ အိမ်အားလုံးနီးပါးသို့ငြိမ်းချမ်းရောက်ဖူးသည်။ မိဘများနှင့်လည်းခင်မင်ရင်းနှီးသည်။ ကျောင်းသားသစ်များအိမ်သို့ငြိမ်းချမ်း မရောက်ဘူးသေး။ မိဘများနှင့်လည်း မရင်းနှီးသေး။ အထူးသဖြင့် အလယ်တန်းကျောင်းသားသစ်များမှာ အနီးအနားရွာပေါင်းစုံမှ လာကြခြင်းဖြစ်သည်။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် တရွာပြီးနောက်တရွာ ငြိမ်းချမ်းခရီးထွက်သည်။ ကျောင်းသားများ၏အိမ်ကို တအိမ်ပြီးနောက်တစ်အိမ်ဝင်သည်။ မိဘများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးရသည်။ တခါတရံ ရွာတွင်ရှိသည့် ဘုရားပွဲ၊ ကျောင်းပွဲများနှင့်ဆုံလျှင် ကျောင်းသူ ကျောင်းသားများက ဖိတ်ကြသည်။ ထိုအခါမျိုးတွင် ဆရာ ဆရာမအားလုံးသွားကြသည်။ ကျောင်းသူ ကျောင်းသားများ ပျော်ကြသည်။ ဆရာ ဆရာမများ ပျော်ကြသည်။ မိဘများ ဝမ်းသာကြသည်။

ခြံထဲတွင်နေသည့် ကျောင်းသား မိဘအိမ်သို့ ငြိမ်းချမ်းရောက်သလို၊ ယာထဲတွင် တဲထိုးနေသည့် ကျောင်းသားမိဘအိမ်သို့



လည်း ငြိမ်းချမ်းရောက်သည်။

ငွေတောင်၊ မြို့တော စသော အနီးအနားမှ ရွာများကိုရောက်သလို၊ ကျောက်ချော၊ ကြွက်နဖားကဲ့သို့သော တောင်ခြေရွာကလေးကိုလည်း မကျန်စေရ၊ ငြိမ်းချမ်းရောက်အောင်သွားသည်။

ကျောက်ချောရွာတွင် ရွာသူရွာသားများမှာ ဆင်းရဲကြသည်။ ထင်းခုတ်၊ ဝါးခုတ်လုပ်ငန်းဖြင့် အသက်မွေးကြသည်။ သားသမီး၏ဆရာရောက်လာ၍ ဝမ်းသာအားရညှေ့ခံချင်သော်လည်း သူတို့တွင် ဘာမှမပြည့်စုံ။

"ဟဲ့ လက်ဖက်ရည်ပန်းကန်က အပဲ့ကြီးနဲ့ကွာ၊ ဆရာ့ကို အားနာစရာကောင်းလိုက်တာ၊ ဟိုဘက်အိမ်ကသွားငှားစမ်းပါ"

ကျောင်းသူတစ်ယောက်၏ ဖခင်က သူ့ဇနီးအား လှမ်းပြောလိုက်သည်။

"ငှားပြီးပြီ၊ ဟိုဘက်အိမ်က ပန်းကန်လဲပဲ့နေတယ်။"

"ဒေါ်ကြီးမ ဈေးဆိုင်ကို သွားငှားစမ်းပါကွာ၊ မြန်မြန်လုပ်ပါ"

ငြိမ်းချမ်းက ကိစ္စမရှိကြောင်းပြော၍ မငှားရန် အတင်းတားရသည်။ ပန်းကန်အပဲ့နှင့်ပင် အားရပါးရ သောက်ပြရသည်။

"ဆရာကြီး ပဲလှော်စားပါအုံး၊ ပဲလှော်ကလဲ ဆီနည်းလိုက်တာကွာ၊ ထပ်ဆမ်းပါအုံး"

ငြိမ်းချမ်းတားပြန်သည်။ ဆီနည်းသော ပဲလှော်ကိုပင် မြိန်ရည်ရှက်ရည်စားပြရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကျီတိုးလုံးနှင့် လူကြီးတစ်ယောက် ငြိမ်းချမ်းတို့ လက်ဖက်ရည်ဝိုင်းသို့ ရောက်လာသည်။

"ဆရာကြီးရေ ဆရာကြီးတပည့်က ငိုပြီးကျုပ်ကို ရန်လုပ်နေတယ်။ ဆရာကြီးတပည့် ကံအောင်လေ"

"ဩော် ဘာဖြစ်လို့လဲ"

"ဆရာကြီးကို အိမ်လက်ဖက်ရည်သောက်ခေါ်ချင်တာ အိမ်ကစုတ်နေလို့တဲ့၊ အဲဒီ အိမ်ပြင်ပါလို့ ပြောနေတာကြာပြီ၊ မပြင်လို့တဲ့၊ ခုတော့ ဆရာကိုဘယ်လိုလုပ်ခေါ်ရမှာလဲတဲ့"

ငြိမ်းချမ်းရင်ထဲတွင် နင့်သွားမိသည်။

"ဩော် မောင်ကံအောင်ကလဲဗျာ၊ ကျွန်တော်လာမှာပေါ့"

ငြိမ်းချမ်း မောင်ကံအောင်၏ အိမ်သို့သွား၍ ရေနွေးကြမ်းသောက်ရပြန်သည်။

ထိုကဲ့သို့သော ကလေးများကိုကား ငြိမ်းချမ်းတို့ စေတနာထားရုံသာမက ကရုဏာပါပွားရသည်။ လိမ်မာရန်နှင့်စာကြိုးစားရန် တိုက်တွန်းရသည်။

ကြက်နဖားရွာသို့ရောက်သောအခါ ကျောင်းသားမိဘတစ်ဦး နာတာရှည်အဖျားရောဂါဖြစ်နေသည်ကို တွေ့ရ၍ ဆေးမှူးနှင့်တိုင်ပင်ပြီးနောက် ဆေးရုံသို့ပို့ပေးရသည်။ ကျောင်းသားများကို လိုင်းကားအချို့က မခေါ်ချင်၍ နံနက် ၄ နာရီထွက်သော ထင်းကားနှင့်လိုက်ရကြောင်း ငြိမ်းချမ်းသိရသည်။ ကျောင်းရောက်မှ ဈေးဆိုင်ကလေးများ



ပေါ်တွင် တစ်နာရီလောက်အိပ်ရသေးသည်ဟု ကျောင်းသားများက ပြောပြကြသည်။ ငြိမ်းချမ်းတို့ ဆရာဆရာမများ လုံးဝမသိခဲ့ကြ။ ကျောင်းသားများကလည်း မပြောကြ။ ရွာရောက်မှမိဘများက စပြောကြ၍ ကျောင်းသားများပြောကြခြင်းဖြစ်သည်။ ငြိမ်းချမ်းသည် အမှတ်(၁၁)ကား လိုင်းအသင်း ဥက္ကဋ္ဌနှင့်တွေ့၍ ညှိနှိုင်းရသည်။ ကျောင်းသားတို့၏ ဒုက္ခကို သနားအောင်ပြော၍ အကူအညီတောင်းရသည်။ အသင်းဥက္ကဋ္ဌနှင့် ငြိမ်းချမ်းတို့ စိတ်ကောင်းစေတနာကောင်းရှိသော ကားပိုင်ရှင်တစ်ဦးထံ သွားတောင်းပန်ကြသည်။ ထိုကားပိုင်ရှင်က ကျောက်ချောနှင့် ကြက်နဖားမှ ကျောင်းသားများကို သူ့ကားဖြင့်သာ နေ့စဉ်ခေါ်ပါမည်။ အခကြေးငွေလည်းမယူပါဟု ကတိပြုလိုက်သည်။

ကျောက်ချောနှင့် ကြက်နဖားမှာ ရွာချင်းနီးကြသည်။ သို့ရာတွင် ကျောက်ချောမှ လူများဆင်းရဲကြသော်လည်း ကြက်နဖားမှ လူများ မဆင်းရဲကြသည်ကို ငြိမ်းချမ်းအံ့ဩဖွယ်ရာ တွေ့ရသည်။

ငြိမ်းချမ်းကို ထမင်းကျွေးသော ကျောင်းသားမိဘဦးမိုးမောင်၊ ဒေါ်အေးမြတို့တွင် ထင်းတင်သော မော်တော်ကားတစ်စီးရှိသည်။ ဧရာဝတီမြစ်အတွင်းမှာ ပြေးဆွဲနေသော မော်တော်တစ်စင်းရှိသည်။ ကြက်နဖားရွာ အနီးတွင် သံပရာခြံကြီးတစ်ခြံလည်းရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၂၄

## စံပြလင်မယား

ဦးဖိုးမောင်၊ ဒေါ်အေးမြတို့သည် ကြွက်နဖားရွာ၏ စံပြလင်မယား ဖြစ်သည်။ သူတို့လင်မယားမှာ ကြွက်နဖားရွာသို့ ရောက်လာစက လက်လုပ်လက်စား ဆင်းရဲသားများ ဖြစ်ကြသည်။ လင်ရောမယားပါ လုပ်နိုင်ကိုင်နိုင် အားကောင်းမောင်းသန်များဖြစ်ကြသည်။ လင်မယားနှစ်ယောက်လုံးတောထွက်၍ မောင်တစ်ထမ်း၊ မယ်တစ်ရွက် ထင်းခုတ်ကြသည်၊ အိမ်ပြန်ရောက်လျှင် ထင်းဖြတ်ကြသည်။ ထင်းစည်းကြသည်။ ပွဲစားထံသွားရောင်းကြသည်။ ခြိုးခြံချွေတာစား၍ ရသမျှငွေကို စုဆောင်းထားကြသည်။ မျှစ်ရေးကောင်းလျှင် မျှစ်ချိုးပါထွက်ကြ၏။ ဤနည်းအားဖြင့် မကြာမီပင် လှည်းတစ်စီး၊ နွားတစ်ရှဉ်း ထူထောင်နိုင်ခဲ့ကြသည်။



လင်မယားနှစ်ယောက် နံနက်စောစောထပြီးလျှင် လှည်းဖြင့် ထင်းခုတ်ထွက်ကြသည်။ နေမွန်းတည့်လျှင် အိမ်ပြန်ရောက်ကြသည်။ ထမင်းစား ခဏတဖြုတ်နားပြီးနောက် တက်ညီလက်ညီ ထင်းဖြတ်ကြသည်။ ထင်းစည်းကြသည်။ ပွဲစားထံသွားအပ်လျှင် ငွေငါးဆယ်ရ၏။ နှစ်နှစ်ခန့်ကြာသောအခါ ဦးဖိုးမောင်၊ ဒေါ်အေးမြတို့ ထင်းတင်သောကားတစ်စီး ဝယ်နိုင်ကြသည်။ ယခင်ကကဲ့သို့ ထင်းခုတ်ရန် မလိုတော့ပေ။ သူများခုတ်သည့်ထင်းများကို ဝယ်ပြီးလျှင် မန္တလေးသို့ ဖောက်သည်သွင်းကြသည်။ လင်နှင့်မယားမှာ စီးပွားဘက်ပီသသည်။ အသုံးအစွဲ ကျစ်လျစ်ကြသည်။ ကားတစ်စီးမှတဆင့် ဒုဋ္ဌာဝတီမြစ်အတွင်း၌ ပြေးဆွဲနေရန် မော်တော်တစ်စီးပါ ထူထောင်နိုင်ကြပြန်သည်။ ကြွက်နဖားရွာအနီးတွင် သံပရာခြံကြီးတစ်ခြံ စိုက်ပျိုးကြသည်။ ထင်းကားအလုပ်၊ မော်တော်အလုပ်သာမက ခြံအလုပ်ကိုပါ ကြိုးစားလုပ်ကိုင်ကြသည်။

ယခုအခါတွင် ဦးဖိုးမောင်နှင့် ဒေါ်အေးမြတို့သည် ကြွက်နဖားရွာတွင် အချမ်းသာဆုံး ဖြစ်နေကြပြီ။ တိုက်အိမ်တစ်ခုကိုပင် ဆောက်ထားနိုင်ကြပြီ။

ဦးဖိုးမောင်၊ ဒေါ်အေးမြတို့သည် ကြွက်နဖားရွာသူရွာသားတို့အတွက် စံပြုစရာဖြစ်ရုံမက အားကျစရာလည်း ဖြစ်နေကြသည်။

ဦးဖိုးမောင်၊ ဒေါ်အေးမြတို့၏ အတုကိုယူ၍ ကြိုးစားကြသူများ ရှိလာကြသည်။ သို့ရာတွင် များသောအားဖြင့် ကားလွယ်လွယ်ရှာ၍ရ

www.burmeseclassic.com

www.burmeseclassic.com



သောငွေကို လွယ်လွယ်သုံးပစ်သူတို့ကသာ များနေသည်။ ကြွက်နဖားရွာငယ်လေးတွင် လက်ဖက်ရည်ဆိုင်ခြောက်ဆိုင်ရှိ၍ မုန့်တီဆိုင်နှစ်ဆိုင်ရှိသည်။ ဖဲဝိုင်းများစွာရှိနေသည်။ မုန့်ဆိုင်များတွင် လူစည်သလို ဖဲဝိုင်းများတွင် လူစည်သည်။ ငွေကုန်သွားလျှင် ပူစရာမရှိ။ ထင်းခုတ် ထွက်ကြမည်။ မျှစ်ချိုးထွက်ကြမည်။ ရှေ့ရေး နောင်ရေးကို မတွေး။ သူတို့အတွက် ရင်လေးစရာ ကောင်းလှ၏။ သုံးမကုန်သော ရတနာများကို ရထားပါလျက် ချမ်းသာအောင် မလုပ်နိုင်သူများ ဖြစ်ကြ၏။ အိုခြင်း၊ နာခြင်းနှင့် ရင်ဆိုင်ရပါမှ နောင်တရကြပေတော့မည်။

ကြွက်နဖားရွာရှိ မူလတန်းပြဆရာများဖြစ်ကြသော ဦးသောင်းအေးနှင့် ဦးစန်းမြင့်တို့က ငြိမ်းချမ်းအား တစ်ရွာလုံးကို လှည့်လည်ပြသကြသည်။ ရွာအနီးမှ တောများ၊ တောင်များ မြေကွက်အလွတ်များကို ပြကြသည်။ သူ့တို့ပင်လျှင် မြေကွက်များထွင်၍ နှမ်းကြဲကြ၊ ခြံစိုက်ကြ လုပ်ကိုင်ထားကြ၏။ ရွာမှ လူငယ်များကို ထိုသို့လုပ်ကိုင်ကြရန်လည်း စည်းရုံးကြသည်။ သို့ရာတွင် မအောင်မြင်သေးကြောင်း ပြောပြ၏။

မြေလွတ်မြေရိုင်းနှင့် တောတောင်တို့၏ သဘာဝကို ငြိမ်းချမ်း သဘောကျမိသည်။ ဦးသောင်းအေးနှင့် ဦးစန်းမြင့်တို့၏ စံပြလုပ်ဆောင်နေမှုကိုလည်း လေးစားမိသည်။

ဦးသောင်းအေးနှင့် ဦးစန်းမြင့်က ငြိမ်းချမ်းကို ခိုနန်းယဉ်သာ အထိ လိုက်ပို့လိုကြသည်။ ဒုဋ္ဌာဝတီမြစ်ကမ်းတလျှောက်မှ ရှုခင်းအလှ



များနှင့် မြေလွတ်မြေရိုင်းများကိုလည်း ပြသလိုကြသည်။ ထို့ကြောင့် ဦးဖိုးမောင်နှင့်တိုင်ပင်ရာ ဦးဖိုးမောင်က သူ့မော်တော်ဖြင့် လိုက်ပို့ရန် တာဝန်ယူလိုက်သည်။ ဒေသန္တရ ဗဟုသုတနှင့် တောအလှ၊ တောင်အလှ၊ မြစ်အလှတို့ကို လေ့လာခွင့်ရမည်ဖြစ်သောကြောင့် ငြိမ်းချမ်း ဝမ်းသာသည်။ နောက်တစ်ကြိမ် ကျောင်းပိတ်ရက်တစ်ခုသွားရန် အစီအစဉ် လုပ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၂၄

# ခိုနန်းယဉ်သဘသို့

'ပေါ် ပေါ်'

မော်တော်ဟွန်းသံက ရှုးရှုးရှရှ ပေါ်ထွက်လာသည်။ ခရီးသည်တစ်ယောက်၏ ရင်ခွင်တွင် အိပ်ပျော်နေသော ကလေးငယ်က လန့်နိုး၍ အော်ငိုလိုက်သည်။

မနက် ၁၀ နာရီတွင် မော်တော်သည် ကြွက်နဖားရွာမှ ထွက်ခဲ့သည်။ ငြိမ်းချမ်းသည် ကြွက်နဖားရွာမှ ဆရာဦးစန်းမြင့်၊ ဦးသောင်းအေးတို့နှင့်အတူ မော်တော်ဦးပိုင်းတွင်ထိုင်၍ လိုက်ခဲ့၏။

မော်တော်သည် ကမ်းနှင့်နီးချီတခါ၊ ဝေးချီတလှည့်နှင့် ဧရာဝတီမြစ်ကို ဆန်တက်လာ၏။ ဧရာဝတီမြစ်မှာ အကွေ့အကောက် များလှသည်။

ကြွက်နဖားရွာကို လွန်သောအခါ ရွာသားတို့၏ စိုက်ခင်းများကို တွေ့ရသည်။ ရှေ့ဆီသို့ လှမ်းမျှော်ကြည့်သောအခါ အချွန်အထွက်



တို့နှင့် မြင့်မားလှသော မြလိပ်တောင်ကြီးကို လှမ်းမြင်နေရသည်။

ကြွက်နဖား ရွာကလေးမှာ မော်တော်၏နောက်တွင် တဖြည်းဖြည်း ဝေး၍ ကျန်ရစ်၏။ မြစ်ကွေ့တစ်ခုကို လွန်သောအခါ ကြွက်နဖားရွာကလေးမှာ လုံးဝပျောက်ကွယ်သွား၏။ ရွာမှ ဝေးလာသည်နှင့်အမျှ စိုက်ခင်း၊ ပျိုးခင်းများအစား သဘာဝအတိုင်း ပေါက်ရောက်နေကြသော သစ်ပင်ဝါးပင်တို့က ပိုများလာသည်။

"ဟိုးရှေ့က လက်ပံတောကြီးကို တွေ့လားဆရာ၊ အဲဒါ မန္တလေး မီးခြစ်စက်အတွက် စိုက်ထားတာပေါ့"

ဦးစန်းမြင့်က မြစ်၏ လက်ဝဲဘက်ကမ်းမှ လက်ပံတောစိမ်းစိမ်းကို ညွှန်ပြ၍ပြောလိုက်သည်။ တောတစ်ခုလုံးမှာ လက်ပံပင်များချည်း ဖြစ်သည်။ လူတို့စိုက်ထားသည်ဆိုသော်လည်း သဘာဝအတိုင်း ပေါက်နေသည်နှင့်ပင် တူလှသည်။ ကျေးအုပ်ကြီးများသည် ဆူညံသော အသံများကိုပြု၍ ပျံလိုက်ကြ၊ နားလိုက်ကြ လုပ်နေကြသည်။

လက်ပံတောကြီးကို လွန်သောအခါ သဘာဝအတိုင်း ပေါက်ရောက်နေကြသော သစ်တော၊ ဝါးတောကြီးများကိုချည်း တွေ့ရသည်။

အချို့နေရာများတွင် ဝါးရုံတောသက်သက်ကို တွေ့ရသလို အချို့နေရာရာများတွင် သစ်တောသက်သက်ကို တွေ့ရသည်။ အချို့နေရာများတွင်ကား သစ်ပင်ကြီးများနှင့် ဝါးပင်များရော၍ ပေါက်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ၊ မြစ်ရဲ့ညာဘက်ကမ်းကို ကြည့်လိုက်စမ်းပါ၊ သိပ်ကောင်းတဲ့ မြေတွေပေါ့။ ဝါးသုဉ်းတောတွေ ဆရာ"

ငြိမ်းချမ်းသည် ဦးသောင်းအေး ညွှန်ပြရာ မြစ်၏လက်ျာဘက်ကမ်းကို ကြည့်လိုက်သည်။ မှန်ပေသည်။ မျက်စိတဆုံး ကျယ်ပြန့်သော ကွင်းပြင်ကြီးကို တွေ့ရသည်။ မြေတို့မှာ မြေဆွေးမြေနက်များ ဖြစ်ကြ၏။ မည်သူမှ လာရောက်လုပ်ကိုင်မည့်သူမရှိ။ အဖိုးတန်မြန်မာ့ မြေဆီလွှာတို့မှာ အလဟဿ ဖြစ်နေကြရသည်။ မြန်မာပြည်တွင် လက်ရှိလူဦးရေအတွက်သာမက နောက်တိုးလာမည့် လူဦးရေများစွာအတွက်ပါ စိုက်ပျိုးစားသောက်စရာ မြေယာကောင်းတို့များစွာ ရှိနေကြသေး၏။

"အဲဒီကွင်းတွေမှာ တစ်ခါတစ်ခါ ဟိုးအနောက်ကျေးတောကရွာသားတွေလာပြီး နှမ်းစိုက်ကြတယ်၊ နှမ်းသိမ်းပြီးမှ ပြန်သွားကြတယ်၊ တစ်ယောက်ကို နှမ်းတင်းငါးဆယ်၊ တစ်ရာရကြတယ်။ အတည်တကျတော့ ဘယ်သူမှ လာပြီးမနေကြ၊ မလုပ်ကြသေးဘူး"

ဦးသောင်းအေးက ရှင်းပြနေ၏။ မြစ်၏လယ်ယာဘက်ကမ်းတွင် စိုက်ပျိုးရန်ကောင်းသော ကွင်းပြင်ကြီးကို မဆုံးနိုင်အောင် တွေ့နေရသည်။

"ပေါ် ပေါ်"

ရှေ့တွင် ဝါးဖောင်များမျောလာသည်ကိုမြင်၍ မော်တော်က ဟွန်းပေးလိုက်သည်။



ကြွက်နဖားရွာမှ ထွက်စက အဝေးတွင် လှမ်းမြင်နေသော မြလိပ်တောင်ကြီးကို အနီးကပ် တွေ့မြင်နေရပြီ။ တောင်ကြီးမှာ မြင့်မားမတ်စောက်လွန်း၍ မြစ်ပေါ်သို့ မိုးနေ၏။ အဝေးမှမြင်ရသော အချွန်အထွတ်တို့သည် အနီးမှ မြင်ရသောအခါ ပို၍ပင် ဆန်းကျယ်လှပနေ၏။ ငြိမ်းချမ်းသည် ကြည့်၍မဝနိုင်အောင် ဖြစ်နေမိ၏။ လူနေဒေသတွင် လူသားတို့ ဖန်တီးထားသော အဆောက်အအုံများကိုချည်း တွေ့မြင်နေရရာမှ သဘာဝတောတောင်များအလှကိုချည်း တွေ့ရသောအခါ တစ်မျိုးကြည်နူးစရာကောင်းနေသည်။ ဧရာဝတီမြစ်မှာ ကောက်ကွေ့လွန်း၍ မော်တော်သည် မြလိပ်တောင်ကြီးကို ဦးတိုက်ဖြစ်လိုက်၊ ဘေးတိုက်ဖြစ်လိုက်၊ နောက်တွင် ချန်ထားလိုက်၊ တစ်ဖန်ပြန်လည်၍ ဦးတိုက်လိုက်ဖြစ်နေသည်။

သုံးကြိမ် ဦးတိုက်ပြီးမှ မြလိပ်တောင်ကြီးကို နောက်တွင် ချန်ထားခဲ့သည်။

"ဟိုမှာကြည့်လိုက်ဆရာ၊ ငှက်တွေအောင်းတဲ့ ကျင်းကလေးတွေ"

ဦးစန်းမြင့် ညွှန်ပြရာသို့ ကြည့်လိုက်သောအခါ မြစ်ကမ်းပါးတလျှောက်တွင် ထောင်နှင့်ချီ၍ရှိနေသော ကျင်းကလေးများကို တွေ့ရသည်။

"ဘာငှက်တွေ အောင်းလဲဆရာ"

"ပျံလွှားငှက်ကလေးတွေ အောင်းတယ်ထင်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ငှက်ကျင်းကလေးများကိုကြည့်၍ ငြိမ်းချမ်း သဘောကျမိသည်။

မော်တော်က ဆက်၍ခုတ်မောင်းလာခဲ့၏။ မြစ်၏လက်ဝဲဘက်ကမ်းတွင် ရွာကလေးတစ်ရွာကိုတွေ့ရသည်။

"အဲဒီရွာပေါ့ဆရာ၊ ကြွေးတင်ယင် လေးပင်ကို သွားလို့ပြောကြတဲ့ လေးပင်ရွာပေါ့"

ဆရာဦးသောင်းအေးက ရွာကလေးကိုညွှန်ပြ၍ ပြောလိုက်သည်။

"ဘာဖြစ်လို့လဲဗျ"

"ဒီရွာလေးကိုလာပြီး ထင်းခုတ်၊ ဝါးခုတ်၊ တစ်နှစ်လောက် လုပ်လိုက်ရင် တင်နေတဲ့ကြွေးကျေတဲ့အပြင် စုတောင်စုမိသေးတယ်တဲ့"

မော်တော်က ဥသြဆွဲလျက် ရွာကလေးတွင် ခဏကပ်လိုက်သည်။ ခရီးသည်အချို့ ဆင်းသွားကြသည်။ မော်တော်ဆက်၍ ထွက်ခဲ့၏။ လေးပင်ရွာမှလွန်သောအခါ ပိုကြီးမားသော သစ်ပင်ကြီးများကို တွေ့လာရသည်။ အချို့သစ်ပင်ကြီးများ မြစ်ကမ်းစပ်တွင်ကပ်၍ ပေါက်နေကြ၏။ တုတ်ခိုင်သောနွယ်ကြိုးကြီးများက သစ်ပင်ပေါ်မှ တွဲလွဲကျနေကြသည်။ ငြိမ်းချမ်းသည် ကလေးစိတ်ဖြင့်တွေးလျက် ပြေးတက်ဆော့ကစားချင်မိသည်။

"ဆရာ၊ဟိုက မြင်ရတဲ့ တောင်ပေါ်ကို လှမ်းကြည့်လိုက်စမ်းပါ"

ဦးစန်းမြင့်က ခပ်လှမ်းလှမ်းတောင်တစ်ခုဆီသို့ ညွှန်ပြလိုက်ပြန်သည်။



"ဟာ၊ ရေတံခွန်တွေ လှလိုက်တာဗျာ"

ငြိမ်းချမ်းသည် ရေတံခွန်များကိုကြည့်၍မဝနိုင်အောင် ဖြစ်မိ၏။ မော်တော်လွန်သွားမည်ကိုပင် စိုးရိမ်နေမိသည်။

"ဟိုဘက်မှာလဲ ရှိသေးတယ် ဆရာ"

ဦးသောင်းအေးပြရာသို့ လှမ်းကြည့်လိုက်သောအခါ ပို၍လှသော ရေတံခွန်များကို တွေ့ရပြန်သည်။

ငြိမ်းချမ်းသည် နောက်တွင်ကျန်ရစ်ခဲ့သည့် ရှုခင်းအလှများကို နှမြောတသရင်း ရှေ့တွင်တွေ့ရသည့် အသစ်အသစ်သော ရှုခင်းများကို လောဘတကြီး ခံစားနေမိသည်။ မော်တော်သည် တစ်တောပြီး တစ်တော၊ တစ်တောင်ပြီး တစ်တောင် နောက်တွင် ချန်၍ မြစ်ညာသို့ ဆန်တက်ခဲ့၏။ နေလုံးကြီးပင် အနောက်တောင်ဘက် တောင်စွယ်တွင် မေးတင်တော့မည်။

"ဟိုး ရှေ့က တောင်ကြီးရဲ့ ခါးပန်းမှာ သစ်ပင်တွေအုပ်နေတဲ့ မည်းမည်းနေရာကို တွေ့လားဆရာ"

ဦးစန်းမြင့်ပြရာသို့ ငြိမ်းချမ်းလှမ်းကြည့်မိသည်။

"တွေ့တယ် ဆရာ"

"အဲဒါ ကျွန်တော်တို့ ခုသွားနေတဲ့ ခိုနန်းယဉ်သာ လိုဏ်ဂူပေါ့"

မော်တော်သည် မကြာမီပင် မန်းကျည်းစင်ရွာကလေးသို့ တက်လာ၏။ မော်တော်က ဟွန်းတီးလျက် ရွာကလေးတွင် ကပ်လိုက်သည်။ ထိုရွာကလေးတွင် ငြိမ်းချမ်းတို့ လူသိုက်မော်တော်မှ ဆင်းကြ

www.burmeseclassic.com



သည်။ မြစ်ကမ်းဘေးမှ ဝါးရုံပင်ကြီး၏အောက်တွင် ဖဲပိုင်းတစ်ခုကို တွေ့ရ၏။

ဆရာဦးသောင်းအေး ကြိုတင်စီစဉ်ထားသောအိမ်၌ ငြိမ်းချမ်းတို့ တည်းကြသည်။

ညဥ့်တွင် အိမ်ရှင်ကလိုက်ပို့၍ ကိုရင်ကြီး၏ ကျောင်းသို့ သွားကြသည်။

၂၆

# ကျေးလူးရှင် ကိုရင်ကြီး

ကိုရင်ကြီးကျောင်းမှ ရွာသားတို့၏ သစ်ဝါးဖြင့် ဆောက်ပေးထားသော ကျောင်းကလေးမျှသာ ဖြစ်၏။

ကိုရင်ကြီးမှာ ရှေးခေတ်ဘီအေဘွဲ့ရထားသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ အသက်ခြောက်ဆယ်နီးပါးရှိပြီ။ ဤအရပ်တွင် ခိုနန်းယဉ် သာလိုဏ်ဂူ၌ တရားအားထုတ်ရန် ရောက်လာခြင်းဖြစ်သည်။ နောက်မှ ရွာသားတို့၏ ဒုက္ခကိုသနားညှာတာ၍ ကိုယ်တိုင်အတွက် တရားရှာရုံသာမက အများအတွက်ပါ သာသနာပြုလုပ်ငန်း လုပ်နေခြင်းဖြစ်သည်။

ကိုရင်ကြီးမရောက်မီက ဤရွာကလေးတွင် ဘုန်းကြီးကျောင်းမရှိ။ သာရေးနာရေးရှိ၍မှ ပင့်စရာ ဘုန်းကြီးမရှိ။ ကလေးများကို **စာသင်**ပေးမည့် စာသင်ကျောင်းမရှိ။ မကျန်းမာလျှင် သမားမရှိ။ [illegible] ထို့ကြောင့် ကိုရင်ကြီးက ရွာသားတို့ကို ရတနာသုံးပါး[illegible] ဆုံးမသွန်သင်ပေးသည်။ ကလေးများကို **စာသင်ပေး**သည်။ [illegible]

www.burmeseclassic.com



သူများကို ဆေးဝါးကုသပေးသည်။ ကိုရင်ကြီး၏ ဆေးဝါးများမှာ ဘီပီအိုင်မှ ထုတ်လုပ်ထားသော အိမ်သုံးဆေးများ ဖြစ်ကြသည်။ ထိုဆေးများကို အိမ်သုံးဆေးများ အသုံးပြုနည်း စာအုပ်ကိုဖတ်လျက် ပေးကျွေး ကုသခြင်း ဖြစ်၏။ ကိုရင်ကြီးသည် ရွာသားတို့ထံမှ ဆေးဖိုးဝါးခ တစ်ပြားမှမယူ။ ယုတ်စွအဆုံး အလကားရသော ဒုဗ္ဗာဝတီမြစ်မှ ရေကိုပင် ခပ်မလှူနိုင်။ ငါ့ဘာသာ ငါ ခပ်နိုင်သည်ဟု ဆိုသည်။ ဆွမ်းခံကြွလျှင် ဆွမ်းလောင်းသည်နှင့်ပင် ကျေနပ်ပြီဟု ဆိုသည်။

ဆေးကုန်သွားလျှင် ကိုရင်ကြီးမန္တလေးမြို့သို့သွား၍ သိဟောင်းကျွမ်းဟောင်းထဲမှ တတ်နိုင်သူ စေတနာရှင်များထံ အလှူခံသည်။ ငြိမ်းချမ်းတို့ကိုကား ကျောင်းဆရာများဖြစ်ကြ၍ သူ့ကျောင်းသားများအတွက် ဗလာစာအုပ်၊ ခဲတန်းနှင့် ဖတ်စာအုပ်အဟောင်းကလေးများကို လှူပါဟု ဆိုသည်။ ငြိမ်းချမ်းတို့က လှူမည်ဖြစ်ကြောင်း ဝမ်းသာအားရ ကတိပြုကြသည်။

ရွာသူရွာသားများသည် မျှစ်ချိုး၊ ထင်းခုတ်၊ ဝါးခုတ်၊ ခြံစိုက် လုပ်ငန်းများကို လုပ်ကြသည်။ တစ်နံနက်ထွက်၍ မျှစ်ချိုးလျှင် လှည်းတစ်စီးတိုက်လောက်ကို ခဏနှင့်ရသည်။ တစ်နံနက်ထွက်၍ ထင်းခုတ်လျှင် ထင်းတစ်စီးကို ခဏနှင့်ရသည်။ မွန်းတည့်လျှင် ဖြတ်တောက်ပြီးပြီ။ ပွဲစား ကိုအပ်လိုက်လျှင် ငွေသုံးဆယ်ခန့်ရသည်။ သို့ရာတွင် ငွေရှာ၍ လွယ်သလောက် ငွေသုံးလွယ်ကြသည်။ ရွာထဲတွင် ဖဲဝိုင်းလေးတစ်ခု ရှိသည်။ ဝါးရုံအရိပ်ကောင်းကောင်းတွင် တစ်နေ့လုံး ကစားကြသည်။



ညဥ့်တွင် လက်ဆွဲဓာတ်မီးထွန်း၍ ကစားသည်။ မကုန်မချင်း မထော်ကြ။ ငွေကုန် သွားမှ မျှစ်ချိုးထွက်ကြပြန်သည်။ ထင်းခုတ်ထွက်ကြပြန်သည်။ ငွေရလျှင် ကစားကြပြန်၏။

ဤနည်းအားဖြင့် မြို့ပေါ်မှ ဝိသမစီးပွားရေးသမားများသည် ရွာသားတို့၏ မသိနားမလည်မှုကို အခွင့်ကောင်းယူ၍ ကိုယ်ကျိုးရှာ အမြတ်ထုတ်ကြသည်။ ရွာသားတို့၏ ဘဝမှာကား ဒုက္ခတွင်းမှ မထွက်နိုင်။ ယခင်က ထိုသူတို့ကို အသိမှန် အမြင်မှန်ရအောင် လမ်းညွှန်မည့်သူမရှိ။ စာမတတ် ပေမတတ်နှင့် ဗဟုသုတခေါင်းပါး၍ နားလည်အောင် ပြောဖို့လည်း မလွယ်။

ကိုရင်ကြီးက သဘောပေါက်အောင် ဟောပြော ပြသ၍ ဆုံးမ သွန်သင်ကြသည်။ လူကြီးများကား နားမဝင်။ လူငယ်များလက်ထက် တွင် ပြုပြင်နိုင်အောင် ကိုရင်ကြီး ကြိုးစားနေရသည်။

ငြိမ်းချမ်းသည် ကိုရင်ကြီး၏ စေတနာနှင့် အနစ်နာခံမှုအတွက် ကြည်ညိုလေးစား၍မဆုံးနိုင်အောင် ဖြစ်မိသည်။ ငြိမ်းချမ်းက ပါလာသမျှ ငွေကို လှူသည်။ သို့ရာတွင် ကိုရင်ကြီးက လက်မခံ။ စာအုပ်နှင့် ခဲတံသာ ပို့လိုက်ပါဟုဆိုသည်။

နောက်တနေ့နံနက်တွင် ငြိမ်းချမ်းတို့ ခိုနန်းယဉ်သာလိုဏ်ဂူသို့ တက်ကြသည်။ တောင်ခါးပန်းတွင် လှပဆန်းကျယ်သောလိုဏ်ဂူကြီးကို တွေ့ရသည်။ လိုဏ်ဂူကြီး၏အတွင်းမှာ ကျယ်ဝန်း၍ အေးအေး ချမ်းချမ်းရှိလှသည်။ ထုံးကျောက်တောင်၏သဘာဝအလျောက် ဖြစ်နေ

www.burmeseclassic.com



သော ကျောက်ပန်းဆွဲများ၊ ကျောက်တိုင်ကြီးများမှာ အဆန်းတကြယ် တင့်တယ်လှပနေ၏။ ကျောက်ပန်းဆွဲများမှာ ကျောက်စက်ရေတို့ ကျနေကြ၏။ ကျောက်ရေအိုးကြီးတစ်လုံးမှာ ကျောက်စက်ရေဖြင့် ပြည့်နေသည်။ ယခင်က မြေအိုးဖြစ်ခဲ့ဟန် တူ၏။ ထိုကျောက်ရေကို နှစ်များစွာ ခံလာရာမှ ကျောက်အိုးဖြစ်သွားဟန်တူသည်။

ယခင်က ရသေ့ညီနောင်နှစ်ယောက် တရားအားထုတ်သွားဖူးသည်ဟု ဆိုကြသည်။

ငြိမ်းချမ်းတို့သည် ကျောက်စက်ရေကို အနည်းငယ်စီသောက်ပြီးနောက် ခေတ္တအပန်းဖြေကြသည်။ အတွင်းပိုင်းလိုဏ်ခေါင်းများကို ဝင်ကြည့်ကြသည်။ ကျောက်တိုင်များကို ကိုင်ကြည့်ကြသည်။ ကျောက်ပန်းဆွဲများကို ခေါက်ကြည့်ကြသည်။ လိုဏ်ဂူအတွင်းမှာဖြစ်၍ စည်သံမောင်းသံလို သာယာသောအသံ ထွက်လာသည်။

လိုဏ်ဂူမှ ပြန်ဆင်းပြီးနောက် တည်းအိမ်တွင် ထမင်းစားကြသည်။ တည်းအိမ်မှာ ဒေသထွက်သစ်ဝါးများဖြင့် ဆောက်လုပ်ထားသော သပ်သပ်ရပ်ရပ် အိမ်မြင့်ကလေးဖြစ်၏။ ခြံဝင်းကလည်း ကျယ်သည်။ ထိုဝင်းနှင့် တဆက်တည်းမှာပင် တည်းအိမ်ရှင်ပိုင်သော သံပရာခြံကြီးရှိ၏။ တည်းအိမ်ရှင်က ယခုနှစ်မိုးကျလျှင် သူလည်း ဇာတိရွာဖြစ်သည့် ကျောက်ဆည်ခရိုင်ထဲမှ ဘီးလင်းသို့ ပြန်တော့မည်ဟု ဆိုသည်။ အကြွေးတင်၍ ဤရွာကလေးကိုလာခဲ့ရာ သုံးနှစ်အတွင်း အကြွေးကျေရုံမက ငွေငါးထောင်မျှပင် စုမိပြီဟု ဆိုသည်။ ပြန်လျှင် ခြံကိုရောင်းခဲ့မည်လား



ဟု ငြိမ်းချမ်းကမေးသောအခါ အိမ်ရှင်က ရယ်သည်။ ဤအရပ်တွင် ခြံရောင်းလျှင် ဝယ်သူမရှိဟု ဆိုသည်။ အိမ်နှင့်ဝိုင်းကိုရောဟု မေးသောခါ နောက်လာသူ နေလိမ့်မည်ဟုဆိုသောကြောင့် ငြိမ်းချမ်းအံ့သြရပြန်သည်။ ခြံကို တစ်နှစ်တစ်ခါ သံပရာသီး လာခူးမည်လားဟု ငြိမ်းချမ်းကမေးသောအခါ အိမ်ရှင်က ရယ်ပြန်သည်။ ဤအရပ်၏ထုံးစံမှာ ကိုယ်မရှိတော့လျှင် ကိုယ့်ခြံမဟုတ်တော့ဟု ဆိုသည်။ သံပရာသီးများ ပြွတ်နေအောင် သီးနေကြသည့် သံပရာခြံကြီးကိုကြည့်ကာ ငြိမ်းချမ်း နှမြောနေမိသည်။

ဤခရီးကို လာမိသည်မှာ ငြိမ်းချမ်းအတွက် ဗဟုသုတများစွာရသည်။ သွားလာဆက်သွယ်ရေး ခက်ခဲလှသည်မဟုတ်။ ခရီးဝေးလွန်းလှသည်လည်းမဟုတ်သော ဒေသများမှာပင် လူတို့လုပ်ကိုင်စားစရာတွေ များစွာရှိနေသည်။ မြန်မာပြည်တွင် မစိုက်ပျိုးရသေးသော မြေရိုင်းမြေကောင်းတို့များစွာ ရှိကြသေး၏။ မတူးဖော်ရသေးသော အဖိုးတန်တွင်းထွက်ရတနာများ၊ ဓာတ်သတ္တုများ များစွာရှိနေကြသေး၏။ အသုံးမချနိုင်သေးသော သစ်တော၊ ဝါးတောများစွာရှိနေကြသေး၏။ သယံဇာတပေါကြွယ်ဝလှသော မြန်မာနိုင်ငံတွင် မြန်မာနိုင်ငံသားတို့ ကြိုးစားကြရန်သာ လိုပေသည်။

နေ့လယ်ပိုင်းတွင် ငြိမ်းချမ်းတို့သည် ကိုရင်ကြီးကို သွားရောက်ကန်တော့ကြပြီးနောက် အလာခရီးမှ မော်တော်ဖြင့်ပင် ပြန်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၂၇

# ဝါဆိုပန်းကပ်ပွဲ

ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ကျောင်းမှ ဝါဆိုပန်းကပ်လျှင် ပျော်စရာကောင်းမည်ဟူသောအဆိုကို ဆရာမဒေါ်ခင်စန်းက အမှတ်မထင် တင်ပြလိုက်သည်။ သို့ရာတွင် ကျန်သည့်ဆရာ ဆရာမအားလုံးက အလေးအနက် ထောက်ခံကြ၏။

ကျောင်းသားများကိုပြောပြရာ ကျောင်းသားများ အလွန်ပျော်ကြသည်။ တစ်အိမ်တစ်မတ် ကုသိုလ်ပါဝင်ကြသည်။

ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ငြိမ်းချမ်းနှင့် ကျောင်းသားများက တကယ်ပင် ဝါဆိုပန်းခူးသွားကြသည်။ တအုပ်ကြီးရွာမှ ထွက်သွားရသည်ကပင် ပျော်စရာကောင်းလှသည်။ ရွာအပြင်သို့ရောက်သောအခါ ကျောင်းသားများသည် ခုန်ပေါက်မြူးထူးနေကြ၏။ အချို့က သီချင်းအော်ဆိုကြသည်။ ရွာ၏အနောက် တစ်မိုင်ခန့်လျှောက်မိကြသောအခါ မြောင်းဘောင်တွင်စီတန်း၍ ပေါက်နေကြသော သပြေပင်တန်းကို တွေ့ရသည်။ ငြိမ်းချမ်းနှင့် ကျောင်းသားအချို့က အပင်ပေါ်သို့တက်ကာ သပြေပန်း ချိုးကြသည်။ ကျန်ကျောင်းသားများက အောက်မှ ကောက်



ကြသည်။ ကျောင်းသားအချို့က ယာစည်းရိုးတန်းများမှ ခြိုးပန်းပင်များကိုရှာ၍ ချိုးကြသည်။ ခြိုးပန်းသည် အပွင့်ဖြူဖြူကလေးနှင့် အလွန်မွှေး[illegible]ာပန်းဖြစ်၏။

သပြေပန်းတွေ အများကြီးရပြီ။ ခြိုးပန်းတွေ အများကြီးရပြီ။ ငြိမ်းချမ်းနှင့် ကျောင်းသားများသည် ရွှေးရွှဲနေကြပြီ။ မြောင်းထဲတွင် ဆင်း၍ ရေချိုးကြသည်။ ပျော်စရာကောင်းလှ၏။ ကျောင်းသို့ရောက်သောအခါ အဆင်သင့်စောင့်နေကြသော ဆရာမကြီး ဒေါ်သိန်းရှိန်နှင့် ကျောင်းသူများက သပြေပန်းများကိုစည်း၍ ကောင်းအောင်ပြန်ချိုးကြသည်။ မကြာမီပင် မန္တလေးမှ ဦးလှမင်း၊ ဦးလူအေး၊ ဒေါ်ခင်ဌေး၊ ဒေါ်ခင်စန်းတို့ရောက်လာကြသည်။ သူတို့နှင့်အတူ မေမြို့ပန်းများ၊ သစ္စာပန်းများ၊ နှင်းပန်းများ ပါလာကြသည်။ ထိုပန်းများကို သပြေပန်းနှင့်တွဲ၍ အစည်းကလေးများပြုလုပ်ကြသည်။ ဆရာမများနှင့် ကျောင်းသူများမှာ ရယ်ကြမောကြ၊ ပန်းစည်းကြနှင့် ပျော်စရာကောင်းလှသည်။ ဝါဆိုပန်းကပ်လိုက်မည့် ကျောင်းသူကျောင်းသားအားလုံး တစ်ယောက်ပန်းတစ်စည်းရကြမည်။

ထိုအချိန်တွင် ၇ တန်းနှင့် ၆ တန်းမှ ကျောင်းသားများက ရွာထဲမှ အိုးစည်၊ လင်းကွင်း၊ ဝါးလက်ခုပ်၊ ပလွေစသည့်တို့ကို ငှားလာကြသည်။ အိုးစည်က ကြိုးလျော့နေ၍ အသံကောင်းကောင်းမထွက်၊ ငြိမ်းချမ်းနှင့် ဦးလှမင်းက အိုးစည်ကြိုးတင်းအောင် ဆွဲပေးသည်။ ကိုလူအေးက ကျောင်းသားတစ်စုနှင့် အိုးစည်သီချင်းနှင့် သံချပ်ထိုး[illegible]

www.burmeseclassic.com

www.burmeseclassic.com



တဝါးဝါးဖြစ်နေသည်။

"ပုံ ….. ပုံ"

အိုးစည်တင်သွားပြီ။ ကျောင်းသားတို့ ဝမ်းသာအားရ လက်ခုပ်တီးကြ၏။ ဆရာမများနှင့် ကျောင်းသူများက ပန်းစည်းနေရာမှ အိုးစည်ဝိုင်းဘက်သို့ ခေါင်းငဲ့၍ ကြည့်ကြသည်။

အိုးစည်ပတ်စာကပ်၍ ပြီးသွားပြီ။ မောင်ငယ်က အိုးစည်တီးမည်။ မြင့်သန်းက ပလွေမှုတ်မည်။ သန်းရွှေက လင်းကွင်းတီးမည်။ ကျော်အောင်နှင့် မောင်ပုတို့က ဝါးလက်ခုပ်လိုက်ကြမည်။ မောင်ဝင်းက ဦးရွှေရိုး ကမည်။ မောင်တိုးနှင့်အဖွဲ့က သီချင်းဆို သံချပ်တိုင်ကြမည်။ အလွန်မြိုင်သော ဝိုင်းတစ်ဝိုင်းဖြစ်သွား၏။

ပထမတစ်ပိုဒ် စတီးသည်။ အဆိုသမားတို့က ကောင်းကောင်းဆိုတတ်ကြ၏။ ပလွေသမားကလည်း မဆိုးလှ။ အိုးစည်သမားကားအသံမြည်အောင်သာ ကြိုးစားနေရ၏။ လင်းကွင်းသမားက တိုးလိုက်ကျယ်လိုက်နှင့် ဝါးလက်ခုပ်သမားများမှာ နှစ်ယောက်တည်းပင် ညီအောင်မတီးနိုင်။ တစ်ချက်စီ ကျနေ၏။ ဦးရွှေရိုးမောင်ဝင်းမှာ ကွေးအောင်ကနေသည်။ သီချင်းဆုံးသွားပြီ။ အိုးစည်သမားမှာ ဘယ်လို ရပ်ရမှန်းမသိ။ နောက်မှ ရပ်ချင်သလို ရပ်ချလိုက်သည်။ ဝါးလက်ခုပ်သမား နှစ်ယောက်ကျန်နေကြ၏။ ဦးရွှေရိုးလည်း ကိုးရိုးကားရား ဖြစ်နေ၏။ အားလုံးမှာ ရယ်၍မဆုံးအောင် ဖြစ်နေသည်။

တတ်ကျွမ်းနားလည်သော ပညာသည် တစ်ယောက်မှမပါ၊ ကျောင်းသားများသာ တီးကြခြင်းဖြစ်သည်။ မှားချင်မှား၊ မှန်ချင်မှန် ပျော်စရာကောင်းလှသည်။ ဒုတိယတစ်ပုဒ် ထပ်မတီးမီ နည်းနည်း ပါးပါးနားလည်သော ကိုလှအေးက ပြုပြင်ပေး၏။ အိုးစည်ကို ဘယ်လိုချ၊ လင်းကွင်းကို ဘယ်လိုတီး၊ ဝါးလက်ခုပ်က ဘယ်လိုလိုက်ဟု ပြပေးသည်။ ဦးရွှေရိုးဆိုသူဟာ ကွေးအောင် ကရသည်မဟုတ်။ ဒူးကိုခွင်၊ ဖင်ကိုနောက်ပစ်ထား၊ ခါးက ရှေ့ကိုကိုင်း၊ လက်တစ်ဘက်က ယီးကိုကိုင်စီးချက်ချကျအောင်လှည့်ပတ်က၊ မျက်စိကို မှားမှားလှုပ်၊ နှုတ်ခမ်းမွေးကို တွန့်တွန့်ပြ။ ခေါင်းပေါင်းစကို ရှည်ရှည်ချ၊ မျက်နှာက ပြောင်လေကောင်းလေ။

ကိုလှအေးက ပြောရင်းသင်ရင်း စိတ်ပါလာသောကြောင့် နမူနာလုပ်ပြသောအခါ ဆရာ ဆရာမများနှင့် ကျောင်းသူကျောင်းသားများအူတက်မတတ် ရယ်ကြရသည်။ အချို့မှာ ရယ်လွန်း၍ မျက်ရည်များပင်ထွက်နေကြ၏။

ဒုတိယအကြိမ် ပြန်တီးသောအခါ တော်တော်ဟုတ်လာသည်။ အတီးသမားများမှာ ကိုယ့်ဘာသာ သဘောကျ၍ တပြုံးပြုံးဖြစ်နေကြသည်။ အကသမားမှာလည်း ကိုလှအေး၏ အသင်အပြကောင်းမှုကြောင့် ပုံစံကျလာ၏။ မောင်ဝင်းမှာ ပင်ကိုယ်ကပင် အပြောင်အစသန်၍ ဦးရွှေရိုးအကနှင့် အလွန်လိုက်သည်။

ပန်းစည်းနေကြသော ကျောင်းသူများမှာ အတီးနှင့်အကကိုကြည့်ကာ ရယ်နေရ၍ အလုပ်မတွင်အောင် ဖြစ်နေကြသည်။ ပန်းအား

www.burmeseclassic.com



လုံးစည်း၍ ပြီးသောအခါ အတီးအဖွဲ့မှာ တော်တော်ဟုတ်နေပြီ။

ဆရာမများနှင့် ကျောင်းသူများ ပြုပြုပြင်ပြင်လုပ်ပြီးကြသော အခါ ကျောင်းသူကျောင်းသားအားလုံး ကျောင်းရှေ့မှာ တန်းစီကြသည်။ ဆရာဆရာမများက ပန်းစည်းများ လိုက်ဝေကြသည်။ အတီးအဖွဲ့က နောက်ဆုံးတွင် နေရာယူ၏။

အားလုံးအဆင်သင့်ဖြစ်သောအခါ ကျောင်းမှ ထွက်ခဲ့ကြသည်။ ရွာလယ်လမ်းမကြီးတွင် စီတန်း၍ သွားကြသောအခါ ရွာထဲမှာ ကလေးများရော လူကြီးများပါ ထွက်ကြည့်ကြသည်။ ပန်းစည်းများ ကိုင်သွားကြသော ကျောင်းသူ ကျောင်းသားများကိုကြည့်ကာ ကြည်နူးကြသလို အိုးစည်ဝိုင်းနှင့် ဦးရွှေရိုးအကကိုကြည့်ကာ ရယ်ကြသည်။

ဘုန်းကြီးကျောင်းသို့ ရောက်သောအခါ ဆရာတော်နှင့်တကွ တကာ တကာမအချို့က အဆင်သင့် စောင့်ကြို၍ ဖျော်ရည်များ တိုက်ကြသည်။ ဘုရားရှေ့တွင် ပြင်ဆင်ထားသော ပန်းအိုးများ၌ ပန်းများကို ထိုးကြသည်။ ဆရာတော်ထံတွင် ငါးပါးသီလ ခံယူကြပြီးနောက် ဆရာတော်ချပေးသော ပန်းကပ်ဘုရားရှိခိုးကို လိုက်ဆိုကြသည်။ ဆရာတော်၏ ဆုံးမသြဝါဒစကားကို နာယူမှတ်သားကြသည်။

ထိုနေ့က ဆရာဆရာမများရော၊ ကျောင်းသူ ကျောင်းသားများပါ ဝမ်းသာကြ၊ ကြည်နူးကြ၊ ပျော်ရွှင်ကြရ၏။

# ၂၈

# ကျောင်းအုပ်ကြီး

"ဆရာအလုပ် တော်တော်များနေသလား"

ငြိမ်းချမ်းသည် စာအုပ်စာရင်းများ လုပ်နေရာမှ ခေါင်းမော်၍ ကြည့်လိုက်သောအခါ စားပွဲရှေ့တွင် ရပ်နေသည့် မှန်ရည်သော ဧည့်သည် တစ်ယောက်ကို တွေ့ရသည်။ ဧည့်သည်၏လေသံမှာ ရင်းရင်းနှီးနှီးဖြစ် သော်လည်း ထိုဧည့်သည်ကို ငြိမ်းချမ်းတစ်ခါမှ မတွေ့ဖူးပေ။ အလျင် တခါလို ကျောင်းစစ်လာသောပုဂ္ဂိုလ်လားဟု ငြိမ်းချမ်းတွေးနေမိသည်။ သို့ရာတွင် စစ်ချင်ရာစစ် ပူစရာမရှိ။ ငြိမ်းချမ်းတို့ကျောင်းမှာ အားလုံး စနစ်တကျ လုပ်ထားသည်။

"အလုပ်မများပါဘူး ခင်ဗျာ၊ စာအုပ်စာရင်းတွေ တွက်နေတာ ပါ၊ ထိုင်ပါခင်ဗျာ"

ငြိမ်းချမ်းက ဧည့်သည်အား ကုလားထိုင်တစ်လုံးပြ၍ အထိုင် ခိုင်းလိုက်သည်။ ဧည့်သည်က ကုလားထိုင်တွင် ထိုင်ပြီးနောက် သူ၏

www.burmeseclassic.com

www.burmeseclassic.com



လက်ဆွဲအိတ်ကို စားပွဲပေါ်တင်လိုက်သည်။

"ဆရာကတော့ နာမည်သိပ်ကြီးတာပဲ၊ လူတိုင်း ချီးမွမ်းနေကြတယ်"

ညွှန်သည်၏ အဆက်အစပ်မရှိ ချီးကျူးစကားကြောင့် ငြိမ်းချမ်းမှာ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်နေသည်။

"ကျွန်တော်က ဦးငြိမ်းချမ်းကို အနည်းဆုံး လူလတ်အရွယ်တော့ ဖြစ်မယ်လို့ထင်ထားတာ၊ အခုတွေ့ရတော့ လူငယ်ပဲရှိသေးတာကိုး"

ယခုအချိန်အထိ ထူးဆန်းသောညွှန်သည်ကို ငြိမ်းချမ်း ဘာပြန်ပြောရမှန်း မသိသေးပါ။ သူ ဆက်ပြောမည်ကိုသာ နားထောင်နေရသည်။

"ကျွန်တော်က အောင်ဒင်ပါ"

"ဗျာ၊ ဆရာကြီးဦးအောင်ဒင်"

ငြိမ်းချမ်းမှာ အံ့ဩဝမ်းသာဖြစ်၍ နေရာမှ ထလိုက်သည်။ လွန်ခဲ့သည့်သုံးရက်ကပင် ဤကျောင်းတွင် ကျောင်းအုပ်ဆရာကြီး ဦးအောင်ဒင်ရောက်လာမည်ဖြစ်ကြောင်း ရုံးစာကို ငြိမ်းချမ်းရထားသည်။

"ဆရာကြီး၊ ဒီမှာ ထိုင်ပါခင်ဗျ"

ငြိမ်းချမ်းက သူထိုင်သောနေရာမှ ဖယ်ပေးလိုက်သည်။ ကျောင်းအုပ်မရှိ၍သာ ဤနေရာတွင် ကျောင်းအုပ်ကိုယ်စားထိုင်၍ ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။ ယခုကျောင်းအုပ်ရောက်လာပြီ။



"ကိစ္စမရှိပါဘူး ဆရာ၊ ထိုင်ပါ။ ဆရာလုပ်တာက ဒီမှာ သိပ်ကိုအောင်မြင်နေတာပဲ၊ ကျွန်တော် ဝမ်းသာပါတယ်။ ကျွန်တော်နဲ့ ဆရာ အရှိန်မပျက်အောင် ဆက်ထိန်းသွားကြတာပေါ့၊ ဆရာလဲဆက်ရှိနေမှာဆိုတော့ ဟန်ကျပါတယ်။ ကျွန်တော်ကတော့ ကျောင်းရဲ့အခြေအနေတွေကို ဘာမှပြည့်ပြည့်စုံစုံ မသိသေးဘူး။ ဆရာကပဲ ကျွန်တော့်ကို ရှင်းပြပါ။ ကျွန်တော် ဘာလုပ်သင့်တယ်ဆိုတဲ့ အကြံဉာဏ်လဲ ပေးပါ၊ ရင်းရင်းနှီးနှီးပေါ့၊ ဆရာလိုလူနဲ့တွေ့ရတာ ကျွန်တော် သိပ်ကံကောင်းတယ်"

ငြိမ်းချမ်း၏စိတ်ထဲမှာလည်း ဤကဲ့သို့ သဘောထားပြည့်ဝသော ဆရာကြီးနှင့်တွေ့ရသည်မှာ ကံကောင်းသည်ဟု အောက်မေ့လိုက်သည်။

ငြိမ်းချမ်းက ဆရာ ဆရာမများအားလုံးကို လိုက်ခေါ်သည်။ ဆရာဆရာမများ အပန်းဖြေအနားယူခန်းတွင် စုဝေး၍ ကျောင်းအုပ်ဆရာကြီးနှင့် မိတ်ဆက်ပေးသည်။ ဆရာကြီးက သူကြားသိခဲ့ရသော သတင်းများအရ ဆရာ ဆရာမများကို ချီးကျူးသည်။ ကျောင်းအကြောင်း၊ လုပ်ငန်းအကြောင်းကို ဇမကြ၊ ဖြေကြနှင့် ရင်းရင်းနှီးနှီး စကားပြောကြသည်။

ဆရာကြီး၏မျက်နှာမှာ အစဉ်ပြုံးချိုနေသည်။ သို့ရာတွင် ဟန်လုပ်ထားသောအပြုံးမဟုတ်၊ မျက်နှာချိုသွေးသောအပြုံးမဟုတ်။ ယဉ်ကျေးသော အပြုံး၊ ရိုးသားတည်ကြည်သော အပြုံး၊ ရင်းနှီးဖော်ရွေသော အပြုံး၊ စိတ်သဘောထားကြီးမားသူ၏အပြုံးစစ်စစ် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်ရည်ရုံမက စိတ်သဘောထားပြည့်ဝသော ကျောင်းအုပ်ကြီးကို ခဏအတွင်းမှာပင် ဆရာ ဆရာမအားလုံးက ခင်မင်လေးစားသွားကြသည်။

ငြိမ်းချမ်းနှင့် ဆရာ ဆရာမများသည် မာလိန်းမှူး မရှိသေးသော သင်္ဘောကို အကောင်းဆုံးဖြစ်အောင် ထိန်းသိမ်းခဲ့ရသူများနှင့် တူကြသည်။ ယခု မာလိန်းမှူးရောက်လာပြီ။ တက်ကုန် လက်ကုန် ရွက်စုံဖွင့်ရန်သာ ရှိတော့သည်။

၂၉

# ကျောင်းဖွင့်ပွဲနှင့် ဆုပေးပွဲ

ကျောက်မီးအလယ်တန်းကျောင်းတွင် အဆောက်အအုံလည်း ပြည့်စုံပြီး ပရိဘောဂလည်း ပြည့်စုံပြီ၊ ကျောင်းသားများကလည်း အတန်းစုံတက်ရောက်နေကြပြီ၊ ကျောင်းအုပ်ကြီးလည်း ရောက်လာပြီ။ အလယ်တန်းကျောင်းအဂါရပ်များနှင့် ပြည့်စုံညီညွတ်ပြီ။ အလယ်တန်းကျောင်းဖွင့်ပွဲလုပ်ရန် အကောင်းဆုံး အချိန်ရောက်ပြီဖြစ်ကြောင်း ငြိမ်းချမ်းက ကျောင်းအုပ်ကြီးကို အကြံပေးသည်။ ကျောင်းအုပ်ကြီးက သဘောတူသည်။ ဆရာ ဆရာမအားလုံးနှင့် တိုင်ပင်ပြီးနောက် မိဘဆရာအသင်း သင်းလုံးကျွတ် အစည်းအဝေးခေါ်သည်။

ယခင်နှစ်က မိဘဆရာအသင်း၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ငြိမ်းချမ်းက ရငွေ၊ သုံးငွေ၊ ကျန်ငွေများကို စာရင်းရှင်းပြသည်။ လုပ်ဆောင်ခဲ့ရသည့် အခြေအနေနှင့် အတွေ့အကြုံများကို အစည်းအဝေး၌ တင်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



မိဘဆရာအသင်းအသစ်ကို ဖွဲ့စည်းသည်။ ကျောင်းအုပ်ကြီး ဦးအောင်ဒင်က ဥက္ကဋ္ဌဖြစ်လာ၍ ငြိမ်းချမ်းက အတွင်းရေးမှူးဖြစ်သည်။ ကျန်သည့်အမှုဆောင်များကိုလည်း အသင်း၏ဖွဲ့စည်းပုံအရ ရွေးချယ်တင်မြှောက်ကြသည်။ အသင်းဖွဲ့ပြီးသောအခါ အများသဘောတူသည့် အသင်းကြေး သတ်မှတ်ကြသည်။ ရှေ့လုပ်ငန်းစဉ်များနှင့် ကျောင်း၏ တိုးတက်ရာ တိုးတက်ကြောင်း မိဘများက ဆွေးနွေးတင်ပြ အကြံပြုကြသည်။ နောက်ဆုံးအစီအစဉ်တွင် ကျောင်းဖွင့်ပွဲအတွက် ဆွေးနွေးညှိနှိုင်းကြသည်။

ဖွင့်ပွဲအတွက် မဏ္ဍပ်ကိုကျောင်းသားမိဘတစ်ဦးဖြစ်သော ဦးခင်မောင်က ကူညီမည်။ အကျွေးအမွေးကို ရွာမှတာဝန်ယူမည်။ ပြီးခဲ့သည့်နှစ်က စာမေးပွဲကြီးတွင် အတန်းတိုင်းမှ ပထမရသော ကျောင်းသူကျောင်းသားများနှင့် လေးတန်းတွင် တန်းလုံးကျွတ်အောင်မြင်အောင် ဖြေဆိုကြသည့် ကျောင်းသူကျောင်းသားများကို ဖွင့်ပွဲနေ့တွင် ဆုပေးမည်။ တန်းလုံးကျွတ်အောင်မြင်အောင် သင်ပေးသော ဆရာမနှင့် လုပ်အားပေးဆရာ ဆရာမများကိုလည်း ဆုပေးရန် မိဘတစ်ဦးက တင်ပြသည်။ ဆုပေးရန်ငွေကို စေတနာရှင် မိဘများက ထည့်ဝင်ကြသည်။ ဖွင့်ပွဲနေ့တွင် ကျောင်းသူကျောင်းသားများ၏ အစွမ်းပြအက၊ အဆိုကလေးများပါဖို့ကိုကား ကိုလှအေးနှင့် ဆရာမများက တာဝန်ယူကြရသည်။ ဗဟို ရုပ်ရှင်လာရောက်ပြသပေးဖို့ကိုကား ကျောင်းအုပ်ကြီးက တာဝန်ယူသည်။ ကုန်သွယ်ရေး(၁)စပါးအဝယ်ဒိုင်မှ ကိုနက်စိန်တို့အဖွဲ့က



မန္တလေးမှ ခြင်းဝိုင်းကောင်းကောင်းတစ်ခုဖိတ်၍ ကူညီမည်ဟု ကတိပြုသည်။ ဦးသေးတာက သူတစ်ယောက်တည်း တာဝန်ယူ၍ အငြိမ့်ထည့်မည်ဟု ဆိုသည်။ ငြိမ်းချမ်းက ဦးသေးတာ အကုန်အကျများမည်စိုး၍ မထည့်ရန် တောင်းပန် သည်။ သို့သော် ဦးသေးတာက လက်မခံ၊ နောက်ဆုံးတွင် အငြိမ့်ထည့်ခွင့် ပြုလိုက်ရသည်။ ကျောင်းသန့်ရှင်းရေး ဆေးသုတ်ဖို့တာဝန်ကို ကျောင်းသား မိဘတစ်ဦးဖြစ်သော ဦးချစ်က တာဝန်ယူသည်။ မကောင်းသော အိမ်သာများကိုဖျက်ပြီးလျှင် အိမ်သာအသစ် အိမ်သာကျင်းအသစ်ဖြစ်ရေးကိုကား ကျောင်းသားမိဘတစ်ဦးဖြစ်၍ ကျေးရွာလူကြီးများဖြစ်သော ဦးညိုတုတ်နှင့် ငြိမ်းချမ်းတို့က တာဝန်ယူကြသည်။ ကျောင်းဆိုင်းဘုတ်အချိန်မီ ရရှိရေးကိုကား ဦးလှမင်းက တာဝန်ယူသည်။

ဖွင့်ပွဲနှင့် ဆုပေးပွဲမတိုင်မီ တာဝန်ကိုယ်စီခွဲ၍ ပြင်ကြ ဆင်ကြ လုပ်ကိုင်ကြသည်။ တက်ညီလက်ညီရှိ၍ ပျော်စရာကောင်းလှသည်။ အချိန်မီ ပြီးကြသည်။

ဖွင့်ပွဲနေ့သို့ ရောက်သောအခါ ကျောင်းဝင်းထဲတွင် ဦးခင်မောင်၏မဏ္ဍပ်ကြီးမှာ ရွှေရောင်တဖိတ်ဖိတ် တောက်နေ၏။ ကျောက်မီးရွာအစိုးရအလယ်တန်းကျောင်း ဖွင့်ပွဲနှင့် ဆုပေးပွဲ''ဟူသော စာလုံးကြီးများကို မဏ္ဍပ်၏နဖူးစီးတွင် ထင်ရှားစွာတွေ့ရသည်။

ကျောင်းရှေ့တွင် လွှင့်ထူထားသော ပြည်ထောင်စုအလံတော်မှာ လေအဟုန်တွင် တလွင့်လွင့် ဝင့်ကြွားနေ၏။

www.burmeseclassic.com



ဖွင့်ပွဲစတင်ကျင်းပရန် သတ်မှတ်ထားသော နံနက် ၉ နာရီ အချိန်တွင် ကျောင်းသူကျောင်းသားများ၊ ဆရာကြီးနှင့် ဆရာဆရာမ များ၊ ကျောင်းသားမိဘများ၊ မန္တလေးတိုင်းပညာဝန်၊ ခရိုင်ပညာဝန်နှင့် ပုသိမ်ကြီးမြို့မှ မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့များ၊ အခြားဖိတ်ကြား ထားသည့် ဧည့်သည်များ စုံညီစွာ တက်ရောက်ကြသည်။

ကျောင်းရှေ့တွင် ကျောင်းသူလေးနှစ်ယောက်က ဖဲကြိုးကို တန်းနေအောင် ကိုင်ထားသည်။ ထိုဖဲကြိုးကို မိုးပျံပူဖောင်းငါးဆယ်တို့ က တင်းနေအောင် ဆွဲထား၏။ ဦးသေးတာနှင့် မဟာသဘောတို့က ဖဲကြိုး၏နှစ်နေရာကို ကတ်ကြေးကိုယ်စီဖြင့် ဖြတ်လိုက်ကြသည်။ မိုးပျံ ပူဖောင်းများသည် ကောင်းကင်သို့ တက်သွားကြ၏။ ကျောင်းသူ ကျောင်းသားများနှင့်တကွ အခမ်းအနားတက်သော ဧည့်ပရိသတ်အားလုံး က ဝမ်းသာအားရ လက်ခုပ်တီး၍ ကောင်းချီးပေးကြသည်။

ပူဖောင်းများ၏အောက်တွင် စာတန်းတခုချိတ်ဆွဲ၍ ပါသွား၏။ ''ပညာသမာ၊ အာဘာနတ္ထိ'' ''ပညာနှင့်တူသော အရောင်အလင်း မည်သည်မရှိ''ဟူ၍ ဖြစ်၏။

ကျောင်းအတွင်းသို့ ဝင်ရောက်လေ့လာကြသော ဧည့်သည် များကို အသီးသီး နေရာထိုင်ခင်းပေး၍ ဧည့်ခံကျွေးမွေးကြသည်။ ဆရာ ဆရာမများက ကျောင်းသူကျောင်းသားများကို မုန့်ထုပ်များ ဝေပေးကြ သည်။



နံနက် ၁၀ နာရီတွင် ကျောင်းသူကျောင်းသားများနှင့် ဧည့် ပရိသတ်များ မဏ္ဍပ်အတွင်းမှာ နေရာယူကြသည်။ တိုင်းပညာဝန်၊ ခရိုင်ပညာဝန်၊ ကျောက်မီးကျောင်းအုပ်ကြီးနှင့် သက်ဆိုင်ရာ မြို့နယ် လူကြီးများက စကားပြောကြသည်။ ဆုရသော ကျောင်းသူကျောင်းသား များနှင့် ဆုရသော ဆရာ ဆရာမများကို လူကြီးများက ဆုပေးကြသည်။ မဏ္ဍပ်အတွင်းမှာ လက်ခုပ်သံဖြင့် ညံနေ၏။ ကျောင်းသူကျောင်းသား များ၏အဆိုအကများနှင့် ဖျော်ဖြေတင်ဆက်သောအခါ ကောင်းချီးသြဘာ သံများမှာ ပို၍ပင်ဆူညံသွားကြတော့သည်။

နေ့ပိုင်းတွင် ခြင်းအဖွဲ့က ဧည့်ခံသည်။ ညပိုင်းတွင် ရုပ်ရှင် နှင့် အငြိမ့်တို့က ဖျော်ဖြေကြသည်။

တရွာလုံး၊ တကျောင်းလုံး ပျော်တပြုံးပြုံးဖြင့် မော်မဆုံးသော နေ့ပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၃၀

# မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်

"မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိတိုင်းပြည်ကို ကောင်းအောင်ကြိုးစားမည်"

ကလေးတန်းမှ အားမာန်ဖြင့် သံပြိုင်ဆိုလိုက်သော ကျောင်းကောင်စီသီချင်းသံသည် လေထဲတွင် ဝဲပျံ၍ ထွက်လာ၏။

ငြိမ်းချမ်းသည် ကျောင်းရှေ့ရှိ စိုက်ခင်းများတွင် ဖွံ့ဖြိုးရေးတာဝန်ကျကျောင်းသူကျောင်းသားများနှင့်အတူ စိုက်ပျိုးနေရာမှ ကလေးတန်းဆီသို့ လှမ်းကြည့်လိုက်မိသည်။

ခက်ကာပ်ရပ်၍ အားပါးတရ သီဆိုနေကြသော ကလေးများ၏ဟန်ပန်မှာ ချစ်စရာကောင်းလှသည်။ သီဆိုကြသော စာသားနှင့်အသံကလည်း တက်ကြွစရာကောင်းလှသည်။

မှန်ပေသည်။ ယနေ့ ကျောင်းသူကျောင်းသားတိုင်းသည် ကျောင်းမှန်မှန်တက်ခြင်း၊ စာမှန်မှန်ကြိုးစားခြင်း၊ ကျောင်းစည်းကမ်း



ကိုလိုက်နာခြင်းဖြင့် မိမိကိုယ်ကို ကောင်းသော ကျောင်းသားများဖြစ်အောင် ကြိုးစားရမည်။ မိမိအတန်းကို သန့်ရှင်းသပ်ရပ်အောင် လှည်းကျင်းခြင်း၊ အတန်းတွင်းရှိ ပရိဘောဂများကို မကျိုးမပဲ့၊ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အတန်းပိုင်ဆရာက သတ်မှတ်ထားသော အတန်းတွင် စည်းကမ်းများကို လိုက်နာခြင်း၊ အတန်းဖော်ချင်း ရိုင်းပင်းကူညီခြင်းတို့ဖြင့် မိမိအတန်းကိုကောင်းအောင် ကြိုးစားသင့်ကြသည်။ မိမိတို့ ပညာဆည်းပူးရာ ကျောင်းကိုလည်း မြတ်နိုးခင်တွယ်သည့်စိတ်ဖြင့် အဘက်ဘက်မှ အကောင်းဖြစ်အောင် လုပ်ဆောင်သင့်ကြသည်။ ဤအလေ့ကျင့်ကောင်း၊ အခြေခံကောင်းများသည် နောင်တစ်နေ့ ကြီးပြင်းသောအခါ တိုင်းပြည်၏တာဝန်ကို အကောင်းဆုံးကျေပွန်အောင် ထမ်းဆောင်သည့် ပြည်သူပြည်သားကောင်းများ ဖြစ်လာစေလိမ့်မည်၊ ထိုတိုင်းပြည်တိုးတက်၍ ထိုလူမျိုး ဂုဏ်ကျက်သရေနှင့် ပြည့်စုံမည်။

မိမိကိုယ်ကိုလည်း ကောင်းအောင်မနေ၊ မိမိအတန်းကိုလည်း ကောင်းအောင်မလုပ်၊ ကျောင်းကိုလည်း ကောင်းအောင်မကြိုးစားသော ကျောင်းသားများသည် အနာဂတ်နိုင်ငံအတွက် အားပျက်ဖွယ်ဖြစ်ပေမည်။

ငြိမ်းချမ်းသည် အတွေးနယ်ချဲ့ရာမှ စိုက်ပျိုးခင်းများအတွင်းရှိ ကျောင်းသူကျောင်းသားများကို လှမ်းကြည့်လိုက်သည်။

ကျောင်းသူကျောင်းသားအားလုံးမှာ ပေါင်းနုတ်သူက နုတ်၊ မြေဆွသူက ဆွ၊ မြေဆွေးချသူက ချ၊ တက်တက်ကြွကြွ လုပ်ဆောင်

www.burmeseclassic.com



နေကြ၏။ ဤကျောင်းသားများမှာ မိမိကျောင်းကို ကောင်းအောင် ကြိုးစားနေသူများ ဖြစ်ကြ၏။ ကျောက်မီးကျောင်းသည် ကျောင်းတွင်း ကျောင်းပြင်ပ အမှိုက်သရိုက် ကင်းသန့်ရှင်း သပ်ရပ်ရုံမျှမက ကျောင်းသား တို့ကိုယ်တိုင် စိုက်ပျိုးထားသော သစ်ပင်ပန်းမန်တို့ဖြင့်လည်း လှနေသည်။

ရေရှည်စီမံချက်ဖြင့် အရိပ်ရမည့်အပင်များ၊ အပွင့်လှမည့်အပင် များကို စိုက်ပျိုးထားသလို ခရမ်း၊ ရုံးပတီ၊ ပန်းဂေါ်ဖီစသည့် သီးပင် စားပင်များကိုလည်း စိုက်ပျိုးထားကြသည်။ ပွင့်ကြ၊ သီးကြသော စိုက်ခင်း အလှတို့မှာ ကျောင်းသားများကိုယ်တိုင် ဖန်တီးထားကြခြင်း ဖြစ်ကြ၏။

အလံတိုင်၏ပတ်လည်တွင် ပြည်လုံးချမ်းသာ ပန်းပင်ကလေး များမှာ ရဲရဲနီအောင် ပွင့်နေကြသည်။

ငြိမ်းချမ်းသည် ပြည်လုံးချမ်းလာ ပန်းများမှတဆင့် လေတွင် လွင့်၍ ဝဲ့ကြွားနေသော ပြည်ထောင်စုအလံကို ကြည့်မိသည်။ တိုင်းပြည် ချမ်းသာအောင် တိုင်းပြည်တိုးတက်အောင် ပြည်ထောင်စုသားအားလုံး၏ တာဝန်ဖြစ်သည်ဟု ငြိမ်းချမ်းတွေးနေမိသည်။ ထိုအချိန်တွင် ကလေး တန်းမှ ဆရာမသည် ကျောင်းသူကျောင်းသားများနှင့် အမေးအဖြေ လုပ်နေ၏။

"မိမိကျောင်းကို ဘယ်လိုဖြစ်အောင် ကြိုးစားရမလဲ"

"မိမိကျောင်းကို ကောင်းအောင် ကြိုးစားရပါမယ်ဆရာမ"

ကလေးများက သံပြိုင် ညီညာစွာ ဖြေဆိုလိုက်ကြသည်။

# ၃၁

# နှုတ်ဆက်ပွဲ

ငြိမ်းချမ်းရုံးခန်းအတွင်းသို့ ဝင်သွားသောအခါ လက်ထဲတွင် စာနှစ်စောင် ကိုကိုင်ရင်း စဉ်းစားနေသော ကျောင်းအုပ်ကြီးကို တွေ့ရသည်။

ငြိမ်းချမ်းကိုမြင်မှ ဆရာကြီးက လက်မှ စာနှစ်စောင်ကို စားပွဲ ပေါ်ချလိုက်သည်။ ငြိမ်းချမ်းကို အထိုင်ခိုင်းသည်။

"ရုံးက စာနှစ်စောင် ရောက်လာတယ်ဗျ။ ဟောဒီစာကတော့ သိပ်ဝမ်းသာစရာကောင်းတဲ့ စာပဲ၊ ရော့ ဖတ်ကြည့်"

ဆရာကြီးက စာအိတ်ကို ငြိမ်းချမ်းလက်သို့ ပေးလိုက်သည်။ ငြိမ်းချမ်းက အထဲမှစာရွက်ကို ထုတ်ဖတ်လိုက်သည်။

"ဟာ ကိုလှူအေးကို ဒီကျောင်းမှာပဲ အလယ်တန်းပြဆရာခန့် လိုက်တဲ့စာပါလား၊ သိပ်ဝမ်းသာစရာ ကောင်းတာပဲ"

ငြိမ်းချမ်းမှာ တကယ်ပင် ဝမ်းသာအားရ ဖြစ်နေသည်။

"ဟုတ်တယ်ဆရာ၊ ကျွန်တော်လဲ ဝမ်းသာတာပဲ"

"ကိုလှူအေးက ပိုတောင် ဝမ်းသာအုံးမယ် ဆရာကြီး ဒီ

www.burmeseclassic.com



နေ့လယ် ကိုလူဒေါးကို အကျွေးခိုင်းရမယ်''

ငြိမ်းချမ်းဝမ်းသာအားရ ပြောဆိုနေသလောက် ဆရာကြီး၏ မျက်နှာက ဝမ်းသာဟန်မရှိ။ ဆရာကြီး၏ မျက်နှာတွင် ခါတိုင်းတွေ့နေကြ အပြုံးကိုပင် မတွေ့ရ၊ ဆရာကြီး၏ ထူးခြားသော အမူအရာကို ငြိမ်းချမ်း သံသယဖြစ်မိသည်။ သို့ရာတွင် ကိုလူအေးအတွက် ဝမ်းသာပျော်ရွှင်သည့်စိတ်ကား မလျော့။

''ဒီနောက် ကစ်စောင်ကတော့ ဝမ်းသာစရာလဲကောင်းတယ်၊ ဝမ်းနည်းစရာလဲ ကောင်းတယ်''

''ဆရာကြီး၏ စကားမှာ ပဟေဠိဆန်နေသည်။ ငြိမ်းချမ်းက ဆရာကြီး၏လက်မှစာကို လှမ်းကြည့်လိုက်၏။

''ဟုတ်တယ်၊ ဒီစာက ဆရာ့ကို အထက်တန်းပြဆရာအဖြစ် တိုးမြှင့်ခန့်ထားလိုက်တဲ့စာဖြစ်တယ်။ ဒါပေမယ့် ဆရာ ချင်းတောင်က တွန်းဇံမြို့ကို သွားရမယ်''

''ဗျာ''

''ရော့ ဆရာဖတ်ကြည့်''

ငြိမ်းချမ်းက စာကိုယူ၍ ဖတ်ကြည့်လိုက်သည်။ ဆရာ့အတွက်ကတော့ ဝမ်းသာစရာကောင်းပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့အားလုံးတော့ စိတ်မကောင်းစရာဘဲဗျာ''

ဆရာကြီး၏မျက်နှာနှင့် ဆရာကြီး၏လေသံက အမှန်ပင် စိတ်မကောင်းဖြစ်နေကြောင်း ဖော်ပြနေ၏။



''ကျွန်တော်လဲ စိတ်မကောင်းပါဘူး ဆရာကြီး''

ငြိမ်းချမ်းက စာကိုခေါက်၍ အိတ်ထဲသို့ ပြန်ထည့်လိုက်သည်။

''ဒါပေ့ဗျာ၊ ကျွန်တော် ယုံပါတယ်၊ ကျွန်တော့်အဖို့တော့ ဒီလို ပြောင်းရ ရွှေ့ရ၊ ခွဲခွာရတာ အဆန်းမဟုတ်ပါဘူး၊ ကျွန်တော်လဲ မကြာခင်ကမှ ဒီလိုပဲ ပြောင်းရွှေ့ ခွဲခွာလာခဲ့ရတာပဲ၊ ဒါပေမယ့် မှန်တာပြောရရင် ဆရာနဲ့ ခွဲခွာရမှာကိုတော့ စိတ်ထဲ မကောင်းဘူးဗျ၊ ဆရာစဉ်းစားကြည့်၊ ကျွန်တော် နှစ်လလောက်ပဲ ဆရာနဲ့ တွဲရတာတောင် ဒီလို ခံစားရရင် ကျန်တဲ့ဆရာ ဆရာမတွေနဲ့ ကျောင်းသူကျောင်းသားတွေ တော်တော် စိတ်ထိခိုက်လိမ့်မယ်၊ အဲဒါကို ကျွန်တော်စိုးမိန်နေတယ်''

''ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော် မသွားမချင်းတော့ ဘယ်သူ့မှ မပြောတာဘဲ ကောင်းမယ်ထင်တယ်''

''ဟုတ်တယ်၊ ကျွန်တော်လဲ အဲဒီလိုပဲ စဉ်းစားမိတယ်၊ ဆရာ ဘယ်နေ့ ဒီကထွက်မလဲ၊ ဆရာ့မိဘဆီကိုလဲ ပြန်ပြီး နှုတ်ဆက်ရအုံးမယ် မဟုတ်လား''

''ဟုတ်ကဲ့ဆရာကြီး၊ ဒီနေ့ ဗုဒ္ဓဟူးနေ့ဆိုတော့ ကျွန်တော် သောကြာနေ့ပဲ ထွက်မယ် စိတ်ကူးတယ်၊ သောကြာနေ့ညနေမှာ အားလုံး ပြောပြပြီး နှုတ်ဆက်လိုက်တာပေါ့၊ နောက်နှစ်ရက်က ကျောင်းပိတ်ရက် ဆိုတော့ ဆရာ ဆရာမတွေနဲ့ ကျောင်းသူကျောင်းသားတွေအတွက် ကောင်းမယ်ထင်တယ်''

ငြိမ်းချမ်း၏အစီအစဉ်ကို ဆရာကြီးက သဘောကျသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ကိုလူအေးဝင်လာ၍ ဆရာကြီးက ခန့်စာကို ပေးလိုက်သည်။ ကိုလူအေးမှာ ဝမ်းသာလွန်း၍ ကလေးလိုပင် ခုန်ပေါက်မြူးထူးနေသည်။ ဆရာကြီးနှင့် ငြိမ်းချမ်းတို့ပင် ကိုလူအေးကိုကြည့်၍ အပျော်ဓာတ်ကူးလာသောကြောင့် စောစောက စိတ်မကောင်းသည်များ လျော့ပါးသွားရသည်။

ကိုလူအေးက ဆရာကြီး၏လက်ကိုဆွဲ၍ နှုတ်ဆက်သည်၊ ဆရာကြီး၏ မျက်နှာတွင် ရှိနေကျ အပြုံးကလေး ပြန်ပေါ်လာ၏။ ငြိမ်းချမ်း၏လက်ကိုလည်း ကိုလူအေးကဆွဲ၍ နှုတ်ဆက်ပြန်သည်။ သူငယ်ချင်းအတွက် ငြိမ်းချမ်းဝမ်းသာပျော်ရွှင်မိ၏။ ကိုလူအေးမှာ ခန့်စာကိုယူသွားပြီးလျှင် ဆရာမများကို ကြွားနေပြန်သည်။ ကျောင်းသူကျောင်းသားများကိုလည်း သွားပြောသည်။ ခဏအတွင်းမှာပင် ကိုလူအေး၏ခန့်စာအတွက် တစ်ကျောင်းလုံး ဝမ်းသာပျော်မြူးနေကြ၏။

နေ့လယ်တွင် ကိုလူအေးက ဆရာဆရာမများကို လက်ဖက်သုပ်၊ ချင်းသုပ်၊ ပဲကြော်သုပ်များ ဝယ်ကျွေးသည်။ အားလုံးပျော်ပျော်ပါးပါး စားကြရ၏။

နောက်တနေ့ နံနက်တွင် ကိုလူအေးက ကျောင်းထဲသို့ဝင်လာသောအခါ "ငါလုပ်အားပေးဆရာ မဟုတ်ဘူးနော် တကယ့်ဆရာ"ဟု ပြောသောကြောင့် ကျောင်းသူ ကျောင်းသားများရယ်ကြသည်၊ ဆရာကြီးနှင့် ဆရာ ဆရာမအားလုံးမှာ ကိုလူအေး စကားကြောင့် ပြုံးမိကြ၏။

သောကြာနေ့ နံနက် ကျောင်းမတက်မီအချိန်တွင် ၇ တန်း



ကျောင်းသားများက ဆရာ ဆရာမများ၏ အပန်းဖြေခန်းတွင်းသို့ ဝင်ရောက်လာ၍

"ဒီနေ့ ဆရာဦးငြိမ်းချမ်း ပြောင်းရမယ်ဆိုတာ ဟုတ်သလား" ဟု မေးကြသည်။

ငြိမ်းချမ်းက ဘာမှမဖြေ။ ဆရာ ဆရာမများမှာ ငြိမ်းချမ်းကိုတစ်လှည့်၊ ဆရာကြီးကိုတစ်လှည့် ကြည့်နေကြသည်။ ဆရာကြီးက

"မင်းတို့ကို ဘယ်သူပြောသလဲ"ဟု ကျောင်းသားများအား မေးလိုက်သည်။

"ရင်မြက ပြောပါတယ် ဆရာကြီး။ ရင်မြအဖေကို ဘကြီးမှုံက ပြောလိုက်သတဲ့"

မောင်ငယ်က ဆရာကြီးကို ပြောပြသည်။

ငြိမ်းချမ်းနှင့် ဆရာကြီးတို့ တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်ကြသည်။ ဆရာကြီးက လိမ်ညာ၍ မပြောချင်သောကြောင့် ခေါင်းညိတ်ပြလိုက်သည်။ ဆရာ ဆရာမအားလုံးမှာ ဆရာကြီးနှင့် ငြိမ်းချမ်းကိုကြည့်၍ အံ့အားသင့်နေကြ၏။

ကျောင်းသားများက ပြန်မထွက်သွားဘဲ ရပ်နေကြသည်။

"ဟော့၊ သူငယ်ချင်း ဟုတ်သလား"

ကိုလူအေး၏အသံက ချုပ်ထိန်းထားရသော အသံဖြစ်သည်။ ငြိမ်းချမ်းက ကိုလူအေးကို ပြုံးပြလိုက်သည်။

"ကဲ၊ ဆရာ ဆရာတို့ရော၊ တပည့်တို့ရော နားထောင်ကြ

www.burmeseclassic.com



တပည့်ကြားတဲ့ သတင်းဟာ ဟုတ်တယ်။ ဒါပေမယ့် ဆရာကြီးနဲ့ ဆရာငြိမ်းချမ်းက အားလုံးစိတ်မကောင်းဖြစ်မှာစိုးလို့ မပြောဘဲနေတာ။ ဒီနေ့ မနက်ပိုင်းစာသင်ပြီးလို့ နေ့ခင်းကျရင် ဆရာတို့ ဦးငြိမ်းချမ်းကို နှုတ်ဆက်ပွဲ လုပ်ကြမယ်။ ကဲ၊ သွားကြတော့''

ဆရာကြီးက ဆရာ ဆရာမများနှင့် ကျောင်းသားများကိုပါ တပါတည်း ရှင်းပြလိုက်သည်။

မောင်ငယ်၏ မျက်လုံးမှ မျက်ရည်များ စီးကျလာသည်။ မောင်ငယ်က မျက်ရည်များကို သူ့လက်ဖမိုးဖြင့်သုတ်ပြီးလျှင် ထွက်သွားသည်။ ကျောင်းသားအားလုံးမှာ မျက်ရည်ဝဲ၍ ထွက်သွားကြ၏။ ဆရာကြီးနှင့် ဆရာ ဆရာမအားလုံးမှာ ဘာစကားမှ မပြောမိကြဘဲ ငြိမ်၍ ထိုင်နေကြသည်။

ဆရာကြီးက အားလုံးကိုထိန်းရန်အကောင်းဆုံးနည်းအဖြစ် ခေါင်းလောင်းကိုတီးကာ ကျောင်းတက်သည်။

ထိုနေ့နံနက်က ဆရာ ဆရာမများရော၊ ကျောင်းသူကျောင်းသားများပါ စာသင်ကြားမှုတွင် မည်သူမှ စိတ်မဝင်စားကြပါ။ သူတို့ခင်မင်လေးစားသော ဆရာနှင့် ခွဲရမည်ကို ဝမ်းနည်းနေကြသည်။

နေ့လယ်ပိုင်းတွင် ဆရာ ဆရာမများ၏ ထမင်းစားပိုင်းနှင့် လက်ဖက်ရည်ပိုင်းမှာ တိတ်ဆိတ်ခြောက်ကပ်နေသည်။

ဆရာကြီးနှင့် ငြိမ်းချမ်းက တစ်ခါ၊ နှစ်ခါ ရယ်စရာပြောကြည့်၏။ မည်သူမှ မရယ်ကြ။ ပို၍ပင် ဝမ်းနည်းစရာ ဖြစ်စေသည်။



အခန်းတွင်းသို့ (၇) တန်းကျောင်းသားများနှင့် (၆) တန်းကျောင်းသားများ ပူးပေါင်းဝင်လာကြပြန်သည်။ သူတို့၏ ဆရာကို လက်ဆောင်ပစ္စည်းနှင့် ကန်တော့ခွင့်ပြုရန် တောင်းခံကြခြင်းဖြစ်သည်။

ငြိမ်းချမ်းက မည်သည့်လက်ဆောင်ပစ္စည်းမှ မပေးကြရန်နှင့် နှုတ်ဆက်ပွဲပြီးလျှင် တပည့်များ လက်အုပ်ချီ၍ ကန်တော့သည်ကို လက်ခံမည်ဟု ပြောလိုက်သည်။

ကျောင်းသားများ ပြန်ထွက်သွားကြသည်။ ခဏအကြာတွင် ဆရာ ဆရာမများ၏ အပန်းဖြေခန်းထဲမှ စားပွဲပေါ်သို့ ကျောင်းသူကျောင်းသားများ ဝယ်ပို့ကြသော မုန့်များတစ်ခုပြီး နောက်တစ်ခု ရောက်လာကြသည်။

''ကဲ၊ ကလေးတွေရဲ့ စေတနာကို တန်ဖိုးထားတဲ့အနေနဲ့ ဒါကိုတော့ စားမျှာ''ဟု ဆရာကြီးက ဆိုသည်။

ကလေးများ ကျေနပ်ကြအောင် ငြိမ်းချမ်းနှင့်တကွ ဆရာ ဆရာမများအားလုံး စားကြသည်။ သို့ရာတွင် မုန့်တို့ကမ်များ၍ ဆရာ ဆရာမများက မစားနိုင်သောကြောင့် စားမုန်းပင် အရာမထင်အောင် ဖြစ်နေ၏။

ကျောင်းပြန်တက်သောအခါ ဆရာကြီးက ကျောင်းသားများနှင့်အတူ ခန်းဆီးများကို ဖယ်ကြသည်။ ခန်းမကြီးဖြစ်အောင်ပြုပြီးလျှင် ခုံများကို ပြင်စီကြသည်။ ခန်းမကြီး၏ထိပ်တွင် စားပွဲနှင့် ကုလားထိုင်များ ချထားလိုက်သည်။

ကျောင်းအုပ်ကြီးက ကျောင်းသူကျောင်းသားများကိုခေါ်၍

www.burmeseclassic.com

www.burmeseclassic.com



စနစ်တကျ နေရာချထားပေးသည်။ ကျောင်းသူကျောင်းသားများမှာ ဆူဆူညံညံမရှိ။ ဆရာကြီး ညွှန်ပြသည့်နေရာများတွင် ငြိမ်ငြိမ်သက်သက် ထိုင်နေကြ၏။

ဆရာ ဆရာမများမှာ အပန်းဖြေခန်းထဲမှ တစ်ယောက်မျှ မထွက်ကြတော့။

ကျောင်းအုပ်ကြီးက ငြိမ်းချမ်းကိုခေါ်၍ ကျောင်းသားများ၏ ရှေ့တွင် အထိုင်နိုင်းသည်။

"ကဲ၊ တပည့်တို့ တပည့်တို့ရဲ့ဆရာ ဦးငြိမ်းချမ်းဟာ အလယ်တန်းပြဆရာကနေ၊ အထက်တန်းပြ ဆရာအဖြစ် တိုးမြှင့်ခန့်ထားခြင်း ခံရတယ်။ ဒါဟာ တပည့်တို့ ခင်မင်လေးစားတဲ့ဆရာအတွက် ဝမ်းသာစရာဖြစ်တယ်၊ အခု တပည့်တို့ရဲ့ဆရာဟာ ချင်းတောင်က တွန်းဇံမြို့ကို ပြောင်းရွှေ့သွားရမှာ ဖြစ်တယ်၊ အဲဒီမှာ တပည့်တို့နဲ့ ညီနောင်သားချင်းဖြစ်တဲ့ တိုင်းရင်းသား ကျောင်းသူကျောင်းသားတွေကို ပညာသွားသင်ပေးရမှာ ဖြစ်တယ်၊ မဖွံ့ဖြိုးသေးတဲ့ဒေသက သွေးချင်းသားချင်း၊ တိုင်းရင်းသားတွေအတွက် တပည့်တို့ရဲ့ ဆရာလို စေတနာကောင်းတဲ့ ဆရာတွေ လိုအပ်နေပါတယ်၊ ဒါကြောင့်မို့လဲ တပည့်တို့အနေနဲ့ ဝမ်းသာရမှာ ဖြစ်ပါတယ်၊ ကဲ တပည့်တို့ကို ဆရာ ဦးငြိမ်းချမ်းက နှုတ်ဆက်စကား ပြောပါလိမ့်မယ်"

ကျောင်းအုပ်ကြီးက သူ့စကားကို အဆုံးသတ်ပြီးနောက် ရုံးခန်းဆီသို့ ပြန်ထွက်သွားသည်။



ငြိမ်းချမ်းက မတ်တပ်ရပ်လိုက်သည်။ ကျောင်းသူကျောင်းသားများမှာ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် သူတို့ဆရာကို ကြည့်နေကြသည်။

"စောစောက ကျောင်းအုပ်ဆရာကြီး ပြောသွားတဲ့အတိုင်းပါပဲ၊ ဆရာ ချင်းတောင်ကို ပြောင်းရွှေ့အမှုထမ်းရမယ်"

ငြိမ်းချမ်းက သူ၏အသံကို တတ်နိုင်သမျှ တည်ငြိမ်အောင် ကြိုးစား၍ ပြောသည်။

"အမှန်တော့ တပည့်တို့နဲ့ ခွဲသွားရတာ မဟုတ်ပါဘူး။ ဒီပြည်ထောင်စုတစ်ခုအတွင်းမှာ အတူတူရှိနေကြတာပါပဲ၊ ဆရာတပည့်တို့ကို ကတိပေးပါတယ်၊ တပည့်တို့လိုပဲ ပညာလိုချင်ကြတဲ့ တပည့်တို့ရဲ့ သွေးချင်းသားချင်း တိုင်းရင်းသားတွေကို ဆရာ တပည့်တို့အပေါ်မှာ စေတနာထားပြီး သင်ကြားခဲ့သလို သင်ကြားပေးပါမယ်၊ တပည့်တို့ကို ဆရာ မှာချင်ပါတယ်၊ ဆရာကြီးနဲ့တကွ ဆရာ ဆရာမတွေကို ရိုသေလေးစားကြပါ၊ ပညာကို ထူးချွန်အောင် ကြိုးစားကြပါ၊ နောင်တစ်နေ့ တပည့်တို့ကြီးလာတဲ့အခါကျတော့ ဆရာတို့လိုပဲ နိုင်ငံအတွက် ရောက်ရာအရပ်မှာ ကျရာတာဝန်ကို အကောင်းဆုံး ကျေပွန်အောင် ထမ်းဆောင်ကြရအုံးမှာ ဖြစ်ပါတယ်၊ ဒီနေ့ တပည့်တို့ဆိုနေကြတဲ့ ကျောင်းကောင်းစီရဲ့ အမိဋ္ဌာန်လေးချက်လိုပေါ့၊ ပထမဆုံး မိမိကိုယ်ကိုကောင်းအောင် ကြိုးစားကြဖို့ လိုပါတယ်၊ ဒုတိယကတော့ မိမိအတန်းကိုကောင်းအောင် ကြိုးစားဖို့ လိုပါတယ်၊ တတိယတော့ မိမိကျောင်းကိုကောင်းအောင် ကြိုးစားကြဖို့ လိုပါတယ်။ နောက်ဆုံးမှာတော့ မိမိတိုင်းပြည်၊ မိမိလူမျိုး

www.burmeseclassic.com



အတွက်ကောင်းအောင် ကြိုးစားရမှာ ဖြစ်ပါတယ်”

ကျောင်းသားများမှာ အုံ့သြဖွယ်ကောင်းလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေကြ၏။ သူတို့ဆရာ၏ နောက်ဆုံးအမှာစကားကို လေးစားစွာ မှတ်သားနာယူနေကြသည်။

“ဆရာဟာ နိုင်ငံတာဝန်ကို ရောက်ရာအရပ်မှာ အကောင်းဆုံး ထမ်းဆောင်ဖို့သွားမှာမို့ တပည့်တို့ရော ဆရာပါ ဝမ်းနည်းစရာမရှိပါဘူး။ ဒါကြောင့်မို့ ဆရာတို့ ဝမ်းသာကြည်နူးစွာပဲ နှုတ်ဆက်ကြရအောင်၊ ငိုတာကိုတော့ ဆရာမကြိုက်ဘူး။ ဘယ်သူမှ မငိုကြနဲ့ ကဲ တပည့်တို့ကန်တော့ကြ”

ငြိမ်းချမ်းက ပြန်ထိုင်လိုက်သည်။ ကျောင်းသားများက ခုံပေါ်တွင် ဆောင့်ကြောင့်ထိုင်ကြ၍ ကျောင်းသူများက ခုံပေါ်တွင် ဒူးတုပ်ထိုင်ကြ၍ ကန်တော့ကြသည်။ ကျောင်းသူတစ်ယောက်ထံမှ ရှိုက်သံတစ်ချက် ထွက်လာ၏။ သို့ရာတွင် သူ့ဘေးမှ ကျောင်းသားက “ဟေ့ မငိုနဲ့၊ ဆရာက ငိုတာမကြိုက်ဘူး”ဟု သတိပေးလိုက်သည်။

ထိုကျောင်းသား၏ သတိပေးစကားကြောင့် ငြိမ်းချမ်းရင်ထဲတွင် နင့်ကနည်း ခံစားလိုက်ရသည်။

နောက်ထပ် မည်သူ့ထံမှ ငိုသံထွက်ပေါ်မလာတော့ပါ။ ကျောင်းသူကျောင်းသားများသည် သူတို့ချစ်သော ဆရာ၏စကားကို လေးလေးစားစား လိုက်နာကြောင်း သက်သေပြနေကြ၏။

“ကဲ၊ တပည့်တို့အားလုံး ပြန်နိုင်ကြပါပြီ”

ငြိမ်းချမ်းက ကျောင်းသူကျောင်းသားများကို အိမ်ပြန်ခွင့်ပြု



လိုက်သည်။ သို့ရာတွင် မည်သူမှမထ။ ငြိမ်သက်စွာ ထိုင်နေကြသည်။ ငြိမ်းချမ်း ဘာဆက်လုပ်ရမှန်း မသိတော့ပါ။

ကျောင်းအုပ်ဆရာကြီး ရုံးခန်းထဲမှ ထွက်လာသည်။

“ကဲ၊ တပည့်တို့အားလုံး ပြန်နိုင်ကြပါပြီ”

ဆရာကြီးက လေသံကိုမြှင့်၍ ပြောလိုက်သည်။ သို့ရာတွင် မည်သူမျှ မလှုပ်။ ယခင်က ကျောင်းလွှတ်လိုက်လျှင် အပြေးအလွှား ထွက်သွားကြသော ကျောင်းသူကျောင်းသားများသည် ယနေ့ငြိမ်ချက်သား ကောင်းနေ၏။

“ကဲ၊ ဆရာ၊ ကလေးတွေ သနားပါတယ်၊ သူတို့ကျေနပ်အောင် ခဏထိုင်နေလိုက်ပါအုံး၊ ကျွန်တော်တော့ သူတို့ရှေ့မှာ မနေချင်ဘူး”ဟု ဆို၍ ဆရာကြီးသည် ရုံးခန်းဆီသို့ ပြန်ထွက်သွားသည်။

ငြိမ်းချမ်း ဆက်၍ထိုင်နေရ၏။ ကျောင်းသူကျောင်းသားများ ကား ပြန်လည်းမပြန်၊ ထလည်းမထ၊ ဘာသံမှလည်း မထွက် ငြိမ်သက်စွာ ထိုင်နေကြသည်။ ခဏအကြာတွင် ကျောင်းသားမိဘများ ရောက်လာကြသည်။ ကျောင်းတွင်းသို့ မဝင်ကြ။ တိတ်ဆိတ်ငြိမ်သက်စွာ ဆန္ဒပြနေကြသည်နှင့်တူသော နှုတ်ဆက်ပွဲကို ကျောင်းပြတင်းပေါက်များမှ ကြည့်နေကြသည်။

ဆရာကြီး ထွက်လာပြန်သည်။

“ကဲ တပည့်တို့၊ တပည့်တို့ရဲ့ ဆရာလဲ ဒီနေ့ပဲ ခရီးထွက်ရမှာ ဖြစ်တယ်။ ဒါကြောင့်မို့ တပည့်တို့ ပြန်နိုင်ကြပြီ”ဟု ပြောပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတို့မှာ မည်သူမှမထကြပါ။ ပြတင်းပေါက်မှ ကြည့်နေသော မိဘအချို့ စိတ်မထိန်းနိုင်၍ ငိုကြသည်။ ကျောင်းသူကျောင်းသားများ မည်သူမှ မငို၊ အချို့က ထွက်လာသော မျက်ရည်ကို တိတ်တိတ် ကလေး သုတ်ပစ်၏။ သူတို့ဆရာက "ငိုတာ မကြိုက်"ဟု ဆိုထားသည် မဟုတ်ပါလား။

ငြိမ်းချမ်းမှာ ကျောင်းသားများ၏ရှေ့တွင် အနေရခက်လာ သည်။ ရင်ထဲတွင်လည်း ခံစားရလွန်းသည်။

ဆရာကြီးက ငြိမ်းချမ်းကို ဆရာများ အပန်းဖြေခန်းဘက်သို့ ခေါ်ခဲ့၏။ ကျောင်းသူကျောင်းသားများကား ထိုင်နေကြမြဲသာ ဖြစ်သည်။

"ကျွန်တော်တော့ ဒီနေ့ သိပ်စိတ်ထိခိုက်တာပါဆရာ၊ ဘာမှ လဲ မပြောချင်တော့ဘူး၊ ဟိုမှာ ဆရာ့လုပ်ဖော်ကိုင်ဘက်တွေကိုလဲ အားပေးပါအုံး"

ဆရာကြီးက ငြိမ်းချမ်းကို ဆရာ ဆရာမများထံသို့ ညွှန်ပြ လိုက်သည်။

ဦးလှမင်းက စာအုပ်တစ်အုပ်ကို အတင်းအားစိုက်၍ ဖတ်နေ သည်။ သို့ရာတွင် စာများကို မြင်ဟန်မတူပါ။ သူ့မျက်လုံးမှာ မျက်ရည် များဖြင့် ပြည့်နေ၏။ ကိုလှအေးကား စီးကျလာသော မျက်ရည်များကို လက်ကိုင်ပဝါဖြင့် သုတ်နေသည်။ ဒေါ်ခင်ဌေးနှင့် ဒေါ်ခင်စန်းမှာ စားပွဲပေါ် တွင် မျက်နှာအပ်ထားကြသည်။ အဆိုးဆုံးမှာ ဆရာမကြီးဒေါ်သိန်းရှိ ဖြစ်၏။



"ဆရာမကြီးကို ကြည့်ရတာ ကျွန်တော် စိတ်အထိခိုက်ဆုံးပဲ ဗျာ၊ သူ့ခမျာ သိပ်သနားစရာကောင်းတာပဲ၊ သွားပြီးအားပေးလိုက်ပါအုံး" ဟု ဆရာကြီးက တိုက်တွန်းနေပြန်သည်။

ဒေါ်သိန်းရှိသည် အခန်းဒေါင့်မှ ခုံငယ်တစ်ခုပေါ်တွင် တစ်ယောက်တည်း ထိုင်နေ၏။ သူ့စိတ်ကို ချုပ်ထိန်းနိုင်အောင် ဆေးပေါ့ လိပ်ကြီးကို တအားဖွာနေသည်။ သို့ရာတွင် မျက်ရည်များက ပါးပြင် တလျှောက် တပေါက်ပေါက် ကျနေကြ၏။ ဆရာမကြီးက မျက်ရည်များ ကို မသုတ်ပါ။ ဆေးလိပ်သာ တွင်တွင်ဖွာနေသည်။

ငြိမ်းချမ်း၏ ထိန်းချုပ်ထားသောအဆီးအတားများပင် ဆရာမ ကြီးကြောင့် ကျိုးပျက်ရမည်ကဲ့သို့ ဖြစ်လာ၏။ ငြိမ်းချမ်း၏ရင်ထဲတွင် တင်းကျပ်လာသည်။ ငြိမ်းချမ်း၏ မျက်လုံးတွင် မျက်ရည်များ ရစ်ဝိုင်း လာကြ၏။

ကျောင်းရှေ့မှ ကားသံများ ကြားရသည်။ ငြိမ်းချမ်းနှင့် ဆရာ ကြီးတို့ ထွက်ကြည့်ကြသောအခါ ကျောင်းရှေ့တွင် လိုင်းကား ငါးစီးရပ် နေသည်ကို တွေ့ရသည်။

ကျောင်းသားမိဘအချို့ ကားပေါ်မှ ဆင်းလာကြသည်။

"ကဲ၊ ဆရာကြီး၊ ဒီကလေးတွေကို အပြန်ခိုင်းလို့လဲရမှာ မဟုတ် ဘူး။ ဆရာကြီးဦးငြိမ်းချမ်းလဲ ခရီးသွားလို့ ရမှာမဟုတ်ဘူး။ ကျွန်တော် တို့ မိဘတွေလဲ ကလေးတွေနဲ့ ဆရာတို့ကိုကြည့်ရတာ သိပ်စိတ်ထိခိုက် တယ်။ ဒါကြောင့် ရွာထဲသွားပြီး ကားတွေ စီစဉ်လာကြတယ်။ ဆရာတို့

www.burmeseclassic.com



ကားပေါ်တက်ကြပါ။ ဆရာဦးငြိမ်းချမ်းကို ကျွန်တော်တို့ မန္တလေးအထိ လိုက်ပို့ကြမယ်။ ဆရာ့ပစ္စည်းတွေလဲ ကားပေါ်မှာရောက်ပြီ၊ ဘကြီးမှူလဲ ပါတယ်"

ကျောင်းသားမိဘတစ်ဦးက သူတို့၏ အရေးပေါ်အစီအစဉ်ကို ဆရာကြီးအား ရှင်းပြသည်။

ကျောင်းသားများက ထိုင်နေကြဆဲဖြစ်၏။ ဆရာကြီးက ကျောင်းသားများထံသို့ လှမ်းကြည့်လိုက်သည်။

"ကလေးတွေကိုလဲ မန္တလေးအထိ လိုက်ပို့ဖို့ခေါ်ခဲ့မှာပါ ဆရာကြီး"

ကျောင်းသားမိဘတစ်ဦးက ဆရာကြီးကို ပြောပြီးနောက် ကလေးများဘက်သို့လှည့်၍ "ကဲ၊ သားတို့၊ သမီးတို့အားလုံး ကားပေါ်တက်ကြ၊ မင်းတို့ဆရာကို မန္တလေးအထိ လိုက်ပို့ကြမယ်"ဟု ပြောလိုက်သည်။

ထိုအခါကျမှပင် ကလေးများသည် လှုပ်လှုပ်ရှားရှား ဖြစ်လာကြပြီးနောက် ကားများပေါ်သို့ တက်ကြသည်။

လူအားလုံးစုံသောအခါ ကားများထွက်ခဲ့ကြသည်။ ကားများ စထွက်လျှင်ပင် ကားတစ်စီးမှ ကျောင်းသူကျောင်းသားများက ကျောင်းကောင်စီသီချင်းကို သံပြိုင် ညီညာစွာ သီဆိုလိုက်ကြသည်။ **ထို့နောက်** ကားငါးစီးလုံးမှ သီဆိုသံထွက်ပေါ်လာသည်။



ကားများ ရွာထဲမှဖြတ်လာသောအခါ ရွာသူရွာသား**များသည်** အိမ်တိုင်းမှ ပြေးထွက်လာကြ၍ လက်ပြနှုတ်ဆက်ကြသည်။ ကလေး၏ သီချင်းသံကို နားထောင်၍ စိတ်မကောင်းဖြစ်သောကြောင့် မျက်ရည်ကျသည်။

ကျန်းမာရေးဆေးပေးခန်းရှေ့သို့ရောက်သောအခါ **ဆေးမှူး** ဦးမြပြေးထွက်လာပြီး မီရာကားပေါ်သို့ တက်လိုက်သည်။

ကျောင်းသူကျောင်းသားများ သီချင်းကို တစ်ခေါက်**ပြီး** တစ်ခေါက် ဆိုနေကြသည်။

"မိမိကိုယ်ကိုကောင်းအောင် ကြိုးစားမည်၊ မိမိအတန်း**ကို** ကောင်းအောင် ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင် **ကြိုးစား**မည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားမည်"ဟု**သော** အပုဒ်ကိုရောက်လျှင် အသံကျယ်ကျယ်ဖြင့် ထပ်ကာထပ်ကာ **သီဆိုကြ**သည်။

**ဆရာ** ဆရာမများနှင့် မိဘများမှာ မည်သူမှ **စကားမပြောနိုင်**ကြ၊ **ကျောင်း**သားများ သီဆိုကြသည်ကို နားထောင်ရင်း **စိတ်မကောင်း**ဖြစ်၍ **မျက်ရည်**ကျနေကြ၏။

**ငြိမ်းချမ်း**၏ ပါးနှစ်ဘက်ပေါ်တွင် မျက်ရည်များ စီးကျလာ**ကြ**သည်။ **ငြိမ်းချမ်း**၏ဘေးတွင်ကပ်၍ ထိုင်နေသော ဆရာကြီး**က ငြိမ်းချမ်း**၏လက်ကို ဆုပ်ပြီး

"ကျွန်တော် ခင်ဗျားအတွက် တကယ်ဂုဏ်ယူ[illegible]

www.burmeseclassic.com



စိတ်ထိခိုက်ရတာ သိပ်ဂုဏ်ယူစရာကောင်းတယ်''ဟု ပြောသည်။

ဆရာကြီး၏ လေသံမှာ တုန်တုန်ယင်ယင်ဖြစ်နေ၏။ ဆရာကြီးမှာ သူ့စိတ်ကို ထိန်းချုပ်၍ ပြောနေရသည်ဟု ငြိမ်းချမ်းနားလည်ပါသည်။ ဆရာကြီး၏ မျက်လုံးများတွင် မျက်ရည်များ ရစ်ဝဲလျက်။

ကားတန်းကြီးမှာ အောင်ပင်လယ်ကန်ဘောင်ရိုးအတိုင်း မန္တလေးဆီသို့ သွားနေ၏။ ကားငါးစီးပေါ်မှ ကျောင်းသားကျောင်းသူများ၏ ညီညာသော သီချင်းသံသည် လမ်းတစ်လျှောက်လုံးမှာ ဝဲပျံကျန်ရစ်ခဲ့ပါ၏။

'မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်'

'မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်'

'မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်'

'မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်'

**လယ်တွင်းသားစောချစ်**

www.burmeseclassic.com